ဗုဒ္ဓသာသနာတော်

စမ္မဝေပုလ္လအာလျှင်ဥဂ္ဂံသ

ဇရားဖြစ်သည့်

ဗုဒ္ဓဝါဒ

အာဂါရလယ်မိုးစက်ဦး

ပညာစစ်မီး ဝိပဿနာကျမ်း

"တတိယတွဲ"

၄

။ဘုရားဟောတရားတော်

ဒီဂနိကာယ

ဒုတိယပါသာဒိကဝဂ်

ပဋိကဏ္ဏကသုတ်

ကြီးကဲကျိုးငယ်ဖြစ်

ကမ္ဘာကုန်ကမ္ဘာတည်-ဒုဗ္ဘိက္ခဘေးကြီးအကြောင်း

။မြန်မာနှစ်

သုတ်ခဝသူ။ ။ဧမေဒင်လွှမြို့
ပြည်သူ့ဈောင်ခြည်စာငေပ
(မြ-၀၅၉၄)
အမှတ် ၁၅၂(ခ)
မြန်မာ့ဂုဏ်ရည်လမ်း
ကန်တော်ကလေး၊ ရန်ကုန်မြို့။

ပုန်ပသူ။ ။ဥးထွန်းရှိန်
မွတ်ပုံဘင်အမှတ်(မြ-၀၉၅၈)
ထွန်းဝင်းပုံနှိပ်တိုက်၊ အမှတ် ၁၈-၂၀
မြယာကုန်းလမ်း၊ ကန်တော်ကလေး
ရန်ကုန်မြို့။

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါနကထာ	၉
၂။	သပ္ပုရိသစက် အင်္ဂါလေးချက် ကိုက်ပိုင်ဥာဏ်နှင့်တွက်	၁၅
၃။	နိယာမတရား သိသူများ 'ဘုံစဲ့' 'ဘဝစဲ့'မထား	၄၅
၄။	ဘာသားနှင့်သာသနာ ကဲ့အောင်လုပ်ကြပါ	၇၂
၅။	သာသနာတရား သိသူများ အယူဘာသာမထား	၈၀
၆။	သစ္စကထာ ကိုယ်ကျင့်အဘိဓမ္မာ ကိုယ်မှာရှိကြရာ	၁၀၈
၇။	လက္ခဏာဥာဏ်အမြင်သန် အမှန်ပြီးပါ၏	၁၂၂
၈။	သစ္စာဥာဏ် အမှန်သိ ပြုဘွယ်ကိစ္စမရှိ	၁၅၃
၉။	နိဗ္ဗာန်ဆိုတာ ခန္ဓာမှာ အမှန်တွေ့အောင်ရှာ	၁၇၅
၁၀။	နိဂမကထာ	

(ဥယျောဇဉ်)

အတ္တာဟိအတ္တနော နာထော၊ ကောဟိနာထော ပထောသိယာ
အတ္တနာဟိ သုဒန္တေန၊ နာထံလဘတိဒုလ္လဘံ။

အိုလသား....

သင့်မှာ.....

မပြုလျှင် မပြီး တာဝန်ကြီး နှစ်ရပ် ရှိပေသည်။
ထိုတာဝန်ကြီးများကား....

(၁) ဗုဒ္ဓဝါဒ၏ လမ်းဆုံးသို့ ရောက်အောင် ယထာဘူတဉာဏ်နှင့် အမှန်သိဆားမှု ပင်တည်း။

(၂) ၎င်းအမှန်တရားကို မမေ့လျော့သော သတိနှင့် အရှိထားကာ ပဋိဝေဓဉာဏ်ဆိုက်ရောက်အောင် ပွားများ ဆင်ခြင်ဝေဘန်မှု ပင်တည်း။

အထက်ပါ တာဝန်ကြီးနှစ်ရပ် ပြီးမြောက် အောင် ထမ်းဆောင်နိုင်ရန် အထူးသတိပြုကာ ကြည့်ရှုရှောင်ကြဉ်ရမည့် အချက်များကား.....

(က) ပြောတိုင်းယုံ- ခိုင်းတိုင်း လုပ်မှုနှင့် အဘပြော သားကြား၊တဆင့်စကား တဆင့်ကြား ပရိဘာသာများကို ဒိဋ္ဌကေန် မှန်လှပြီဟု ယုံကြည်လက်ခံခြင်းပြုမှု။

(ခ) အမိ အဘ — အဘိုး အဘွား အစဉ်အဆက်ကကိုးကွယ် အားထားလာကြသည့် ဆရာသမားတို့၏ ဟောပြောညွှန်ကြားမှုဖြစ်၍ မုချကေန်မှန်လှပြီဟု မျက်ကန်း ယုံကြည်လက်ခံခြင်း ပြုမှု။

(ဂ) သက်ကြီး စကား သက်ငယ်ကြား - ပရိဘာသာစကား-မိရိုးဖလာအစဉ်အလာ-အယူသီးဓမ္မတာတရားများကို တရားသေ ဟုတ်လှပြီ၊ မှန်လှပြီဟု ယုံကြည်လက်ခံခြင်း ပြုမှု။

(ဃ) ကျွမ်းစာ ပေထုပ် - ဘိုးအုပ်ကြီးတွေထည်းမှာ ပါသည်ဟု ညွှန်ကာမျှနှင့်(တနည်း)ဂုဏ်သရေရှိကျွမ်းတတ်-ပေတတ်-နာမည်ကျော် ပုဂ္ဂိုလ်ကြီးများက ဟောပြောတာဘဲဟု တထစ်ချယုံကြည်လက်ခံခြင်း ပြုမှု။

အထက်ပါ အချက်ကြီးလေးချက်ကို ပါယ်စွန့် ဗုဒ္ဓဝါဒဝိဘင်္ဂလမ်းစဉ်အတိုင်း ဝိမံသနဉာဏ်၊ ဝိစာရဏဉာဏ် အရင်းခံထား၍၊ ကိုယ်ပိုင်ဉာဏ်ယှဉ်ကာ-ကိုယ့်အား ကိုယ်ကိုးမှ ကိုယ်ကျိုးရှိ၍ ကိုယ့်ကိစ္စပြီးမည်ကို အထူးသတိပြုသင့်သည်။

မေတ္တာရပ်ခံချက်

အနည်းငယ်သော သတ်ပုံအလွဲအမှား အဓိအလိုမျှားကို ဖြည့်စွက် ပြင်ဆင် ဘတ်ရှုပါရန် မေတ္တာရပ်ခံပါသည်။

နိဒါနကထာ

ကျွန်ုပ်သည် ဆရာဝါသ ဒိုးဒိမ်ဝတည်ထောင်ပြုရှိ၊ နေကြကုန်သော ဗုဒ္ဓဝါဒီ ဖြစ်လိုကြသည့် ဒါယကာ ဒါယိကာမများ၏ အစ္ဆရိယ ဘာဝပေးအခြေအနေနှင့် ကိုက်ညီနိုင်သော ဗုဒ္ဓဝါဒ အာဂါရလမ်းစဉ် ပညာစခမ်း ဝိပဿနာကျမ်း ပထမတဲ့ ဒုတိယတဲ့တို့ကို ပါဠိဘာသာမများ ပရိယာယနည်း မဘက် အမိဘသာ သက်သက်နှင့် ဒေသနာယုတ္တိ၊ သာဓကယုတ္တိ၊ သဘာဝယုတ္တိ၊ ထုတ်သိုကာ ရေးသားခဲ့ပေပြီ။

ကျွှသည့် ဗုဒ္ဓဝါဒ အာဂါရလမ်းစဉ် ပထမ-ဒုတိယတဲ့မှာ ဗုဒ္ဓဝါဒီများ လက်ခံကျင့်သုံး သိရှိထားရမည့် ပညတ်-ပရမတ် ရှင်းတမ်း, ရုပ်စစ်, နာမ်စစ်ရှင်းတမ်း, ဂဏခွဲခမ်း, ရှိမှား-မရှိမှား ဆက်မှား-ပြတ်မှား အစွန်းထွက်တရား သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဖြတ်ခမ်းစသည်ဖြင့် လက္ခဏာဉာဏ် သစ္စာဉာဏ်ဆိုက်သည်အထိ ပြခဲ့လေပြီ။

ယခုဘဖန် လင်-သားမကွာ။ သား-သမီးရုတနာမပြစ် စီးပွားရှာမလစ်၊ အိမ်ယာထောင်တို့၏ ဘဝပေး အခြေအနေ မျက်မှောက်ကာလနှင့် ကိုက်ညီသင့်လျော်သော ဗုဒ္ဓဝါဒ အာဂါရိယလမ်းစဉ် ပညာစခမ်း ဝိပဿနာကျမ်း တတိယဘဲကို ရေးသား စီစဉ်ကာ တိုင်းပြည်သို့ တင်ပြပါအံ့။

ယခုရေးသားမည့် တတိယတဲမှာ ဗုဒ္ဓဘာသာ၏ အခြေခံဖြစ်သည့် ဗုဒ္ဓဥပစာ တရားများ၊ ဒါန သီလ သမထ အစ ထား တရုဏဝိပဿနာများ ဘုရားမပွင့်မှီ ယခင်ကရှိနှင့်ပလေပြီး ဘာသာ ပညတ်ချက် အသီးသီးတို့ကိုငင်း၊ ရေးသားမှု မပြု တော့ပါ။

ဗုဒ္ဓဝါဒ အာဂါရိယလမ်းစဉ်ပညာစခမ်း ဝိပဿနာကျမ်း တတိယဘဲမှာ အလေးအနက် ဦးစားပေး ရေးသားလိုသည်ကား ပညာဉာဏ် ကြီးထွားရေးအတွက် တွေးခေါ် စဉ်းစားစရာ ကိုယ်ပိုင်ဉာဏ်ရှိ၍ မှန်ရာကိုရဲဝံ့စွာ ပြတ်သားစွာ လက်ခံကျင့်သုံး စရာ ခေတ်ကာလပဆောင့်နှင့် ဝိရောဓိဆန့်ကျင်ဘက်မဖြစ် တထပ် ထည်းဖြင့်စရာ, သစ္စာကထာ ကိုယ်ကျင့် အာဘိစမ္မာနှင့် ဗုဒ္ဓဝါဒ၏ လမ်းဆုံးတရားတို့ကို ရေးသားပါအံ့။

ဤသို့ရေးသားသည့်အခါမှာ ဆရာစံမရှိ၊ ဂိုဏ်းစံမပါ။ ပဂိုလ်စံကဗလာ၊ ငါဟာမှငါ အတ္တုကြွေသနကင်းစင် ဂိုဏ်းကန ကြီးပွားရေး၊ အတ္တဟိတ ပဂ္ဂလိကပိုင်ဆိုင်မှု ကြီးထွားရေး တိုက်ဆောက် ကားစီး ကိုယ်ကျိုးရှာ စီးပွားဘက်မှု၊ ဘာသာ ရေးခုတုံးလုပ်မှု၊ ပြယုဂ်ပြု၍ ဘဝသက်ထိမ်းမှုအတွက် ရည်ညွှန်း ချက်မပြု ဘဲ သာသနဝန်ထမ်း ရှင်ရဟန်းတို့အား ဆွမ်းသင်္ကန်း

ကျောင်းဆေး လေးပါးပစ္စယ ဆောက်ံုကြသည့် စတုပ စ္စယ ဒါယကာများကို ကျေးဇူးတုန့်ပြုသောအားဖြင့် ဗုဒ္ဓ၏ကျေးဇူး တော်ဂုဏ်ကို ထောက်သောအား ြ ဟုတ်ရာကိုရေး၍ မှန်ရာကို ညွှန်းမှု ရေးသားပြုပါဒံ့။

ကျမ်းရင်းကို မရေးသားခဲ့ ိုတင်သတိပေးစကား ရေး သားလိုသည်မှာ....

၁။ ယနေ့လူသား အယူများနေကြသည့် ကြောက်စရာ မြောက်စရာ ခံစရာ စံစရာ အစဖြာသည့် ဇုံး တစ္ဆေ, ကဝေ, မြေ ဘုတ်, နတ်, နဂါး, ပြဿဒါး, ပီ ိန်း, ြ , ငရဲရှာစသည်တို့ သည် ထက်အောက်ဒိသာ ထိုထို ြ ဤ အင်္ဂလိသော အရပ်တို့မှာ ရှိသလော မည်သည့်အရပ်မှာရှိသနည်း၊ မည်သည့်အရပ်ကို မြင် ဖျားခံပါသနည်း၊ ပစ္စယာကာရနည်း၊ ကိုယ်ပိုင်ဥာဏ် ကြီးကြီး ဖြင့် ဆန်းစစ်ဝေဖန် အဖြေမှန်ရှာရန် လိုအပ်လှပေသည်။

၂။ နောက်တဖန် လွှာကလူသား အားသာငန်းငန်းနှင့် လိုလားတောင့်တနေသည့် မင်္ဂိုလ်, နိဗ္ဗာန်ဆို ထိုတို့လောကုတ္တရာ တရားတို့ကကော ဘိုးစာတိုက်အတွင်းမှ ဓမ္မသင်္ကီ, ဝိဘင်း ခါတုကထာ,အစဖြာသည့် အဘိဓမ္မာခုနှစ်ကျမ်းထည်းမှာ ရှိပါ သလော၊စူဠဝါ,မဟာဝါ,ပရိဝါ,အစဖြာသည့်ဝိနည်းငါးကျမ်း ထည်းမှာရှိသလော၊ သို့မဟုတ်, သုတ်ပါထေယ, သုတ်မဟာဝါ, သုတ်သီလက္ခန်,ဆိုထိုထိုကျမ်းဂန်ထည်းမှာရှိသလော။ မည်သည့် အရပ်မှာ ရှိပါသနည်း။ ကိုယ်ပိုင်ဥာဏ်နှောကာ ဝေဘန်ဆန်း စစ်မှု သုတေသနပြုရန် လိုအပ်လှပေသည်။

၃။ နောက်တချက်အလေးအနက်သတိပြုအပ်သည်ကား လူသားမှာ ကျရောက်လာသည့် တိဘိ၊ တိုက်ဖျက်၊ နှုမိုးနီးယား၊ ကင်ဆာ၊ အစဖြာသည့် ရောဂါဝေဒနာများ ကင်းစင်ပေပျောက်ရေးအတွက် အနာနှံဆေး ကိုက်အောင်ပေးဆိုသလို ဆိုင်ရာဆေးကျမ်း အလေးဂရု မပြုပါဘဲ ဓမ္မဝိဘိ ပရိမန္တောန်ရွတ်ဖတ်မှုမျှဖြင့် ပျောက်ကင်းပါမည်လောကိုယ်ပိုင်ဉာဏ်ကင်းမဲ့မိုက်သော အရှင်း အသုံးအဖြုံးက ညံ့ဖျင်းသည့် လူ့ဗဟုသုတသင်းတိုအား စီးပွားရေးမှုလုံ လူမှုရေးနောက်ကျ အကြောင်းမလှုံ့ဖြင်ရသည်ကို ဆုပေး ဆုတောင်းနှင့် ပြည့်ဝ၍ ရုပါမည်လော အရှင်ကြီးသခင်ကြီးတို့ကို တိုင်တည်၍ မှုစမှုကို စောင့်စား၍ရပါမည်လော ကိုယ်ပိုင်ဉာဏ်နှောရန် လိုအပ်လှပေသည်။

၄။ ထိုမှတဖန် အလေးအနက် အပြင်းအထန် ဝေဘန်အပ်သည်ကား ဘာသာတရားနှင့် သာသနာတရားတို့သည် မတူခြားနားကွဲပြားပါသလော သို့မဟုတ် အမည်သာကွဲ၍ သဘောအားဖြင့် အတူတူလော၊ ဘာသာနှင့် သာသနာတရားတို့သည် နိယတ တရားလော....အနိယာ တရားလော ဝိစိကိစ္ဆာမနှော သံသယမနှော ကိုယ်ဘိုင်ကိုယ်ပိုင်သဘောပေါက်ရန် ဝိမံသနာဉာဏ် ဝိစာရဏာဉာဏ်ဖြင့် အပြန်ပြန် အလှန်လှန် ဘာဝေဘဗ္ဘ ပြုအပ်ပေသည်။

၅။ ထိုမှတပါး ကုသိုလ် အကုသိုလ် ထိုထိုဒုစရိုက် သုစရိုက်တရားများကကော ဓမ္မကျမ်းဂန်ဆည်းမှာ ရှိသလော လူမှာရှိသလော....မည်သည့်အရပ်ဌာနမှာ ရှိသနည်း၊ ၎င်းဒုစရိုက်

သုစရိုက် တရားကို ကြ||းလွန် ပြုလုပ်ပါက မည်သည့်အခါ ကျမှ ခံစား စံစားရမှာနည်း။ ခံစရာ စံစရာ ဘုံဌာနနှင့်ခံမည့် စံမည့် သတ္တဝါ သန်ဓါရကမ်းကော နိစ္စထာဝရ ရှိသလော....။ ဤသည့် ကောင်းကံ မဒကောင်းကံဆိုသည့် ကုသိုလ် အကုသိုလ် အစားစား သန်ဓါရများကကော နိစ္စ, ဓုဝ, သဿတ, နိယာမ, အမျိုးလော....အပိုအလိုမရှိ လက်ဝဲ-လက်ျာစွန်း မရောက်ရန် သတိအတန်တန် ပညာဉာဏ်ဖြင့် ဗဟုလိကတ ပြုအပ်လှ၏။

၆။ လောက်လမ်းသဖွယ်၊ ဝိညာဏ်ဘွယ်သည်၊ အသက်လိပ်ပြာ၊ အစဖြာသည့် အထည်ခြပ် ကင်းမဲ့သည့်ပစ္စယာကာရနည်းမပါသည့် ဂုဏ်သတ္တိစွမ်းအား ရှိလေငြား ကမ္မဇဓာတ်ဝါဒ အစားစား ဣသရတန်ခိုးတော်များကကော ဖြစ်နိုင်-ရှိနိုင်ပါသလား....စသည်ဖြင့် အနုပဒဋီလောမ ဉာဏ်ဝင်ကာ အထပ်ထပ် အခါခါ ပြန်လှန်ဆန်းစစ်မှု ကိုယ်တိုင် ကိုယ်ပိုင် သိမြင်သဘော ပေါက်ပိုင်အောင် ကိုယ်ပိုင်ဉာဏ်ဖြင့် ထပ်မနား လေ့လာမှု အားထုတ်ပြုရာ၏။

အထက်ပါ အချက်ကြီးများကို ကိုယ်တိုင် ကိုယ်ပိုင် ဝေဘန်နိုင်၍ ကိုယ်တိုင် ကိုယ်ပိုင် အသိရောက်ပြီး အဖြေမှန်ပေါက်ပုံက ဗုဒ္ဓဘက်တော်သား ဗုဒ္ဓဝါဒီတယောက်ဖြစ်၍ တွေ့ကြုံသမျှ လောကဓံတို့ကို အနိုင်မခံ အရှုံးမပေး ပြုံးပြုံး ကလေးနှင့် ရင်ဆိုင်ကာ ဝမ်းနည်း ဝမ်းသာတဘက်ကျန်ဝါဒ မရှိ မဇ္ဈိမပဋိပဒါကျကျ ဝိမုတ္တိရသထူးကို ရနေသည့် အတိတ် အနာဂါတ်စသည့် ကြီးများ တုတ်နှောင်မှုမှ လွတ်နေသည့်

လွတ်လပ်ရေးတပ်သား ဦးမြအေးမှုကို မျက်မှောက်ပြုနေသည့် ပုံသေးဖြစ်ရမည်ကား မလွဲပါတည်း။

ထို့ကြောင့် လွတ်လပ်မှုကိုလိုလား ဦးမြအေးမှုရအောင် ကြိုးစားနေသည့် အာဂါရမုနိမျိုးအား မပင်မပန်း ရှင်လန်းပျူးနှဉ် အထက်ပါသိအပ်သည့်ဘရားတို့ကိုသိ၍ အရှိထားနိုင်ရန် အသိမှန် အလုပ်မှန်ဖြစ်မှုကြီးမားသော စေတနာစေ့ပြုလျက် ပယ်ဘယနည်း မစွက် ဒိဋ္ဌမမှ ဒိဋ္ဌပတ္တ နည်းသက်သက်နှင့် သန္ဒိဋ္ဌိက ဂုဏ်မြောက်အောင် သဘာဝယုတ်တို့ ဒေသနာယုတ်တို့ ထုတ်ဖော်၍ အတ္တနောမတိ ကိုယ်ကျင့် အဘိဓမ္မာနှင့် ညီကာ ဝေးသေးဝီရင်မှုပြုပါအံ့။

အသျှင် ဥဂ္ဂံသ

၂၀-၇-၆၅

အာဂါရ လမ်းစဉ်
ပညာစခမ်း ဝိပဿနာကျမ်း

"သပ္ပုရိသစက် အင်္ဂါလေးချက်"

စတ္တာရော မေ ဘိက္ခဝေ မမ္မာ၊ဘာဝိတာ ဗဟုလီကတာ သောတာ ပတ္တိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိ၊ ကတမေ စတ္တာရော သပ္ပုရိသသံသေဝေါ သဒ္ဓမ္မသဝနံ၊ ယောနိသော မနသိကာရော၊ ဓမ္မာနု ဓမ္မပဋိပတ္တိ၊ ဣမေခေါ ဘိက္ခဝေ စတ္တာရော ဓမ္မာ ဘာဝိတာ ဗဟုလီကတာ သောတာပတ္တိဖလ သစ္ဆိက်ိရိယာယ သံဝတ္တန္တိတိ။ စတ္တာရောမေ ဘိက္ခဝေ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ သကဒါဂါမိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိတိ။ အနာဂါမိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိတိ။ အရဟတ္တဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိတိ။

(မဟာဝဂ္ဂသံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ သံသရာဘေး လားမည့်ရေးကို ငမျှော်တွေး ကြောက်ခြင်း ချစ်သား ချစ်သမီးတို့။ စတ္တာရော၊ သခ်ျာအရေ အတွက်ဒုဒ်းဖြင့် လေးမျိုး လေးစား ကုန်သော။ ဤမေမမှာ၊ ဤတထုဒ်ကို။ ဘဝဝိတာ၊ ပွားအပ်သည် ရှိသော်။ ဗဟုလ်ကတာ၊ အကြွေမ်များစွာ လေ့လာအပ်သည်ရှိသော်။ သောတာပတ္တိဖလ သစ္ဆိကာရိယာယ၊ သောတာပဒ္ဒိုလိသို့ မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန်တိ၊ ဖြစ်ကုန်၏။

ဘိက္ခဝေ၊ သံသရာဘောင် သုံးအိမ်နှောင်မှ ခွာရှောင်လိုငြား။ ချစ်သားချစ်သမီးတို့။ စတ္တာရော၊ လေးပါးကုန်သော တရားတို့သည်။ ကတမေ၊ အဘယ်တရားတို့ နည်းဟူမူကား....။

(၁) သပ္ပုရိသ သံသေဝေါ၊ ရုပ်-နာမ်-ခန္ဓာ-အာယတန,ဓာတ်,လက္ခဏာ- သစ္စာ- မဂ်- ဖိုလ်—နိဗ္ဗာန်ဟုဆိုငြား ထိုထိုသို့သော တရားထူး တရားမြတ်တို့ကို သိကျွမ်း ပေါက်ပိုင် လိမ္မာနိုင်သော ဆရာတို့ကို မှီဝဲဆည်းကပ်ရခြင်းတပါး။

(၂) သဒ္ဓမ္မသဝနံ ရုပ်-နာမ်-ခန္ဓာ—ဓာတ် - သစ္စာ စ်င့် မဂ်— ဖိုလ်-နိဗ္ဗာန်ဆိုငြား၊ ထိုထိုအမြတ် တရားတို့ကို သတိ,သဒ္ဓါထက်သန်စွာနှင့် နာခံမှတ်သား၊ ကိုယ်ပိုင် ဉာဏ်ယှဉ်၍ နာကြားမှတ်သားရခြင်းတပါး။

(၃) ယောနိသော မနသိကာရော၊ ရုပ် နာမ် ခန္ဓာ ဓာတ်သစ္စာနှင့် မဂ်,ဖိုလ်,နိဗ္ဗာန် ဆိုငြား။

ထိုဆိုနာကြားပြီးသား အမြတ်တရားတို့ကို ကိုယ်ပိုင်ဉာဏ် စေ့စားကာ ထပ်မနား ပညာအားဖြင့် အသင့်အသင့် ဆင်ခြင်သုံးသပ်ရခြင်းတပါး။

(၄) ဓမ္မာနု ဓမ္မပဋိပဋ္ဌိ၊ မဂ် ဖိုလ် နိဗ္ဗာန်ကို ရခြင်း၏ အကြောင်းဖြစ်သော သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိတို့ကို ပါယ်ချိုးဖျက်ဆီး စွန့်ပစ်ရခြင်းလည်းတပါး၊ (၀၂) ဓလေ့ထုံးစံ အစဉ်အလာစဲ့ ဖြစ်နေသော (နတ် ဗေဒင်ဆံခွက်၊ စုံးတစ္ဆေ ကဝေ) အစဆား ကမ္မဇဝိဝါဒများ၊ အယူမှားသည့် သီလဗ္ဗတပရာမသဘရားတို့ကို စွန့်ခွာဖယ်ရှားရခြင်းလည်းတပါး။

ဘိက္ခဝေ၊ ချစ်သားတို့။ စတ္တာရော၊ လေးပါးကုန်သော ဣမေဓမ္မာ၊ကျိတရားတို့ကို။ ဘာဝိတာ၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်ကြိမ်ပွားများလေ့လာအပ်သည်ရှိသော်။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ၊ သောတာပတ္တိ ဖိုလ်သို့ မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့ အစဦးစွာ မိန့်တော်မူ၏။

ဘိက္ခဝေ၊ ချစ်သားတို့၊ စတ္တာရော၊ လေးပါးကုန်သော ဣမေဓမ္မာ၊ကျိတရားတို့ကို။ဘာဝိတာ၊ပွားများအပ်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ ပွားများလေ့လာအပ်သည်ရှိ

သော်။ သကဒါဂါမိဖလ သစ္ဆေါကိရိယာဃယ၊ သကဒါဂါမိဖိုလ်သို့ မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ စတ္တာရော၊ လေးပါးကုန်သော ဣမေမဗ္မာ၊ ဤတရားတို့ကို။ ဘာဝိဘာ၊ ပွားစေအပ်သည်ရှိသော် အနာဂါမိဖလသစ္ဆေါကိရိယာဃယ၊ အနာဂါမိဖိုလ်သို့ မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

ဘိက္ခဝေ၊ ချစ်သားတို့။စတ္တာရော၊ လေးပါးကုန်သော ဣမေမဗ္မာ၊ ဤတရားတို့ကို။ ဘာဝိတာ၊ ပွားစေအပ်သည်ရှိသော် ဇဟုလိကတာ၊ အကြိမ်များစွာ ပွားများလေ့လာအပ်သည်ရှိသော်။ အရဟတ္တဖလသစ္ဆေါကိရိယာဃယ၊ အရဟတ္တဖိုလ်သို့ မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့၊ ဂါဘုရား အဆုံးစွန်ဟောတော်မူ၏။

ဗုဒ္ဓ၏ သာမုဏ်ကံ သိကခိုအမိဘာသာဖြင့် အဓိပ္ပါယ်ပြန် ဆိုပါက သောတာပန်၊သကဒါဂါမ် (လူမှန်လူတော်လူကောင်း) စသည့် အရိယာသူတော်ဖြစ်လိုသည့် ဗုဂ္ဂိုလ်များသည် အရင်းခံ အားဖြင့် အင်္ဂါလေးပါးနှင့် ပြည့်စုံရပါမည်။

တနည်းအားဖြင့် ဆိုသော် လူမှုဒုက္ခ အပေါင်းမှ လွတ် ကင်းလိုသောသူများသည်မရိုလျှင်မဖြစ်၊မပြုလျှင်မပြီး၊အင်္ဂါကြီး လေးချက်နှင့်ပြည့်စုံရပါမည်။ ဤသည့် အင်္ဂါများနှင့် ကင်းဝေ သောတာပန်(လူမှန်လူတော်လူကောင်း)စသည့်အရိယာစာရင်း မဝင်နိုင်ပါ။ လူမှန်လူတော်လူကောင်းများ မဖြစ်နိုင်ပါ။

အရိယာ (လူမှုန် လူတော် လူကောင်း) ဖြစ်နိုင်သည့် လူမှုဒုက္ခအပေါင်းမှ လွတ်နိုင်သည့် အင်္ဂါလေးပါး အရင်းခံတရားကား....

(၁) သပ္ပုရိသသံသေဝ။ ခန္ဓာ အတုအစစ်၊ အာယတန အတုအစစ်၊ ဓာတ်အတုအစစ်၊ လက္ခဏာ အတုအစစ်၊ သစ္စာအတုအစစ်၊ မင်္ဂုလ် နိဗ္ဗာန် အတုအစစ်၊ တို့ကို အဖုအထစ်မရှိအောင် ဟောပြော လမ်းညွှန်မှုပြုနိုင်သည့် သူမှုန် သူတော် သူမွှန် သူကောင်းကို အစဉ်းပထမရှာကြံပေါင်းသင်းချဉ်းကပ်ခြင်း ပြုရပါမည်။

ဤနေရာမှာအရေးကြီးပါသည်။ ဆရာမပြု၊ ဂါးပိဖုတ်မှုနည်းမကျလို့ ဆိုကြပေသည်။မှုန်လှပေ၏။ လောကအကြောင်းမမှုအကြောင်းမှာ သင်ဆရာမြင်ဆရာ(ပရတောဃဿသပစ္စည်း) နှင့်ကင်းချမဖြစ်နိုင်ပါ။ ထို့ကြောင့် အကြောင်းအကျိုးတတ်သိနားလည်သည့်,ဓေတ်၊ ကာလ၊ ပယောဂ၊ ပုဂ္ဂလစ္ဆာသယနှင့် ဆန့်ကျင်ဘက်(ဝိရောဓိ)မဖြစ် စနစ်တကျ အံဝင်ဂွင်ကြ ဖြစ်အောင် နည်းပေး လမ်းပြ ရှေ့ဆောင်ပြုနိုင်သည့် သူမှုန် သူကောင်းပုဂ္ဂိုလ်ကို ရှာကြံနည်းခံဆည်းကပ်ပေါင်းသင်းမှု ပထမပြုအပ်ပါသည်။ ၎င်းအင်္ဂါနှင့်ကင်းပြီး အမှုန်တရားကို ရခြင်းငှာမည်သည့်ပုဂ္ဂိုလ်မှမစွမ်းနိုင်ပါ။

ဆရာရှာသည့်အခါမှာ အထူးသတိ ပြုအပ်သည်ကား၊ ဆရာမပြ ဂါးပိဖုတ်မှုနည်းမကျ ဆိုရိုးစကားရှိသလို၊ ဆရာဂုဏ်ရှုံးတော့ တ သံသရာလုံး မှောက် ဆိုသည့် ဆိုရိုးကိုလည်း

အလေးအနက် သတိပြုသင့်သည်၊ လောကကြောင်း ဓမ္မကြောင်း မှာ လမ်းညွှန်ဆရာ အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ဗုဒ္ဓက လူမဒုက္ခအပေါင်းမှ လွတ်မြောက်လိုသောသူတို့ရင်းစားခံလက်ကိုင် ထားရမည့်တရားတို့တွင် 'သပ္ပုရိသ သံသေဝ' ဆိုသည့် ပုဒ်ကို အလေးအနက် ထားကာ ရှေးဦးအစ ဟောကြားခဲ့ပေသည်။ လွတ်မြောက်ရေးတရား ဝိမုတ္တိ ရတနာထူးကို ရရေးရင်းစားခံလက်ကိုင်ထားရမည့် အင်္ဂါလေးပါးတို့တွင်နံပါတ်(၁) ဖြစ်သည့်အင်္ဂါကုဏ်ပြည့်စုံမှုသည် အရေးကြီးဆုံးဖြစ်ပါသည်။

ဤသည့် ဆရာရှာမေ်းမှာ အလေးအနက်တားကာ ရေးသားရသည်ကား၊ မျက်ခြေမပြတ် သင့်သည့်အကြောင်း ရှိပေသည်။ အကြောင်းကား အတု အစစ် အမှား အမှန်ခဲခြားစီစစ်ရေးပင်တည်း၊ ဥပမာအားဖြင့် ယနေ့မျက်မှောက် ကာလမှာ၊ ကိုယ်ကျိုးကိုယ် အတွက် (အတ္တဟိတ) မဖက်၊ ပြည်သူ့ဝန်ထမ်း တိုင်းပြည်ခေါင်းဆောင် ပရဟိတဝန်ဆောင် လူတော်လူကောင်းများရှိသလို နိုင်ငံအရေး၊ အများကောင်းစားရေးဆိုသည့်ကြွေးကြော်သံဆိုင်းဘုတ်ပြယုဂ် ထုတ်ပြီး၊ကိုယ်ကျိုးကိုယ် အတွက်တာစီးပွားရေး ပွဲပေါက်ရှာနေသည့် နိုင်ငံရေးသမား၊ နိုင်ငံရေးလုပ်စားသည့် ပုဂ္ဂိုလ်များလည်း များလှပေ၏။

စီးပွားရေးလောကမှာလည်း၊ မျှမျှတတ (သမာသမ) အပေးအယူညီမျှသည့် နှစ်ဘက်ရ ပုဂ္ဂိုလ်များ၊ အလေးချိန်ခွင် ကတ္တာနှင့်ပေကြိုး,တောင်းဓွက် စသည် မှန်မှန်ကန်ကန် ကောင်းထောင်း,'ကောင်းဇယ် ပုဂ္ဂိုလ်များရှိသလို၊ မည်သူ ဒသသေ

ငတေမာပြီးရောဆိုသည့် တကိုယ်ကောင်းသမား (အတ္တဟိတ) များလည်း ဒုနှင့်ဒေးပါပေ။ကဟ္ဘား, ပေကြိုး အမျိုးမျိုးအလေး ခွက်များ အစားစားနှင့် စီးပွားရေးလောကမှာ ရမ်းကားနေသူများလည်း မည်းသာအောင် ပေါများလှပါ၏။

ထို့နည်းတူစွာ ဘာသာရေးနယ်ပါယ် သာသနာရေးလောကမှာလည်း ကိုယ် အကျိုး စီးပွားရေး (အတ္တဟိတ) မဖက် အများကောင်းကျိုး (ပရဟိတ)သက်သက်နှင့် အသိမှန် အလုပ်မှန် အမြင်မှန် အကျင့်မှန်ဖြစ်အောင် ဟောပြောနည်း ပေးလမ်းပြကြသည့် သူကောင်း သူမှန်များ ရှိကြပါသည်။ အများစုရိုက်မလိုက် ဘုရားအကြိုက် လိုက်၍ မှန်ရာကိုပြော၊ ဟုတ်သည်ကိုလုပ်၍ ဗုဒ္ဓလမ်းစဉ်ကို ရုပ်လုံးဖေါ်နေသည့် ပရဟိတ စန်ဆောင် ပုဂ္ဂိုလ်မှန်များ၊ လေးစားအပ်သည့် ပုဂ္ဂိုလ်များလည်း ရှိကြပါသည်။

ဤသည့် သူကောင်းသူမှန်များရှိသလို၊ဘာသာ,သာသနာကို ခုတုံးလုပ်ပြီး၊ ကိုယ်ကျိုးရှာဇီးပွားဖက်၊ အလိုက်သင့် ဟောပြော၊ ဘုရားဟောဂရုမစိုက် အများသဘောလိုက်ပြီး ဘဉ်းကြိုးရေး အခြံအရံများရေး တိုက်ဆောက်ကားစီး လောကီဓိမ်ယစ်ရေး ရွှေဥာဏ်တော်စူးရှကာ ဝတ္ထုပစ္စည်းပူဇော်မှု၊ မြတ်နိုးပြုနေကြသည့် ဆရာတုဆရာယောင် ပုဂ္ဂိုလ်များလည်း မရှားပါပေ။

တနည်းအားဖြင့် ဘာသာရေး ခုတုံးလုပ်ပြီး ဘုရားအရေခြုံကာ၊ ဘာသာရေးခေါင်းဆောင်နေရာယူကြ၍ ဘာသာ

ဝင်များအား ညာဖြန်းရှ၊ ကြားလုံး အမျိုးမျိုး ထုတ် (အတ္တကြံသန)လုပ်ရှိဘာသာဝင်များ၏ကြည်ညိုလေးစားမှုကို ခံယူပေးကမ်းလျှုဒါန်းမှုကို အလွဲသုံးစားလုပ်နေကြသည့်၊ ပါပ ဘိကွု၊ ဒုဿီလ, တည်းဟူသော ဆရာတု ဆရာယောင်များက လည်း ပေါများလှပါ၏။

တနည်းအားဖြင့်ဆိုသော် သံသရာကိုးကြီးငွေ့စိတ်မပေါ် မဂ်ဖိုလ်ရရေး လုပ်ဖိုရာဝေလာဝေး၊ ဓာတ်သံပရမတ်သံ မနာခံသဒ္ဓါကထာကိုမရှာကြံ၊ အမှန်တရား သဘာဝဓမ္မကို နားမလည် ကိုယ်ကိုယ် ပထမဆုံးမမှုမပြုကြဘဲ၊ လူအများဦးဆောင်မှုပေး ကာ၊ ဟောပြောကြသည်ကား များလှပါ၏။

ဟောပြောကြသည်ကား၊ မဂ်ဆိုက်ဘို့ရာ ဝေလာဝေး လက္ခဏာဥာဏ် သစ္စာဥာဏ်မပါ၊ ဒက္ခာရိုပုံပြင် ဝတ္ထုတို့ကို နှိပ်သံ,မြည်သံ,ဖိုသံ,မသံ,တောသံ, တောင်သံ,ပလီပလာ မာယာ ဥာဏ်နှောပြီး အဆိုလေး အင်္ဂါလေးနှင့် ငါးပေါက်သံနှင့်ခွဲ ခုနစ်သံနှင့်ဟဲ့၍ ဖွဲကာန္တကာ ဟောကြသည်ကား ဇာတ်သံ ဝင်ကြီးသံနှင့် မခြားပါပေ။

လက်တွေ့တရားပြကြသည့် သဘာဝဓမ္မအမည်ခံ ဆရာ များကလည်း၊ သဘာဝဓမ္မကို လက်တွေ့ပြကြသည်ကား၊ရင်ငွေ့ ဝံတရား၊ ထိသိသဘော ကာယကံမြောက်နှောကာ၊ ဟောကြ ပြောကြပါသဖြင့် သဘာဝကျင့် အုံကြွပေါက်ကဲကြသည်မှာ တိုင်းသိ ပြည်သိဖြစ်၍ သာသနာ့မျက်နှာငယ်ခဲ့ရသည်လည်း အခါခါ ဖြစ်ကြပေပြီ။

ဤသည့်ဖြစ်ရပ်ကို မြင်တော်မူ၍ ကျေးဇူးတော်ရှင် ဗုဒ္ဓ သခင်က သာမုက္ကံသိက ထားခဲ့သည်မှာ....

သဟာဃမပိစေဂါထာ၊ အနုတ္တပဒသဒ္ဒိတာ။
ကံအတ္တာပဒံသေယျော၊ ယံသုတ္ဝာဉပသမ္မတိ။

စသည်ဖြင့် ဓမ္မပဒဗာဟိယဒါရုစီရိယဝတ္ထုမှာ ဟောခဲ့သည်။

အနုတ္တ ပဒသဒ္ဒိတာ၊ တောဘဲ့ တောင်ဘဲ့ မယ်ဘဲ့ မောင်ဘဲ့ အကျိုးမဲ့မျှ ကိုလေသာ သမုဒယပုဒ်နှင့်စပ်သော။ ယံဝါစာ၊ အကြင် ဟောကြား ပြောကြား ပြသသည့် တရား စကားသည်။ သဟာဃမပိ၊ ပုဒ်ပေါင်း တထောင် များမြောင် လှစ္ဆာရှိသော်လည်း။ စေဟောတိ၊ အကယ်၍ဖြင့်ငြားအုံ။ ပါပိကာ၊ ယုတ်မာစ္ဆာ၏။ ပါပိကာ၊ ဟောသူ ပြောသူ နာသူကြားသူအများလူပါ ကိုလေသာတွေ့ပ္ပ၍ လာသောကြောင့် ယုတ်မာလှစ္ဆာ၏။ ယံ၊ အကြင်လက္ခဏာထိုက်၊ သစ္စာကိုက်သည့် တရားတို့ကို။ သုတ္ဝာ၊ နာကြားရသည်ရှိသော်။ ဥပသမ္မတိ၊ ကိုလေသာမှငြိမ်းအေး၏။ ဥပသမ္မတိ၊ ပထမ မဂ်နှင့်ဆိုင်သည့် ကိုလေသာ၊ ဒုတိယမဂ်နှင့် ဆိုင်သည့်ကိုလေသာ၊ တတိယ မဂ်နှင့်ဆိုင်သည့် ကိုလေသာ၊ စတုတ္ထမဂ်နှင့်ဆိုင်သည့် ကိုလေသာမှ ငြိမ်းအေး၏။ တံအတ္ထပဒံ၊ ထိုကိုလေသာ ကုန်ငြိမ်းရာပါသော အရိယာဝိဇ္ဇာ မြတ်ဓမ္မာသည်။ ဧကံ၊ တပုဒ်တဂါထာလေးပင် ဖြစ်သော်လည်း သေယျော၊ မြတ်လှပေ၏။ သေယျော၊ ဟောသူ၊ ပြောသူ၊ နာသူ

ကြားသူအမျှားလူပါ ကိလေသာ ကုန်ငြိမ်းရပါသဖြင့် ဘယ် တရားနှင့်မျှ တုစရာ နှိုင်းစရာမရှိ၊ မြတ်ကြီးမြတ်လှပါပေ၏။

အထက်ပါ ဗုဒ္ဓဟောချက်၊ ဓမ္မစက်ကို အလေးအနက် စဉ်းစားက တရားဆိုတာ သံသေး၊ သံကြောင်-နိမ့်သံ မြင့်သံ မင်းသား ဟန်ဖြင့် တောဘဲ့ တောင်ဘဲ့ မယ်ဘဲ့ မောင်ဘဲ့ ပုံကြီးခဲ့ကာ အပလီ အပလာ မာယာဥာဏ်နှောပြီး၊ ဒဏ္ဍာရီ ပုံပြင် ဝတ္ထုတို့ကို စင်ကြီးသံ၊ ဇာတ်ကွက်ဟန်နှင့် ဟော့ရသည့် မဟုတ်ကြောင်း ကောင်းကောင်း သိအပ်ပေပြီ။

အကယ်၍ ဟောခဲ့ ပြောခဲ့ ငြားအံ့၊ ဤသည့် ပုဂ္ဂိုလ်နှင့် ဟောတထူးကို မည်သည့်အတန်းအစား ထည့်သွင်း ရမည်နည်း ဆိုလျှင်၊ ကတမော ဘိက္ခဝေ မိစ္ဆာပဋိပဒါ အင်္ဂဇာပစ္စယာ သင်္ခါရာ၊စသည်ဖြင့်လာရှိသောကြောင့်အမှန်သိဘဝသိမရှိပါဘဲ၊ မသိမှုအကြောင်းခံ တပြောင်းပြန်ပြန်လုပ်ကြသည့် ကောင်းလုပ် (ပုညာဘိသင်္ခါရ) မကောင်းလုပ် (အပုညာဘိသင်္ခါရ) တို့ကို ကိုယ်လုပ်(ကာယသင်္ခါရ) နှုပ်လုပ် (ဝစီသင်္ခါရ)တို့ဖြင့် ပြုလုပ် သမျှတို့သည် မိစ္ဆာအကျင့်မျှားဖြစ်ကြောင်း ဗုဒ္ဓဘာသိတအရင်း ခံတရားရှိသောကြောင့် သံသရာမှ ကျွတ်မှု၊လွတ်မှု၊ ဟောပြောပြ နိုင်သည့် သပ္ပုရိသ သံသေဝ မဟုတ်ကြောင်း၊ရဲဝန်စွာ မှတ်ချက် ချရမည်။

မဂ်ဆိုက် ဖိုလ်ဆိုက် နိဗ္ဗာန်ရောက်ကြောင်း သစ္စကထာ မစ္ဆိုမပဋိပဒါလမ်းစဉ်မဟုတ်ကြောင်း သံသယမရှိ ဆုံးဖြတ်ထု၏။

တနည်းအားဖြင့်ဆိုသော် ဣခဘိက္ခဝေပါပ ဘိက္ခုမိစ္ဆာဒိဋ္ဌိကောဟောတိ လာရှိသောကြောင့် တစုံဘယောက်သော လူရှင်ရဟန်းသည် အသိမှန်အလုပ်မှန် အမြင်မှန် အကျင့်မှန်ဖြစ်အောင်မလုပ်၊ အတ္တဝါဒကြီးအောင် ပုဂ္ဂလိကပိုင်ဆိုင်မှုကြီးပွားအောင် ပြုမူနေပါက ယုတ်သောသူ(သူယုတ်)မှား၊သော အယူကို စွဲမြဲစွာ လက်ခံထား၊သည့်(မိစ္ဆာဒိဋ္ဌိ) သံသရာသစ်ငုတ်လို့ ဆိုထား၊ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဆရာ မမှား ခေါင်း၊ဆောင်တင် မလဲ့အောင် အထူး သတိပြုကြရန် လိုအပ်လှပါသည်။

ဆရာမှား၊က လောကခမ္မ၌း်ပြီး ကိုယ့်လုပ်စာ ကိုယ်မစား၊ရန်စ်မှန်း၊ရပြီး နိုင်ငံခြား၊လိဒ်ကွင်း၊မိ၊စီး၊ပွား၊ရေး၊ညာကွင်း၊ထိ၊ပစ္စယာကာရနည်း၊ကင်း၊မဲ့သည့် ဘာသာရေး၊ကျော့ကွင်း အစွပ်ခံရလျှင်၊လူလုံး၊မလှ အပူလုံး၊ကြီးကာ သား၊စဉ်မြေး၊ဆက် ဖွတ်သည် ထက်ဉစ်ခါ အမဲ့မွေ့ဆက် ပေး၊ခဲ့သည်နှင့်မခြား ဖြစ်တတ်သည်၊ ဖြစ်ပြီး ဖြစ်ဆဲကိုလည်း မျက်ချေမပြတ် သတိချပ်သင့်သည်။

လူသား၊မှာ မရှိမဖြစ်သည့် သပ္ပုရိသ သံသေဝ ဆိုသည့် အင်္ဂါကို ပုံကြီး၊ခွဲ ရှုပ်လုံး၊ဖေါ်နေရခြင်း၊သည် အမြင်အား၊ဖြင့်တူ သဘောမတူ ချစ်တီး၊ကလား၊နှင့် ဘိုး၊သူတော် အမြင်သာတူ၊ သဘောကဲ့ပြား၊မူ သတိ ပြုစေလိုသောကြောင့်သာ။ ဆား၊နှင့် သကြား အထင်မှား၊ကာ အသုံး၊လဲ့က လိုရာပြည့်မည် မဟုတ်ပါ၊ ထိုနည်း၊တူစွာ ဘိုး၊သူတော်ကို ချစ်တီး၊မှတ်ပြီး သမီး၊အပ်ပါက

လိုရာမပြည့် တာဝန်တွေပိပြီး သူခိုးကို ဓါးရိုးကမ်းသည့်ကိန်း ဆိုက်တတ်သည်။

အမှန်အားဖြင့် အတုန့်အစစ်ကား အသွင်အားဖြင့် တူသည်။ စိုးစမ်းလေ့လာတတ်သည့် ဝါသနာခါတ်ခံရှိမှ တော်ရုံကြသည်။ အပေါ်ယံကြောအသွင်ကိုသာကြည့်ပြီး ယုံစားမည်ဆိုလျှင်တော့ သကြားနှင့်ဆား ဘိုးသုံးတော်နှင့် ချစ်တီးကုလား အထင်မှားသလို လွဲမှားကြ၍ ကုလားမ ဆာရီနှင့် သက်နိမ့်မကွဲ၊ ဓမ္မတာဆည်းမှာသာ တဝဲလည်လည် ဖြစ်ကြမည်။ ဒုက္ခိတက ဒုဗ္ဘိက္ခကို လမ်းညွှန်သလို လိုရာခရီးမဆိုက် နေ့ကုန် အချိန်ဖြုန်းငေ့ကုန်လုပမ်း ဗရမ်းဗတာ လူဗဒေလာ ဖြစ်ကြမည်သာ။

ထို့ကြောင့်၊ သုဇနာ သုဇနာသဇ္ဇေ၊ ဂုဏေနာပိ ဝိဝေက်နော ဝိဝေကံ နသမ္မာယန္တိ၊ အဝိဝေကီဇနန္တိကေ။

သုဇနာ၊ သိလသမာ ပညာကုန်လုံ သူတော်ဂုဏ်နှင့်ပြည့်စုံပေတောင်း ပညာရှိ သူတော်ကောင်း ပုဂ္ဂိုလ် အပေါင်းတို့သည်ဋ္ဌင်း။ အသုဇနာ၊ သိလ သမာ ပညာ ကင်းပ လူဗဒေလတို့သည်ဋ္ဌင်း၊ သဇ္ဇ၊ လုံးစုံပြောထူ သူတော်ကောင်းနှင့် ယုတ်မာသောသူ ဟူသမျှတို့သည်။ ဂုဏေန၊ သူတော်မှန် သိလဝန်တို့အား သိလ သမာဓိ ပညာ အစုံရှိသည့် ကောင်းမြတ်သောဂုဏ် သူတော်မဟုတ် ယုတ်မာသောသူတို့အား သာသနာတော်တရား မလေးစားဘဲ ထင်ရာပြော ထင်ရာလုပ် ဒုဗ္ဘဂဂုဏ်တို့ဖြင့်။ ဝိဝေကီနောအပိ — ဘဝဂ်နှင့် နရက်ပမာ ကောင်း

ဂုဏ်ဆိုးဂုဏ်ကို နှစ်မျိုးစုံ အာဒီနဝဖြင့် ခြားနားလျက် နေပါသော်လည်း။ အဝိဇ္ဇာကိစ္စနှင့်တကွ လူဖျင်း လူအာ လူဗာလတို့ အထည်ခံ၍ ဝိဇ္ဇာကံ၊ မတူထူးခြားကဲ့ပြားခြားနဲခြင်းကို။ နှသမာယဇန္တိ၊ မဆောက်တည်နိုင်ကြကုန်။ နှသမာယဇန္တိ၊ ဆားနှင့်သကြား အထင်မှားသို့ ခဲခြားလို့ မရနိုင် ဖြစ်ကြကုန်၏။ နှသမာယဇန္တိ၊ ဘိုးသူတော်ကိုချစ်တီးမှတ်ပြီး သမီးအပ်မှားကြသလို မျှားတံထိုး အမိုက် သတ္တဝါတို့မှာ လူ့ဗာလ သာသနာဖျက်ကိုမှ သာသနာတက်အောင် လုပ်သူအလား အထင်မှားကြပါသဖြင့် သူခိုးဓါးရိုးကမ်းဖြစ်ကာ သပ္ပုရိသနှင့်လဲမှားကျင့်မှား ဖြစ်ရပါပေ၏ တကား။

မျက်စိလည် လမ်းမှားနေသူမျှားက လမ်းပြဆရာ လုပ်နေလျှင် ရှေ့သွားနောက်လိုက်အား လုံး ပျက်စီးကြမည်သာ။ ဒုက္ခိတက၊ ဒုက္ခိတကို လမ်းပြနေသည်ကားမျှားလှပေ၏။ ဘူဘူ ချင်းစားနေသည့် အမွေဝါဒီ, အလဒ္ဓိဒုဿီလမျှားကို မဆည်းကပ်မိရန် ဆရာမတင်မိရန် သတိအတန်တန်ရှိသင့်ကြောင်း တိုက်တွန်းမှုပြုရင်း သပ္ပုရိသဂုဏ် မြောက်သည့် အင်္ဂါကိုပြပါအံ့။

ယနေ့မျက်မှောက် လောက ဘာသာရေးနယ်ပယ်မှာ သူတမျိုးငါတဖုံ ဝါဒတွေက စုံလှပေ၏။ ဝါဒအမျိုးမျိုးတည် ထွင်ကာ ဆရာသခင် လုပ်နေကြသူမျှားလည်း ပေါလှပေ၏။ ဂိုဏ်းဂဏတွေကမျှား၊ ဆရာတွေက အစားစား ဖြစ်နေသည့် ဘာသာရေးလောကမှာ ဆရာစစ်ဆရာမှန် သပ္ပုရိသသံသေဝ ဖြစ်ဘို့ရန် မလွယ်ကူလှပေ။

ထို့ကြောင့် ဆရာစဉ် ဆရာမှန် ရှာနည်း၊ ဆရာဂုဏ် မြောက်သည့် အင်္ဂါဘို့ကို စီစစ်၍ပြအံ့။

မမ္မကထိကော မမ္မကထိကောတိ ဘဇ္ဈော်စွတိ။ စသည် ဖြင့် ဒေသနာယုတ္တိစကား ထင်ရှားရှိပေသည်။ ဆိုလိုသည်မှာ တဆူးဟောပုဂ္ဂိုလ် တရားပြပုဂ္ဂိုလ်တို့သည် မည်သည့်အင်္ဂါနှင့် ပြည့်စုံရမည်နည်း။ မည်သည့်အတိုင်းအတာနှင့် ပြည့်စုံမှ တရားဟောပုဂ္ဂိုလ် တရားပြပုဂ္ဂိုလ်ဂုဏ်လက္ခဏာနှင့် ပြည့်စုံပါသနည်း ဆိုလျှင်....

ရူပဿ ဧဘင်္ဂါ နိဗ္ဗိဒါယ ဝိရာဂါယနိရောဓါယ ဓမ္မံ ဒေသေတိ။

ဘိက္ခု၊ အမှတ်မဆား တပါးပါးသောလူရှင်ရဟန်းသည်။ ရူပဿ၊ အနိမိတ္တ ရုပ်တရား ကို။ နိဗ္ဗိဒါယ၊ စွဲလမ်းသိမ်းပိုက်မှုဖြစ်ရမည်ကို ငြီးငွေ့စေခြင်းငှာ။ ဝိရာဂါယ၊ နှစ်သက်စွဲလမ်းဖြစ်ရလိုမှု (ထင်မှတ်မှုမှ) ကင်းလွတ်စေခြင်းငှာ။ နိရောဓါယ၊ အစွဲဥပါဒါန် (ပဟဋ္ဌတရား) မျာ းချုပ်ငြိမ်းစေခြင်း အကျိုးငှာ။ ဓမ္မံ၊ အတ္တကိလမထနုယောဂမပါ၊ ကာမသုခလ္လိကနုယောဂမရှိ၊ လက္ခဏာထိုက် သစ္စာကိုက်သည့် မဇ္ဈိမပဋိပဒါ ကျင့်စဉ်မဟာ မြတ်ခမျာကို။ ဒေသေတိ၊ အကယ်၍ ဟောကြား အံ့။ တဿ၊ ထိုအခြောက်စကား မပါအမြောက်တရားမရှိ၊ အဗျာကတတရားသဘာဝအရှိ အား ဖြင့် ဟောသောပုဂ္ဂိုလ်အား။ ဓမ္မကထိကောတိ၊ ဓမ္မကထိကပုဂ္ဂိုလ် ဟူ၍ (ဝါ) ဂုဏ်စန်ဇာတ် ပါဝင်အပ်သည့် ပဏ္ဍိတ သေ

ဝနာဖြစ်ထိုက်ရှာသည့် ပုဂ္ဂိုလ်မှန်မဟာဟူ၍။ ဝုစ္စတီ၊ ခေါ်ဆိုပညတ် သမုတ်အပ်ပါပေ၏။

ဓမ္မကထိက တရားဟောပုဂ္ဂိုလ်၊ တရားပြပုဂ္ဂိုလ်ဆိုတာ အနိမိတ္တာရုပ်ကို (မံသစက္ခုနှင့်မြင်ရသည့် ရုပ်ကြမ်းကြီးကိုမဆိုလို) ဘာဘာညာညာ အရိပ်နိမိတ်ထင်မှတ်မှု၊ မုန်းစရာ ချစ်စရာလို၊ စွဲလန်းသိမ်းပိုက်စရာလိုထင်မြင်မှု၊ အမြဲထာဝရတည်မြဲသဖြောင့်၊ ချမ်းသာသုခ တင့်တယ်သည့် သုဘလို့ အတင်ပို့မှု၊ မှောက်မှားမှု အစုစုတို့ကို ငြီးငွေ့အောင်၊ ကင်းပြတ်အောင် ချုပ်ငြိမ်းအောင် ဟောပြောပြသသည့် ပုဂ္ဂိုလ်မှ တရားဟော တရားပြပုဂ္ဂိုလ်ဟု ဆိုထိုက်ပါ၏။

ထိုသို့ဆုယတရား၊ ဆဉ်ဘရား၊ လယတရား၊ လှည့်ဖြားမပါ အခြောက်အမြောက် ကင်းစင်၍ ဘဝသက်ထိန်းမှုမပြု၊ ဂိုဏ်းဂဏ မဘည်ထောင်၊ ဂိုဏ်းဂဏ ကြီးပွားအောင် လုပ်မှု 'အတ္တုက္ကံသန' မပြုဘဲ မဂ်ဝင်ရှစ်ပါး ဘောဇ်အတွင်းမှ သဘာဝဓမ္မကို....

(၁) ကိုယ်ရေးကိုယ်အတွက် (အတ္တဟိတ) မဖက်၊ လာဘ်လာဘကို မငဲ့ကွက်ခြင်း။

(၂) လူသားအပေါင်းတို့ လူမှုဒုက္ခ အဝဝမှ လွတ်မြောက်စေလိုမှု စေတနာဇောပြုခြင်း။

(၃) သူတပါးကို ပြစ်တင်ရှုံ့ချမှု (ပရဝမ္ဘန) မိမိကိုယ်ကိုခိုးမြောက်မှု(အတ္တုက္ကံသန)မဖက်ခြင်း၊

(၄) ဒေတ်ကဿလ ဒေသ ပုဂ္ဂလဗျာသယ တို့နှင့် ဆန့်ကျင်မှု (ဝိရောဓိ) မဖြစ်စေခြင်း စသည့် အင်္ဂါလက္ခဏာများနှင့်ပြည့်စုံမှု သပ္ပုရိသဖြစ်၍ သံသေဝပြုထိုက်လှပါ၏။

"သပ္ပုရိသညာဇနန ပရိယေသိတဗ္ဗော" ဗုဒ္ဓဟောသည့် နည်းပေးလာမ်းပြ ရှေ့ဆောင် ဦးရွက် ပြုထိုက်သော သူမှန် သူကောင်း ဘာသာရေးခေါင်းဆောင်ရှေးနည်း နိသျည်းကို ဤမျှနှင့် နိဂုံးချုပ်ပါသည်။

(၂) သဒ္ဓမ္မသဝန တရားစစ် တရားမှန်ကို နာခံမှတ်သားခြင်း။

ဆင်းရဲတွင်းနုက်လှသည့် ဝဋ်ဒုက္ခ သံသရာမှာတောင့်တမှု ကြောင့်ကျမှု ပန်ခါခါဖြစ်ရခြင်း၊ အဖြစ်သဘော (ဇာတိ) ဖြစ်နေရခြင်း အကြောင်းရင်းကို ရှာလိုက်တော့ မသိမှုတည်းဟူသော (အဝိဇ္ဇာ) အမိုးအကာ၊ တဏှာမိန်းမောမှု (မောဟ) တို့က တုတ်နှောင်ကာဆီးထားမှုတို့ကို တွေ့ရပါသည်။

ဤသည့်ဒုက္ခအဖြစ်သဘော (ဇာတိ) ချုပ်ငြိမ်း၍ ဇာတ်သိမ်းရန် မသိမှု (အဝိဇ္ဇာ) တွေဝေမှု (မောဟ) တည်းဟူသော အမိုးအကာ အနှောင်အဖွဲတို့ကို တွန်းလှန်ပယ်ရှားမှု အသိမှန် အမြင်မှန် (ဝိဇ္ဇာ) ဉာဏ်ရအောင် သဘာဝဓမ္မ အသစ်တ အနှိမိတ္တကို ဘာဝေတပ္ပ ဗဟုလိကတ အခါခါ ပြုရမည်သာ၊ ထို့ကြောင့် အမြင်မှန် (ဝိဇ္ဇာဉာဏ်) ကို အရယူရန် သဒ္ဓမ္မဆိုသည့် တရားစစ် တရားမှန်ကို နာခံမှု (ပရဝေဘာ ဂဂါသပစ္စည်း) ပြုရပေမည်။

ဤနေရာ၌တရား(စစ်)(မှန်)လို့ အတူးဝိသေသပြုထားရသည်ကား ဒါန-သီလ-သမထ ဆို ထိုကို လောကီ ကုသိုလ် (တရား) သက်သတ်ခိုးမှုကာမေသု မုသားစကား သေသောက်စား စသည့် အကုသိုလ် (တရား) ဤသည့်ကုသိုလ် အကုသိုလ် တရားတို့ကို နှစ်စေလိုသောကြောင့်တည်း။ (၀၂) မင်္ဂ, ဖိုလ်, နိဗ္ဗာန်,ရဂရေး ဇောက်ရေး သိရေးသည် ကုသိုလ်တရား အကုသိုလ် တရားနှင့် မည်သို့မျှ မဆိုင်ကြောင်း အသိကောင်း ရေးပင် ဖြစ်သတည်း။

ထိုသို့ဆိုလျှင် ကုသိုလ်တရားတို့ကို ပိတ်ပင်တားဆီးရာ မရောက်ပါလား။ အကုသိုလ်တရားတို့ကို တိုက်တွန်းရာမရောက်ပါလား။ စောဒကတက်ခြေးအံ့၊ ဤသို့ တားဆီးပိတ်ပင်မှု တိုက်တွန်းအားပေးမှုမပြုပါ။အမှန်ကဲတော့ ကုသိုလ်,အကုသိုလ်ဆိုတာ လူမှုဆက်ဆံရေးတရား လောကီတရားပါ။ကုသိုလ်တရားကို လူမှု

ဆက်ဆံရေးအရလုပ်၍ အကုသိုလ်တရားကိုလည်း လူမှုဆက်ဆံရေးအရ မပြုလုပ်ရှောင်ကြဉ်ရပါမည်။

ဤနေရာမှာ မကွယ်မဝှက်ဘဲ မှန်မှန်နှင့် သန်သန်ရေးရာ မည်ဆိုလျှင် ကုသိုလ်ပြုမှု၊ အကုသိုလ်ကို ရှောင်မှုဆိုတာမည်သည့် ဘုရားကဟောလို့ မည်သည့် ကျမ်းဂန်ထဲမှာပါလို့ ပြုလုပ်ရှောင်ရဘာမဟုတ်ဘူး၊ ဘဝအသိနှင့် ရှောင်ရ ဆောင်ရတာပါ။

တနည်းအားဖြင့် ပြောရမည်ဆိုလျှင် ကုသိုလ်လုပ်ခြင်းသည် ဘဝကောင်းစားရေး၊ တမလွန် မျှော်ကိုးရေးနှင့်လုပ်ခြင်း။ အကုသိုလ်ကိုရှောင်ကြဉ်ခြင်းသည် တမလွန်ဘဝ ငရဲကိုကြောက်၍ မပြုလုပ်ခြင်းတို့မဖြစ်စေရ၊ ကြောက်ပြီးလုပ်၊ မြောက်ပြီးလုပ်ကသာဒိဋ္ဌိ အတ္တာဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ဒိဋ္ဌိကြီးတွေ ငြိ၍နေသဖြင့် ငွေကုန်လူပမ်း ဗရမ်းဗတာဖြစ်ပြီး ဒုက္ခသံသရာရှည်ကြာ နစ်မြောကြရမည်သာ။

ကုသိုလ် (ကောင်းမှု) အကုသိုလ် (မကောင်းမှု) တို့ကို ဘုရားဟောကျမ်းထဲမှာပါ၍ မြောက်ပြီး ကြောက်ပြီးလုပ်ရသည် မဟုတ် ဘဝအသိနှင့်လုပ်ရမည်ဆိုရာဝယ် ဥပမာအားဖြင့် ပြရမည်ဆိုလျှင်....

"အရက်သောက်မှုမှ ရှောင်ကြဉ်ရမည်ဆိုပါတော့"

အရက်သောက်မှုမှ ရှောင်ရခြင်းသည် ဓမ္မကျမ်းဂန်ဘွဲ့ထဲမှာ အရက်မသောက်ရလို့ ပါနေခြင်းကြောင့်လော.... သို့

မဟုတ် ဘုရားနှင့်ဘာသာရေး ခေါင်းဆောင်များက မသောက်ရလို့ ပညတ်ချက်ထုတ်လို့ မသောက်ရခြင်းလော....သို့မဟုတ် ပစ္စက္ခဘဝခန္ဓာကိုယ် ပျက်စီးကုန်ဆုံးပြီး နောက်ဘဝ (အနာဂါတ်ကာလ)တမလွန်ဘဝမှာ ငရဲကျမှာကြောက်လို့ မသောက်ရခြင်းလော....ဤသို့စစ်တမ်းထုတ်မှု ဝေဘန်ရေးပြုသော် အရက်သောက်ခြင်းမှ ရှောင်ရခြင်းသည် ဓမ္မကျမ်းဂန်တွင်မှာ ပါ၍လည်း မဟုတ်ပါ။ ဘုရားဟော၍ ဘာသာရေး ဆရာများက ပညတ်ချက်ထုတ်၍ ရှောင်ကြဉ်ရခြင်းလည်း မဟုတ်ပါ။ အနာဂါတ်ကာလ(တမလွန်ဘဝ)မှာ ငရဲကျမှာ ကြောက်၍ ရှောင်ရခြင်းလည်းမဟုတ်ပါ။ ဤနေရာမှာ နှစ်ဘက်စဉ်းစား အစွန်းထွက်တရား မဖြစ်အောင် မိစ္ဆာပဋိပဒါ မဖြစ်အောင် အထူးသတိဆောင်၍ ကိုယ်ပိုင်ဥာဏ် စေစားပါ။ ကျွန်ုပ်ဘို့သည် အရက်သောက်ရန် တိုက်တွန်းအားပေးနေသည် မဟုတ်ပါ။ မူးရစ်တွေဝေ ဖေါက်ပြန်စေတတ်သည့် သောက်စားမှုမှန်သမျှကိုအရင်းခံအားဖြင့် လက်မခံပါ။

ထို့သို့ဆိုသော် အရက်သောက်မှုမှ ရှောင်ရခြင်းသည် ဘာကြောင့်ရှောင်ရတာလဲ မည်သည့်အမြင် မည်သည့်အသိနှင့် ရှောင်ရမည်လဲ ကိုယ်ပိုင်ဥာဏ်နှင့် ဝေခွဲရန် လိုလာပြန်ပါသည်။ ထို့ကြောင့် ဝေဘန်ဉာဏ်ရင့်သန်၍ ကိုယ်ပိုင်ဥာဏ်ကြီးပြီး ကိုယ်ကျင့်အဘိဓမ္မာ ပြည့်စုံရန် နည်းလမ်းမှန်ကိုပြပါဒုံ။

"အရက်သောက်မှုမှ ရှောင်ရခြင်းသည်"

၁။ အယံမေကဝါယော ရူပီ၊ လူသား၏ ခန္ဓာကိုယ်ကြီးသည် ရုပ်ကြီးသာသျှင်ဖြစ်သည်။ (ဝ၊) ရုပ်တရားဖြင့်ပြီးသည်။

၂။ ဓါတုမဟာ ဘူတိကော၊ အရင်းခံအားဖြင့် ဓာတ်ကြီးလေးပါးဖြစ်သည်။ (ဝ၊) ဓာတ်ကြီးလေးပါးဖြင့် ပြီးသည်။

၃။ မဘာပေတ္တိက သမ္ဘဝေါ၊ အမိအဘတို့၏ သဘာဝ 'သွေး' ပေါင်းစပ်ခြင်းသာလျှင် အရင်းခံဖြစ်သည်။ (ဝ၊) အမိအဘသွေး ပေါင်းစပ်မှုကြောင့်ဖြစ်သည်။

၄။ သြဒနကုမ္မာ သုပစယော၊ မိခင်စားသောက် ရှူရှိုက်သော အဟာရမျိုးမှ တဆင့်ခံအားဖြင့် သက်ဦး သြဇာဓာတ် ရ၍ ကြီးထွားလာရသည်။

အထက်တွင် ဖေါ်ပြပါ ပင်မအချက်ကြီးများအချို့ အစားညီမျှစွာ ပေါင်းစပ်မှုအရင်းခံပြုပြီး လူရယ်လို့ ဖြစ်လာပါသည်။ ဤသို့ဖန်ဆင်းသူ ကင်းမဲ့စွာ အမိနှံအာဏာနှင့် ခိုင်းစေပြုလုပ်ချက်မပါ၊ သဘာဝဓမ္မ၏ ဆန်းကြယ်ဖြစ်ပေါ်မှု၊ အရင်းခံပြု၍ မျိုးဆက်ပြန့်ပွားမှု (ဗီဇနိယာမ) အတိုင်း အမိဝမ်းတွင်းမှ သက်ဆင်းလာသည့် သားကောင်း (လူသား)သည် အပြောကြယ်လှသည့် လူ့လောက ဇာတ်ခုံအလည်မှာ ဗုံမပါဆိုင်းမဆင့်ဘဲ ဇာတ်ကောင်တယောက်အနေနှင့် ဆိုင်ရာဆိုင်ရာ ကဏ္ဍမှ ပါဝင်ကပြရသည့် တာဝန်ခံ တယောက် ဖြစ်လာပါတော့သည်။

ထိုသို့ လူ့လောက ဇာတ်သံုးအလည်မှာ ရောက်လာသည့် လူသားကလေးသည် ခန္ဓာကိုယ်ကြီးထွားရေး မိမ်ဘာ တည်မြဲရေးအတွက် အစာရေစာတို့ကို သဘာဝက ကောင်းဆိုလျှင်ပါ တော့သည်။

ဤသို့ အကာလး သဘာဝက (ပါစက တေဇောမိး) ကောင်းဆိုချက်အရ အမိအဘတို့ ကလည်း အကာလး၏ နေ့ယ် သော သွေးသား ခန္ဓာကိုယ်နှုံခြုပ်စွာ အစာများမှာ ရှိ့ရေစာ တို့ကို တိုက်ကျွေးခဲ့ပါသည်။ တဒေနကုန်တရက်ခမိုး၌ လသားမှ နှစ်သားစာရင်း ဝင်လာသည့်အခါ သဘာဝထိုးနှံ့ ထမင်းတို့ကို သာ ကြွေးခဲ့ပါသည်။

လူသားတယောက်ဖြစ်ဘို့ရာ အခြေခံအစမှ မျက်မှောက် ကာလ အရက်သောက်သည့် အဆို့အရွယ်ပမာဏ ကျအောင် ခန္ဓာကိုယ် တည်ဆောက်ခရား ခာတ်စာ အဟာရ တို့သည်ကား ဆိုလျှင် ဖေါက်ပြန်အောင် လုပ်သားသည့် (ဗီကတိ) အစား အစာများ မဟုတ်ကြပါ။ တနည်းအားဖြင့် ဆိုလျှင် အလွန် စွမ်းအားထက်သည့် အစာရေစာများ မဟုတ်ပါ။ ရှိုးရှိုးသားသား မိခင်နို့ ထမင်းဟင်းလျာ သီးနှံ့များသာ ဖြစ်ပါသည်။

ရိုးရိုးသားသား သဘာဝ အစား အစာ နို့-ထမင်း ဟင်းလျာ သီးနှံ့များနှင့် တည်ဆောက်ထားသည့် ခာတ်သား ခန္ဓာကိုယ်ကို ဖေါက်ပြန်အောင် နည်းအမျိုးမျိုးနှင့် ပြုလုပ်ထား သည့် ဘိန်း ဘင်း ကဇော် လျော်ဇာ အရက် သေစာတို့ကို

ကျေးမွေး သောက်စားပြုပါက မူလကိုယ်ခန္ဓာ ဓာတ်သဘော ကို အရက်သေစာ ဓာတ်သဘောများက လွှမ်းမိုးသွားပါတော့ သည်။ ထိုအခါ မူလဓာတ်သဘော ပျောက်၍ အရက်သေစာ စွမ်းအားကြောင့် မူးစေခြင်း၊ ပေါက်ပြန်ခြင်း၊ တွေဝေမိန်း မောခြင်း၊ သတိကင်းမဲ့ခြင်း အမျိုးမျိုး ဖြစ်ပါတော့သည်။ မူးရစ်ခြင်းဒဏ်ရာတမျိုးလည်း တိုး၍ခံရပါတော့သည်။

ဒီလိုနှင့် သောက်ပါများလာသည့်အခါ အရက်သေစာ သောက်စားမှု ပရိစ္ဆေကများ ဝါသနာထုံ (ပါရမီ) ရင့်လာ သည့်အခါ မူလသဘာဝအသိုးအနှံ ထမင်းဟင်းလျာ အစား အစာနှင့် တည်ဆောက်ထားသည့် ခန္ဓာကိုယ် အစိပ်အပိုင်းဖြစ် သည့် အသဲနှလုံး အူ,အဆုပ်,ကျောက်ကပ် စသည် တို့လည်း အရက်၏စွမ်းအားက လွှမ်းမိုးပါသဖြင့် (စားပါသဖြင့်) တနေ့ တခြား လှုလုံးမလှုဖြစ်ပြီး လူညှာန့်တုံး အပယ်ခံ လူတန်းစားဘဝ ရောက်ရပါတော့သည်။

အရက်သောက် ပါရမီရင့် အစွဲကသန်လာသည့် အခါ အတော်အတန် အသိဉာဏ်နှင့် ဝါသနာဆိုးကို တိုက်ချတ်ဘို့ရာ မလွယ်ကူပေ။ လူတွေလေ ဘဝနှင့်သာ နိဂုံးချုပ်ကြရမည်။ ကိုယ် ဘဝ၏လှုပ်ရှားမှုကွင်းအပေါင်းမှ လွှတ်မြောက် အောင်လည်း မလုပ်နိုင်၊ မိခင်တိုင်းပြည်၏ လူမျိုးအတွက်လည်း မည်သည့် တာဝန်မျှ မထမ်းဆောင်နိုင်၊ လူဖြစ်ကျိုးမနပ် အသက်ရှင်လျက် သေနေသည့် လူတယောက်မျှသာ။

ဤသည့် အရက်သမား တယောက်ကို

(၁) မိ သား စု အိမ်သူ အိမ် သား များ က လည်း မကြိုက်။

(၂) ပါတ်ဝန်းကျင် ဆွေမျိုးသားချင်းများကလည်း မကြည်ဖြူ။

(၃) မိမိတိုင်းပြည်၏ လူနေမှုစနစ် လူမှုဆက်ဆံရေး နှင့်လည်း အံမကိုက်။

(၄) စီးပွားရေးလည်း ထိခိုက်, တနေ့ တကျပ်ဘိုး သောက်သော် တနှစ် ၃၆၀ဝ/ဆယ်နှစ် သောက် သော် ၃၆၀ဝဝ/ကုန်၍ သောက်လေ စွဲလေ,စွဲလေ သောက်လေ, သောက်လေမဲ့လေ, မိမိတွင် မဲ့သည်မဟုတ် သားစဉ် မြေးဆက် အမဲ့မွေ ဆက်ခဲ့သည်နှင့်တူ၏။

၅။ ဤလိုနှင့် အရက်သောက် သံသရာ လည်နေရာ သောက်လေစွဲလေ စွဲလေသောက်လေဖြစ်မည်။ သောက်လေ မဲ့လေ မဲ့လေ လူနေမှုစနစ် အောက်ကျမည်၊ လူနေမှုစနစ် လူမှုဆက်ဆံရေးအောက်ကျလေ, ပညာရေး ကျမ်မာရေးထိခိုက် လေဖြစ်မည်။ ပညာရေး ကျမ်မာရေး ထိခိုက်လျှင် အသက်ရှင် လျက် သေနေသည့် အပါယ်ခံ လူတယောက်ဖြစ်မည်ကား မလွဲ ပါတည်း။

ကျွန်ုပ်အရက်သောက်ခြင်း အကြောင်းရင်းကို ဆန်းစစ်သည့်အခါ မြန်မာပြည်၏ လူမှုဆက်ဆံရေးနှင့်လည်း သဟဇာတဖြစ်၊ ဧည့်ဝတ်ရေးလည်းထိုက်၊ ကျမ္မာရေးနှင့်လည်း အံမကိုက်ဘယ်အနေနှင့်တွက်တွက် ကောင်းကွက်က တခုမျှမတွေ့ ပြစ်ရကျိုးမဲ့သာလျှင် ဖြစ်ရပါတကားလို့၊ ကိုယ်ပိုင် ဉာဏ်နှင့် ကိုယ်တိုင်ကိုယ်ပိုင်သိကာ ကိုယ်တိုင် ရှောင်ကြဉ်မှသည်သာလျှင် မှန်ကန်သည်။ ခိုင်မာသည့်အသိ ခိုင်မာသည့် ရှောင်ကြဉ်မှဖြစ်မည်။ ဆိုလိုရင်း အကျဉ်းချုပ်ကတော့ အရက်သေစာ တို့ကို မသောက်စား၊ ဘာကြောင့် မသောက်စားရတာလဲ ဓမ္မကျမ်းဂန်ထုတ် ဘုရားဟောပညတ်ချက်ရှိလို့ လား၊ ငရဲကြီးမှာကြောက်လို့ လား၊ မဟုတ်ပါ။ အရက်သောက်ခြင်း အားဖြင့် မည်သည့် အကျိုးမှမရှိ၊ (၀၇)ပြစ်ရကျိုးမဲ့သာလျှင် ဖြစ်သည်ဆိုတဲ့ အသိ၊ ကျွန်ုပ်ဘ၀ပေးအသိနှင့် ရှောင်ကြဉ်ရပါမည်။

အရာရာမှ မည်သည့် အလုပ်ကိစ္စ ဘ၀တွေ့ထိမှုမဆို ဓမ္မကျမ်းဂန်ထုတ်မို့ မည်သည့်ပုဂ္ဂိုလ်ကတာဝန်ဆီးပိတ်ပင်မှုပညတ်ချက်ပြုလို့ဆိုတဲ့ ခံယူချက်နှင့် ရှောင်ကြဉ်ခြင်းသည် မခိုင်မြဲပေ။ ကျွန်ုပ်လူသားမှာ တည်ငြိမ်မှု မရနိုင်ပေ၊ ကြောက်လို့သာ မလုပ်ရ၊ ငရဲကြီးမှာကြောက်လို့သာရှောင်ရ၊ လုပ်ခြင်သည့်ဆန္ဒကတော့ လျှော့နည်းမသွားပေ၊ ပို၍ပင်လုပ်ချင်နေသည်။ အမှန်အားဖြင့် အလုပ်ကိစ္စ ဘ၀တွေ့ထိမှု မှန်သမျှကို ကိုယ်ပိုင်ကိုယ်တိုင် လက်တွေ့ မျက်တွေ့ အကောင်းအဆိုး အမှားအမှန်တို့ကို အပြန်ပြန်အလှန်လှန် အနုပဋ္ဌ လေ့ာမ နည်းအားဖြင့် ဆင်ခြင်ဝေဘန်မှုသုတသနပြု၍ အဆိုးအမှားကို ရှောင်ရှားပြီး

အကောင်းအမှန်ကို ဆောင်ထားခြင်းသည်သာလျှင် ပြစ်ကင်းကျိုးရဖြစ်မည်။ သမ္မာပဋိပဒါ ကျင့်စဉ် မဂ္ဂင်္ဂပဋိပဒါ မဂ္ဂင်ဖြစ်မည်, ကိုယ်ကျင့်အဘိဓမ္မာ ပြည့်စုံပေမည်။

ဤမျှရေးသားမှုဖြင့် ကုသိုလ် အကုသိုလ် တရားဟူသည် လူမှုဆက်ဆံရေးတရားဖြစ်ကြောင်း အဘိဓမ္မာ၌ လူမှုဆက်ဆံရေးအရ ရှောင်ရခြင်း၊ လူမှုဆက်ဆံရေးအရ ဆောင်ရခြင်း၊ ဆိုတာ သဘောရလောက်ပေသည်။ တနည်းအားဖြင့် ဆိုသော် ကုသိုလ် အကုသိုလ်ဟူသည် ဓမ္မကျမ်းဂန်မှာ ပါလို့ ဘာသာရေးခေါင်းဆောင်က ပညတ်ချက်ထုတ်လို့ ဆောင်ရ-ရှောင်ရ သည်မဟုတ် ခေတ်ကာလ ပုဂ္ဂိုလ် ပယောဂ အားလျော်စွာ အသိအားဖြင့် ဆောင်ရ ရှောင်ရသည့် တရားဖြစ်ကြောင်း သဘောပေါက်ပိုင်ရန် လက္ခဏ်ကျင့်သုံးကြရန်၊ သတိအတန်တန် ပေးရင်း လူသားမှာ မရှိလျှင်မဖြစ် မသိလျှင် မပြီးသည့် ဓမ္မသဝနပရတော သောသကို ရှုပ်လုံးဖေါ်ပါမည်။ သတိကြီးကြီး သဒ္ဓါထက်သန် ပညာဉာဏ် အားကောင်းကောင်းနှင့် ဝေဘန်ကြည့်ရှုပါလော။

ဓမ္မသာဝနပရတောသော၊ တရားစစ်တရားမှန်ကိုနာခံခြင်းဆိုရာဝယ် တရားတွေ့ကလည်း မျှားလှပေ၏။ အကုသိုလ်ကလည်းတရားဘဲ၊ အကုသလာမှော။ကုသိုလ်ကလည်း တရားဘဲ ကုသလာဓမ္မာ။ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်း မဟုတ် ကလည်း တရားဘဲ အဗျာဂတာဓမ္မာ။ အားလုံး တရားကြီးဖြစ်နေသည်။ ထို့ကြောင့် မည်သည့်တရားသည် လောကီတရား

နည်း။ မည်သည့်တရားသည် လောကုတ္တရာ တရားနည်း။ မည်သည့်တရားကိုရှောင်၍ မည်သည့် တရားကို ဆောင်ရ မှာနည်း။ မည်သည့်တရားကပါယ်ရမည့် ပဟာတဗ္ဗ တရားနည်း၊မည်သည့် တရားက မျက်မှောက်ပြုရမည့် သစ္ဆိကာတဗ္ဗ တရားနည်း၊ ကိုယ်ပိုင်ဉာဏ်ကြီးကြီးနှင့် ဆန်းစစ်ရန် ဧရာမတာဝန်ကြီးတရပ် ဖြစ်ပေသည်။

ဤနေရာမှာ ဝိစိကိစ္ဆာမများ၊ သံသယ မပွားအောင် ရှင်းရှင်းရေးရမည်ဆိုလျှင် ကုသိုလ်-အကုသိုလ်ဖြစ်သည့် လောကီတရားသည် ကုသလံ-အကုသလံ ဇဟံ၊ ဟူသော ပုဒ်ကိုထောက်ခြင်းအားဖြင့် ပယ်ရမည့် ပဟာတဗ္ဗ တရားဖြစ်ပါသည်။ အနှောင်အဖွဲ့ ပပဉ္စ တရားမျှားမှ လွတ်မြောက်လိုသည့် လူသား ဤနေရာမှာ အပိုအလိုမရှိ မငြိမပင်ပဒါကျကျ ယူတတ်အောင် သတိကြီးကြီး ပညာအား ကောင်းကဲ့သင့်မြောင်း သန်သန်နှင့် ဝေဘန်ပါ၊ တဘက်စွန်း ရောက်တတ်ပါသည်။

ကုသိုလ် အကုသိုလ်တရားကို ပယ်ရမည်ဆိုရာဝယ် မည်ကဲ့သို့ ပယ်ရမှာနည်း၊ ကုသိုလ်ကို လုပ်ခြင်မှလုပ်မည်။ အကုသိုလ်ကို လုပ်ချင်လုပ်မည်၊ ရှောင်ချင်မှရှောင်၍ ဆောင်ချင်မှ ဆောင်မည်ဆိုသည့် စီးလွှတ်ဝါးလွှတ် ဘရမ်းဘတာ အကွတ်မရှိသည့် ကျမ်းပမာလိုလည်း မဟုတ်ပါ။

အထက်တွင် ဖေါ်ပြခဲ့သလို ကုသိုလ် အကုသိုလ်တရားဆိုတာ လူမှုရေးတရား(တနည်း)လူမှုဆက်ဆံရေးတရား ဖြစ်ပါသည်။ မိမိကလည်း လူသားတယောက်ဖြစ်၍ ပါတ်ဝန်းကျင်

လူသားတွေနှင့်မကင်းနိုင်ပါလို့ လောကဆဲမှလူသားတယောက် ဖြစ်သည့်အားလျော်စွာ လူသားတွေက ဝေဘန် ဆန်းစစ်ပြီး အကောင်းအဆိုး အကြောင်းအကျိုး ခဲ့ခြားရ သတ်မှတ်ထား သည့် စည်းကမ်းဥပဒေကို လိုက်နာရမည့် တာဝန်သည် လူသား တိုင်း၏တာဝန်ဖြစ်သည်။ လူသားတွေက ဒေသ,ကာလ ပုဂ္ဂလ အားလျော်စွာ ပညတ်ထားသည့် လူမှုဆက်ဆံရေး တရားတို့ကို မနှောက်ယှက်ရန် လူသားတိုင်းမှာ တာဝန်ရှိပေသည်။ မိမိက မခံယူလိုက နေနိုင်သည်။ နှောက်ယှက်ရန်ကား မသင့်ပေ။

ဤသည့် အယူဘာသာ အသီးသီးကို ခံယူရမည်လို့ အဓာဏာ ဒေသနာ ပညတ်ချက်လည်း မရှိပါပေ၊ ထိုကြောင့် သာသနာရေးတရားဆိုတာ တဦးချင်း တဦးချင်း အနေနှင့် လွတ်လပ်ခွင့်ရသည့် လွတ်မြောက်ရေးတရားပါပေ။ ထို့ကြောင့် လူမှုဆက်ဆံရေးအရ ဒေသ ကာလ ပုဂ္ဂလ ပယောဂအားလျော် စွာ ဆန့်ကျင်ဘက်(ဝိဓရောဓိ)မဖြစ်အောင် ဌာနာဌာနကောသလ္လ ဉာဏ်ဖြင့် ရှောင်သင့်တာရှောင်၍ ဆောင်သင့်တာ ဆောင်ပါ။ အစွဲအလန်းမထားပါနှင့် အစွဲတခုအနေနှင့် ကြောက် မြောက် မလုပ်ရန်ကား အစဉ်သတိထား၍ ရှောင်ရှားရမည့်တရားပါပေ။

အစွဲအလန်းတခု ဥပါဒါန် ပြုပြီး လုပ်ရန်ကား လုံးဝ မသင့်ပါပေ၊ ထို့ကြောင့် ပယ်ရမည့် ပဟာတဗ္ဗတရား လောကီ တရားလို့ ဆိုခဲ့ပေသည်။ ဤနေရာမှာ အမြင်ရှင်းအောင်အကျဉ်း ချုံးရေးရမည်ဆိုပါက မည်ကဲ့သို့ပယ်ရမှာလဲဆိုလျှင် အစွဲအလန်း တခုနှင့်လုပ်မှုကိုပယ်ရမည်၊ အစွဲအလန်းနှင့်လုပ်လိုမှုကိုဖယ်ရမည်။

သာသနာတရား လုတ်မြောက်မှုတရားလို့ ထင်မှတ်ပြီး လုပ်မှုကို ပယ်ရမည်။

ဤသည့်ကုသိုလ် အကုသိုလ်တရားသည် ဘာသာတရား သာလျှင်ဖြစ်သည်။ သာသနာတရားနှင့်ကား လားလားမျှမဆိုင် ပါပေ၊ လုတ်မြောက်ရေး တရားနှင့်ကား နီးလျက်နှင့် ဝေးလှ ပေ၏။ ဆိုလိုတာက မင်္ဂိုလ်တရားနှင့် ဘာမျှမပတ်သက်။

ထိုကြောင့် ကုသိုလ် အကုသိုလ် တရားတွေကို ပုံကပ်၍ ဇာတ်၊ ဒဏ္ဍာရီ၊ ပုံပြင်ဝတ္ထုတို့ကို ဘယ်လိုပင် ဟောပြောသော်လည်း၊ လောကီဘရား၊ လူမှုဆက်ဆံရေးတရား ဖြစ်ကြောင်း အသိကောင်းမွန် (ဝိဘင်းပါဠိတော်)ကို ဖေါ်ပြရမည် ဆို လျှင်.....

ဘီကိုမာကို ကီသလာနို သာသဝါနို အဝေသသာစ
သာသဝါ ကုသလာဓမ္မာ ဒုက္ခသမုဒယောတိ။

ပုဒ္ဓစကား ထင်ရှားရှိပေသည်၊ ကုသိုလ် အကုသိုလ် အစထား၊ မြောက်များလှစွာသော လောကီဘရားတို့သည်၊ ဒုက္ခ ဖြစ်ကြောင်း တရားတွေလို့ ပုဒ္ဓက အတိအလင်း ဟောခဲ့ ပေသည်။

ယနေ့မျက်မှောက် လူသား အဖတ်များများက အလှူ မသာ၊ ဘုန်းကြီးပြန် - ဘုရားပွဲ အစထားသည့် ဘာသာရေး တရား - လူမှု ဆက်ဆံရေး တရားတို့ကို လောကုတ္တရာ တရား လုတ်မြောက်ရေးတရားလို့ ထင်မှတ်မှု ခံယူကျင့်သုံးမှု ဟာ ပြော ရေးသားမှုပြုကြသည်ကား များလှပေ၏။

နတ်, ဗေဒင်, ဆဲခွက်, စုံး, တစ္ဆေ, မြေဘုတ် ဘီလူး အထက်မှာ ငြဟ်မာ,အောက်မှာ ငရဲခွေ စသည့်အယူတွေကို ဘုရား ဟောလုပ်ကာ၊ ဟာပြော ရေးသားကြသည်ကား၊ ရာခိုင်နှုန်း များလှပေ၏။ ဤသည့်အယူမျိုးကို လက်မခံလျှင် အသိအမှတ် မပြုလျှင်၊ ရာဇဝတ်သားကဲ့သို့ဘဲ ဖြစ်ရကောင်းမလို၊ မိစ္ဆာဒိဋ္ဌိလို့ သမုတ်သူများက မရှား - သာသနာဖျက်လို့ ထင်သူ မနည်း ကြပေ။

ဤသည့် အယူအဆ ခံယူကျင့်သုံးမှုသည်၊ ဗုဒ္ဓဟောချက် ဓမ္မစက်နှင့်ကား ဘဝဂ်နှင့် နရက်ပမာ လောကုတ္တရာ တရား၊ လွတ်မြောက်ရေး (ဝိမုတ္တိရသ) တရားနှင့်ကား ကြောခြင်းကပ် လျက် ခရီးထွက်သည့် လူနှစ်ယောက်ပမာ အမြင်နီးပြီး၊ ခရီး ကတော့ ကြာလေဝေးလေ ဖြစ်ရမည်ကား မြေကြီးလက်ခတ် မလွဲတည်း။

ထို့ကြောင့် လောကီတရားနှင့် လောကုတ္တရာ တရား ဘာသာတရားနှင့် သာသနာတရား အယူတရားနှင့် မူဘရားတို့ကို ကွဲပြားခြားနားသိအောင် အားမနာဘမ်း ဥာဏ်ကုန် ဖွင့်ကာ၊ ဝေဖန်ကြကုန်ရာ၏။

ဘာသာတရားနှင့် သာသနာတရား ကွဲပြားခြားနားမှုကို မသိပါက ဘာသာတရားကို သာသနာတရားထင်၊ သာသနာ တရားကို ဘာသာတရားထင်ကာ အမြင်မရှင်း ဘူးလုံးနားမှာ ထွေး ဖြစ်တတ်ပါသည်။ ဘာသာတရားမျိုးကို သာသနာတရား ထင်ပါက ဘုရားကို စော်ကားရာပင်ရောက်ပါသည်။

လူသား ဗုဒ္ဓဂေါတမဘုရားသည် ဒိဋ္ဌဓမ္မ ဒိဋ္ဌပတ္တ မဟုတ်သည့်၊ စုံး၊တဆ္ဆေကဝေ၊သရဲ၊ မှင်စာ၊ မြေဘုတ်ဘီလူး, နတ်နဂါး၊ ပြာသဒါး၊ နတ်ဗေဒင်၊ ဆံခွက်၊ စန်း၊ တြင်း၊ နဝင်း၊ အထက်ဖြဟ္မာ၊ အောက်ငရဲရှာစသည့် အတ္တဝါဒနှင့်ယှဉ်သည့် ကမ္မဇိဋ္ဌိဝါဒ အနုမာနများကို မဟောခဲ့ပေ၊ ဤသည့်အယူ(ဘာသာ)များကား ဘုရားမပွင့်ခင် ဟိုယခင်ကတည်းက ရှိနှင့်ကြောင်းသာဓက အထောက်အထားများစွာရှိပေသည်။ ကျမ်းလေ့းမည်စိုး၍ မဖေရးတော့ပြီ။

လူသားဗုဒ္ဓ အခေလးအနက်ထားကာ ဟောကြားလမ်းညွှန်ပြုသည်ကား။

ကလျာဏ ကာရီစကလျာဏ်၊ ပါပကာရီစပါပကံ၊
ယာဒိသံ ဝပတေဗီဇံ၊ တာဒိသံဟ္ဝရတေ ဖလံ။

အစဖြာသည့် နိယာမတရား ငါးပါး၊ သန္ဒိဋ္ဌိကတရားအတ္တဝါဒနှင့် မယှဉ်သည့် ကမ္မာဝါဒကို သာလျှင် ဟောခဲ့ပါသည်။

‘‘နိယာမတရားငါးပါး’’

နိယာမဓမ္မ-မူလသည့်မြဲ(၁၅)မ်ိုးသဘောကို မစ္ဆန်။

(၁) ဗီဇနိယာမ မျိုးဆက်ပြန့်ပွားမှု ရှိသည့်အားလုံး ကုန်သော သက်ရှိ သဝိညာဏက၊ သက်မဲ့ အဝိညာဏက ရုပ်တရားတို့သည်၊ မျိုးဆက်ပြန့်ပွားခဲ့သော် မိမိ၏ မူလဂုဏ်သတ္တိကို မစ္ဆန်၊ မဖေါက်ပြန်မူ၍ မိမိသဘောနှင့်ထပ်တူ ထပ်မျှသာတို့ ဆောင်မှုသာလျှင်မြဲ၏။ အကြင်မျိုးစေ့ကို စိုက်ပျိုးက ထိုမျိုးစေ့နှင့်ဇာတ်တူ၊ မျိုးတူ အုပ်စုတူ၊ အသီးကို ဆောင်မှုသည် သာလျှင်မြဲ၏။ အခြားမျိုးကဲ့အသီးကို ဆောင်ယူခြင်းငှာ မစွမ်းနိုင်၊ သရက်စေ့စိုက်က၊ ရာသီဥတုအကြောင်းညီညွတ်၍ အာဝင်ပေါက်လျှင် သရက်ပင်၊ သရက်ရွက်၊ သရက်သီးကို ဆောင်ယူမှုသည်သာမြဲ၏။ ဘူးပင်ပေါက်၍ ဘူးသီးသီးအောင် မည်သည့်တန်ခိုးရှင်မှ စေခိုင်းအမိန့်ပေးခြင်းငှာ မစွမ်းနိုင်ပါပေ။ ဤသည့်အမြင်သည်သာလျှင် ကမ္မဇဝိဒ္ဓိဝါဒကို ပြောကျစေ၏၊ ဗုဒ္ဓသာသနာ၏အဓိက ဆုံးမချက်သည်၊ လူသားမှာ စွဲကပ်နေသည့် အတ္တဝိညာဏ် ဝါဒ,ကမ္မဇဝိဒ္ဓိဝါဒ,အနုမာနများး ပြောကျအောင် ပြုမူခြင်းပင်ဖြစ်သတည်း။

(၂) ဥတုနိယာမ၊ မာ-ပျော့သဘော ပထဝီ၊ ဖဲ့ပါတ် ယိုစီး အာပေါ၊ ပူအား တေဇော၊ တွန်းကန်၊ ငြိမ်သက် ဝါယော၊ ကျိသည့်မှုလ အရင်းခံတရား မဟာဘူတ ဆိုသည့် ဥတုများသည်၊ မိမိဘိုသဘောကိုဆောင်မှု မိမိ၏သတ်ကိုမစွန့် ဖေါက်ပြန်မှုမရှိ မြဲ၏။ ကျိသို့ သူ့သဘောကို သူဆောင်မှု မြဲခြင်းသည်၊ စေခိုင်းအမိန့်ပေးသူ ဖန်ဆင်းပြုလုပ်သူအလျင်းမရှိ အတ္တနော သဘာဝံဓာရေ တိတိ ဓာတု၊ မိမိတာဝန်ကို မိမိ ထမ်းဆောင်ခြင်းသာလျှင် ဖြစ်ပါသတည်း။

မျက်မြင်လောက၊ သင်္ခါရအဝဝတို့ ကြေမှု ပျက်ပြုံး ကမ္ဘာကြီး ဆိတ်သုဉ်းသွားတောင်မှ ဥတုဆိုသည့် မဟာဘူတ အရင်းခံတရားများကတော့ သူ့သဘောသူဆောင်မှု မြဲနေမည် သာလျှင်တည်း။

ဤသည့် ဥတုနိယာမကို ပေါက်ပိုင်အောင် ဝိမံသန, ဝိစာရဏ, ဉာဏ်ယှဉ်ပါ။ ဥတုနိယာမ သဘောပေါက်ပိုင်က၊ ဝိမုတ္တိရသကို၊ ဒိဋ္ဌဓမ္မ ဒိဋ္ဌပတ္တဖြင့်၍ လွတ်မြောက်သော လူသား ရဟန္တာကြီးတွေ ဖြစ်မည်ကား မလွဲပါတည်း။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားမှ ဖြစ်သွားသည့် ဂေါတမဘုရားက တဦးတည်း သော ရင်နှစ်သီးခြာ ချစ်သား ရာဟုလာအား....

ပထဝီဓါတုံ ခါရာဟုလ အနိစ္စတော ဇာနတော
ပဿတော အဒဿဓါနုံ ခဓယာ ဟောတိ။
တေဇောဓါတုံ ခါရာဟုလ (လ)
ဝါယောဓါတုံ ခါရာဟုလ (လ)

အာပေါဓါတုံခေါရာဟုလ အနိစ္စတော ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ။ စသည် ဖြင့်ဟောကြား၏။

အမိဘာသာအားဖြင့် ဆိုသော် ''ချစ်သားရာဟုလ မာပျော့-သဘော (ပထဝီ)၊ ပူအေးသဘော (တေဇော)၊ တွန်းကန်ငြိမ်သက်သဘော (ဝါယော)၊ ဖွဲ့ပတ်ယိုစီးသဘော (အာပေါ) ထိုထိုမဟာဘူတ အရင်းခံခေတ်ခေတ်ကြီး လေးပါး တို့သည် စစ်မှန်သောအားဖြင့် အတူဘက်ဖြစ်၍ အတူတက္ခ ပျက်သည့် သဟဇာတ တရား၊ တခုချင်း သီးသန့်ဖြစ်၍မရ၊ အချင်းချင်း ကျေးဇူး ပြုနေကြသည့် (အညမည) တခုကို တခုအမှီသဟဲ ပြုနေသည့် ဥပနိဿ တရားမျာသာလျှင် ဖြစ်သည်။ ဤသည့် ခေတ်ကြီးလေးပါးတို့သည် တခုချင်းဘခုချင်း အလိုအရဖြစ်နိုင်သည့် စွမ်းအားမရှိ၊ ဖြစ်နိုင်သည့်စွမ်းအား ကုန်ခမ်းနေသည့် သဘောဖြစ်၏။ ဤသည့် ခေတ်ကြီးလေးပါး မဟာဘူတ တရား တို့သည် ပြုလုပ်သူဖန်ဆင်းသူ ကာရက ပုဂ္ဂိုလ်မရှိ၊ ဤသည့် ခေတ်ကြီးလေးပါးထဲ့မှာ အတ္တဝိညာဏ် အသက်၊ လိပ်ပြာ၊ သတ္တ၊ ပုဂ္ဂလမရှိ၊ ခံစားစံစားမရှိ ဆိတ်သုဉ်း ကုန်ခမ်းဘိ၏။ ဘို့ အဖြစ်မှန် သဘောတရား သဘာဝများကို ကိုယ်တိုင် ကိုယ်ပိုင် အသိမှန်အောင် ငိုမံသနဉာဏ်ယှဉ်ပါ၊ အမြင်မှန်အောင် ဝိစာရဏဉာဏ်ယှဉ်ပါ။ အသိမှန် အမြင်မှန် ဖြစ်ပါက အာသဝါနံ ခယော ဟောတိ၊ အထင်မှား အမြင်မှား၊ အစဲမှားအလဲမှား၊ ဥပါဒါန်နယ်မှ အထင်ခံတရားတွေ ကုန်ခမ်း ဆိတ်သုဉ်းခြင်းသို့ ကာလမဆိုင်း ဣရိယာမပိုင်းဘဲ ရောက်ပါအံ့။

ဤသို့အထင်မှား အမြင်မှား အစွဲမှား ဥပါဒါန်နယ်သား အဖြစ်မှလွန်မြောက်ပါက အရိယသာဝကဿ သိဒ္ဓတ္ထ ယသော်မယာ၊ သေးစပ် မျိုးဆက်မှတော်စပ်သည့် လောကသားအဖြစ်မှ လွန်မြောက်၍ ဂါဘုရား၏သာသနာတွင်းသားအဖြစ် သပိတ်ဝင် အိတ်ဝင် ဖြစ်လေတော့၏။ ဥတ္တရိနတ္တံကိုဥ ကရဏီယန္တိဝဒါမိ၊ ဤသို့ အသိမှန် အမြင်မှန်ပေါက်အောင် လုပ်ပြီးပါက ထိုထက် အလွန် ဂါဘုရား၏ သာသနာတော်မှာ လုပ်စရာကိစ္စ တစုံတရာ မရှိတော့ပြီ လုပ်မှုကိစ္စပြီးတော့သည် သာလျှင်တည်း။ ဤသို့ ဂါဘုရား ဟဆုံးစွန်တရားကို ဟောခဲ့သည်။

အဆက်ပါဗုဒ္ဓဟောချက် ဓမ္မစက်ကို ဝေဘန်ဥာဏ်နှင့် အခြေမှန်ရှာမှု-သုတေသန ပြုသော်၊ ဓာတ်တလုံး ပေါက်ပါက် အမြတ်ဆုံးသို့ရောက်ကြောင်း ထပ်လောင်းရေးပါက ကျမ်းလေးမည်၊ထို့ကြောင့်ဥဘုနိယာမတည်းဟူသော ဓာတ်ကိုပိုင်အောင် နိုင်အောင်၊ ပေါက်အောင် ရောက်အောင် သတိရှေ့ဆောင် ဥာဏ်ဦးဓိးရာ၏။

မှတ်ချက်။ ။ယနေ့မျက်မှောက် လောကကြီး ပွားတိုး တက်နေသည့် နိုင်ငံကြီးတွေ့လည်း ဤသည့် ဥတုနိယာမတည်းဟူသော ဓာတ်ကို ပိုင်နိုင်ခြင်းသာလျှင် အရင်းခံဖြစ်သည်။ တနည်းအားဖြင့် ဖြောရမည်ဆိုလျှင် ဤသည့် ဥတုနိယာမဓာတ်သဘောကို ပိုင်နိုင်ပါက 'ကျန်းမာရေး' 'ပညာရေး' 'စီးပွားရေး'တို့ကို လွယ်လွယ်ကူကူနှင့် ဖြစ်ရှင်း နိုင်မည်ကား

မြေကြီးလက်တော်မလွဲတည်း။ လူမှုဒုက္ခအပေါင်းမှ လွတ်မြောက်မည်ကား မမှားဧကန်တည်း။

(၃) စိတ္တနိယာမ-စိတ်တရားသည် အကြောင်းစုံကအဖြစ်မြဲ၏။ စိတ်သည် ဖြစ်သင့် ဖြစ်ထိုက်-ဖြစ်ဝံ့ ကြုံလို့ အကြောင်းစုံညီပါက အဖြစ်မြဲ၏လို့ ဆိုရာဝယ် မည်သည့် အကြောင်းတော့စုံရမှာနည်း။ မည်သည့်အကြောင်းတွေ စုံညီမှ ဖြစ်သနည်း။ အခြေခံအဒ်ကြောင်းပြ ခိုင်လုံအောင် ရှာကြံစစ်မှု သုတေသနပြုရန် လိုပေသည်။

ကျွန်ုပ်ဘို့ လူသားသည် စိတ်ဘုရားကို အစဉ်ထာဝရ ရှိသည့် အရှိတရားအဖြစ်နှင့် ထင်မှတ်ကြကုန်၏။ လူလို့ပညတ် သမုတ်ထားသည့် ခန္ဓာကိုယ်ရုပ်ကြီးအတွင်းမှာ စိတ်တရား အမြဲရှိသည် ထင်မှတ်စဲလွန်းကြကုန်၏၊ ထို့ကြောင့်လည်း ငါ့ကို မစစ်းနှင့် ငါ့စိတ်က အလွန်ကြီးဘယ်၊ ငါ့စိတ်က သူများနှင့် မတူဘူး၊....စသည်ဖြင့် စိတ်ကို အနှိတရားအနေနှင့် ပြောဆိုခံယူကျင့်သုံးကြကုန်၏၊

အမှန်သော်တမူကား....စိတ်သည် အနှိတရား မဟုတ်ဟု၊ အဖြစ်တရားသာလျှင် ဖြစ်ပါသည်။ အကြောင်းကို ဆိုသော် အယံဧမကာယော ရူပီ ခာတုမဟာ ဘူသိကာ ဘုရားဟောရှိပေသည်။ ဤခန္ဓာကိုယ်ကြီးသည် ရုပ်တရားသာလျှင် ဖြစ်သည်။ ခေါင်းကြီးလေးပါးဖြင့် ပြီးသည်။ ဤခေါင်းကြီး လေးပါး ရုပ်တရားဟူသော ခန္ဓာကိုယ်ကြီးမှာ အခေါင်းအစု အားဖြင့် ခြေသီး၊ လက်သီး၊ ဆံပင်၊ မွေးညှင်း၊ အရေး၊ အသား၊ အကြောမျှားနှင့် အူသိမ်၊ အူမ၊ အသီး၊ နှလုံး၊ ဒေါ်၊ ကျောက်ကပ်

အဆုပ်၊ အမွေး စသည် အလီလီအား‌ဖြင့် သုံးဆယ် နှစ်ပါး ဓာတ် ခဲ့ထား‌ပါသည်။

ဤသုံးဆယ် နှစ်ပါး ဓာတ်တရား တို့သည် အား‌လုံး အား‌ဖြင့် ရုပ်သဘော‌လျှင် ဖြစ်ကြကုန်၏။ ထို‌သို့ ပေါင်း‌စုကာထား သည့် ရုပ်ဓာတ်ကြီး‌မှာလည်း ပြုလုပ် ဖန်ဆင်း‌သူ ကင်း‌မဲ့ခဲ့၍ သဘာဝက တပ်ဆင်ပေး‌သည့် ထူး‌ကဲ‌သော‌လည်း နှုံးညံ့ခန့်ငြား‌သည့် သုခုမဓာတ်သား ပသာဒရုပ် အကြည်များ‌ရှိ‌ပါသည်။ အမည် သညာနှင့် အာရုံအတွက်အား‌ဖြင့်....

(၁) မျက်စေ့အကြည် (စက္ခုပသာဒ)
(၂) နား‌အကြည် (သောတပသာဒ)
(၃) နှာအကြည် (ဃာနပသာဒ)
(၄) လျှာအကြည် (ဇိဝှာပသာဒ)
(၅) ကိုယ်အကြည် (ကာယပသာဒ)
(၆) နှလုံး‌သွေး‌အကြည် (ဟဒယဝတ္ထု)

ဤသို့အား‌ဖြင့် ခြောက်ပါး‌ရှိ‌ပါသည်။ ဒေသနာအား‌ဖြင့် ပသာဒရုပ် အဏ္ဏတ်ကဲ့ရုပ်၊ ဣန္ဒြိယဗဒ္ဓရုပ်လို့ ခေါ်‌ပါသည်။

ထို့ရုပ်များ‌သည် မိမိတို့တည်ရာ မှီရာဖြစ်‌သော ရုပ်ကြီး‌ကို ဆိုင်ရာဆိုင်ရာတာဝန်‌ကို ထမ်း‌ဆောင်ခြင်း‌အား‌ဖြင့် ကျေး‌ဇူး‌ပြု ကြကုန်၏။ ဥပမာ မျက်စေ့ အကြည်က အဆင်း (ရူပါရုံ) ကို ကြည့်ခြင်း‌ဖြင့်၎င်း၊ နား‌အကြည်က အသံ (သဒ္ဒါရုံ) ကို ကြား‌ခြင်း

ဖြင့်ဂုဏ်း၊ နှာအကြည်က အနံ့ (ဂန္ဓာရုံ) လေကို ရှူရှိုက်ခြင်း အားဖြင့်ဂုဏ်း၊ လျှာအကြည်က ချိုချဉ်ငံခါး (ရသာရုံ) အစား အစာ စား ခြင်း ဖြင့် ဂုဏ်း၊ ကိုယ်အကြည်က အထိအတွေ့ (ဖောဋ္ဌဗ္ဗာရုံ)ကို တွေ့ထိခြင်းအားဖြင့်ဂုဏ်း၊ နှလုံးသွေးအကြည်က (ဝါ)ဦးနှောက်က အဟောင်းတရား (ဓမ္မာရုံ) ကို ခံလျှင်အောက် မေ့ကြံဆခြင်းအားဖြင့်ဂုဏ်း၊မိမိ,မိမိတို့နှင့်ဆိုင်ရာအာရုံရုပ်မျှား ကို ခံလဲခြင်း အတူတက္က ဖြစ်ခြင်းတို့နှင့် ကျေးဇူးပြုကြကုန်၏။

ဤနေထုမှာ အလေးအနက် သတိချပ်ရမှာက လူသား တည်းဟူသော ခန္ဓာကိုယ် နှုပ်ဒုပ်ကြီးမှာ ပြုလုပ်ဖန်တီးသူမရှိ၊ ပင်ကိုယ် ပကတိအားဖြင့် သဘာဝမှ တပ်ဆင် ပေးထား သည့် သုခုမဓာတ်သား ပသာဒရုပ် တည်းဟူသော အတွင်းရုပ် မှန်ပြင် ကြေးမုံ မျှားရှိကြသည်ကား ဒိဋ္ဌဓမ္မ ဒိဋ္ဌပတ္တအားဖြင့် မြင်း သာအောင် မျက်မြင်ဉာဏ်တွေ့ ဖြစ်ပါပေ၏။

ဤသည့်အတွင်းရုပ် အကြည်ဓာတ်မျှား ရှိလျှင် အပြင် (ဗဟိဒ္ဓ)မှ ရုပ်မျှားနှင့် တွေ့ထိ တိုက်ဆိုင်ကြမည်ကား နိယာမ တရားပါပေ၊ တွေ့ထိတိုက်ဆိုင်မှုမပြုအောင် မည်သည့်ဘန်ခိုးရှင်မှ တားဆီးပိတ်ပင်မှု မပြုနိုင်ပါ၊ ကြေးမုံ မှန်ပြင်ရှိက အကြောင်း အားအခါအားလျော်စွာ အရိပ်မျှား ထင်ကြမည်ကား၊ မြင်း သာပါပေ။ ထိုနည်းတူစွာ ဥပမာသာလျှင် အတွင်းရုပ်ကြည် အခံဓာတ်မျှားနှင့် အပြင်ရုပ် အဘိုက်ဓာတ်မျှား အကြောင်း အားလျော်စွာ တိုက်ဆိုင်သည့် အခါမှာ အပေါ်ဓာတ်မျှား

ဖြင့်ပေါ်လာပါသည်။ ၎င်းအပေါ်ဝယ်တော်ကို စိတ်ဝိညာဏ်လို့ လောကဒေါဟာ ခေါ်ဆိုကြပါသည်။

ဥပမာ ကျွန်ုပ်၊ ပဋိစ္စ ရှုပေစ ဥပုဇ္ဈတိ၊ စက္ခု ဝိညာဏ် မျက်စေ့ တည်းဟူသော အတွင်းရုပ်၊ အဆင်း တည်းဟူသော အပြင်ရုပ်၊ ၎င်းရုပ်နှစ်ခုကို အကြောင်းပြု၊ (အစဲပြု)၍ စက္ခု ဝိညာဏ်ဝေါ် မြင်စိတ်ဖြစ်ပေါ်လာ၏။

သော တည်း ပဋိစ္စ၊ သဒ္ဒစ ဥပုဇ္ဈတိ၊ သောတ ဝိညာဏ်၊ နားတည်းဟူသော (အတွင်းရုပ်) အသံတည်းဟူသော (အပြင်ရုပ်) ၎င်းရုပ်နှစ်ခုအကြောင်းပြု၍ ကြားသိစိတ် ဖြစ်ပေါ်လာ၏။

ဃာန ပဋိစ္စ ဂန္ဓစ ဥပုဇ္ဈတိ၊ ဃာန ဝိညာဏ်၊ နှာခေါင်းအကြည် တည်းဟူသော (အတွင်းရုပ်) အနံ့တည်းဟူသော (အပြင်ရုပ်) ၎င်းရုပ်နှစ်ခုအကြောင်းပြု၍ နံသိစိတ် ဃာန ဝိညာဏ်ဖြင့်ပေါ်လာပေသည်။

ဇိဝှာ စ ပဋိစ္စရသစ ဥပုဇ္ဈတိ၊ ဇိဝှာ ဝိညာဏ်၊ လျှာအကြည်တည်းဟူသော (အတွင်းရုပ်) အရသာ တည်းဟူသော (အပြင်ရုပ်) ၎င်းရုပ်နှစ်ခု အကြောင်းပြု၍ စားသိစိတ် ဇိဝှာ ဝိညာဏ်ဖြင့်ပေါ်လာပါသည်။

ကာယ စ ပဋိစ္စ ဖောဋ္ဌဗ္ဗစ ဥပုဇ္ဈတိ ကာယဝိညာဏ် ကိုယ်အကြည် တည်းဟူသော (အတွင်းရုပ်) အတွေ့ တည်းဟူသော (အပြင်ရုပ်) ၎င်းရုပ်နှစ်ခု အကြောင်းစုကြောင့် ထိသိစိတ် ကာယ ဝိညာဏ်ဖြစ်ပေါ်လာပါသည်။

မနံ စ ပဋိစ္စ၊ ဓမ္မစ ဥပုဇ္ဈတိ မနောဝိညာဏ်၊ နှလုံးသွေး အကြည်တည်းဟူသော (အတွင်းရုပ်) အဟောင်းတရားတည်းဟူ

သော (မေ့မောရုံရုပ်)တို့ ပေါင်းဆုံမှုကို အစဲ့ပြု၍ သိစိတ် မနော ဝိညာဏ် ဖြစ်ပေါ်လာပါသည်။

ဤသို့ အာကြာင်းအားလျော်စွာ အတွင်းရုပ် အခံဓာတ် အပြင်ရုပ် အတိုက်ဓာတ်တို့ အဘူဘကဲ့ 'သဟဇာတ' အချင်းချင်း 'အညမည' အချိုးအစား ညီမျှသည့်အခါ ပြိုးပြည့်စုံမှုကို ဖေါ်ပြသည့် အဖြစ်သဘောကို စိတ်, နာမ်, ဝိညာဏ်လို့ ခေါ်ကြတာပါ။

အမှန်ကတော့ စိတ်နာမ်, ဒိညာဏ်ဆိုတာ အမြဲမရှိသည့် တရား အတွင်းရုပ် အပြင်ရုပ် အချိုးအစားညီမျှ အကြောင်းစုံ ကြမှ ဖြည့်သည်အာဂန္တုအနေနှင့် ပေါ်လာသည့်အပေါ်တရား အဖြစ် တရားမျှသာ၊ ပေါ်လာ ဖြစ်လာ ပြုနေတော့လည်း၊ သူ့ အလိုလို ပေါ်နိုင်ဖြစ်နိုင်သည့် အားဒဗ္ဗမ်း အတွက် သက်မရှိပါ။ အနှစ်အသားမရှိသည့်၊ အကြွေသုည်တမျှိုးသာ၊ အသိရှင်းရှိအမြင်လင်းရမှာကား ထိုထို့ကြို့ အလံလီသော စိတ်ဝိညာဏ် နာမ်တရားတို့သည် ယခင်က မဖြစ်ခင်ကလည်းမရှိ၊ဖြစ်ပြန်တော့လည်း အမြဲမရှိ၊ ဖြစ်ပြီးပြန်တော့လည်း ဘယ်နေရာ ဘယ်ဒေသမှာလို့ စုရုက်ပုံရုက်သား ညွှန်ပြစရာမရှိ၊ အနှစ်သာရ ကင်းဘိကြောင့် အသာရက အနတ္တမျှသာ။

ထို့ကြောင့် ဗုဒ္ဓက

အဒဿနတော အာယန္တိ၊ ဘင်္ဂါဂစ္ဆန္တ္ဟ ဒဿနံ၊
ဝိဇ္ဇုပ္ပါဒါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိဝယန္တိစ။

စသည်ဖြင့် မိန့်ဟခဲ့ပေ၏။ ဆိုလိုသည်မှာ စိတ်ဝိညာဏ် နာမ်ဆိုသည့် သဘောတရားတို့သည်၊ နဂိုမူလက သုညတမျှ၊ အနှိမ်ဘွာမျှ၊ အမှန်မရှိ၊ အတွင်းရုပ် အပြင်ရုပ်တို့ အကြောင်းအာဒေလျှော်စွာ တိုက်ခတ်သည့် သင်္ခါရအရှိန်ကြောင့်၊ မရှိရာမရောအရပ်မှ၊ ရှိရောင်ဖြစ်ရောင် အထင်ကြောင်စရာ ပေါ်လာသည့် အာဂန္တုက ဓာတ်သဘောမျှသာ ခေတ္တခဏ ခဏိကအားဖြင့် ပေါ်လာသော်လည်း ထာဝရ တည်နေနိုင်သည့် အတ္တသဘောလည်းမရှိပါ၊ ပေါ်လာပြီးနောက် ကာလမှာလည်း၊ မည်သည့်အရပ်ဌာနမှာ၊ အစုအပုံအားဖြင့် တည်နေသည်လို့ ပြောပြဝန်ခံစရာ ကင်းဆိပ်ပေ၏။ လောက ဥပမာအားဖြင့် ပြရသော် အထက်အာကာပြင် ဝေဟင်ခရီးမှာ မိုးသီးတိမ်တိုက်ဓာတ်များဟာ လေယူဆုတိမ်းခြင် ယိမ်းနွဲ့ကာ သွားလာကြရင်း မိုးသီးတိမ်တိုက်ဓာတ် တခုနှင့်တခု တွေ့ဆုံမိသည့်အခါ ဝင်းကနဲ လက်ကနဲ လျှပ်စီးလက်ကြပါသည်။ ဤသည့် လျှပ်စီးတို့သည် မဖြစ်ခင်က ရှိသလော၊ မရှိနှင့်ပါ၊လျှပ်စီးလက်ပြီး ဘယ်အရပ်မှာ စုပုံနေသလဲ ဘယ်အရပ်မှာမှ စုပုံမနေပါ၊ စကားဆန်း သုံးရမည်ဆိုလျှင် မရှိရာအရပ်မှလာပြီး၊ မရှိရာအရပ်သို့ပြန်သွားသည်လို့ ဆိုဘွယ်ရာသာ၊ ထို့နည်းတူစွာ ဥပမာသာလျှင် စိတ်-ဝိညာဏ်နာမ်တရားဌာနသည်း နဂိုကမရှိပါ၊ အတွင်းရုပ် ခြောက်ပါး၊ အပြင်ရုပ် ခြောက်ပါး၊ ထိုတွင်းပြင်တရား နှစ်ပါးတို့ အကြောင်းအာဒေလျှော်စွာ တိုက်ဆိုင်မှ ထိုထိုကရားတို့၏ အမှုကိစ္စ ပြီးပြည့်ဝမှုကို ဖေါ်ပြရသည့် သဘောကလေးမျှသာ၊ အမှန်ကတော့ အမြဲမရှိသည့် အနိမိတ္တတရား သုညတ,တရား သူ့အလိုလိုဖြစ်နိုင်သည့်

စွမ်းအားသတ္တိမရှိသည့် အနတ္တဓမ္မသာလျှင်၊ ဝေကန် အမှန်ဖြစ်ကြောင်းအသိကောင်း၊ အမြင်မှန်အောင် သတိဘမာန်ဥာဏ်ဖြစ်ကတုတ် ပညာချွန်းနှင့် အုပ်မှု၊ ဘာဝေတဇ ပြုလုပ်အပ်၏။

စိတ္တာနိယာမသဘော အချုပ်အားဖြင့် ပြောရမည်ဆိုလျှင် စိတ်ဝိညာဏ် နာမ်တရားတို့သည် 'ရူပံ ပဋိစ္စ နာမံ ပဝတ္တတိ' ရုပ်တရားကိုအမှီပြု၍ ဖြစ်ရပါသည်ဆိုတော့၊ သူ့ဟာသူ ဖြစ်နိုင်ရှိနိုင်သည့် အရှိတရားမဟုတ်ကြောင်း သတိကောင်း အမြင်မှန်ရာ၏။

ရုပ်တရားခြင်းတိုက်မှုအကြောင်း ပြီးပြည့်စုံလျှင် သင်္ခတနယ်မှာ အဖြစ်မြဲ၏။ (အကြောင်းမပြည့်စုံပါက၊ အရိပ်နိမိတ်မှကင်းဆိတ်နေသည်) သူ့သဘော သူဆောင်၏၊ သူ့သဘောနိယာမကိုမစွန့်၊ ဆိုလိုသည်မှာ မြင်စိတ်သည်၊ ဖြစ်သင့်ဖြစ်ထိုက်လို့ဖြစ်လျှင် မျက်စေ့ အဆင်းတိုက်မှုကြောင့်ဖြစ်၏၊ မြင်စိတ်သည် နား၊အသံကြောင့်မဖြစ်၊ ကြားစိတ်ကလည်း နား၊ အသံတိုက်ဆုံမှုအကြောင်းစုကြောင့်ဖြစ်၏၊ နှာ–လျှာတည်းဟူသော အကြောင်း မျှားကြောင့်မဖြစ်၊ ဤသို့ မိမို့ မိမိတို့နှင့် ဆိုင်ရာဆိုင်ရာ အကြောင်းမျှားစုံညီပါက၊ မဖြစ်ခြင်းမနေရ၊ အခြားအကြောင်းမျှားနောက်သို့ ပြောင်းလဲလိုက်ပါလို့မရ၊ ဖြစ်ဖြစ်နေရသဘာဝကို စိတ္တာနိယာမလို့ပင်အမည်တွင်၏။

ဤသည့် စိတ္တာနိယာမ ဖြစ်စဉ်လည်း အမှန်မြင်နယ်မှ လက္ခဏာဥာဏ် သစ္စာဥာဏ်နှင့် ဆင်ခြင်မှု သုတေသနပြုပါက အကြောင်းမျှားနှင့်ကင်း၍ တခုခြင်း တခုခြင်း အလိုအားဖြင့် ဖြစ်ခြင်းငှာ မစွမ်းနိုင်၊ ဖြစ်နိုင်သည့် ,စွမ်းအား အနည်းအပါးမျှ

မရှိ၊ ကင်းဆိတ်ဘဲ ကြောင့် သူညတဖမှ အနှိမ်တွေ့ တရားမျှသာ ဖြစ်ပါသည်။

(၄) ကမ္ဘာသစ်မ အကြောင်းခံရှိက အကျိုးတရားမြဲ၏။ မှက်ခမ်းကိုက်ကာလ၏ ပြုပြင်ပြောင်းလဲမှု ဖြစ်ပျက်အစဉ် သည် ကြောင်း ကျိုး (ပစ္စယာကာရ)ဥပဒေသနှင့် မကင်းနိုင်ပေ။ သို့မကင်းသည့်အားလျော်စွာ လူသားသည် အကြင်အခါ၌ မျက်စေ့၊ နား၊ နှာ၊ ကိုယ်၊ ခြေလက် အကြွမ်းဝင်သည့်ကိုယ်အလုပ် (ကာယသင်္ခါရ) ကောင်းလုပ် (ပုညဘိသင်္ခါရ) မကောင်းလုပ် (အပုညဘိသင်္ခါရ) တို့ကိုပြုလုပ်၏။ နှုတ်ခမ်း၊ လျှာ အကြွမ်းဝင်သည့် နှုတ်အလုပ် (ဝစီသင်္ခါရ) ကောင်းလုပ် (ပုညာဘိသင်္ခါရ) မကောင်းလုပ် (အပုညာဘိသင်္ခါရ) တို့ကို ပြုလုပ်၏။ နှလုံးသွေး ဝေါ ဟဒယဝတ္ထု (တနည်း) ဦးနှောက်တို့ဖြင့် စိတ်အလုပ် (မနောသင်္ခါရ) ကောင်းကြံ (ပုညာဘိသင်္ခါရ) မကောင်းကြံ (အပုညာဘိသင်္ခါရ)တို့ကိုပြုကြကုန်၏။

ထိုအခါ မိမိပြုလုပ်သည့် သင်္ခါရအားလျော်စွာ ရောင်ပြန်ဟပ်မှုသည် ကာလမဆိုင်း ဘဝမပိုင်းဘဲ စံရ ခံရ မည်ကား နိယာမတရားပါပေ၊

.ဆိုလိုသည်မှာ ပြုမူချက်စာရိတ္တအားလျော်စွာ လူသား၏ နှောကိုယ်မှာ ထင်ဟပ်မှု အကျိုးတရားပေါ်တာ (တနည်းအားဖြင့်) ကံပြုရှင်၏ အကြောင်းအားလျော်စွာ အကျိုးထင်ဟပ်မှု ဥပဒေသပြုထားသည်ကဲ့ ကံ-ကံ၏ အကျိုးမြဲသည့် ကမ္မနိယာမလို့ ခေါ်ဆိုပါသဘည်း။

ဤနေရာမှာ အထူးသတိပြု၍ ဓဝဘန် လေ့လာပါ။ ကျွန်ုပ်သည် "သန္ဒိဋ္ဌကော အယံဓမ္မော" "အယံဓမ္မော အကာလိကော" ဆိုသည့် ပုဒ္ဓကမ္မဝါဒကို ပြနေခြင်းဖြစ်ပါသည်။ အတိတ်ကံကျေးစား ဝါဒနှင့် အနာဂါတ် မျှော်လင့်စောင့်စားရေးကံကျေးချဝါဒ (ဝါ) အတ္တဝိညာဏ်မကင်းသည့် အတိတ်ကံအနာဂါတ်ကံတို့ကို လှမ်းညွှန်ရေးသားမဝံ့ပါပေ။

အကြောင်းကိုဆိုသော် ကံကျေးစားဝါဒ အတိတ်ကံကို ခံသင့်ပါက ပုဇ္ဈကတဟေတု ဒိဋ္ဌအယူဖြင့် တဖက်စွန်းရောက်ပေမည်။ ကံကျေးချ အနာဂါတ်ကံကို မျှော်မှန်းတောင့်တယုံကြည် လက်ခံပြုပါက အတ္တဝိညာဏ်ကို လက်ခံရာရောက်ပေမည်။ သဿတဒိဋ္ဌိ အယူဖြင့် တဖက်စွန်းရောက်ပေမည်။ ပုဒ္ဓ၏အနိစ္စဓမ္မကို ငြင်းပယ်အာခံ တော်လှန်ရာလည်းရောက်ပေမည်။

ဤနေရာမှာ စောဒကတက်စရာရှိပေမည်၊ အတိတ်ကံအနာဂါတ်ကံ လက်မခံ၊ ယုံကြည်မှု မပြုပ၊်က ဥစ္ဆေဒဒိဋ္ဌိ အကြိုရိယ ဒိဋ္ဌိ၊ နတ္ထိက ဒိဋ္ဌိ၊ အယူဖြင့် တဖက်စွန်း မရောက်ပါလား။ မေးဘွယ်ရာရှိပေသည်။ အတိတ် ပစ္စုပ္ပန်အနာဂါတ် ကာလသုံးပါးဖြင့်ဆက်စပ်ကာပြုပေးထားသည့် ဒိဋ္ဌိအစားစားကို ပရိယောသာန ပစ္စည်းရထားသည့် လက်ခံယုံကြည် ထားသည့် ပုဂ္ဂိုလ်တိုင်း စောဒကတက်ထိုက် မေးထိုက်ပါသည်။

ထိုသို့မေးငြားအံ့ အဖြေကတော့ လွယ်လွယ် ပါဘဲ။ မခက်လွန်း မနက်လွန်း၍ ယုံကြည်ဘို့ရန် လွယ်ကူသည်မထင်ပေ။ စာရှုသူပုဒ္ဓဝါဒီဖြစ်လိုသည့်လူသား အပြင်းအထန် ဓဝဘန်၍၊

အဖြေမှန်ရမှု အဓိက တာဝန်တခု အနေနှင့် ဥာဏ်ကုန် ဖွင့်လိုက်ပါ။

ဥာဏ်ကုန်ဖွင့်၍ နာမ်အဟုန် က အဟုန်မယှဉ်ပါက က အဟုန် နာမ်အဟုန်ကင်းဖင်ဆိတ်သုဉ်းပါက အနိမိတ္တ နိဗ္ဗာန်ကို ဒိဋ္ဌဓမ္မ ဒိဋ္ဌပတ္တာအားဖြင့် မျက်မှောက်ပြုရမည်ကား မလွဲပါတည်း။ စိတ်ကူးနှင့်အဖြစ်မှ လွတ်မြောက်၍ စေတောဝိမုတ္တိဖလ ရကြီးရပြီး၊ ဘာသာရေးကျွန် အဖြစ်မှ လွတ်မြောက်၍ ဥတ္တရိန္ဒတ္ထ ကိုယ်တိုင်ကဆိုယာန်ဖြစ်ကြီး ဖြစ်ရပါပေ၏။

အထက်ပါ အမေးကို တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကိုဖြေတော့မည်။ သတိရှေ့ဆောင် ဥာဏ်ရောင် လင်းပါစေ။ က ကျေးစားဝါဒ၊ (အတိတ်က) မျော်လင့် စောင့်စားရေးဝါဒ (အနာဂါတ်)က တို့ကို လက်မခံပါက မယုံကြည်ပါက ဥစ္ဆေဒဝါဒ၊ နတ္ထိကဝါဒ၊ အကြိယဝါဒများဖြစ်ပါသည်လို့ သစ္စာတရားကို မြင်းဆံသာ အားဖြင့် ဝန်ခံရပေမည်။ ကောင်းပြီး။ လက်မခံ မယုံကြည်တော့။ အထက်ပါ ဒိဋ္ဌိများနှင့် ငြိကာ တဘက်စွန်း ထောက်ပါ၏။ လက်ခံယုံကြည်တော့ကော အပြစ်ကင်းပါမည်လား၊ တုန့်ပြန်ကာ စောဒကတက်ငြားအံ့။ မုသားဆိုရမည်ကို ဦးလေးသူ ပုဂ္ဂိုလ်တိုင်း မုသားကို စက်ဆုတ် ရွံ ရှာသူတိုင်း သဿတဒိဋ္ဌိ ပုဗ္ဗေကတ ဟေတုဒိဋ္ဌိ စသည်တို့ ငြိ၍ တဘက်စွန်းထောက်ပါသည်လို့ ဝန်ခံရမည်သာ။

သို့ဖြစ်လျှင် က ကျေးစားစံနစ် (အတိတ်က) မျော်လင့် စောင့်စားရေးဝါဒ (အနာဂါတ်) ပရမ္မရ က တို့ကို လက်ခံယုံကြည်လျှင် အတ္တဝိညာဏ်ကို လက်ခံရာရောက်၍ တဘက်စွန်းကျ

သည်။ လောက်လန်းသဖွယ် ဝိညာဏ်တွယ် ဆိုသည့်။ ခံယူရာ ရောက်သဖြင့် သဿတဒိဋ္ဌိအယူငြင်ကာ လွဲမှားသည့် အတိတ်စွဲ အနာဂါတ်စွဲပါသဖြင့် မမှန်ပါ။ ဤသည့် အတိတ်စွဲအနာဂါတ်စွဲတို့ကို လက်ခံယုံကြည်မှုမပြုတော့လည်း ဥစ္ဆေဒဒိဋ္ဌိအယူငြင်ကာ တဘက်စွန်းရောက်၍ အကိရိယဒိဋ္ဌိ-နတ္ထိကဒိဋ္ဌိ အယူငြင်ကာ လွဲမှား၊ ဘယ်ဘက်ကမှ အစွန်းမလွတ် ရှောင်လွဲမရ မိစ္ဆာဒိဋ္ဌိ အယူဘက်သို့သာ ကျရောက်ရာ၏။

ထိုသို့ဆိုလျှင် လက်ခံ, မခံထိုနှစ်တန်တို့သည် (၀၂) ယုံကြည်, မယုံကြည် ထိုနှစ်လီတို့သည် မည်သည့်ဘက်ကမှ အစွန်းမလွတ် အစွန်းထွက်တရားသာလျှင် ဖြစ်ကုန်၏၊ မိစ္ဆာပဋိပဒါ အယူအကျင့်သာလျှင် ဖြစ်ကုန်၏။

ငါသည် ဘယ်ကလာလို့ ဘယ်ကို သွားရမှာနည်း။ ငါသည် ဘယ်ကုသိုလ်ကြောင့် ဘယ်လို့ဖြစ်ကာ ဘယ်လိုမျှား ခံရစံရဦးမှာနည်း စသည်ဖြင့် ပညတ်ဝိစိကိစ္ဆာ ပရမတ်ဝိစိကိစ္ဆာ မျှား အဝိဇ္ဇာ၏ သားတို့သည် ပေါက်ဖွားကြမည်ကား မလွဲတည်း။

ထို့ကြောင့် ဆက်မှား၊ ပြတ်မှား အဝိဇ္ဇာနယ်ဖွား ဒိဋ္ဌိ အစားစားတို့မှ လွတ်ရေးကျွတ်ရေးကို ဗုဒ္ဓက ညွှန်ကြားချက် ဥပဒေသ အတိအကျ ပေးခဲ့သည်ကား (အတိတံ နာနွာဂမေယျ နပ္ပတိကခေ်အနာဂတံ)အတိတ်ဆိုတာ ကုန်လွန်ခဲ့လေပြီ၊ အတိတ် ဟူရာဝယ် မထင်မမြင် မသိနိုင်သည့် ပရမ္မရ ဘဝါဘဝဆိုတာ ထားဘိ၊ ပစ္စုပ္ပန်ခန္ဓာနှင့် ကဲ့လပိုင်းကြည့်ပါက ဥပမာလောက ဝေါဟာ သတ်မှတ်ရှာသည့် ရက် လ နှစ်တို့သည်၊ လူသား

တဖယောက် အသက်အာ၊ဖြင့် လေးဆယ်နှစ် ရှိပြီဆိုပါတော့ ထို လူသားမှာ နှစ်လေးဆယ် [illegible] နှစ်လ, ရက်တို့သည် ကုန်လွန်ခဲ့ လေပြီ၊ ကုန်ခမ်းခဲ့လေပြီ၊ ပြောစရာရှိတော့ပြီ၊ အနာဂါတ်ဆိုတာ ကားတော့ ရောက်ကို မရောက်သေး၊ ဖြစ်ကို မဖြစ်သေး၊ ဘဝ ဘဝ အနာဂတေ ကားဟာ ဘွားတောင်မတွေးဝံ့ပါပေ။

အတိတ်ကိုလည်း ပြန်ပြောင်းမတွေးမဆွေးရာ၊အနာဂါတ် ကိုလည်း ကျော်မတွေး (ပစ္စုပ္ပန္နဉယောဓမ္မံ တတ္ထ တတ္ထ ဝိဒွသဘိ) အဆုတ်တရာနှင်ပါ။ အဖွန်းထွက်တရားမှ လွတ် မြောက်ပို့သော လူသားသည် ပစ္စုပ္ပန်ဘဝကိုသာ မဖျော်မပဋိပဒါ ကျကျ၊ ကောင်းမှန်အောင် သုပ်ကြရာ၏။

ထို့ကြောင့် အတိတ်အနာဂါတ်ကို အစွဲမထားမဝေဘန် ပါဘဲ၊ ပစ္စုပ္ပန်ဘဝ ပစ္စုပ္ပန်ကာလမှာ ကောင်းမှန်အောင် ပြုလုပ် ပြောဆို တွေးကြံ ဒေဘန်ဓာန် စစ်မှု၊ အဖြေမှန်ပြုကာ တဘကဲစွန်း မဆောကဲ မဖျော်မပဋိပဒါလမ်းသို့ ခရီးမထောက်ကွ့ကောက်မရှိ ဝိဝိကိုဆွာမြင် ဆံသယကင်းရှင်းစွာနှင့် ရောက်မည်ကား မလွဲမှုချပဲတည်း၊

ဤနေရာမှာကမ္မနိယာမသဘောဘရားကိုအကျဉ်းချုံး၍ ရေးသားမှုနိဂုံးပြုရလျှင်၊ အကြင်သူသည် ကံသခ်ါရကို ပြုလုပ် ၏။ ကံသခ်ါရကို ဘာနှင့်ပြုလုပ်သနည်းဟူမူ မျက်စေ့၊နား၊နှာ၊ လျာ၊ ကိုယ်၊ ဟဒယတို့ဖြင့် ပြုလုပ်၏။

ဤသည့် ပဿဒဒခြောက်ပါး၊ ဒွါရခြောက်ပါး တို့ဖြင့် ပြုလုပ်သမျှကံသခ်ါရတို့ကို အကြောင်းအားလျော်စွာ အမည်

ပေးမှုခဲ့ခြင်းပြုကြသည်ကား ကာယက၊ ဝစီက၊ မနောက ဖြစ်သတည်း။

ဤသည့်က တို့ဘဝင်လည်း ကောင်းက မကောင်းက ပုညာဘိသင်္ခါရ အပုညာဘိ သင်္ခါရအား ဖြင့် နှစ်မျိုး နှစ်စား ကဲ့ပြား ခြားနားပြန်၏၊ ထင်း ကောင်းက မကောင်းက တို့ကို ပြုလုပ်ပါက "ပုညံဝသုံဇနတိ အပုညံဒုက္ခံဇနတိ" ဆိုသည့် ဗုဒ္ဓဘာသိတနှင့်ညီကကောင်းက လုပ်ပါက ကောင်းကျိုးပြုစ်မဲ့ သုခရရှိ၊ မကောင်းက ကို ပြုလုပ်ပါက ကျိုးမဲ့ပြစ်ရှိ ဒုက္ခ အတိခံကြမည်ကား မလွဲသာ မရှောင်သာပါပေ။ ကာလမပိုင်း ဘဝမဆိုင်းဘဲ ခံကြစံကြရမည်ကား နိယာမ တရားပါပေ။

ကောင်းပြီ-ကောင်းက မကောင်းက တို့ကို ပြုလုပ်ပါက ကောင်းကျိုးဆိုးပြစ် စံရခံရမည်ဆိုတော့ မည်သူ စံရခံရမှာနည်း၊ အမေးရှိပါက၊ ကောင်းက မကောင်းက ပြုလုပ်ရာ မျက်စေ့,နား,နှာ အစ အဖြာသည့် ဒွါရ ခြောက်ပါး ပသာဒ ရုပ်များ၏ တည်ရာမှီရာဖြစ်သည့် ဒိပါကိုရုပ်ကြီးစံရခံရမည်ကား ဒိဋ္ဌဓမ္မ ဒိဋ္ဌပတ္တ တရားပါပေ။

ထိုမှတပါး ကောင်းက မကောင်းက ကို ပြုလုပ်သူ ကာရကပုဂ္ဂိုလ် အတ္တဝါဒသာဏ်လည်းမရှိ၊ တခြားကမ္မာဒပြောင်း၍ ထည်လဲနှင့် စံမည့်ခံမည့် နာမ် ဒါညာဏ် အတ္တလည်း မရှိပါ။ (၀၂)စံစား ခံစားမည့် နာမ် ဝိညာဏ်အတ္တ (ဝေဒက)ပုဂ္ဂိုလ် မရှိပါ။

ထို့ကြောင့် ဗုဒ္ဓက က သင်္ခါရပဲမဒ္ဒိရေး အလေးအနက် သတိပေးလမ်းညွှန်ခဲ့သည်ကား....

ကဲမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော
သုဒ္ဓမမ္မာ ပဝတ္တန္တိ၊ ဟေတုသန္ဓာရ ပစ္စယာ။

အမိဘာသာအားဖြင့် လဲလှယ်သော်....ကမ္မဿ၊ ကုသိုလ် အကုသိုလ်ကံ နှစ်ပါးကို။ ကာရကော၊ ပြုလုပ်တတ်သော ပုဂ္ဂိုလ်သတ္တဝါ အတ္တဝိညာဏ်သည်။ နတ္ထိ၊ အခါခပ်သိမ်း မရှိသည်သာလျှင်တည်း။ ဝိပါကဿ၊ ကောင်းမကောင်း ကံ နှစ်ပါး၏အကျိုးတရားကို။ ဝေဒကော၀၊ ခံစား စံစား တတ်သည့် ပုဂ္ဂိုလ်သတ္တဝါ အတ္တဝိညာဏ်သည်လည်း။ နတ္ထိ၊ အခါခပ်သိမ်း မရှိသည်သာလျှင်တည်း။ သုဒ္ဓမမ္မာ၊ ပုဂ္ဂိုလ်သတ္တဝါ အတ္တဝိညာဏ်နှင့် မဆိုရှက် သက်သက်သော သဘောတရား သည်သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့ မြင်းသိ ခြင်းသည်။ တံဒဿနံ၊ ဤသို့ မဖေါက်မပြန်ဟုတ်မှန်ရာကို မြင်သိ ခြင်းမည်၏။

တရားသဘောအသိနှင့် ကိုယ်ကျင့်အဘိဓမ္မာ အရှိထား ရမှာကတော့၊ ကာရကဒိဋ္ဌိ "ဝေဒကဒိဋ္ဌိ" အယူမငြိရန် အဓိက ဖြစ်ပါသည်။ ထို့ကြောင့် ကောင်းစဲ့ မကောင်းစဲ့ ကာရက,ဝေဒ ကဒိဋ္ဌိ ရုပ် နာမ် သဘာဝ တို့ကို ပြောကျသည်အထိ အနိမိတ္တ ညာဏ်နှင့်ညှိနှိုင်းကြကုန်ရာသတည်း။ (၀၂) ထိုသည့် ကောင်းက မကောင်းက ဝေဒက ကာရကဆိုသည်တို့ကား "အတ္တနဝါ အတ္တနိယေနဝါသုညမိဒ"" ဆိုသည့် အတိုင်း အတ္တ-အတ္တနိယ သတ္တိမှ ကင်းဆိတ်နေသည့် သုညတမမ္မ အနိမိတ္တတရား ဖြစ်ပါသတည်း။

(၅) ဓမ္မနိယာမ၊ တရားသဘောသည် မဖေါက်ပြန်(ဝါ)မြဲ၏။ ဓမ္မနိယာမသဘောကို အပြောအဟော ရုပ်လုံးဖေါ်မည်ဆိုလျှင် ဘာသာတရား အယူဝါဒတွေ့မဝင်ရန် ရှေးဦးစွာအထူး သတိပေးလိုသည်။

အဓိကြောင်းကိုဆိုသော်၊ သဘောတရား ဖြစ်စဉ်မှာ အယူဘာသာလုံးဝမရှိပါ၊ ဤသည့် အယူဘာသာတရား မရှိမှုကြီး အမြဲတည်မြဲနေတာကို ဓမ္မနိယာမလို့ လက်ခံသိအပ်ပေသည်။

တနည်းအားဖြင့်ဆိုလျှင် လုပ်ဇာတ်မပါ၊ အယူဘာသာမရှိ၊ ဝိညာဏ်မရှုပ် မူလသဘာဝရုပ်ကားမဖေါက်မပြန် သဘောမှန်အားဖြင့် တည်ရှိနေမှုကို ဓမ္မနိယာမလို့ သဘောပေါက်ပိုင်ရာ၏။

သခ်ါရာဝသခ်ါရေ ပဿန္တိ၊ သခ်ါရတခုက သခ်ါရတခုကို ရှုကြည့်သိမှုကို သတိပြုရာ၏။ ဤသည့် သခ်ါရ ဓမ္မတို့အထည်းမှာ ပုဂ္ဂိုလ်သတ္တဝါ အတ္တ ဇီဝ ဝိညာဏ် မပါပုံကို ညာဏ်ဝင်ကာ သိရာ၏။

တရားသဘောဆိုတာ လူသား တီထွင်မှုမပါ၊ ပြုလုပ်သူကင်းမဲ့သည့်၊ ပန်းချီကားချပ်ကြီးပမာ မေးလို့မပြော၊ ခေါ်လို့မထူး၊ ကြေးမုံမှန်ပြင်မှာထင်သည့် အရိပ်ကဲ့သို့ ထင်ရှားစွာအစဉ်ထာဝရရှိနေပေသည်။ မပြုမပြင် စီစဉ်သူကင်းမဲ့ဖန်ဆင်းသူမရှိ၊ ပကတိအားဖြင့် မဖေါက်မပြန် အမှန်ရှိသည့် နိယာမတရားကို သူ့အတိုင်း သိထားမှုသည် လူသားအတွက် အဓိကကျ၍ အသိပေါက်ပိုင် ခံယူနိုင်က အလုပ်ကိစ္စ ပြီးဆုံးရာပေါ၏။

ယခုနှ ကမ္ဘာ့သားများကား မိမိတို့ဆွင် ပြုလုပ်ထား သည့် အယူဘာသာများကို သစ္စာထား ဓမ္မနိယာမ တင်ကာ မျက်စေ့သည် လှုပ်မှားခြင်းကြောင့် လုပ်လေမြဲပ်လေ သံသရာ ခရီးရှည်ကြီး မဆုံးတမ်း မတုံးတမ်း ဖြင့်နေရပါတော့သည်။

ဤ ဘာသာအရင်းခံထား၍ ဒါနလုပ်၍မဆုံး သီလ ဆောက်တည်မဆုံး၊ ဆရာရှာမှမမြိုးတန်း၊ တရားနာမဆုံး၊ တရားရှာ မပြီးဆုံး ဖြစ်နေရခြင်းကို "နာနာသတ္တာရ ဥလ္လောကး" ဟူးကြိုးဘိတ်ဒနခကြောင်း (၀၇) ဘာသာဝန်ထုပ် ပိနေ ကြောင်း အသေကောင်း အမြင်မှန်ရုံ ဘာဝေတမ္မ ဗဟုလိကဘာ ကိုယ်ပိုင်ဥဿုံနှုံးပြုရာ၏၊

ဓမ္မနိယာမ သဘောအကျင့်းခုံးမြဲ လိုရင်းကို ဆိုပါက မပြုမပြင် ပင်ကိုယ်အမြဲ ကောန်းနိုးကုန်းကောင်းကား ဘယ်မှမပြောင်း ကောင်းကောင်းကောန် ဝိုင်းမှန်သည် မှတ်ရန် နိယာမ ဓမ္မဘည်း။

တနည်းအာ ဖြင့်ဆိုသော် သင်္ခါရ အရိပ်နိမိတ်မှ ကင်း ဆိတ်နေသည့် သုညဘဓမ္မကား ဘုရားရဟန္တာများ ဟောသည် ဖြစ်ဝေ၊ မဟောသည်ဖြစ်စေ၊ လူသားက ပွင့်းများရှိကြသည်သည် ဖြစ်စေ မွန်းများ ပေကြည့်ရှုသည်ဖြင့်စေ အစဉ်ထာဝရ ရှိ၏။ အခိုင်အဘ သုညဘ ဒိဋ္ဌာခမ္မ နိယာမ တရားတို့ကား လုပ်ယူမှု ရသည့် တရားများမဟုတ်ပါ။ မူလ နိယာမဘရားများ ဖြစ်ပါ သည်။ ထို့ကြောင့် မူလတရားများကို လအဘိုင်းသိမ့်သည်ပင် လျှင်၊ စကျင်ဥခပါဒိ တိမ်သလာဗုံးသည့် မျက်လုံးနှင့် ကြည့်မြင်

ခြင်းမဟုတ်၊ ဥာဏ်မျက်ခစ္ခု အလင်းခရောင်ဖြင့် ကိုယ်ဘိုင်ကိုယ်ပိုင် ထင်ရှားပြတ်သားစွာ သိမြင်ပြီဟုဆိုသတည်း။

ဗုဒ္ဓဟောကြား တရားသဘောကား၊ မျက်မှန်း ဝါဒ မဟုတ်၊ စိတ်ကူးယဉ် အနုမာနမဟုတ်။ အတ္တဝိညာဏ် ယှဉ်သည့် ကမ္မဇိဒ္ဓိဝါဒ မဟုတ်ခြောင်း အထက်မှာပြအပ်သည့် နိယာမတရားငါးပါးကို ကိုယ်ပိုင်ဥာဏ်နှင့် ကိုယ်တိုင်ကိုယ်ပိုင် အသိပိုင်ပါက ပြောတိုင်းယုံခိုင်းတိုင်းလုပ်သည့် ဘဝမှ လွတ်မြောက်မည်ကား မလွဲပါတည်း။

ကျွန်ုပ်ဘို့ခံယူကြသည့် ဘာသာဘရားဟူသည်၊ လူ့လောကအပြင်ဘက် ရောက်နေသလော လူသားနှင့်ကင်းကွာနေသလော၊ လူ့လောကအပြင်ဘက် ရောက်နေသလော လူသားနှင့်အတူတကွ (သဟဇာတ) အချင်းချင်း (အညမည) ဖြစ်ပါသလော ဒြပ်ကင်းမဲ့သည့် ဂုဏ်သတ္တိလော၊ စိတ်ကူးယဉ် အနုမာနနှင့် တည်ဆောက်ထားသည့် ဘာသာ တရားလော၊ ပြင်းပြင်း ထန်ထန် အားမနာတမ်း စစ်ကြောဝေဘန် အဖြေရှာရန် အချိန်တန်ပြီဖြစ်၍ 'သဒ္ဓမ္မသဝန ပရတောဃောသ' ပစ္စည်း အရယူကြရန် အလေး အနက် သတိပေးကာ ရေးသားလိုက်ရပါသတ္တည်း။

(၃) ယောနိသောမနသိကာရ–အသင့်အသင့် နှလုံးသွင်းခြင်း 'ယောနိသော မနသိကာရေန နိဗ္ဗာနံပတ္တိဗ္ဗ' ဟောထားဒေသနာ သေအခြာ စီစစ်ဝေဘန် အဖြေမှန်ရှာမှု သုတေသနပြုသော်ဝိမုတ္တိရသ နိဗ္ဗာနမောတ် သန္တိသုခကို ရဘို့ရန် အပြင်းအထန်ဝေဘန်၍ကိုယ်နှင့်လုပ်မှု (ကာယသခ်ါရ) မပါ။ နှတ်အလုပ်(ဝစီသခ်ါရ)မပါ။စိတ်အလုပ်(မနောသခ်ါရ) မပါ ကြောင်း အသိကောင်းအမြင်မှန်၍ အသင့်အသင့်ဆင်ခြင် ဝေဘန်မှု အရင်းခံပြု၍ ရောက်ရသိရသည့် တရားပါပေ။

လွတ်မြောက်ရေးတရား'စေတောဝိမုတ္တိ ဖလ' 'ရူပနိဿရဏ'ဂုဏ်နှင့်ပြည့်စုံရန်ကား စိတ်အလုပ်မများရပါ။ ကိုယ်အလုပ် မရှုပ်ရပါ။ ကိုယ်နှင့်စိတ်နှင့် လုပ်သမျှကား သခ်ါရတရားကြီး ပါတည်း။ ဤသည့်သခ်ါရတရားများ ဘာကြောင့်ဖြစ်သနည်း ဆိုတာ အကြောင်းရင်း ဆန်းစစ်တော့ ပြုပြုသမျှ ဒုက္ခသစ္စာ လုပ်သမျှ ဒုက္ခ (သဗ္ဗသခ်ါရာဒုက္ခ) လို့ မသိမှုကြောင့် ဖြစ်ပါသည်။

အဝိဇ္ဇာပစ္စယာ သခ်ါရာ၊ မသိမှုကြောင့် သခ်ါရတွေ ဖြစ်သည်။ သခ်ါရ ဖြစ်လျှင်တော့ 'ဥပါဒေါဒုက္ခ" ဆိုသည့် ဗုဒ္ဓဟောချက် ဓမ္မစက်နှင့်ညီပါက၊ ကောင်းမကောင်း က သခ်ါရတွေဖြစ်လျှင် ဒုက္ခနှင့် ရင်ဆိုင်ရမည်ကား မလွဲပါတည်း။

ဇာတိဒုက္ခဆိုတာ အမိဝမ်းတွင်းမှာ ပဋိသန္ဓေနေရတာကို ဟောသည်မဟုတ်ကြောင်း အသိကောင်း အမြင်ကောင်းမှန်ရန်

လိုပေသည်။ ယခုမျက်မှောက်လောက ဘာသာရေး နယ်ပယ်မှာ မျက်စိလည် လမ်းမှားနေကြသည်ကား အမိုဝမ်းတွင်းမှာ ကိုးလဆယ်လ ကိန်းအောင်းနေရမှုကို ဇာတိဒုက္ခမှတ်ယူနေမှုပင်တည်း။

အမှန်အားဖြင့် ဇာတိဆိုတာ ကောင်း မကောင်း အကြောင်းကြောင်း သင်္ခါရ ဖြစ်နေမှု 'ဖြစ်သဘောကို' ဆိုလိုသည်။

ဒုက္ခဆိုတာ ကျိသည့် ကောင်းမကောင်း၊ အကြောင်းကြောင်းသော သင်္ခါရတွေ့ အပေါ်မှာ ပြင်းစွာ စွဲလန်းမှု (ဥပါဒါန်) အကြောင်းကြောင့် ဖြစ်လာသည့် 'အလိုမရှိအပ် အလိုရှိအံ့ပ်' 'မသာယာအပ် သာယာအပ်' မနှစ်သက်အပ် နှစ်သက်အပ်သည့် 'အကျိုးတရားကို' 'ဒုက္ခ' ဟု ရုပ်လုံးပေါ် ဥာဏ်အမြင်ပေါ်ရာ၏။

ကျိသို့ ကောင်းမကောင်း သင်္ခါရများဖြစ်မှု 'ဇာတိ' နှင့် ဖြစ်သဘော 'ဇာတိ' အပေါ်မှာ ပြင်းစွာ စွဲလန်းမှု ဥပါဒါန်ပြုမှုကြောင့် ဖြစ်ပေါ်လာသည့် အလိုရှိအပ် အလိုမရှိအပ်သည့် အကျိုးတရားဒုက္ခ၊ ၎င်းဇာတိနှင့် ဒုက္ခနှစ်ခုပေါင်းက 'ဇာတိဒုက္ခ'ဖြစ်ပါသည်၊ ထိုဇာတိဒုက္ခိမဖြစ်မှု သတိပြု၍ ကြည့်ရှုဝေဘန်မှုကိုပင် 'ယောနိသော မနသိကာရ' နှင့် နေသည် မည်ပေ၏။

ဇာတိဒုက္ခိမဖြစ်ပါက 'အနုပ္ပါဒေါသုခန္တိ သန္တံပဒေညာကာ' ဆိုသည့် ဗုဒ္ဓဟောချက် ဓမ္မစကံနှင့်အညီ ကောင်းမကောင်း သင်္ခါရတို့အပေါ်မှာ ပြင်းစွာ စွဲလန်းမှုမဖြစ် ကျိသည့် မဖြစ်

သဘောကို သိသောဉာဏ်သည် ဥာဏ်ခြမ်းရေးကို မျက်မှောက်ပြုသည်ဉာဏ်မည်၏၊

ဗုဒ္ဓဘာသာအမည်ခံသည့် လူသား အထွဋ်အထိပ်ထား သည့်မြတ်နိုးလှသည့်နိဗ္ဗာန်သည်ကားဆိုလျှင် ကောင်းမကောင်း သင်္ခါရ အပေါင်းတို့၏ အဖြစ်သဘော အပေါ်မှာ ပြင်းစွာ စဉ်းစားမှုပါဒါန် မဖြစ်မှုကို ဆိုသတည်း။ ထို့ကြောင့် ဗုဒ္ဓက 'အနုပါဒါ နိဗ္ဗာနန္တိ အာဘိဉ်ညျ၊ 'အပဝဂ္ဂေါ နိဗ္ဗာနန္တိ အာဘိဉ်ညျ'' ဖြစ်သဘောဟာ နိဗ္ဗာန်လို့ဟောခဲ့ပါသည်။

ဤသည့် နိဗ္ဗာန်ကို မပင်မပန်း ဘဝင်ခွန်းမြွှစွာနှင့် ရဒေးဆောက်ဒေး သိဒေး သတိရှု့ပြေး ဉာဏ်အားကောင်း ကောင်း သဒ္ဓါမောင်း သန်သန်နှင့် ဇာတိဒုက္ခ မဖြစ်ရန် ယောနိသော အသင့်အားဖြင့်၊ မနသိ နှလုံးသွင်း၌ (၀၅) ဥဒ္ဒနာက်၌ ကာရော ပြုနိုင်ကြပါ၏စေကုန်သတည်း။

(၄) ဓမ္မာနု ဓမ္မပဋိပတ္တိ၊ အစဉ်အားဖြင့် မမ နိယာမတရားနှင့်ဒေနခြင်း။

'သင်္ခေခမ္မာအနတ္တာ' လောကမှာကောင်းကောင်းဆိုးဆိုး အမျိုးမျိုးထင်မှတ်စရာအားလုံးကုန်သောသဘောတရားမှန်သမျှတို့သည် ဆိတ်သုဉ်း ကြကုန်၏။ အမြဲမရှိ အနှစ်သာရ ကင်းမဲ့၏၊ အာဒီအဝဇ်းမရှိ၊ ပကတိအားဖြင့် အရိပ်နိမိတ်မပါ၊ ကြောင်းကျိုးကင်းပြတ်နေသည့် သဘာဝ မွေသာဖြင့်သည်။

ဤသည့်သဘာဝမွေသည်၊ 'စတုသစ္စာ ဝိနိမုတ္တောဓမ္မောနာမနတ္ထိ' ဗုဒ္ဓစကားနှင့်ညီကာ အသိမှန်ရမှာကတော့ အမှန်တရားလေးပါးမှ မလွတ်ပါ။

ပြုပြုသမျ-က်ံသခ်ါရာ (ဒုက္ခသစ္စာ)
ပြုလိုမ္ဟက-သမုဒယာ (သမုဒယသစ္စာ)
အလိုသိမ်းမှ-ချုပ်ငြိမ်းနိဗ္ဗာန် (နိရောဓသစ္စာ)
ချုပ်ငြိမ်းမှု ပွား၍မက်သစ္စံ (မဂ္ဂသစ္စာ)

သဘာဝမမူဆိုတာ- သဘာဝအတိုင်းရှိနေတာ၊ ပြုပြင်စီမံမှုမရှိ၊ ကြံစီအား၊ထုတ်မှု၊ သင်္ခါရ မရှိတာ၊ ချုပ်တာကို အသင်္ခတ၊လို့ ယူရ၏။

ပြုပြင်စီရင်ခြင်း မရှိသည့် "အသင်္ခတ" တရားကိုရလို့ ရောက်လိုသူသည် ပြုပြင်စီရင်မှုသင်္ခါရကို ပြုလုပ်အစားထိုးနေပါက သင်္ခါရတွေသာ ဖြစ်မဆုံး၊ မတုံးသံသရာ ဖြစ်ကြမည်။ သင်္ခါရနှင့်အစားတိုး သင်္ခဘမျိုးတွေသာ ဖြစ်ကြမည်။

ထို့ကြောင့် "သဗ္ဗေသင်္ခါရာဒုက္ခ"လို့ ဗုဒ္ဓက မိန့်မှာခဲ့တာ။ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော သင်္ခါရတို့ကတော့ ဒုက္ခမျိုးသာဖြစ်သည်။

ကိုယ်စွမ်းထုတ်၍ အား၊ထုတ်မှု ပြုသမျ "အာယူဟန သင်္ခါရ" ဘဲ ဖြစ်မည်။ ဤသို့အာယူဟနသင်္ခါရ အစား စားဖြစ်လျှင် "ဥပါဒဒုက္ခ" "ဇာတိဒုက္ခ" ဖြစ်မှုက မလွှတ်သာ။

ဤသို့ကောင်းကောင်းဆိုးဆိုး ဘာဘာညာညာ ပြုလုပ်သမျှကတော့ ဇာတိဒုက္ခပါလား၊လို့ ပိုင်းခြားသိပါက ပြုလုပ်လိုမှုအလို သိမ်းကြပေမည်။ ပြုလုပ်လိုမှုအလိုသိမ်းပါက ပြုလုပ်မှုလည်း မဖြစ်တော့ပါ။ ထိုသို့ ပြုလုပ်လိုမှု "မဖြစ်ထာ" "ချုပ်ဆာ" "ငြိမ်းတာ" ကို နိရောဓသစ္စာ မျက်မှောက်ပြုရမည့်

တထား"ဓမ္မဘုဓမ္မပင်ပတ်ိ" ပြုလုပ်ရမည့် တရားလို. အချုပ်အားဖြင့် ဟောမိန့်ခဲ့ပါ၊ေသဘည်း။

လူကောင်းလူမှန် (အဒိုယာ) ဖြစ်ရေးအကွက် လိုအပ်ချက်အင်္ဂါ "အရှိထား၍" အသိပ္ပဒါးရမည့် သဘောတရားတို့ကို တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကိုထုတ်ပြီး ပြရသော်....

(၁) သပ္ပုဂိုသသံသေဝ-အဝတ်သူတော်ကောင်းအစား သူတော်ကောင်း၊အပြာ သူတော်ကောင်းမဟုတ် နှာ, အာယဘန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်, မဂ်, ဖိုလ်, နိဗ္ဗာန် ဆိုင်ရာ လောကုတ္တရာဂရား တို့ကို တတ်သိနားလည်၍ ကိုယ်ကျင့်အဘ်ဓမ္မာနှင့် ပြည့်စုံသည့် သဘော သူတော်ကောင်း ပုဂ္ဂိုလ်ကို ဆည်းကပ်ရခြင်း။

(၂) သဒ္ဓမ္မသဝန-ဗုဒ္ဓမပင့်မှိကရှိနှင့်လေပြီး၊ပုည၁ဘိသခ်ါရ"အပုညာဘိသခ်ါရ အနဉ္ဇာဘိသခ်ါရ" စသည့် ဒုစရိတ သုစရိတ ဆိုသည့် အခြမ်းကိုအခြောက် တရားကင်းစင် ဒဏ္ဍာရီ, ပုံပြင်, ဝတ္ထုမဟုတ်၊ သံသေး သံခကြောင်၊ နှမ်သံမြင့်သံမပါ၊ တရားဟောမှုနှင့် ဘဝသက်ထိန်း မပြုပါဘဲ မဂ်,ဖိုလ်,နိဗ္ဗာန်,ကိုးတန်သော လောကုတ္တရာတရား 'စေတာဝိမုတ္တိဖလ' 'ရူပန်သရဏ' ဂုဏ်နှင့် ပြည့်စုံစေနိုင်သည့် တရားစစ်တရားမှန်ကိုနာခံမှတ်သားရခြင်း။

(၇) ယောနိသော မနသိကာရ၊ လက်တွေ့ မျက်တွေ့ ချဉ်းကပ်လို့ မရသည့် ဒိဋ္ဌမမြ ဒိဋ္ဌပတ္တ မဟုတ်သည့် ကမ္မဇဒွိဝါဒအနုမာနများကို အာရုံမပြုနှလုံး မသွင်းမူ၍၊ လက်တွေ့မျက်တွေ့ သံဒိဋ္ဌိကဓမ္မဖြစ်သည့် မင်္ဂိုလ် နိဗ္ဗာန်တရား စစ် တရားမှန်တို့ကို နှလုံးသွင်းဉာဏ်နှင့် ဝေဘန်ရခြင်း။

(၈) မြောနုဓမ္မပဋိပတ္တိ၊ပြုပြုသမျှ ဒုက္ခလို့ အမှန်သိ၍၊ ဉာဏ်အမြန်ရှင်းပြီး၊ပြုလိုတာကသမုဒယဆိုတာ 'ဉာဏဉဒပါဒိ' ထင်ရှားရှိ၍၊ ပြုပြုနေရမှု ပြုချင်မှု ထိုနှစ်ခု သော သစ္စာတို့ကို လောကီသစ္စာ သိရပါယ်ရမည့်တရားပါလား လို့ 'ဝိဇ္ဇာဉဒပါဒိ၊ထင်ရှားရှိလာသည့်အခါ သိမှုပါယ်မှု ပြုလာတော့သည်။ သိမှုပါယ်မှု ပြီးပါက ဥတ္တရိနတ္တိကိဉ္စဝါကရဏီယံ' အဖြစ်ကြီးဖြစ်လေတော့၏။ လုတ်မြောက်ရေးတရား ရဘို့ရန် အတွက် လုပ်ဆောင်ချက်သီးသန့်မရှိတော့ပြီ။ ဤသို့ အယူဟန သင်္ခါရမရှိ၊အနာယူဟနသဘောနှင့် နေသည်ကို ဓမ္မာနုဓမ္မပဋိပဋ္ဌိုလ်လို့ ဆိုလိုပါသည်။

အထက်ပါ အင်္ဂါလေးချက် ပြည့်စုံ ပါက လူတော် လူကောင်း လူမှန်ဖြစ်မည်ကား မလွဲပါတည်း။ (၀၂) အရိယာစာရင်း၀င် သူတော်စဉ်များဖြစ်ရေး၊ လေးမင် လေ့ဖိုလ်ရင်ရေး ရောက်ရေးကိစ္စအတွက် အဓိကကျသည့် အချက် များကား၊ အထက်ပါ လေးကိစ္စဖြစ်ပါသတည်း။

ဘာသာနှင့်သာသနာ ခွဲခြားသိကြပါ

ဘာသာတရားသည် ထာဝရတည်ရှိသည့် နိယာမတရား မဟုပ်ပါဘေ၊ ထိုထို့ကြောင့်အလိုလိုသော ကိုးကွယ် ယုံကြည်မှု ဘာသာတရားတို့သည် လူသားများ မဖြစ်ထွန်းခင် ဟိုယခင်က ရှိနှင့်ပြီး တရားများမဟုပ်ပါ။

ကိုးကွယ်ယုံကြည်မှုဘာသာတရားများကိုအရင်းခံကျကျ ဝေဘန်ဆန်းစစ်မှုပြုလုပ်ပါ။ ကျွှန်သည့်ကိုးကွယ်ယုံကြည်မှုဘာသာတရားကို လက်ခံပါကြည်ကြသည့် လူသားတို့ မှီတင်းနေထိုင်သည့် ဩကာသ လောကဓေါ် မဟာပထဝီ ကမ္ဘာမြေကြီးတည်ရှိ ပေါ်ပေါက်မှုကို ဘာသာ ဝန်ဆောင်များအားလုံးမျက်မြင်ကိုယ်တွေ့ဖြစ်ပါသည်။

ထိုမဟာကမ္ဘာ ကမြေကြီးကလည်း တနေရာနှင့် တနေရာသယံဇာတ ရာသီဥတုအနေအထား တည်ရှိပုံမတူ ခြားနားကြသည်ကိုလည်း၊ ယနေ့ဘာသာဝန်ထမ်းများ သိရှိပြီးသားဖြစ်ကြပါသည်။ ဤသို့ တနေရာနှင့်တနေရာ မတူ ခြားနားသည့် ကမ္ဘာကမြေကြီးပေါ်မှာ နေရာအနှံ့အပြား လူသားအပေါင်းတို့ နေထိုင်ကြသည်ကား ငြင်းကွယ်လို့မရပါ။

ထို့သို့ သယံဇာတာ ရာသီဥတု ပတ်ဝန်းကျင် တနေရာနှင့် တနေရာ မတူညီသည့် ဤကမ္ဘာမြေကြီး ပေါ်မှာ ဖြစ်ထွန်းနေကြသည့် လူသားတွေလည်း ပုံပန်းသဏ္ဌာန် အသွေးအရောင် တူကြမည် မဟုတ်သည်ကား ယနေ့မျက်မှောက်ကာလ မျက်မြင်ကိုယ်တွေ့ဖြစ်ပါတော့သည်။

ဤသို့ နေရာဌာနကဲ့ပြား၍၊ ပုံသဏ္ဌာန် ခြားနား၍၊ အသွေးအရောင်မတူမှု အရင်းခံပြုပြီး အာမူအရာဒူးပြုအမူ အပြောအဆို ကဲ့ပြားခြားနားမှု ဖြစ်လာပါတော့သည်။ ထို့သို့ လူမျိုးကဲ့ပြားခြားနားသည့်အားလျော်စွာ နယ်ပယ် အရပ်ဒေသလည်း သတ်မှတ်ပိုင်းခြား လာပါတော့သည်။

ဤသည့် လူမျိုးကဲ့ပြား ဒေသချင်း ခြားနားနေသည့် လူသားတို့သည် ပတ်ဝန်းကျင် သက်မဲ့ရာသီဥတုတို့၏တိုက်ခိုတ်မှု သက်ရှိသတ္တဝါတို့၏ တိုက်ခတ်မှု အမျိုးမျိုးတို့ကို ဝေဒနာထိခံစားရမည်ကား မလွဲပါတည်း။

ထို့သို့ ပတ်ဝန်းကျင်၏ လိုလား သာယာအပ်သော ကောင်းသည့် တိုက်ခတ်မှု၊ မလိုလား မနှစ်သက် အပ်သော မကောင်းသည့် တိုက်ခတ်မှုတို့ကို ခံရတွေ့ထိခြ မျှားသည့်အခါ လူသားမှာ ကြောင့်ကြမှု၊ ကြောက်ခြင်း၊ တောင့်တမှုမြောက်ခြင်း ဆိုသည့်၊ အထုံဝါသနာ စွဲကပ်လာပါတော့သည်။ ဤသည့် ကြောက်ခြင်း၊ မြောက်ခြင်း၊ ဝါသနာ စွဲကပ်သည့်အခါ မလိုလား မနှစ်သက်အပ်သော တိုက်ခတ်မှုကို ကြောက်၍ မခံစား မတွေ့ထိရမှု အလိုတခု ပြုလာပါတော့သည်။ လိုလားနှစ်သက် အပ်သော တိုက်ခတ်မှုကိုတော့ တောင်းတ၍ ခံခြေတွေ့ထိရလိုမှု အလိုတခု ပြုလာပါတော့သည်။

ဤသည့် ကြောက်မှု၊ မြောက်မှု၊ အရင်းခံ ပြုကာ ကြောင့်ကြမှုမှ ပလပ်ဘိုဏာ အားကိုးရှာကြ ပါတော့သည်။

ထိုသို့ အားကိုးရှာသည့်အခါမှာ လူသား၏ လူဖြစ်စဉ်ကလည်း နှုနှယ်၊ အတွေးအခေါ်ကလည်း ခေါင်းပါးရကား/သူတို့တွေထိ ကြုံတွေ့ခံစားရသည့် ကောင်းမကောင်း ဖြစ်ရပ်တွေနှင့် ဆက်စပ်၍ အားကိုး ခံစရာတို့ကို စိတ်ဓာတ်အနုမာနနှင့်တည်ဆောက်ဖန်တီးလိုက်ကြပါတော့သည်။

ဥပမာအားဖြင့် ရာသီဥတုက မိုက်မှောင်သည့် အခါသားရဲတိရစ္ဆာန်တို့ကို ကြောက်ရကား အလင်းရောင်ကို အလိုရှိမှုဆန္ဒပြုလာပါတော့သည်။ ထိုသို့ ဆန္ဒပြုသည့် အားလျော်စွာ သဘာဝဖြစ်စဉ်အရ နေ-လ၊ နက္ခတ်-ကြယ်တာရာများပေါ်လာသည့်အခါ၌ နေ-လ၊ နက္ခတ် ကြယ်တာရာများကို ကိုးကွယ်ရာအဖြစ် ယုံကြည်လက်ခံလိုက်ကြပါတော့သည်။

တနည်းအားဖြင့်ဆိုလျှင် ရာသီဥတုဖေါက်ပြန်၍ မိုဃ်းလေ'မမှန်ဖြစ်သည့်အခါ ရေ'အစာရှားပါးမှုနှင့် တွေ့ထိရင်ဆိုင်ရသည့်အခါ မိုဃ်းကိုအလိုရှိမှု တောင့်တကြပါသည်။ ထိုသို့ တောင့်တမှု၊အလိုပြုနေသည့်အခါမှာ မိုးဃ်းရွာပါက သူတို့အလိုပြည့်ရခြင်းကြောင့် ဤသည့်မိုဃ်းရေတို့ကို အားကိုးရာအနေနှင့် ယုံကြည်လက်ခံမှု ပြုကြပါတော့သည်။

ထိုနည်းအားဖြင့် တောတောင် သစ်ပင်'ရေ''နေ' လ သဲပုံစေတီ တိရိစ္ဆာန်စသည်ဖြင့် ကိုးကွယ်ဆည်းကပ်မှု သက်ဝင်ယုံကြည်မှု အယူဘာသာအမျိုးမျိုးပြုလာပါတော့သည်။ ဤသည့် ကိုးကွယ်ဆည်းကပ်မှု သက်ဝင်ယုံကြည်မှု ဘာသာတရား အမျိုးမျိုး ဖြစ်သာရခြင်းအကြောင်းရင်းကို အရင်းခံကျကျ လေ့လာဆန်းစစ်မှုပြုပါက လူ့ဖြစ်စဉ်သမိုင်းကုန်နှုနယ်မှု ကြောင်းကျိုး

ဆက်စပ်၍ ဝေဘန်သုံးသပ်မှု မပြုနိုင်ခြင်း တို့ကြောင့် ဖြစ်ပါသည်။

ဥပမာ၊ အပူပိုင်းဒေသ မိုးခေါင်ရေရှားဖြစ်သည့်အခါ ရွာဦးရွာထိပ်မှာ လေးတိုင်စည် နှတ်ကွန်းဆောက်၍ ယမနေသားကျွန်းသား၊ လက်ပံသားတို့ကို အရုပ်ထုလုပ်ပြီး လေးတိုင်စင် နှတ်ကွန်းထက်မှာတင်၍ ပူဇော်ပ သပဲလုပ်ပါသည်၊ ရွာထည်းမှ ကြောင်းကျိုး (ပစ္စယာကာရနည်း) ကို ဘာမှနားမလည်သည့် လူသား မိန်းမကြီးကို နှတ်ကိုယ်စားလည် အလုပ် ခိုင်း၍ မိုးခေါင်နှတ်သား (မေဃဝတီနှတ်သား) ထံမှ မိုးတောင်းပဲကြီးကို ပြုလုပ်ပါတော့သည်။

ဤဖြစ်ရပ်မျှားကို အလေးအနက်ဝေဘန်ပါ၊ လူသားဆောက်လုပ်ထားသည့်လေးတိုင်စင်ပေါ်မှ လူသားထုလုပ်ထားသည့် အဝိညာဏက အရုပ်သစ်သားနှင့် ရွာထည်းမှ ကြောင်းကျိုးကောင်းဆိုး (ပစ္စယာကာရ) နည်းကိုဘာမှနားမလည်သည့် မိန်းမကြီးတို့က မိုးရေတပေါက်မှမပေးစွမ်းနိုင်ကြောင်း အသိဉာဏ်ကောင်း အမြင်မှန်ပါက ဤသည့်အလုပ်မျှားသည် ဦးနှောက်မကောင်းသူတို့အလုပ်၊ အကလေးဆန်သူတို့အလုပ်၊ ကြောင်းကျိုး (ပစ္စယာကာရ) နည်းကင်းမဲ့သည့် မိုက်ဖလာ ဓမ္မတာတရား အဘပြော သားကြား ပရိဘာသာစကား အဝိဇ္ဇာမာန ပညတ်ဖြစ်သည့် မရှိစဲ့မျှားသာဖြစ်ကြောင်း အသိကောင်းပါက ပါယ်ရေး စွန့်ရေး ဦးမလေးဘဲ ပြုကြမည်သာ။

ဤသည့် ဘာသာတရား ဖြစ်ထွန်း ပေါ်ပေါက်လာမှု အရင်းခံကျကျ ဆန်းစစ်မှု သုတေသနပြုသော်....

(၁) လူဖြစ်စဉ်သမိုင်းနှံသေးခြင်း။
(၂) အဓွန့်အကြံနည်းပါးခြင်း။
(၃) အကဒေလးစံခြင်း-ကြောက်ခြင်း ဓမြောက်ခြင်း။
(၄) ကြောင်း၊ ကျိုး၊ ဆက်စပ်၊ ဝေဘန် ဆန်းစစ်မှုကို မကျင့်သုံးနိုင်ခြင်း။
(၅) အလိုဆိုမှု အဘွက် ပြည့်ဝလိုမှု တောင့်တခြင်း၊ အလိုပြည့်အဘွက် ဖြစ်မှာစိုး၍ ကြောင့်ကျခြင်း။

အဆက်ပါ အဓကြောင်း မျှားကြောင့် ကြောင်းကျိုး (ပစ္စယာကာရ)နည်း ကင်းသည့်ကိုးကွယ်ယုံကြည်မှု အစားစား၊ ဘာသာတရားမျှား ပေါက်ပွား လာပါတော့သည်။

လူမျိုးကွဲပြားခြားနားကာ ကိုးကွယ်ယုံကြည်မှု ဘာသာတရားတွေလည်း ကွဲပြား ခြားနား၍ မိမိ မျိုးရိုးစဉ်ဆက်အရ၊ ယုံကြည်သည့်အယူကို အမိဘာသာတရားဟု ခံယူကြ ပါတော့သည်။ ထို့ကြောင့် ဘာသာတရားဆိုတာ အတိတ်မှ ကမ္ဘာဦး လူသား၏ လက်ဦးအယူမျှားဖြစ်သည်ကို သိရန် အလွန်အရေးကြီးပါသည်။ ဤသည့်ဘာသာတရား အယူဝါဒရှိသည့် လူမျိုးမျှား လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး စသည်မျှား ကျယ်ဝန်းပြန့်ပွားလာသည်နှင့်အမျှ သူတို့၏ဘာသာတရားလည်း ကျယ်ပြန့်လာပါတော့သည်။

ဤသည့်ဘာသာတရား၏ အဆုံးအမသည် ပစ္စယာကာရနည်းဖြင့် ပစ္စုပ္ပန်ကျ၍ လူ့ဘဝနှင့်အံဝင်ဂွင်ကျ ဖော်ဆောလို့ရလျှင် လူသားအတွက် အကျိုးမဖြတ်နိုင်သည့် ရတနာပါပေ။

ပစ္စယာ ကာရနည်းမပါ ပစ္စုပ္ပန်မကျ၊ အတိတ်စွန်း အနာဂါတ် စွန်းနှင့် တည်ဆောက် ထားသည့်- (၀၇) အတ္တ ဝိညာဏ်နှင့် တည်ဆောက်ထားသည့် ဘာသာတရားဆိုလျှင်ကား ကိုးကွယ် ယုံကြည်မှုပြုလေ ထိုသူသားအတွက် ဆင်းရဲတွင်း နက်လေ မဲ့လေဖြစ်ရမည်ကား သစ္စာတရားပါပေ။

ဤသို့ အကြောင်း-အကျိုး ပစ္စယာကာရနည်း ကင်းမဲ့သည့် ဘာသာတရား တို့ကို အရမ်းယုံ အကန်းယုံ ကိုးကွယ် ဆည်းကပ်မှု စတင်ပေါက်ဖွားလာသည့် နေ့ကစ၍ လူသားသည် ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်တော့ပါ၊ ခြေငှဲး၊ လက်ငှဲး၊ ဥနှောက်ငှဲး ဖြစ်ကုန်ကြ ပါတော့သည်။ ကိုယ့် အား ကိုယ် မကိုးတော့ပါ။ ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန်ဘဝသည် အသက်ရှင်လျက် သေနေကြပါတော့သည်၊ အတိတ်နှင့် အနာဂါတ်၏ သားများ ဖြစ်ကုန်ကြပါတော့သည်။

အကြောက်အမြောက်မှ ပေါက်ဖွားလာသည့် ဘာသာတရားသည် ကြောက်အားကိုပေး၏။ အကြောက်တရားသည် မှောင်မိုက်စေ၏။ အမှန်တရားကို မမြင်နိုး အလင်းရောင်ကို အလိုမရှိ၊ ဝေဘန်မှုကိုလက်မခံ၊ အရာရာမှာ ပျော့ကွက်ကိုသာ ရှာသည်၊ ကျဉ်းမြောင်း၏၊ တိုးတက်မှုကို ဟန့်တားသည်၊ အမှန်တရားကို အတိတ်မှာရှာသည်၊ လူသား၏ ဥနှောက်ကို အဆိပ် ရောက်စေသတည်း။

ထို့ကြောင့် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်အခါက၊ အဂ္ဂိဒတ္တာ အမည်ရသည့် ရဟန်းတပါးသည် နောက်လိုက်တပည့်များအား တောတောင်- သစ်ပင်- သဲပုံစတို့ နတ်ကွန်း၊ စသည်တို့ကို

ကိုးကွယ်ဆီးကပ် သက်ဝင်ယုံကြည်ကြရန် ဟောပြောလေ့ရှိသည်
ကို ၎င်းကြားသိခဲ့တွေ့မြင်သည့်အခါ၊ အင်္ဂါဒတ္ထရဟန်းနှင့် တပည့်များ
ကိုယ်တိုင်....။

ယေဘုယျ သရုပ် ယန္တိ၊ ပဗ္ဗတာနိုင်နှာနိစ၊
အာဇာမဂ္ဂဖေဇျာနိ၊မနုဿဘယတော်တာ။

လူသားအများတို့သည် ဘေးကို ကြောက်ရွံ့ကြကုန်
သည်ဖြစ်၍ တော၊ တောင်၊ သစ်ပင်၊ နေ၊ လ၊ နက္ခတ်၊ ကြယ်တာရာ
ဝဲယဉ်စေတီ အစရှိသည်တို့ကို ကိုးကွယ်ဆီးကပ်ကြကုန်၏။

နေတံခါ သရဏံ ခေမံ၊ နေတံသရဏံ မုတ္တမံ။
နေတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

ထိုသို့ ကိုးကွယ် ခိုးကပ် ကြသော်လည်း ထိုကိုးကွယ်
ဆီးကပ်မှုတို့သည် အားပုံးစုံသော ဘေးမှမကင်းနိုင် ‘ထိုကိုးကွယ်
ဆီးကပ်မှုတို့သည် မြတ်လည်းမမြတ်၊ ထိုကိုးကွယ် ဆီးကပ်မှုကို
စွဲနှေးမည်ဆိုလျှင် အလုံးစုံသော လူမှုကွအပေါင်းမှ မလွတ်နိုင်။

ဤနေရာမှာ ဗုဒ္ဓဘာသိတ စကား အရင်းခံထား၍
ပေါက်ပိုင်အောင် ဝေဘန်စဉ်းစားသင့်ပေသည်။

ကျွန်ုပ်တို့သည် ဘာသာတရားကိုလက်မခံ ငြင်းဆန်ရန်
ပြောနေသည်မဟုတ်၊ အဟုတ်သော်တမူကား ပစ္စယာကာရနည်း
ကြောင်းကျိုးကင်းမဲ့သည့် စိတ္တဇအနုမာနနှင့်ကည်ဆောက်ထား

သည့် ဘာသာတရားကို လက်ခံယုံကြည် ကိုးကွယ်ဆည်းကပ်မှု မပြုရန် သတိအတန်တန် ပေးနေခြင်းသာ ဖြစ်ပါသည်။

အချုပ်ကိုဆိုသော် ကြောင်းကျိုးမဲ့သည့် ဘာသာတရားကို မဆိုဘိ၊ ပစ္စယာကာရနည်းဖြင့် တည်ဆောက် ထားသည့် ဘာသာတရားသည်ပင်လျှင် အားကိုးခံနိုင်သည့်တရား မဟုတ်ပါပေ၊ ခရီးလမ်းညွှန်မျှသာ ဖြစ်ပါသည်။

လိုရာခရီးပန်းတိုင်သို့ လှမ်းကိုင်နိုင်ရန် တထောက်မနား အရောက်သွားရမှာကတော့ ကိုယ်သာလျှင်ဖြစ်ပြီး၊ ကိုယ် အား ကိုယ်ကို၍ ကိုယ် ကိစ္စပြီးမြောက်အောင် လုပ်ရမည်ကား ကိုသာ လျှင် ပဒါန လက်သည်ဖြစ်၍၊ ကိုးကွယ်ရာ အစစ်အမှန်ကား သစ္စာနယ် သမာနယ် လမ်းဆုံးနယ်မှပြောရမည်ဆိုလျှင် မိမိကိုယ် သာလျှင် ဖြစ်ပါသည်။

အတ္တာဟိ အတ္တနောနာထော၊ ကောဟိ နာထောပရော သိယာ၊ အတ္တနာဟိ သုဒန္တေန၊ နာထံလဘတိ ဒုလ္လဘ ။

ကိုးကွယ်ရာ အစစ်အမှန်ကား၊ မိမိသာလျှင် ဖြစ်သည် မိမိမှတဖါး အဘယ်မှာလျှင် ကိုးကွယ်ရာရှိပါအံ့နည်း။ လောက ဓမ္မအဝဝသော အမှုကိစ္စဘဝတွေ့ထိမှုမှုန်သမျှ အသိမှုန် အလုပ် မှုန်ဖြစ်ရေး၊ အလုပ်မှုန်ကိစ္စ ပြီးမြောက်ရေးအတွက် ပဓာနလုပ် သည်ကား၊ မိမိသာလျှင် ဖြစ်ပါတကားလို့၊ [အမြင်မှုန်ပေါက် အသိဉာဏ်ထောက်သည့်နေ့မှာ ချောင်းလက်ငှဲး၊ ဥနှောက်ငှဲး များပျောက်၍ မိမိခြေပါမှာစုံရပ်၍ မိမိလက်ကို ဆန့်တန်းကာ

မိမိဉာဏ်နှင့် အဆင့်ဆင့်ဝေဘန်၍ အမြင်မှန်ရှေ့ရှု သုတ သနပြုမည်ကား မလွဲမှုချပါတည်း။

ဤသို့ ကိုယ်ပိုင်ဉာဏ်ဖြင့်!အဆင့်ဆင့်ဝေဘန်၍အမြင် မှန်ပေါက် အမှားပျောက်ပါက-နာထံလဘတိဒုလ္လဘ ရကြီးရ၍ သုတသရဏာ ဂုဏ်မရှိ၊ ဒိဋ္ဌသရဏဂုဏ်နှင့် ပြည့်စုံကြီး ပြည့်စုံမည်ကား၊ (၀၂) သုတသရဏဂုဏ် ဘာသာဝန်ထုတ် ဝန်ပိုး တို့ကိုပါယ်စွန့်၍ ဒိဋ္ဌသရဏဂုဏ် ကိုယ်မှာခြုံပြီး၊ ဝိမုတ္တိဂုဏ်နှင့် ပြည့်စုံကြမည်သာ ဖြစ်ပါသည်။

"သာသနာ"

သာသနာဆိုသည်မှာ၊ ကမ္ဘာဦးသူ လူသားမျိုး၏ အယူဝါဒ ကိုးကွယ်ယုံကြည်မှုတို့ကို လက္ခဏာဥာဏ်၊ သစ္စာဥာဏ်နှင့် အမှားအမှန် ဇဝဘန် ခွဲဆန်းစစ်မှု၊ သုတေသနပြုစရာ ပုဒ္ဓ၏ ဩဝါဒကထာကို သာသနာလို့အကျဉ်းချုပ်အားဖြင့် မှတ်သား ခေါ်ဆိုချ၏။

ဘာသာနှင့်သာသနာသည် တမူခြားနား အလွန်ကဲပြား လေသည်။ အကြောင်းကိုဆိုသော် ဘာသာဟူသည်မှာ ပါတ် ဝန်းကျင် အခြေအနေ မျိုးဋိုး အစဉ်အဆက်မှ ဆင်းသက်လာ သည့် မိုးဖလာ ဓမ္မတာတရား ပရိဘာသာစကား ကိုးကွယ် ယုံကြည်မှု ဇာတ်သဘောအရ ဖြစ်ပေါ်လာသည့်အယူဝါဒမျိုး ဖြစ်ပါသည်။

ဤသည့်အယူဝါဒမျှားသည် လူမျိုးရေးနှင့် တိုင်းတာထားပါသဖြင့် လူမှုရေး၊ နိုင်ငံရေးအားဖြင့် ကျဉ်းမြောင်းသည်။ ဒေသအားဖြင့် ပိုင်းခြားထားပါသဖြင့် နယ်ပါယ်ကျဉ်းမြောင်းသည်၊ လူမျိုးစု၊ ဒေသစုံပြင်းထန်စေသည်။

သာသနာမှာကား ဆိုအပ်ခဲ့ပြီးသည့် ဘာသာအယူအဆများကိုဆန်းစစ်ပြီး သဘာဝဓမ္မနှင့် ဆန့်ကျင်မှုများကို ပါယ်၍ သဘာဝဓမ္မ အတိုင်းအတာကို ကျော်လွန်နေသည့် ဣဿရကမ္မဇိဒ္ဓိဝါဒ အနုမာနများကို စွန့်ပါယ်ပြီး အမှားကိုရှောင် အမှန်ကိုဆောင်မှု အပိုကိုနှုတ် အလိုကိုဖြည့်မှု အသိမှန်အလုပ်မှန်တို့ကို လက္ခဏာသဘောလျှင် ဖြစ်ပါသည်။

တနည်းအားဖြင့် သာသနာဆိုသည်မှာ ကမ္ဘာဦးသားလူမျိုးများ၏ ထိုထိုဤဤ အလိလိသော ကိုးကွယ်ယုံကြည်မှု အယူဝါဒ အစားစား အယူဟောင်း တရားဟောင်း အမှားအပေါင်းကို ဆန်းစစ်ဝေဘန်စရာ မှတ်ကျောက်ပမာ ဘုရားဟောအစစ်ဖြစ်သည့် ဘုရားစကားများကို မှတ်တမ်းတင်ထားသည့် မှတ်တမ်းဓမ္မ ကျမ်းဂန်များရှိပါသည်။

ထိုဘုရားဟော အစစ်ဖြစ်သည့် ဓမ္မကျမ်းဂန် မှတ်တမ်းများကို သင်အံပို့ချမှုကို ပရိယတ္တိသာသနာ (၀၂)စာသာသနာ (၀၂)သုတ သာသနာ ခေါ်ပါသည်၊ ဗုဒ္ဓဟောခဲ့သည့် ဘုရားဟောအစစ်တရားများကို မှတ်တမ်းတင်ထားသည့် ဓမ္မကျမ်းဂန်များကို လေ့ကျင့်ပို့ချမှု မှန်ပါက လွတ်မြောက်ရေးတရားဝိမုတ္တိ ရသာထူးကို ရဘို့ရာ လမ်းစတွေ့ခြင်းဧကြောင့် အစ၏ကောင်းခြင်း မည်ပါပေ၏။

ဌင်းအစ၏ ကောင်းခြင်း ပရိယတ္တိသာသနာ ပထမဆင့်မှာ အလေးအနက် သတိပြု၍ လေ့လာသင့်သည်။ အကြောင်းကိုဆိုသော် စာပေသင်အံ့ လေ့ကျက်သည့်အခါ အရာရာမှာ စာနောက် ပါသွားတတ်သည်။ ထို့သို့ စာနောက်ပါသွားပါက လိုရာမပေါက် ခရီးမရောက် မျက်စေ့လည်လမ်းမှား၍ စမ်းတဝါးဝါးဖြစ်တတ်သည်။ တနည်းအားဖြင့်ဆိုသော် စာကို လူနှင့်တိုက်ရန် လိုအပ်ပေသည်။ စာက လူကိုတိုက်သွား၍ စာကအနိုင် ယူသွားလျှင်ကား အသိမှန် အလုပ်မှန် အကျင့်မှန် စခန်းသို့ ရောက်ရန် လွယ်မည်မဟုတ်ပေ။

ဆိုလိုသည်မှာ ပရိယတ္တိဆိုသည် စာပေကို လေ့လာသင်ကြားသည့်အခါ စာကြည့်-စာဖတ်သည့်အခါမှာ စာအုပ်ထည်းမှာပါသမျှစာမျှားကို အားလုံးနှုတ်တိုက် အာဂုံဆောင်ရုံနှင့်မှတ်သားမှုပြုရုံနှင့် ပြည့်စုံယုံလောက်မည် မဟုတ်ပါ၊အဘယ့်ကြောင့်ဆိုသော် ဤစာအုပ်ထည်းမှာ ပါသမျှကို နှုတ်တိုက် အာဂုံ အကုန်လုံးမှတ်သားမှု သညာပြုခြင်းသည် သုတမယညာဏ်သာဖြစ်၍ စာသာသနာ၊ သုတသာသနာ၊ ပရိယတ္တိသာသနာသာ ရှိပါသေးသည်။

သုတမယညာဏ် အခြေခံသည့် ပရိယတ္တိစာသာသနာမှာ လမ်းဆုံးထားပါက ကိုယ်တွင်းငြိမ်းချမ်းရေးတရားလွတ်မြောက်ရေးတရား ဝိမုတ္တိရသထူးကို မရနိုင်ပေ။

ပရိယတ္တိစာပေကျမ်းဂန် တတ်မြောက် ကျမ်းကျင်ပါလျက် အဘယ့်ကြောင့် ကိုယ်တွင်းငြိမ်းချမ်းရေးတရားကို မရနိုင်သနည်းဟူမူ၊ စာတတ်သည်ဆိုတာ စာအုပ်ထည်းမှာပါသမျှ

အားလုံး သင်ရိုးညွှန်းတမ်းအတိုင်း ကျက်မှတ်၍ နှုတ်တိုက်အာဂုံ များများ ဆောင်နိုင်သူ အမှတ်သညာ များသူကို စာတတ်လို့ ဆိုပါသည်။ ဤသည့် စာတတ်ပုဂ္ဂိုလ်သည် စာအုပ်ထည်းမှာ မှတ်ထားခြင်းသာ ဖြစ်သည်။ ၎င်းစာများကို ဟုတ်မဟုတ် မှန်မမှန် အကြောင်းယုတို့ တန်မတန် ကိုယ်ပိုင်ဉာဏ် ယှဉ်မှု စစ်ဆေးဝေဘန်မှု အဖြမှန်ရှာမှု သုတေသနပြုချက်ကား မပါပါ။ ထို့ကြောင့် စာသိတာဖြစ်၍ ငါသိ (ပညတ်သုံး) သဘောသိကား မဖြစ်ပါ။ (၀၊) စိန္တာမယဉာဏ် မဖြစ်ပါ။ စိန္တာမယဉာဏ်မဖြစ်ပါက သဘောသိ သဘောမှန် ဘာဝနာမယ ဉာဏ် မဖြစ်၍ ကိုယ်တွင်း ငြိမ်းချမ်းရေးတရား ဝိမုတ္တိ ရသထူးကို မရနိုင်ပါ။

ဤနေထုမှာ စာသိစာတတ်နှင့် သဘောသိသဘောတတ် ခြားနားသိဘို့ရန် အရေးကြီးသည့် အားလျော်စွာ ခွဲခြားသိနိုင်ရေး စစ်တမ်းထုတ်ရန် သဲလွန်စ နည်းလမ်းပေးရလျှင်၊ စာသိစာတတ်ဆိုတာ စာအုပ်ထဲမှာ ပါသမျှ လမ်းညွှန်ဆရာကပို့ချညွှန်ကြားသည့်အတိုင်း ကိုယ်ပိုင်ဉာဏ် စေစားမှု အမှားအမှန် ဝေဘန်မှုမပါ၊ အားလုံးကုန် ကျက်မှတ်ဆားခြင်းမှတ်သားမှုတွေမျှသာ ခြင်းကို စာသိစာတတ်လို့ ခေါ်ပါသည်။

သဘောသိ သဘောတတ်ဆိုတာကတော့ စာထည်းမှာတွေသမျှ မြင်သမျှ ကြားသမျှ ဘဝတွေထိမှု မှန်သမျှကို ဟုတ်မဟုတ် မှန်မမှန် အပြန်ပြန် အလှန်လှန် အရင်းမှသည် အဖျားသို့ အဖျားမှသည် အရင်းသို့ အနုပဋိလောမ နည်း

အားလျော်စွာ ကိုယ်ပိုင်ဉာဏ် ယှဉ်ကာ ဝေဘန် ဆန်းစစ်၍၊ အဖြေမှန်ထုတ်ပြီး သဘောကျလက်ခံထားသူ၊ တွေ့ထိမှု ပြဿနာတရပ်ကို နောက်ထပ်ဖြည့်စွက် ဝေဘန်စရာမရှိသည့် အခြေအထိ ဝေဘန်၍ အဖြေမှန်ကို လက်ခံထားသူကို သဘောသိ သဘောတတ်ပုဂ္ဂိုလ်လို့ ယူဆရ၏။

စာသိ စာတတ်နှင့် သဘောသိ သဘောတတ်ကား ခြားနားလှပေ၏။ အကြောင်းကိုဆိုသော် စာသိ စာတတ်ကား မိမိသင်အံ ကျက်မှတ်ထားသမျှကို မှားသည့်ဖြစ်စေ မှန်သည်ဖြစ်စေ အားလုံးမှတ်သား၍ သိမှုဖြစ်သောကြောင့် သညာသိဝိညာဏ်သိ ဖြစ်ရကား ကျဉ်းမြောင်း၏။ အမှားအမှန် ရောပြွမ်း၏။ ဥပမာပြောရသော် ယောဘူယျအားဖြင့် စာသို့၊ စာမှတ်၊ စာတတ်ပုဂ္ဂိုလ်များနှင့် အယူသီးဘာသာဝင်များသည် အားလုံးဘုရားကို ပုံချကြ၏။ ယနေ့မျက်မှောက်ကာလ မှတ်တမ်းတင်ထားသည့် ဓမ္မကျမ်းဂန်မှန်သမျှ ဘုရားဟောချည်း ထင်မှတ်ကြ၏။ အထူထူမှာ ဘုရားနှင့် အနိုင်ယူတတ်ကြ၏။ ဘုရားသည် မသိတာမရှိ၊ အစအဆုံး မရှိသည့်အတိတ်၊ အနာဂါတ်ပစ္စုပ္ပန်ကာလသုံးတန်မှာ အားလုံးဘုရားသိ၏။ မြေလျှိုးမိုးပြန်နိုင်၏။ ထို့ကြောင့် သဗ္ဗညုတ ဉာဏ်ရှင် ဘုရားလို့ သိကြ လက်ခံယုံကြည်ကြကုန်၏။

ဗုဒ္ဓ၏ အတ္ထုပ္ပတ္တိကို (၀၇) သဗ္ဗညုတ ဉာဏ်တော်ကို ချီးကျူးဖွဲ့ဆို ဂုဏ်တင်ကာ ရေးသားထားသည့် ဗုဒ္ဓဝင်စသည့် ကျမ်းဂန်ကြီးများလည်း မြောက်များစွာရှိကြပေ၏။

ဤသည့် ဗုဒ္ဓကျမ်းဂန်အတန်တန်တို့မှာလည်း လက္ခဏာခမ်း၊ သစ္စာခမ်းဘောင်အတွင်းသို့ သွတ်သွင်းလို့မရသည့်၊ ယုတ္တိမတန်သည့် ဣဿရနိမ္မိတ-ကမ္မဇိဒ္ဓိဝါဒများလည်း တင်းကြမ်းပြည့်နေရုယူလျက်ရှိကြကုန်၏။ ၎င်းဣဿရနိမ္မိတစသည့် အနုမာနများကိုလည်း အယူသီး ဘာသာဝင်များနှင့် စာသိစာတတ်အမည်ခံ ပုဂ္ဂိုလ်များသည် လက်ခံယုံကြည်မှု မှတ်သားသိမှုပြုကြသည်သာ၊ ဤမှတ်သားမှု-သညာသိ ဝိညာဏ်သိများကို သဘာဝသစ္စာထိုက်မထိုက် ကိုယ်ပိုင်ဉာဏ်နှင့် တိုက်မှုကျတော့ လစ်လျှူရှုကြသည်သာ။

ကျွန်ုပ်တို့သည် ဤအခက်းကို ရေးသားရမှုဌ် ဦးလေးမိပါ၏။ သို့သော်လည်း အနာဂါတ်လူ့ဘောင်ဖြစ်ရပ်နှင့် ဗုဒ္ဓလမ်းစဉ်ကွာဟချက် ဖြစ်မည့်အရေး အခါခါတွေးမိ၍ ချိန်ခါမှုပြုပြင်သင့်တာ ပြုပြင်နိုင်ကြရန် ရေးသား ဝေဘန်လိုက်ခြင်းဖြစ်ပါသည်။

တနည်းအားဖြင့်ဆိုသော် ကျွန်ုပ်တို့ ကိုးကွယ်ဆည်းကပ်နေသည့် လူသားဗုဒ္ဓသည် လူမှုရေး လူ့ကျင့်ဝတ် လူအဘိဓမ္မာမှန်သမျှကို လူသားတွေနှင့် အံဝင်ဂွင်ကျ နည်းမှန်းလမ်းမှန် ဦးဆောင်မှုပေးခဲ့သည်သာ၊ ဆိုလိုသည်မှာ လူသားဗုဒ္ဓ၏ လူမှုရေးကိုင်တွယ်မှု လမ်းညွှန် ဝါဒသည် ခေတ်အဆက်ဆက်မှာ ကမ္ဘာ့လူသားတရပ်ကို လူမှုဒုက္ခအပေါင်းမှ လွတ်ရန် ထွက်ရပ်လမ်းကို ညွှန်းထားလျက်သာ၊ ဤသည့်ဗုဒ္ဓကို ကျွန်ုပ်တို့သည် အလေးအနက် အခါခါသတိရမှု ဦးညွတ်ပြုရမည်သာ။ ချီးကျူးယွေ့ကြရမည်သာ။ လူ့ဘောင်လောက ကောင်းကျိုး သည်ပိုး

ရွက်ဆောင်သူ ပုဂ္ဂိုလ်မြတ်၊ ပရဟိတ ဝန်ဆောင် ပုဂ္ဂိုလ်မှန် ကိုယ်ကျိုး စွန့်လွှတ်သူ လူတိုင်းပြုနိုင်ခဲသည့် အလုပ်ကို လုပ်နိုင် ပြီး မြောက်၍၊ ဝိမုတ္တိရသးထူးပိုင်ရှင် ယောကျ်ားဇာနည် အမျှော် အမြင်ကြီးသူ ဉာဏ်ကြီးရှင် ပုဂ္ဂိုလ်မှန်တပါးအနေနှင့် လေးစား ဂရုပြုကြရမည်။

ဆိုလိုမှင်းကား လူသားဗုဒ္ဓကို သိပ္ပံနည်းကျဖြစ်နိုင်သည့် သဘာဝခမှန့် ချီးကျူးဂုဏ်တင်ကြပါ၊ အလေးဂရုပြုကြပါ၊ မဖြစ်နိုင်သည့် ဣဿရနိမ္မိတ ကမ္မဇဒွိစသည့် အနုမာနများနှင့် ချီးကျူးဂုဏ်တင်မှုမပြုမိရန် သတိအတန်တန် ထားသင့်ကြပါ သည်။

လူသားဗုဒ္ဓကို သစ္စကထာ သဘာဝရှုဒေါင့်မှ ဂုဏ်တင် ချီးကျူးလေ့လာသုံးသပ်မည်ဆိုပါက အများထင်သလို သိကြ လက်ခံယုံကြည်ကြသလို မဟုတ်ပါပေး အလုံးစုံကိုသိ၍ ဘုရား ဆိုရာ၌ အဖြာဖြာကျယ်လှသည့် လူ့လောကကြီး၏အလည်မှ ယခုနှ မျက်မှောက်ကာလ တာစားနေသည့် သိပ္ပံဆိုင်ရာ အထွတ်ထွဖြစ် ရပ် ဓာတုဗေဒ၊ ရူပဗေဒ၊ ပါဏဗေဒအစဖြာသည့် ထူးခြားများ ပြားလှစွာသော လောကရေးရာတွေကို အသေးစိပ် အားလုံး လိုက်ပြီး ကြည့်ရှုနေမှ သိနေမှုမဟုတ်ပါ၊ ဤသည့်သိနည်းမျိုး ကိုလည်း သဗ္ဗညုတ ဉာဏ်တော် ခေါ်မည် ခေါ်ထိုက်မည် မဟုတ်ပါ။

အားလုံးကိုသိ၍ သဗ္ဗညုတ ဉာဏ်တော်လို့ ဆိုရာမှာ အထက်တွင် ပြအပ်ခဲ့သည့် လောကအတွင်းမှ ထွေထွေရာရာ များပြားလှစွာသော သက်ရှိသက်မဲ့အရာဝတ္ထုအားလုံးကို အာယ

တန တဆယ့်နှစ်ပါးနှင့် သိမ်းသွင်းယူနိုင်မှု (တနည်း) အားလုံး ကုန်သော သက်ရှိသက်မဲ့ အရာဝတ္ထုတို့ကို ဓာတ်ကြီးလေးပါး အာယတန တဆယ့်နှစ်ပါး၊ ဓာတ်တဆယ့်ရှစ်ပါး တို့နှင့် ကုန်စင်အောင်လက္ခဏာကိုက်၊ သစ္စာကိုက်ဝေဘန်နိုင်တာ သိနိုင်တာကို သဗ္ဗညုတ ဉာဏ်တော်လို့ ခေါ်ဆိုလက်ခံကြ၊ သိကြရာ၏။

ထိုသို့ စာသိစာတတ် သဘောသိသဘောတတ်တို့ ကဲ့ပြားခြားနားမှုကို သိဘို့လိုပါသည်။ စာတတ်သိရုံနှင့် သဘောတရားကို တတ်သိနားလည်ရန် မလုံယ်ကူပါ။ဆိုလိုတာက စာတတ်တိုင်း သဘောတရားကို နားမလည်နိုင်ပါ။ သဘောတရားကို တတ်သိပေါက်ပိုင်ပါက စာကိုသိနိုင်ပါသည်။ အကြောင်းကိုဆိုသော် စာဆိုတာ လူသားအတွေးအခေါ် အယူအဆ တွေ့ထိမှုမှန်သမျှကို လောကဓမ္မဖြစ်စဉ်များကို မှတ်တမ်းတင်ထားသည့်မှတ်တမ်းဖြစ်သောကြောင့်တည်း။

ဤအခမ်းမှာစာသိစာတတ်နှင့်ငါသိငါတတ်(ပညတ်သုံး) သဘောသိ သဘောတတ် ခွဲပြီးပြရခြင်းကား အလေးအနက်သတိပြုအပ်သည့် အကြောင်းရှိပါသည်။ ၎င်းအကြောင်းကား ဘာသာရေးနယ်ပါယ် သာသနာ အဆုံးအမဟူသည် သညာသိဝိညာဏ်သိ စာတပုဒ် တဂါထာမျှ မရသော်လည်း သာသနာအဆုံးအမ လမ်းဆုံးတရား ဝိမုတ္တိရသာထူးကို ရနိုင်ရောက်နိုင်ကြောင်း သိစေလိုသောကြောင့်တည်း။

ပရိယတ္တိစာပေကို တတ်သိကျမ်းကျင်ပါက ကောင်းလှပါ၏။ သို့သော်လည်း ကိုယ်တွင်း ငြိမ်းချမ်းရေး ဖြစ်သည့်

"စေတောဝိမုတ္တိဖလ" "ရူပနိဿရဏာ"ဂုဏ်နှင့် ပြည့်စုံရန်ကား မဖြစ်နိုင်ပေ။ စာတတ်သိရုံနှင့် သဘောတရားကို နားလည်ရန် မလွယ်ကူပါ။ ဆိုလိုတာက စာတတ်တိုင်း သဘောတရားကို နားမလည်ပါ။ သဘောတရားကို တတ်သိနားလည်ပါက စာကို သိနိုင်ပါသည်။ အကြောင်းကိုဆိုသော် စာဆိုတာ လူသား၏ အတွေးအခေါ် အယူအဆ ဘဝတွေ့ထိမှု လောကမှေ ဖြစ်စဉ်များကို မှတ်တမ်းတင်ထားသည့် မှတ်တမ်း ဖြစ်သောကြောင့်တည်း။

အမှန်ကတော့ မှတ်တမ်းဖြစ်သည့် ဓမ္မကျမ်းဂန်စာပေများကိုကုန်စင်အောင်သင်ကြားတတ်မြောက်၍နှုတ်တိုက်အာဂုံ ရဖြေးသော်လည်း သဘာဝဓမ္မကို သိပြီရပြီဟူ၍ မဆိုနိုင်ပေ။ (ဝါ)သဘာဝဓမ္မကို မရနိုင်ကြောင်း "ပရိယတ္တိ ဗဟုလောနော ဓမ္မဝိဟာရီ" စသည်ဖြင့် ဟောခဲ့ပါသည်။ ပိဋကတ်သုံးပုံ အာဂုံဆောင်ရုံနှင့်ကိစ္စမပြီး လမ်းမဆုံးသေးကြောင်း ပေါဠိလမထေရ်စသည့်သာဓကများ မြောက်များစွာရှိပါသည်။

မှတ်တမ်း ဓမ္မကျမ်းဂန်များကို နှုတ်တိုက်အာဂုံ တတ်မြောက်၍ ရွတ်ဘတ်သရဇ္ဈာယ်၊ လက်ရေး စက်ရေးကျမ်းစာပေထုတ်လုပ်သည့် ကျမ်းပြုပုဂ္ဂိုလ် မဟာအကျော်ကြီး ဖြစ်ခြင်းသော်လည်းတရား မရရှာသေးကြောင်း(သဇ္ဈာယ ဗဟုလောနော ဓမ္မဝိဟာရီ) စသည်ဖြင့် ဟောထားပြန်သည်။

ဤသည့် ဓမ္မကျမ်းဂန်များကိုသာ ဦးစိုက်၍ စာပေ၊ မှာသာ တွေးတော ကြံဆနေရုံနှင့်လည်း ကိစ္စမပြီး အချိန်ဖြုန်းဖြစ်

ကြောင်း "ဝိတက္ကဗဟုလောနော ဓမ္မဝိဟာရီ" စသည်ဖြင့် ဟော ထားပါသည်။

နောက်တချက် အလေးအနက် သတိပြုသင့်သည်ကား စာပေဓမ္မကျမ်းဂန်တို့ကိုကျက်မှတ်ပြီး မိရိုးဖလာ ဓမ္မတာတရား များကို ဟောကြား၍ တိုင်းခရိုင် နိုင်ငံ ကျော်ကြားသည့် တိုင်းကျော် ပြည်ကျော် ပုဂ္ဂိုလ်ကြီးပင် ဖြစ်လင့်ကစား တရား မရရှာ သေးကြောင်း "ပညတ္တိဗဟုလော နောဓမ္မဝိဟာရီ" (တနည်း) "ဓမ္မကထိကဗဟုလော နောဓမ္မဝိဟာရီ" စသည်ဖြင့် ဟောထားမှု အထူးသတိပြုရာသည်။

ဤသို့အားဖြင့်-

(၁) ပရိယတ္တိ ဗဟုလ ပုဂ္ဂိုလ် သင်ရိုး ညွှန်တမ်း ဓမ္မကျမ်းဂန် နှံစပ်တတ်မြောက်သူ။

(၂) သဇ္ဈာယ ဗဟုလပုဂ္ဂိုလ် စက်ရေး လက်ရေး ကျမ်းစာ ပေထုပ်တို့ကို ရေးသားပြုစုသူ။

(၃) ဝိတက္ကဗဟုလပုဂ္ဂိုလ် သင်ရိုးညွှန်တမ်းဓမ္မကျမ်း ဂန်နှင့်တကွ မိရိုးဖလာ ဓမ္မတာ တရားတို့ကို တွေးတောကြံဆမှုနှင့် အချိန်ကုန်လွန်၍ ဒိဋ္ဌဓမ္မ ဒိဋ္ဌပတ္တဖြစ်သည့် လက်တွေ့အလုပ်မရှိသူ။

(၄) ပညတ္တိဗဟုလ ပုဂ္ဂိုလ် သင်ရိုး ညွှန်တမ်း ဓမ္မကျမ်းဂန်နှင့်တကွ၊ ဒဏ္ဍာရီ ပုံပြင် ဝတ္ထုတို့ကို ယပ်လှဲ ယပ်ထောင် သံသေး သံကြောင်နှင့် ဟောကြားမှု ဦးစားပြု၍ အချိန်ကုန်လွန်နေသူ

(တနည်း) သူတပါး ကိုးကား ဟောကြားမှု ဦးစားပြု၏။ မိမိကိုယ်ကို ဆုံးမမှုကား မပြုညံ့သည့် တရားဟောသူ တရားဟော်စားသူမျှား။

အထက်တွင် ပြအပ်သော ပုဂ္ဂိုလ်မျှားသည် "နောဓမ္မ ဝိဟာရီ" တရားမရသေးသူ တရားရဘို့ ခဲယဉ်းကြသူမျှားလို့ ဗုဒ္ဓက ဝိသေသ မၶ် ဟောခဲ့ပေသည်။

ဤသို့ ဝိသေသမၶ်ဟောခြင်းအကြောင်းရင်းကို ဝေဘန်မှုသုတေသနပြုတော့ အထက်တွင်ဆိုအပ်သောပုဂ္ဂိုလ်မျှားသည် စာသိစာနယ် သညာသိ သညာနယ် ဝိညာဏ်သိ ဝိညာဏ်နယ်မှာ ဦးစိုက်သောကြောင့် ဖြစ်သည်။

စာသိ စာနယ် သညာသိ သညာနယ် ဝိညာဏ်နယ်မှာ လမ်းဆုံး ထားက၊ အကျိုး မမျှားသေးကြောင်း၊ ကိစ္စမပြီး လမ်းမဆုံးကြောင်း၊ လွတ်မြောက်ရေးတရား ဝိမုတ္တိရသာထူးကို မရသေးကြောင်း သာဓက ဥပမာပြရလျှင်....

ဗုဒ္ဓသက်ထက်က အခါတပါးမှာ စာသိစာတတ်ပုဂ္ဂိုလ် ရဟန်းတပါးသည် သဘောသိ သဘောဟတ် ပုဂ္ဂိုလ်မှန် ရဟန်းတပါးအား ပုစ္ဆာထုတ် မေးခွန်းပြုမည် အလုပ်တွင် ဘုရားက ဤသည့် စာတတ်ပုဂ္ဂိုလ်ကို သစ္စာလေးပါး သဘောသရုပ် မေးခွန်းထုတ်သတတ်၊ ထိုအခါ စာတတ်ပုဂ္ဂိုလ်သည် ကိုယ်ကျင့်အာဘိဓမ္မာမရှိ သဘောတရား မသိသောကြောင့် ပြီးပြည့်စုံအောင် မဖြေနိုင်ရကား 'တုဏှီဘာဝေ' ဆိတ်ဆုံတ် နေရသတတ်။

ထို့နောက် ဗုဒ္ဓက စာပေ ပရိယတ္တိကို တတ်ကျွမ်းမှုမရှိ၊ သဘောသို့ သဘောတတ် ပုဂ္ဂိုလ်မြတ်ကို သစ္စာလေးပါးသဘော သွားကို မေးကြား၏၊ ထိုအခါ သဘောသို့ သဘောတတ် ပုဂ္ဂိုလ်မြတ်က....

"ဆင်းရဲမှန်-ဒုက္ခသစ္စံ"

နာမရူပံ ဒုက္ခသစ္စံ လူသားမှန်သမျှ ရုပ်နာမ် သဘာဝ ပါပေ၊ ကျိသည့် ရုပ်နာမ်ထည်းမှာ၊ ခံတတ် စံတတ်သည့် အတ္တဇီဝ လည်းမရှိပါ၊ ကျိသည့် ရုပ်နာမ်တရားတို့ကလည်း အတ္တ, အတ္တနိယသတ္တိအားဖြင့် မဖြစ်နိုင်ပါ၊ အတ္တ-အတ္တနိယ သတ္တိမှ ဆိတ်သုဉ်းနေသည့် 'သုညတမမှ' အတ္တ အတ္တနိယသတ္တိ အရိပ် နိမိတ် ကင်းဆိတ်နေသည့် အနိမိတ္တမှ သာလျှင် ဖြစ်ပါသည်။ ထိုသို့ အတ္တဇီဝ အတ္တ အတ္တနိယသတ္တိမရှိပုံ ကင်းဆိတ်ပုံကို ဉာဏ်ငုံကာ မသိကြပါက အတိတ်, အနာဂါတ်, ပစ္စုပ္ပန်ကာလ သုံးပါးတို့ဖြင့် ဆက်စပ်၍ ပြင်းစွာ စဉ်လန်းမှု ဥပါဒါန် ပြုကြအံ့၊ ထို့သို့ စဉ်လန်းမှုပြုက ပြုတိုင်းပြုတိုင်း ကဲ့လမဆိုင်းဘဲ ဆင်းရဲမှု အမှန် ဖြစ်ရသည်ကို ဒုက္ခသစ္စာလို့ သိရှိခံယူပါ၏ကြောင်းဖြကြား လျှောက်ထား၏။

တနည်းအားဖြင့်သဗ္ဗညုသခ်ါဏဒုက္ခာ၊ မသိမှုအကြောင်းခံ တကြောင်းပြန်ပြန် ကိုယ်နှင့်ပြုလုပ်မှု (ကာယသခ်ါရ) နှုတ်ဖြင့် ပြုလုပ်မှု(ဝစီသခ်ါရ) စိတ်ဖြင့်ပြုလုပ်မှု (မနောသခ်ါရ) တို့ဖြစ်

ကြကုန်၏။ ဤသို့ ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးပြုပြုသမျှ အားလုံးသောသင်္ခါရတို့ကို စွဲလမ်းမှု ဖြစ်ဖြစ် နေရခြင်းသည် ဆင်းရဲမှု အမှန် ဖြစ်၏လို့ ဖြေကြားပါသည်။

"ဒုက္ခဖြစ်ကြောင်းမှန် သမုဒယ သစ္စံ"

ဝိညာဏ် သမုဒယ သစ္စံ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော ပြုပြင်စီမံမှုလုပ်သမျှ "ဒုက္ခ" သာလျှင် ဓဝကန် အမှန်ဖြစ်၏။ ဤသည့်ဒုက္ခကို ဒုက္ခပါလားလို့ မသိပါကြား လူ့ဗဟုလအစားစားတို့သည် သုခလိုလို သုဘလိုလို အထင်ပိုကြပေမည်။ ဤသို့ အထင်ပိုမှုမှန်ကြောင်းကိုပြ သဘာဝကို "သမုဒယ သစ္စာ"လို့ သိကုန်ရာ၏။

တနည်းအားဖြင့်ဆိုသော် "ယံကိဉ္စိ သမုဒယဓမ္မံ" တစုံတခုသော သင်္ခါရကိုပြုက ပြုတိုင်းပြုတိုင်း ကာလမဆိုင်းဘဲ ဆင်းရဲမှုဓဝကန် အမှန်ဖြစ်မည်။ ဤသည့် ဆင်းရဲဒုက္ခ ဖြစ်ခြင်းအကြောင်းရင်းကိုရှာက ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးတို့ကို ပြုလုပ်လိုမှု မျက်ဝါးထင်ထင် ဉာဏ်အမြင်အားဖြင့် တွေ့ရပါသည်။ ၎င်းပြုလိုမှု "အလိုသဘော"ကို သမုဒယသစ္စာလို့ ပြောဟောလက်ခံယုံကြည်ပါကြောင်း လျှောက်ထား၏။

"ဆင်းရဲချုပ်ကြောင်းမှန်-နိဂရောဓသစ္စာ"

ဥဘိန္နမ္မ ိနိဿရဏ်ာ နိဂရောဓသစ္စ - ကောင်းကောင်းဆိုး ဆိုး အမျိုးမျိုးသော သင်္ခါရအစားစားတို့ကို ပြုပြုနေရခြင်း သည် အမှန်ပင်ဆင်းရဲ၏။ ၎င်းဆင်းရဲမှုသင်္ခါရအစုစုတို့ကို ပြုလို နေခြင်းသည် ဆင်းရဲကြောင်း အမှန်ဖြစ်၏ဟု ဉာဏ်မြင် ပြုသည့် အခါ ထိုထိုဆင်းရဲမှု ဆင်းရဲကြောင်း လောကီသစ္စာ အပေါင်း တို့ကို အကြောင်းမခံတော့ပါ။ ဤသို့ ဒုက္ခသစ္စာ-သမုဒယသစ္စာ တို့နှင့် အကြောင်းပြတ်နေပါက အကျိုးဒုက္ခ အကျိုးသမုဒယ တို့လည်း ဖြစ်ခွင့်မရတော့ပါ။ ထိုသို့ ကြောင်းကျိုးဒုက္ခ သမုဒယ တို့ဖြစ်ခွင့်မရဘဲ၊ ဖြစ်လိုမှုချုပ်ငြိမ်းနေတာကို "ဇာတိနိရောဓ" လို့ လက်ခံယုံကြည်ပါသည်။ (၀၇) နိရောဓသစ္စာလို့ အမြင် ရှင်းဉာဏ်မြင်လင်းပါ၏။

တနည်းအားဖြင့် "တံသဗ္ဗ ံနိရောဓသစ္စ" ဥပါဒါန်နယ် သား၊ သက္ကာယနယ်ဘဝး၊ ထင်မှတ်မှုအတ္တ၊ သမုဒယကိလေသာ အစားစားတို့ ဘယ်သောအခါမှ ဖြစ်ခွင့်မရသည့် ကြောင်းစဉ် ချုပ်ငြိမ်းမှု နိဗ္ဗာနသစ္စာဆိုသည်မှာ၊ ပြုပြင်စီရင်မှု ကင်းသည့် အသင်္ခတနယ်မှ အနတ္တ အနိစ္စ ဒုက္ခအထည်း၌ စွဲလန်းသိမ်းပိုက် စရာမရှ ကိုးကွယ်ရာမရှိ၊ သင်္ခါရဒုက္ခကြီးသာလျှင် အစဉ်ထာဝရ ဖြစ်ပါသည်။ သက်သာရာ တည်ဆောက်ရာ ကိုးကွယ်ရာ မရှ. သည့် သင်္ခါရဒုက္ခကြီးသာလျှင် အစဉ်ထာဝရဖြစ်ကြောင်း "စက္ခုံ ဥဒပါဒိ" "ဉာဏ ံဥဒပါဒိ" "ဝိဇ္ဇာ ဥဒပါဒိ" ထင်ရှား ရှိ၍ အသိုက်ကောင်း အမြင်မှန်သည့်နေ့မှာ ထိုထိုသင်္ခါရဒုက္ခထည်းမှာ

စဲ့လန်းစရာမမြင်၊ သိမ်းပိုက်စရာမရှိမှန်းသိ၍ စဲ့လန်းသိမ်းပိုက်လိုသောဆန္ဒရှာကတို့သည် တကြိမ်တခါမျှ ဖြစ်ခွင့်မရပါဘဲ အမြဲကွယ်ပျောက်ချုပ်ငြိမ်းရပါတော့သည်။ ဤသို့ အလိုဆန္ဒရှာကတို့ ဖြစ်ခွင့်မရ၊ ချုပ်ငြိမ်းရတာကိုပင် "နိဆောဓသစ္စာ" လို့ အမည်တွင်မှ လက်ခံပြုကြောင်း လျှောက်ထား၏။

"ဒုက္ခချုပ်ကြောင်း လမ်းကောင်း သိမှန်"

နိဆောဓ ပဇာနနမဂ္ဂသစ္စံ၊ ပြုပြုသမျှဒုက္ခသစ္စာ, ပြုလိုမှုကံသမုဒယာ, အလိုသိမ်းမှု ချုပ်ငြိမ်းရတာ, ဆိုသည့် သစ္စာသုံးချက်သဘောနက်ကို "အနုဗောဓညာဏ်" "ပဋိဝေဓညာဏ်" တို့ဖြင့် သိမှုလှမ်းမှန်ပြုသည်ကို "ဒုက္ခနိဆောဓ ဂါမိနိပဋိပဒါ" ကျင့်စဉ်မဂ်လမ်းဝင်သည်လို့ ခံယူပါသည်။

မဂ္ဂသစ္စာဆိုတာ အလိုတခုနှင့်ပြုက ပြုတိုင်း ပြုတိုင်း ကာလမဆိုင်းဘဲ ဆင်းရဲမှုမှန် (ဒုက္ခသစ္စာ) ကို ကျပ်ပြည့်သိခြင်း၊ ပြုလိုမှုမှန် (သမုဒယသစ္စာ) ကို အသိပိုင်ခြင်း၊ ပြုလိုမှု သမုဒယ ချုပ်ငြိမ်းမှန် (နိဆောဓသစ္စာ) ကိုသိခြင်း၊ ဤသို့ ဒုက္ခသစ္စာကို "ပရိညေယျ ကာတဗ္ဗ" အနေနှင့် သိ၍၊ သမုဒယ သစ္စာကို "ပဟာတဗ္ဗ" အနေနှင့်သိပြီး၊ နိဆောဓသစ္စာကို "သစ္ဆိကာတဗ္ဗ" အနေနှင့် သိပိုင်ခြင်းကို မဂ္ဂသစ္စာလို့ ခေါ်ဆို လက်ခံ ယုံကြည်ပါကြောင်းဖြင့် လျှောက်ထား၏။

ဤသို့အားဖြင့် သဘောသိ သဘောတတ် ပုဂ္ဂိုလ်မြတ်က သစ္စာသေးပါး သဘော သရုပ်ကို အဟောအပြော ထုတ်၍

ဖြေကြား လျှောက်ထား သည်တွင် ဗုဒ္ဓမြတ်စွာက ကောင်းချီးပြုဘာပေး၍ စာသိစာတတ် "ဂန္ဆံခုရ" ကိုဆောင်သော ပုဂ္ဂိုလ်သည် သူမျှားငါးနှားကို အခစားကျောင်းသည့် နွားကျောင်းသားနှင့်တူ၍ အခါခါနှင့်တန် အခါထောက်ပါက နွားများရေတွက်၍ နွားရှင်သို့ အပ်လိုက်ရ၏။ နွားနို့ ဒိန်ခဲ ဆီဦးထောပတ်ကိုကား မသုံးဆောင်ရသည့် ပမာနှင့်တူ၏။ ဝိပဿနာ ဓူရဆောင်သည့် သဘောသိသဘောတတ် ပုဂ္ဂိုလ်မူကား၊ နွားရှင်နှင့် ဥပမာတူ၍ ချိုမြိန်ရသာ ပြည့်ဝရှာသည့် နွားနို့၊ ထောပတ်၊ ဆီဦး၊ ဒိန်ခဲတို့ကို သုံးဆောင်ရသည်နှင့် တူကြောင်း မိန့်ဟခဲ့သည်မှာ။

ဗဟုမွိ စေသံဟိတ ဘာသမာနော၊နတက္ကာထော ဟောတိ နထောပမတ္တော၊ ဂေါပေါဝ ဂါဝေါ ဂဏယံ ပရေသံ နဘာဝ ဂဝါ သာမညဿဟောတိ။

စသည်ဖြင့် ဟောကြား၍ စာသိစာတတ်နှင့် သဘောသိသဘောတတ် ကဲ့ပြားခြားနားမှုကို နွားကျောင်းသား အခစားနှင့် နွားရှင်ပမာပြု၍ ဟောကြားခဲ့မှုကို အထူးသတိပြု ဝေဘန်ရာ၏။

ဤမျှ ရေးသားမှုဖြင့် စာသိစာတတ် သဘောသိသဘောတတ် ပုဂ္ဂိုလ်တို့၏ ခြားနားချက်ကို သဘောပေါက် သိလောက်ပေပြီ၊ ဘာသာနှင့် သာသနာ ခဲ့ခမ်း၊ သာသနာ ရှင်းတမ်း၊ သာသနာ၏ သဘောသရုပ်တို့ကို လေ့လာစစ်တမ်း ထုတ်ကြဦးစို့။

"ပရိယတ္တိ သာသနာ အစ၏ ကောင်းခြင်း"

အထက်တွင် ပြအပ်ခဲ့သည့် ဗုဒ္ဓဟောချက် ဓမ္မစက်မှုန် သဘောသရုပ်တို့ကို မှတ်တမ်းတင် ရေးသားထားသည့် သုတ်, အဘိဓမ္မာ, ဝိနည်း စသည့် မှတ်တမ်းတို့ကို သင်အံ့လေ့ကျက် ပို့ချ ဟောပြောခြင်းကို "ပရိယတ္တိ သာသနာလို့ ခေါ်ဆိုပါသည်။

ပရိယတ္တိသာသနာ(၀၇)စာသာသနာသည်၊ သညာသိ ဝိညာဏ်သိနယ်မှာ ဦးစိုက်ပါသည်။ အထက်တွင် ပြအပ်ခဲ့သော ပရိယတ္တိပုဂ္ဂိုလ်၊ သဒ္ဒါဃယပုဂ္ဂိုလ်၊ ပညတ္တိပုဂ္ဂိုလ်၊ ဝိဘက္ကပုဂ္ဂိုလ် တို့လည်း သညာသိ ဝိညာဏ်သိနယ်မှာ ရပ်တည်ပါသည်။

"ပဋိပတ္တိ သာသနာ အလည်၏ ကောင်းခြင်း"

လူသားတိုင်းသည်၊ လွတ်လပ်မှု-ငြိမ်းချမ်းရေး တရားကို မြတ်နိုးကြပေသည်။ လွတ်မြောက်ရေးတရား (ဝိမုတ္တိရသ) ကို လိုလားသူ အမျိုးကောင်းသားသည်....

(၁) မိမိ၏ ခြေအစ ဦးခေါင်းအဆုံး တကိုယ်လုံး ခန္ဓာကိုယ်ကြီး၏ အတွင်းရုပ် မူလ သဘောများကို အပိုအလိုမရှိ မှန်ကန်စွာ အသိမှန်ရပေမည်။

(၂) ခန္ဓာကိုယ် အတွင်းခွပ်မှတပါး အပြင်ဖြစ်သည့် ဗဟိဒ္ဓ ရုပ်များ၏ မူလ သဘောများကိုလည်း အပိုအလိုမရှိ တဖက်စွန်း မငြိအောင် အသိမှန်ရပေမည်။

(၃) ခန္ဓာကိုယ်အတွင်းရုပ်နှင့် အပြင် ဗဟိဒ္ဓရုပ်များကို အချင်းချင်း (အညမည) အတူတတွ (သဟဇာတ) မျှတအောင် (သမာသမ) သမဘာဂဖြစ်အောင် လုပ်ပေးရမည်။

ဤသို့ အတွင်း အပြင်ရုပ်တို့၏ မူလသဘော သရုပ်ကို အသိမှန်အောင်လုပ်ခြင်း အတွင်းရုပ် အပြင်ရုပ်တို့ မျှတအောင် လုပ်ခြင်းသည်ပင်လျှင် ပဋိပတ္တိသာသနာအလည်၏ကောင်းခြင်း လို့ ဆိုပါသတည်း။

"ပညာသာသနာ-အသိမှန်"

နိဗ္ဗာနံပရမံသုခံ၊ ဝမ်းနည်းဝမ်းသာ၊ ဆင်းရဲချမ်းသာ ချစ်မှုမုန်းမှု၊ အလိုရှိအပ်၊ အလိုမရှိအပ်၊ ဤကဲ့သို့ အခါခါ အထပ်ထပ် ဖြစ်ရခြင်း၊ တဖက်စွန်းသို့ ရောက်ရခြင်းမှ လွတ်မြောက်ရခြင်းသည် (၀၇) အလွန်အကျဉ် အပိုအလို တဖက်စွန်း ရောက်မှု မဖြစ်ရခြင်းသည် မြတ်သော ချမ်းသာခြင်း ဖြစ်၏။ (၀၇) ချမ်းသာစစ် ခွမ်းသာမှန်ဖြင့်၏။

ဤသည့် ချမ်းသာစစ် ချမ်းသာမှန် ရရန် ရောက်ရန် အကြောင်းခံ တရားကတော့ အကြောင်းအကျိုး အမှားအမှန်ကို ခွဲခြား ဝေဘန်နိုင်သည့် ပညာဉာဏ်သာလျှင် အရင်းခံ ဖြစ်ပါသည်။

ပညာဉာဏ် ဆိုရာမှာလည်း ဗုဒ္ဓဝါဒ နိဗ္ဗာနကို ရရှုန် ရောက်ရန် ပညာဉာဏ်သည် "ပကာရေန ဇာနာတိ အနိစ္စာဒိဝ သေနအဝဗုဒ္ဓတိတိပညာ" ဆိုသည့် ဝိုဂ္ဂိုဟ်ဝစနတ္ထ အသုံးပညတ်

စကားလာဦးသည်နှုံးအညှီ ရုပ်လောက နာမ်လောကဲသည် အမြဲတည်ရှိမနေပေ။ ရုပ်နာမ်လောကသည် ဆင့်ကဲတိုးတက် အမြဲတန်းပြောင်းလဲနေသည်၊အမှန်ကတော့ အတ္တ၊ နိစ္စ၊ ထာဝရအနေနှင့် တည်ရှိမနေပေ။ အဟောင်း အဟောင်း ချုပ်ငြိမ်း၍အသစ်အသစ်ဖြစ်ပေါ်နေပေသည်။ အကြောင်းကြောင့် အကျိုးဖြစ်လိုက်၊ အကျိုးကတဖန် အကြောင်းဖြစ်လိုက်နှင့် ကြောင်းစဉ်ကျိုးဝင် တထပ်ကူးရှာမရသည့် အသာရက အနုတ္တတရားများပါပေ၊ ဤသို့ဖြစ်ကြောင်း ချုပ်ကြောင်း,စပ်ပုံ ပြတ်ပုံ အများပြောလို့ သိခြင်းမျိုးမဟုတ် ဘုရားဟောလို့ သိခြင်းမဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ပိုင် ထုံးထွင်း၍ သိခြင်းမျိုးကို လောကဓမ္မကို သိသည့်ပညာသို့, ကိုယ်ပိုင်ဉာဏ်လို့ ခေါ်ဆိုပါသတည်း။

ဤသို့ကိုယ်တိုင် ကိုယ်ပိုင်ပညာစခမ်းသို့ တက်လှမ်းနိုင်ပါက မသိမှုအစားစား အင်္ဂါနယ်သားတို့သည် ပါယ်ရှားရပေလိမ့်မည်။ မသိမှု အဝိဇ္ဇာ အကြွင်းမဲ့ ချုပ်ငြိမ်းပါက "အဝိဇ္ဇာယသ္မိဝ အသေသဝိရာဂနိရောဓါသင်္ခါရနိရောဓော" သင်္ခါရအစားစားတို့လည်း ဖြစ်ခွင့်မရတော့ပါ။ ကောင်း မကောင်း သင်္ခါရမျှားချုပ်ငြိမ်းပါက သင်္ခါရနိရောဓါ ဝိညာဏနိရောဓော၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးအလီလီအလာလာ ဘာဘာညာညာ သိမှုထင်မှု ဝိညာဏ်အစုစုတို့ ဖြစ်ခွင့်မရတော့ပါ။ သိမှုထင်မှုဝိညာဏ်အကြွင်းမဲ့ ချုပ်ငြိမ်းပါက, သိမှုထင်မှု ဝိညာဏ်ကို အကြောင်းခံ၍ တဖြောင်းဖြန်းဖြန်း ဖြစ်ပေါ်လာသည့် ကောင်းစဉ်မကောင်းစဉ်၊ ရှိစဉ်မရှိစဉ်တွေကို ပြင်းစွာ စဉ်လမ်းမှ ဥပါဒါန်ဖြစ်ခွင့်မပြုတော့ပါ။ ပြင်းစွာ စဉ်လမ်းမှ ဥပါဒါန် မဖြစ်လျှင် ကိုယ်

နှုတ်နှစ်လုံး သုံးပါးလုံး လွတ်လပ်ပြီး လူမှုဒုက္ခ အပေါင်းမှ လွတ်လပ်ပြီ။ 'စေတောဝိမုတ္တိဖလ' 'ရူပနိဿရဏ' ဂုဏ်နှင့် ပြီးပြည့်စုံပြီ။

ထို့ကြောင့် ချုပ်ခြယ်ဘုတ်နှောင်မှုကင်းပြတ်၍ ဝိမုတ္တိရသာဓာတ်ကိုအလိုရှိသူသည်၊ "ပညာယသမုဒ္ဓဒပဟာနဝေသန ကိလေသာ ပဟာနံ ပကာသိတံဟောတိ" ပညာ၏အစွမ်းအားဖြင့် သာလျှင် မသိမှု အကြောင်းခံ၍ တပြောင်း ပြန်ပြန် ဖြစ်မှု ကိလေသာ အစားစားကို အကြွင်းမရှိ ပယ်ရှား လွတ်မြောက်နိုင်၏။ ထို့ကြောင့် အသိမှန် အမြင်မှန် ပညာဉာဏ်ကို အရှိထားနိုင်ရန် အတန်တန် သဘိပေးအပ်ပါသတည်း။

ဤနေရာမှာ အထူးသတိပြုစေလိုသည်မှာသာသနာသည် အခြင်းအရာအားဖြင့်။ ဘုရားသာသနာ။ တရားသာသနာ။ သံဃာ သာသနာ။ သီလ သာသနာ။ သမာဓိ သာသနာ။ ပညာ သာသနာ စသည်ဖြင့် များစွာ ရှိပါပေ၏။ သို့ရာတွင် မည်သည့် သာသနာကိုမဆို ကိုယ်မှာရှိမှု၊ ကိုယ်မှာကိန်းမှ ကိုယ် သာသနာဖြစ်ကြောင်း၊ အသိကောင်း အမြင်မှန်ဘို့ လိုပေသည်။ ထိုဆိုအပ်ခဲ့သော သာသနာများ ကိုယ်မှာ အရှိ ထားနိုင် မျက်မှောက်ပြုနိုင်ဘို့ ကလည်း၊ ပညာဉာဏ်သာလျှင် အရင်းခံ ပဓာနဖြစ်ပါသတည်း။

"သီလသာသနာ ကျင့်သုံးမှန်"

ဉာဏေန အဝိဇ္ဇာယ အနိဒ္ဓာနုပဿနာယ နိစ္စသညာယ ပဟာနံသီလံဟောတိ။ လောကဖြစ်စဉ် ဘဝတွေထိမှု မှန်သမျှ

ရုပ်နာမ်သဘာဝတို့သည်၊အစဉ်ထားဝရ တည်မြဲနေသည့်သဘော မဟုတ် ဖြစ်မှုပျက်မှု သခ်ၤရအာရုံန်စုဖြင့် မရပ်မနား ပြောင်းလဲ နေသည့် သခ်ၤတာ တရားမျှားပါပေ။ ထိုသည့် သခ်ၤတာ တရားတို့ သည် အဟောင်းအဟောင်းချုပ်၍ အသစ်သသစ် ဖြစ်နေပေ၏။ အကြောင်းကြောင့် အကျိုးဖြစ်လိုက်၊ တဖန် အကျိုးတရားက အကြောင်းပြန်ဖြစ်လိုက်နှင့်၊ ကြောင်းစဉ် ကျိုးစဉ် တထစ်ကျ ရှာမရသည့် 'အသာရေက အနတ္တ' သာလျှင် စစ်မှန် ပေ၏။ အကြောင်းတရားကင်း၍ အကျိုးတရားဖြစ်ခြင်းငှာ မစွမ်းနိုင်ပေ။ ဖြစ်နိုင်သည့်စွမ်းပကား ကင်းဆိတ်ခြင်းကြောင့် 'အနိမိတ္တ အနတ္တ' သာလျှင် ဖြစ်ခဲ့ချ၏။

ထိုသို့ အမြဲမရှိ အနတ္တ, အတ္တနိယ, နိစ္စ, ထာဝရ သတ္တိ ကင်းဆိတ်သည့် သဘောကို၊ ဉာဏ်ကုန်နှောကာ အသိပိုင်ပါက အနတ္တ နိစ္စထာဝရလို. ထင်မှတ်မှု သမုဒယတို့ကို၊ ပါယ်ပြီး စွန့်ပြီး ဖြစ်မည်ကား မလွဲမှုချ ပါတည်း။ ဤသို့ နိစ္စ သုခ သုဘလို. ထင်မှတ်မှု သမုဒယကို ပါယ်ဘာသည်ပင်လျှင်၊ သီလ သာသနာ(ပဟာနသီလ)ကို အပိုင်ရသည် မည်ပါပေ၏။

"သမာဓိသာသနာ အကျင့်မှန်တည်မြဲ"

ရုပ်-နာမ် လောက သခ်ၤဘမ္ဘကို ပညာက ဝေဘန် ဉာဏ်က ထိုးထွင်း၍ အသိရှင်း အမြင်လင်းကာ 'ဝိဇ္ဇာ ဥဒပါဒိ' ထင်ရှားရှိပါက မသိမှောက်မှား အဝိဇ္ဇာ နယ်သား တို့သည် ပါယ်ရှားရပေလိမ့်မည်။ ထိုသို့ မသိမှောက်မှားမှု ဝိစိကိစ္ဆာသံ

သဃ အစုစုတို့ မဖြစ်မရှိမှုကြီး ခိုင်မြဲနေတာ (၀၁) အသိမှုန် အမြင်မှုန် အလုပ်မှုန် အကျင့်မှုန်မှုကြီး ခိုင်မြဲနေတာက၊မှုန်သော ကောင်းသော 'သမ္မာသမာဓိလို့' သိရလက္ခဏာ ယုံကြည်ရာ၏။

ဤသို့ အသိမှုန်-အလုပ်မှုန် ခိုင်မြဲမှု(သမ္မာသမာဓိ)သည် ယောဂလမ်းစဉ်မှ ကိုယ်ကို ခုံုပ်ဘည်း အောင့်အီးမှု ဒါဏ်ထားမှု အရင်းခံပြုသည့်၊ 'သမာဓိ'မဟုတ်ကြောင်း ကွဲပြားခြားနားမှုကို အထူးသတိပြုကြ စေကုန်ရာသတည်း။

"တရားသာသနာ အသိအကျင့်မှုန်"

အသိမှုန်အကျင့်မှုန် တရားသာသနာမိမိမှာရှိရေးအတွက် အဓိကအချက် ဖြစ်သည်ဆိုတာ သူကောင်း သူမှန် သူမြတ် (အရိယာ)ဖြစ်လိုသူတိုင်း လက်ခံယုံကြည်ပြီး ဖြစ်ပေလိမ့်မည်။

ဘုရားသာသနာ တရားသာသနာ သံဃာသာသနာ၊ သီလသာသနာ၊ သမာဓိသာသနာအားဖြင့် သာသနာအချင်းအရာ မည်မျှပင် မျှားပြားစေကာမူ အဓိကဝင်မအားဖြင့် တရားသာသနာလျှင် ပဓါနအရင်းခံ ဖြစ်ပေသည်။ တရားသာသနာ (အသိမှုန်အကျင့်မှုန်)မိမိဆွေ(ရုပ်-နာမ်)မှာ ကိန်းအောင်းပါကအားလုံးသောအမှုကိစ္စ ပြုဘွယ်ရာ မှုန်သမျှတို့သည် ပြီးပြည့်စုံခြင်းသို့ ရောက်သည်သာလျှင်တည်း။

ဆိုလိုသည်မှာ တရားသာသနာ (အသိမှုန် အကျင့်မှုန်) မိမိကိုယ်ခန္ဓာမှာ ကိန်းအောင်း၍ မိမိခန္ဓာမှာရှိသော တရားသာလျှင် ကိုးကွယ်ရာ၊ ဆည်းကပ်ရာ အစစ်အမှန် ဖြစ်ကြောင်း

အသိဒကောင်း 'အမြင်မှန်သည့်အခါ၊ "ခမ္မံ သရဏံ ဂစ္ဆာမိ" ဆိုတာ သုတသရဏဂံမဟုတ်(၀၊)အဘဓမ္မာ သဘးကြား ပရိဘာသာ စကား လုပ်ပုံး လပ်စည် ဆိုပုံး ဆိုစည် ဓမ္မတာ အသွင်မဟုတ် 'ဒဋ္ဌသရဏာဂုဏ်' နိဗ္ဗာန်လဖြစ်မည်ကား မလွဲမှုချပါတည်း။

ကျွဲသည် "ဓမ္မံ သရဏံ ဂစ္ဆာမိ" ဆိုသည့်တရားဂုဏ်တော် များ၊ မိမိဒွဲ့ဘမှာပြည့်ဝ၍ မိမိမှာရှိသောတရားသာလျှင်ကိုး၊ကွယ် ရာခည်းကပ်ရာ ဖြစ်သည်ဟု လက်ခံယုံကြည်သည့်အခါ ဘုရား ဂုဏ်တော် သံဃာ ဂုဏ်တော်များလည်း ပြည့်ဝမှုကို အထူးသတိ ပြုကြစေလိုသည်။

ဆိုလိုသည်မှာ တရားသို့၍ ဘုရားဖြစ်သည်၊ ဘုရားဖြစ်လို့ တရားသိသည် မဟုတ်ကြောင်း "ယေနဉာဏေနသမ္ပုဏ္ဏော၊ ယေန ဉာဏေနပတ္တောသိ" စသည့် ဗုဒ္ဓ၏ ထုတ်ဟောမိန့်ကြား၊စကားဖြင့် သိလောက်ပေပြီ။ သံဃာဂုဏ်တော်များလည်း ထိုနည်းအတူသာ လျှင်၊ သံဃာဖြစ်လို့ တရားသိရသည် မဟုတ်၊ တရား၊ရ၍သာ သံဃာဖြစ်ကြောင်း "ကိလေသေမာရေန္တော၀ဂစ္ဆတိတိသံဃော" ဆိုသည့် ဝိုဂ်ိုဟ်နှောမှ သတိပြု၍ မသိမှောက်မှား ကိလေသာ အစွဲ၊စွဲးတို့ကို ပါယ်သတ်ဖျက်ဆီး၊တတ်သည့်အသိဉာဏ်တရား အမျိုး၊ထား၊နိဗ္ဗာန်သို့ သံဃာလို့ အမည်နာမ ပညတ်ကြသည်သာ။ ယခု ရေးသား၊တင်ပြခြင်းသည် သုတသရဏဂုဏ်နယ်ကို လမ်းညွှန် ပြနေသည်မဟုတ်ပါ။ ကိုယ်သိကိုယ်ရ ဒိဋ္ဌဓမ္မ-ဒိဋ္ဌပတ္တ သန္ဓိဋ္ဌိက ဂုဏ်နှင့် ပြည့်စုံသည့် ဒိဋ္ဌသရဏဂုဏ်နယ်မှ ပြခြင်းဖြစ်ပါသည်။ ဒိဋ္ဌသရဏဂုဏ်နယ်မှာ ဘုရား၊ရတနာ၊ တရား၊ရတနာ၊ သံဃာ ရတနာ စသည်အား၊ဖြင့် ရတနာ သုံး၊ပါး သိက္ခာ သုံး၊ပါး၊

သာဿနာသုံးရပ်တို့ကို တပါးစီ တပါးစီအလိုလို သိနေမြင်နေ ခံယူကျင့်သုံးနေသည် မဟုတ်ပါ။ တပါး ပြီးမြောက်ပါက အားလုံး ခရီးဆောက်တော့သည်သာ။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ လောကမှ ဘာသာရေးဆိုင်ရာ စာပေမှတ်တမ်းများ၊ သုတ်သုံးကျမ်း၊ ဝိနည်း ငါးကျမ်း၊ အဘိဓမ္မာခုနှစ်ကျမ်း စသည်အားဖြင့် များလှပေ၏။ တဖန် ၎င်းပိဋကတ် သုံးပုံတို့သည်ပင်လျှင် အဋ္ဌကထာ၊ ဋီကာ၊ အနုမဋီကာနှင့်တကွ စသည်အားဖြင့် ဖွဲ့ဆို ခဲ့ထွင် ထားကြသည်ကား ကျယ်ဝန်းလှပေ၏။

မှတ်တမ်းလောက ဓမ္မကျမ်းဂန် နယ်မှာ မည်မျှပင် ကျယ်ဝန်းစေကာမူ ကုယကျင့်အဘာဓမ္မာနယ်၊ လက်ခကျင့်သုံးရ မည်နယ်မှာကား....၊

ဗုဒ္ဓါ, ဓမ္မော, သံဃော, အနိစ္စံ ဒုက္ခလက္ခဏံ၊

အနတ္တမေဆဝါစာဝ၊ သာရာဟိ ပိဋကတ္တယေ,ဟု လာရှိပေသည်။ ဓမ္မမှတ်တမ်း ပိဋကက် သုံးပုံကို အကျဉ်းချုံး၍ လိုရင်းအနှစ်သာရကို ထုတ်မည်ဆိုပါက ဘုရား-တရား-သံဃာ အနိစ္စ-ဒုက္ခ-အနတ္တ အားဖြင့် ခြောက်ပါးသာလျှင်ရှိပေ၏။

ဤသို့ဓမ္မမှတ်တမ်း ပိဋကတ်အရပ်ရပ်မှ လူသားအတွက် ကိုယ်ကျင့် အဘိဓမ္မာဖြစ်ရေး အဓိကအချက် အနှစ်သာရကို ထုတ်နှုတ်လိုက်ပါက ရတနာသုံးပါး၊ လက္ခဏာ သုံးချက် သစ္စာ အရေအတွက်ဆားဖြင့် ခြောက်ပါးသာ ထွက်ပါသည်။ ၎င်းကို ရည်ညွှန်း၍ ရှေးသူတော် သူမြတ်များက စကားခြောက်ခွန်း

လူ၌ထွန်း၊ လေးခွန်းကိုပါယ် နှစ်ခွန်း တည်ရမည်လို့ ဆိုခဲ့ပါသည်။

စကားခြောက်ခွန်း လူ၌ထွန်း လေးခွန်းကိုပယ် နှစ်ခွန်း တည်ရမည်ဆိုရာ၌ ဘုရား၊ တရား၊ သံဃာ၊ ရတနာ သုံးပါးတို့တွင် ဘုရားနှင့် သံဃာကို ပုဂ္ဂလဒိဋ္ဌာန်-ပုဂ္ဂိုလ် ကိုးကွယ်မှု ပုဂ္ဂိုလ်စွဲကပ်ခြင်းစင်ရေးအတွက် (၀၂)ဓမ္မဒိဋ္ဌာန်ဘုရား၊ ဓမ္မာဒိဋ္ဌာန် သံဃာကို သိရေးမြင်ရေး ကိုးကွယ် နှိုင်ရေးအတွက် ခေတ္တယာယီအားဖြင့် ပယ်ထား၍ "ဓမ္မ" ကိုတည်ထား၊အနတ္တ၊အနိစ္စ၊ဒုက္ခတို့တွင်လည်း....

လက္ခဏကမိ ဝိညာတေ၊ သဗ္ဗေဓာနာတိ ဥာဏိမာ
အထဿ နိဋ္ဌိတံကိစ္စံ၊ သိတီဘူတောဝ သောနရော။

ထိုသည့် ဒေသနာ ယုတ္တို့,နှာ၍ တော့်တောဝေဘန် အဖြေမှန်ရှာကြည့်ပါက၊ လက္ခဏာတလုံး ပေါက်ပိုင်ပါလျှင် အားလုံး ခရီးဆောက် ပြီးမြောက်တော့သည် သာလျှင်တည်း၊ ထို့ကြောင့်အနိစ္စ-ဒုက္ခကို ခေတ္တယာယီပါယ်၍ အနတ္တကို တည်ထားပါ။

ဘုရား တရား သံဃာ ရတနာသုံးပါးမှာ ဘုရားနှင့် သံဃာကိုပယ်၍ တရားကို တည်ထား၊ အနတ္တ အနိစ္စ ဒုက္ခ လက္ခဏာသုံးပါးမှာ၊အနိစ္စနှင့် ဒုက္ခကိုပါယ်၍ အနတ္တကိုတည်ထား၊ ဘုရားနှင့်သံဃာ၊ အနိစ္စနှင့်ဒုက္ခ လေးခွန်းကိုပါယ် ဓမ္မနှင့်အနတ္တ နှစ်ခွန်းကိုတည်ထား၊ ဓမ္မနှင့် အနတ္တတို့တွင်လည်း ဓမ္မကလည်း

တရား၊ အနုတ္တကလည်း တရားဖြစ်ခြင်းကြောင့်တရား, တရားခြင်း တူ၍ တူရာတူရာ စုပေါင်းလိုက်ပါက "ကောဓမ္မော" ဆိုသည့် တရားတမျိုးသာလျှင် ဖြစ်ပါသည်။ ဤသည့် "အနုတ္တမ္မော" "မမ္မအနုတ္တ"ကို အသိမှန်အမြင်သန့် ပေါက်ပိုင်အောင် ကိုယ်သိ ကိုယ်ရဖြစ်အောင် လုပ်မှ သည်သာလျှင် ပဓါန အရင်းခံဖြစ် ပါသည်။

ထို့ကြောင့် ဗုဒ္ဓက "ကောဓမ္မောဘိက္ခဝေ ဘာဝိတော ဗဟုလိဂတော အဘိညာယ သမ္မာဓါယ နိဗ္ဗာနာယသံဝတ္တတိ" စသည်ဖြင့် မိန့်မှာ ညွှန်ကြားခဲ့ပေသည်။ တလုံးသော တရား သဒ္ဒါကို ကိုယ်တိုင် ကိုယ်ပိုင် ဝေဘန်၍ အဆုံးသပ်အားဖြင့် ကမ္ဘာလောကဓာတ်မှာ နိစ္စထာဝရအားဖြင့် တည်နေနိုင်သည့် 'အတ္တ' ဆိုတာ မရှိကြောင်း အသိကောင်း အမြင်မှန်အောင် ဝေဘန်နိုင်ပါက၊ အထင်ချုပ်ငြိမ်း အမှားဇာတ် သိမ်းသည့် ဒုက်ခနိဗ္ဗာန် ဆုမတောင်းဘဲ ရောက်မည်ကား မလွဲ မုချ ပါတည်း။

ဆိုလိုရင်းအဓိပ္ပါယ် အကျဉ်းချုပ်ကတော့ တခုသော သဘာဝဓမ္မ သဘောဘရား ကို ကိုယ်တိုင် ကိုယ်ပိုင် ပေါက်ပိုင်အောင် ဝေဘန်နိုင်ပါက တကြိမ်တခါမျှမဖြစ်ဘူးသည့်ထူးသော ဉာဏ်ကိုရ၍ သစ္စာလေးပါး နိဗ္ဗာန်တရားကို မျက်မှောက်ပြုနိုင် ပါသည်၊ သာသနာသုံးရပ် တထပ်ထည်းရမည်၊ သိက္ခာသုံးပါး တသားတည်း မိမိခန္ဓာမှာ ကိန်းအောင်းမည်။

ဤသို့ နိစ္စထာဝရအားဖြင့် တည်နေနိုင်သည့် အတ္တ စွမ်းအားဆိုတာ မရှိပါကလေလို့ ဟုတ်တိုင်းမှန်စွာ သိမှု

အနုတ္တဝိဇ္ဇာဇာဏ်ကို ကိုယ်တိုင်ကိုယ်ပိုင် သိသည့်အခါ အမြဲရှိသည်လို့ ထင်မှတ်မှု နိစ္စသညာဝေပျောက်၏။ "အနိစ္စဝိဇ္ဇာဇာဏ်" ဖောက်မည်ကား မလွဲမှုချပါတည်း။ ထိုသို့ အမြဲထာဝရ ရှိနိုင်သည့်တရားဟူက အနည်းအပါးမျှမရှိကြောင်း၊ အသိဇကောင်း အမြင်မှန် "အနိစ္စဝိဇ္ဇာဇာဏ်" ရက ချမ်းသာနိုးနိုး ထင်အားကိုးနှင့် မျော်ကိုးခဲ့ရသည့် သုခချမ်းသာဆိုတာလည်း အချိုးနှိုးအလဟဿသက်သာဏ ဆောက်တည်ထု၊ စမ်းသပ်ရှာဖွေလို့ မရသည့်တရားပါကလေးလို့ လက္ခဏာဉာဏ် ထင်လာပါဇေတဲ့သည်။

တနည်းအားဖြင့် ချမ်းသာနိုးနိုး အကျိုးငံ့မျော် ထင်မှတ်မှု တောင့်တမှုနှင့် ကိုယ်နှုတ်နှလုံး သုံးပါးလုံးနှင့် ပြုလုပ်သမျှသခံါရပါလေးလို့ အမှန်အားဖြင့် သိရပါတဲ့သည်၊ ထို့ကြောင့် လက္ခဏာတလုံး ပေါက်ပါက အကုန်လုံး ပြီးမြောက်ကြောင်း အထက်တွင် ပြဆိုခဲ့ပါသတည်း။

ထိုသို့ အနုတ္တလက္ခဏာ "အနုတ္တသာသနာ အနုတ္တဓမ္မာ" "ဓမ္မအနတ္တာ" တလုံးကို ကိုယ်တိုင်ကိုယ်ပိုင် အသိဇပေါက်ပိုင်ပါက ဤသို့ သိမှု ကိုပင်လျှင် (၀၊) သိမှုသဘောလေး ကိုပင်လျှင် "ယေနညာဏေနသမ္မဒေဓါ, ယေနညာဏေနပဇောသိ" ဓမ္မဒိဋ္ဌဓန် ဘုရားဖြစ်ပါပေ၏။ ဤသို့အမှန်သိ၍ အမှားမငြို အမှားကင်းစင် အမှားမဝင်တာကိုပင်လျှင် "ကိလေသေ မာရေန္တော ဂစ္ဆတိ တိသံဃော" ဝိုဂ္ဂိုဟ်ဒနှာမှု သတိပြုပါက၊ ဓမ္မဓိဋ္ဌဓန် သံဃာလို့ ပင်အမည်တွင်, သဘောပေါက်ပါသတည်း။

ဤမျှ ရေးသားမှုဖြင့် တရား တလုံး ပေါက်ပါက၊ အားလုံး ခရီးရောက်ပြီးမြောက်ပုံ၊ တရားသာသနာ တည်ပါက

သာသနာအရပ်ရပ်တည်ပုံ၊အသိမှန် အကျင့်မှန် သာသနာ မိမိမှာ ကိန်းအောင်းပါကာ၊စိတ်တဇ,အနုမာန,အတ္တဝိညာဏ်,အခြေခံ၍, ဖြစ်ပေါ်သမျှ လူမှုဒုက္ခအဝဝမှကင်းပုံ ဉာဏ်ဝုံကာသိ၍ ၎င်း အသိတရားကို အရှိထားနိုင်ကြပါစေကုန်သတည်း။

အသိမှန်အရင်းခံပြု၍ အလုပ်မှန် အကျင့်မှန် ဖြစ်ပါက၊ မိစ္ဆာဉာဏ်မရောက်၊အဝိဇ္ဇာပျောက်မည်ကား မလွဲမချပါတည်း။ မိမိမှာ အဝိဇ္ဇာမဖြစ်ပါက (ဝါ) အဝိဇ္ဇာချုပ်ငြိမ်းပါက"ဝိဇ္ဇာ ဉာဏ်ထောက်ပြီး"ရပြီ "ဝိဇ္ဇာဥဒပါဒိ" ဖြစ်ကြီး ဖြစ်ပြီ။ ဤသို့ ဝိဇ္ဇာဉာဏ်ရတာ ထောက်တာကိုပင် နိဗ္ဗာန်ရသည် ထောက်သည်လို့ ဆိုခြင်းဖြစ်သည်။

တနည်းအားဖြင့် မိမိမှာ မသိမှုအဝိဇ္ဇာမဖြစ်တာ၊အဝိဇ္ဇာ အမြဲချုပ်နေတာကို "နိဗ္ဗာန်" ဘဲ "ပဋိဝေဓသာသနာ" ဘဲလို့ ခေါ်ဆိုပြုနေကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မိမိကိုယ်ကို သိအောင်လုပ်ပါ ကိုယ် ကိုယ်ကို သိသည့်တန့်မှာ၊ကိုယ် ကိုယ်ကို အောင်နိုင်သူဖြစ်ပါလိမ့်မည်၊ဗုဒ္ဓဝါဒ ဗုဒ္ဓအဘိဓမ္မာမှာ ကိုယ် ကိုယ်ကို အောင်နိုင်အောင်လုပ်မှုသည်၊အဓိကဖြစ်ပါသည် (ဝါ) ကိုယ် ကိုယ်က သိတာကိုပင်လျှင် တရားရသည်၊ ထောက်သည် ဆိုပါသတည်း။

ထိုသို့ ကိုယ် ကိုယ်ကိုသိ၍ ကိုယ် ကိုယ်ကို အောင်နိုင်သူဖြစ်ပါက၊ နိဗ္ဗာန်မျက်မှောက်ပြုပြီ ပဋိဝေဓသာသနာ ထောက်ပြီ၊ 'ဥတ္တာရိနုတ္တိကိဉ္စိ ကရဏီယန္တိ' ဖြစ်ကြီးဖြစ်ပြီ၊ သာသနာ ဆိုတာ ဘာအယူမျှ မရှိကြောင်း အသိကောင်းပြီ၊ လူသားပြုလုပ်သည့် အယူစွဲ ဒါဏ်ချက်အသိုက်အမြုံကို လူသားကိုယ်တိုင် အမြစ်ပါ

မကြံ၊ ထွန်းလှန်ပါယ်ဖျက်ရမှု ကျူးစွဲသော သတိပြုမိပြီး၊ ၎င်း အသိကြီးခိုင်မြဲပြီ၊ သမ္မောဓိပရာယဏောဖြစ်ပြီး 'အဟောဝတ' သဘောကျ၍ မည်သည့် လောကဓံနှင့်ကြုံကြုံ 'အယူ' 'အသိ' 'အကြံ' မဖေါက်ပြန်တော့ပြီ၊ ဘုရားသားတော် သာသနာတွင်း သားဖြစ်ကြီးဖြစ်၍ သာသနာသုံးရပ် တထပ်ထည်း ဖြစ်အောင် ထမ်းဆောင်နိုင်သည့် သသနာ့ အာဇာနိကြီး ဖြစ်ရပေ၏။

ထို့ကြောင့် ကမ္မဘာလက်သုံး ဘာသာတရားနှင့် 'တနည်း' ထွေလျား များပြားလှသည့် အယူဘာသာ တရားနှင့် ထိုသည့် အယူဘာသာတရားတို့ကို အမှားအမှန်အတုအစစ် ခွဲခြမ်းစိစာန် ရှင်းလင်းသုတ်သင်သည့် သာသနာတရားတို့၏ ကဲ့ပြားခြားနား မှုကို အလေးအနက် သတိပြုကာ ဝေဘန်ဆန်းစစ်လျက် နည်း မမှန် လမ်းမကျသည့် ဘာသာတရားတို့ကို ရှောင်၍ သာသနာ တရားကို ဆောင်မှု ပရိက်္ခါကြပါလို့၊ သတိပေးတိုက်တွန်းရင်း ဘာသာနှင့် သာသနာခွဲခမ်းကို နိဂုံးချုပ်အပ်ပါသည်။

"သစ္စကထာ ကိယ်ကျင့်အကိစ္စမှာ"

ယနေ့မျက်မှောက်ကာလ ကမ္ဘာ့သားသမီးများ ဖြစ်ကြ သည့် လူသားအပေါင်းတို့မှာ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု အတွက် ရတက်မအား ပူဆွေးကြောင့်ကျ မျှော်လင့် တောင့်တ ကာ ကာယိက ဒုက္ခ-စေတသိက ဒုက္ခ ပဋိစ္စသမုပ္ပါဒ် ဖြစ်နေကြ ရပေ၏။

ထိုသည့်လူသားသည်၊ ကိုယ်၏ဆင်းရဲမှု စိတ်၏ဆင်းရဲမှုမှ လွတ်မြောက်ရန် လောကနည်း ဓမ္မနည်းအားဖြင့် အမျိုးမျိုး ဖြေရှင်းလျက်ရှိကြပါသည်။ ထိုသို့ဖြေရှင်းသည့်နေရာမှာလူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ် အသိုးယိုးတို့သည် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် လမ်းစဉ်အမျိုးမျိုး တီထွင်ကာ ရေးသားဟောပြောမှု လမ်းညွှန်ပြုလျက် ရှိကြပါသည်။

ကျွန်ုပ်တို့လည်း၊ တိုင်းရင်းသားတယောက် သာသနာ့ဝန်ထမ်း တဦးဖြစ်သည့်အားလျော်စွာ မိမိအား စားဝတ်နေမှုကျေးဇူးပြုကြသည့် စတုပစ္စယ ဒါယကာများကို ကျေးဇူးတုံ့ပြန်သောအား၊လောကလူသားအပေါင်းကို လွှမ္ဘဒုက္ခအပေါင်းမှ လွတ်မြောက်ရေး ရှေ့ဆောင်လမ်းညွှန် ပေးသွားသည့် လူသားဗုဒ္ဓအား ကျေးဇူးတုံ့ပြန်ဒသာအားဖြင့် မိမိသဘောပေါက် လွှမ္ဘဒုက္ခ ဖြေရှင်းနည်း၊ နိဿဉ်းကို အားဂါရမှု ဘိမ်ယာထောင်ပြု၍ နေကြသည့် လူသားအပေါင်းတို့ကို ရေးသားတင်ပြပါအံ့။

ကျွန်ုပ်၏ သဘောပေါက်မှုကို ရေးသား တင်ပြသည့် အခါမှာ လောကီနှင့်လောကုတ် (အနည်း) သစ်တနှင့် အသစ်တတို့ကို အလေးအနက်ထား၍ ခဲခြားရေးသားမည် မဟုတ်ပါ။ သဘာဝနယ်မှ သဘောသဘာဝကို တသားတည်းထား ရေးသားတင်ပြပါအံ့။ အဘယ်ကြောင့် လောကီလောကုတ် သစ်တ အသစ်ဘတို့ကို အလေးအနက်ထား၍ မခဲခြားဘဲ၊ တသားတည်းထားပြီး ရေးသားရပါသနည်းဟူမူ လောကလူသား ဗုဒ္ဓဘာသာအများစုတို့သည် လောကီ နယ်ကြီးကတခြား၊ လောကုတ္တရာ

နယ်ကြီးက သီးသန့်,သခ်ၤတနယ်ကြီးကတခြား၊အသခ်ၤတနယ်ကြီးကတခြား၊ နယ်ကြီးနှစ်နယ်၊ ပဥ္စဒ္ဒါရန့်ငှ့်တွေ့ထိလို့ ရသည့်ပမာခြားနားသည် ထင်မှတ် နေခြင်းကြောင့်, ဤသည့် ထင်မှတ်မှောက်မှားမှုကို ပါယ်ဖြောက်စေလိုသော ဆန္ဒကြောင့်ဖြစ်ပါသည်။

အမှန်ကတော့'လောကီ''လောကုတ္တရာသခ်ၤတ'အသခ်ၤတအားဖြင့်လက္ခဏာမျှားပြားသော်လည်း၊ မူလ အရင်းခံအားဖြင့် တသားတည်း ဖြစ်ပါသည်။ အကြောင်းကို ဆိုသော် လောကမျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်မှန်သမျှ ဘဝတွေ့ထိမှု မှန်သမျှတို့၏ အပေါ်မှာ အသိမှားအလုပ်မှားပါက လောကီသခ်ၤတတရား၊ အသိမှန်အလုပ်မှန်ပါက လောကုတ္တရာ အသခ်ၤတ တရားဖြစ်ပါသည်။ အဟုတ်သော် တမူကား ဓမ္မရုပ်က တခုတည်းသာလျှင်ဖြစ်သောကြောင့်ပါတည်း။

ဤနေရာမှာ၊ သတိရှု့ထား ဉာဏ်စေစားပါ၊ လူမှုရေးဒုက္ခ ဘာသာရေးဒုက္ခ သာသနာရေးဒုက္ခ စသည်အားဖြင့် ဒုက္ခအစားစား အနှောင်အဖွဲ့တွေက များလှပေ၏။ ဤသည့် ဒုက္ခအစားစား အနှောင်အဖွဲ့များမှ လွတ်မြောက်လိုသည့်၊ဝိမုတ္တိရသာထူးကို လိုလားသည့် လူသားသည်၊ အဘယ်ပြော သားကြားပရိဘာသာစကား၊ မိုရိုးဖလာဓမ္မဘာ တရားတို့ကို တွန်းလှန်ရပေမည်။ ဦးနှောက်ငှားကို ဖယ်ရှား၍ ကိုယ်ပိုင် ဦးနှောက်ဖြင့် မကြောက်မရွံ့နောက်မတွန့်ဘဲ ကိုယ့်အား ကိုယ်ကိုးပြီး အပြင်းအထန် ဝေဘန်ရပေဦးမည်။

ဦးနှောက်အင္ဂါးမဟုတ် ကိုယ်ပိုင်ဦးနှောက်ဖြင့် ကိုယ်တိုင် ဝေဘန်ဆန်းစစ်မှု သုတေသနပြုမှု ကိုယ်တိုင်သိ ကိုယ်တိုင်မြင် ဖြစ်မည်။ ကိုယ်တိုင်သိကိုယ်တိုင်မြင် ဖြစ်ပါက၊ ကိုယ့်.ကိုယ်ကို ပြန်မလိမ်တော့ပါ။ ကိုယ့်.ကိုယ်ကို နှိုင်းတော့သည် သာလျှင် တည်း။ဗုဒ္ဓဝါဒသည် အဓိကအားဖြင့်ကိုယ့်.ကိုယ်ကိုမလိမ်အောင် ကိုယ့်.ကိုယ်ကို နှိုင်းအောင်လုပ်သော ဝါဒသာလျှင် ဖြစ်ပါသတည်း။ ကိုယ့်.ကိုယ်ကို နှိုင်းခြင်းထက် ကောင်းမြတ်သာလွန်သောတရားသည်၊ အဘယ်မှာရှိပါအံ့နည်း။ ထို့ကြောင့်ဗုဒ္ဓက—

ယောသဟာဃဲ သဟဿေန၊ သင်္ဂါမေ မာနုသေဓိနေ
ဧကဉ္စ ဇေယျမတ္တာနံ၊ သဝေသင်္ဂါမ ဇုတ္တမော။ စသည်ဖြင့် ဟောကြားမိန့်မှာခဲ့ပေသည်။

ကိုယ့်.ကိုယ်ကို အောင်သူဖြစ်အောင် ကိုယ်ပိုင်ဉာဏ်စေစား၍ ဝေဘန်ဆန်းစစ်ပါက လောကီလောကုတ္တရာ သစ္စာတရားတဆိုသည်မှာ နယ်ကြီးနှစ်နယ်ပဥ္စဒြါရနှင့် 'အမြင်ခံတရား' ရှိကြသည်မဟုတ် ပဥ္စဒြါရံအပေါ်မှ ရှုမြင်ချက်ခြင်းမတူ၊ တွေ့ထိမှုခြင်း ကဲ့ပြား ခြားနားသည့် အပေါ်မှာ၊ နာမ်မြင် က'မြင် (တနည်း) သညာမြင် ဝိညာဏ်မြင်ဖြစ်ပါက လောကီသစ္စာတရား၊ ဉာဏ်မြင် ပညာမြင်ဖြစ်ပါက လောကုတ္တရာ, အသစ္စာတရားဖြစ်ပါသည်။ ဤသည့် ခြားနားချက်ကို ပိုင်နိုင်စွာ သိဘို့လိုအပ်ပါသည်။ ဤသည့် ခြားနားချက်ကို မသိပါက လောကီနှင့်လောကုတ္တရာ ဆိုတာ အဝတ်ပေါ်မှာ,အပြာ ပေါ်မှာ, အစားပေါ်မှာ အဆောင်အထောင် ပကာသနပေါ်မှာ,ခြားနားသည် ထင်မှတ်၍ အဝတ်သူတော်ကောင်း, အပြာ သူတော်

ကောင်း၊ အစားသူဒုစ္စာကောင်း ပေါ်မှာ သောင်တင်ပြီး မျက်စိလည် လမ်းမှားတတ်ကြပါသည်။

ဘုန်းအားဖြင့်ဆိုသော်—

ဤမသို့ယေဘုယ်ကဋ္ဌဝေရ-ဗျာမမတ္တာ, သမနက, သဝိညာနကေ လောကဋ္ဌဝေ ပညာပေမိ၊ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓ ဂါမိနိ ပဋိပဒဉ္စ ...

လာရှိဒေသနာ သေအချာစဉ်းစားဝေဘန် အဖြေမှန်ရှာပါက၊ တလံမျှလောက်သော ခန္ဓာကိုယ်အကျိုး ဝိပါတ်ရုပ်ကြီး၌ အတွင်းရုပ် အပြင်ရုပ်, အကြောင်းတိုက်ဆိုင်ပြည့်စုံ ညီညွတ်ပါက ပရမတ် ရုပ်နာမ်ဘုန်းများ ထပ်မံနား ဖြစ်ကြပါသည်။ ဤသည့် ပရမတ် ရုပ်နာမ်သည်ပင်လျှင် လောကဖြစ်ပါသည်။ ၎င်းပရမတ် ရုပ်နာမ်လောကမှာ ကောင်းဆိုးနှစ်တန် အမှန်ရောပြွမ်း ဖြစ်ပျက် လျက်ရှိပေ၏။ ထိုသို့ ကောင်းဆိုးနှစ်ဘန် မှားမှန် ရောပြွမ်း ဖြစ်ပျက်နေတာကို လူတိပလူတိတိ လေးကော်ဝိဂ္ဂိဟ်နှောမှု သတိပြုပါက လောကီသဒ်တ တရားလို့ ခေါ်ဆိုသမုတ်ကြရာ၏။ (၀၂) ပရမတ် ရုပ်နာမ်လောက အပေါ်မှာ အမြင်မှန်မပေါက် အသိဉာဏ်မရောက်ပါက လောကတရားလို့ ခေါ်ဆိုရာ၏။

လောကုတ္တရာ တရားဆိုသည်မှာလည်း အထက်မှာပြအပ်သည့် ပရမတ် ရုပ်နာမ်အပေါ်မှာ အမှားမဖက် အဆိုးမစွက် မူလသဘောသဘာဝသက်သက်ကို အသိမှန်ပေါက် အမြင်မှန်ရောက်သည်ကို

လောကုတ္တရာတရားလို့ ခေါ်ဆိုတာပါ၊ အမှားမဖက် အဆိုးမစွက်၊ အဆိုးအမှားမှ လွတ်သွားတာကို 'လောကေတာ ဥတ္တရော လောကုတ္တရော' ဝိဂြိုဟ်နှောမှု ကိုယ်ပိုင်ဥာဏ်နှင့် ဝေဘန်ပြုပါက လောကုတ္တရာတရားလို့ လုက်ခံပြုရာ၏။ အမှန်ကတော့ လောကီလောကုတ္တရာတရားဆိုတာ ရှုမြင်သုံးသပ်ပုံမတူသည့် အပေါ်မှာခြားနားတာပါ။ ရှုမြင်သုံးသပ်စရာကတော့ တခုတည်း၊ တပါးတည်းသာလျှင် ဖြစ်ပါသတည်း။

လောကီ၊လောကုတ္တရာ၊သခ်ာတ၊အသခ်ာတ တရားဆိုတာ မျက်မြင် ကိုယ်တွေ့အားဖြင့် နှစ်ဋ္ဌာန နယ်ကြီးနှစ်နယ် ခြားနားလျက်မရှိကြောင်း အသိကောင်း အမြင်မှန် အရင်းခံထားပြီး ဥပါဒါန် ဒုက္ခအပေါင်းမှ လွတ်မြောက်မှု ပရိုက်ပြုကြပါစို့။

မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ သိမှု အတွက် ရတက် မအေး ပူဆွေးဒုက္ခ၊ ကြောင့်ကျမှု၊ တောင့်တမှု ဖြစ်နေရသည့် လူသားအတွက် လွတ်မြောက်ရေး လမ်းစ, လမ်းညွှန် ပြရမည် ဆိုလျှင် မိမိ တွေ့ကြုံ ခံစား နေကြရသည့် ဒုက္ခအပေါင်းသည် ဘာကြောင့် ဖြစ်သနည်း။ ဘယ်လို ဖြစ်ပုံ ဖြစ်နည်းကဲ့နည်း။ ၎င်းအမေးသုံးချက်ကို အကွက်ကျကျ အစပထမမှာ အပြန်ပြန် အလှန်လှန်(အနုပဋိလောမ)နည်းအားဖြင့် ပုစ္ဆာထုတ် ဝိသဇ္ဇနာ ပြုလုပ်ရာ၏။

ဒုက္ခအပေါင်းက ဘာကြောင့်ဖြစ်သနည်း၊ ဒုက္ခဖြစ်မှုက ဘယ်မှာ အခြေခံသနည်းဆိုတာ အရင်းကျကျ ရှာမည်ဆိုလျှင် ယနေ့ မျက်မှောက် လောကမှာ လူသည် အရင်းခံ အကျဆုံး ဖြစ်သည်ဆိုတာ အားလုံး လက်ခံကြပြီး ဖြစ်ပေသည်။ ဤသည့်

အရင်းခံကြသည့် ခန္ဓာကိုယ် ရုပ်ဒြပ်ကြီးသည် အရင်းခံ ပင်မ အားဖြင့် ဘာကြောင့်ဖြစ်သနည်း။ ၎င်းရုပ်ဒြပ်ကြီးမှာ အသေးစိပ် အားဖြင့် ဘာတွေပါဝင်နေသည်၊ သူ၏ သဘောက မည်သို့ ဆောင်သည်၊ အဆုံးသပ် လမ်းဆုံးအားဖြင့် မည်သို့ ဖြစ်သည် ဆိုတာ ဦးနှောက်ဌား မဟုတ်၊ ကိုယ်ပိုင်ဦးနှောက်ဖြင့် ဆန်းစစ် ဝေဘန် အဖြေမှန်ရှာရန် လိုအပ်ပါသည်။ ဘာသာရေး သာသနာ ရေးမှာ ဦးနှောက်ဌားနှင့် အရာမပါ ခရီးမရောက် လိုရင်း မပေါက်နိုင်ပါ။

လူသား၏ ခန္ဓာကိုယ် ရုပ်ဒြပ်ကြီး စတင် ပေါက်ဖွားရာ အရင်းခံပင်မသည်။

အယမေကာယော ရူပ-ဓာတုမယော ဘူတကော
မာတာပေတ္တိကသမ္ဘဝေါ ဩဒနကုမ္မာသုပစယော
အနိစ္စုစ္ဆာဒနဝိဓံသန-ဘေဒနဓမ္မော။

လူသား၏ ခန္ဓာကိုယ်ကြီးသည် ရုပ်ကြီးသာလျှင် ဖြစ်သည်။

ဤရုပ်ကြီးသည် မာစပြာ (ပထဝီ)၊ ဖွဲ့ပါတ်, ယိုစီး (အာပေါ)၊ ပူ, အေး (တေဇော)၊ တွန်းကန်, ငြိမ်သက် (ဝါယော) ဆိုသည့် ဓာတ်ကြီးလေးပါးသာလျှင် ဖြစ်သည်။ အမိ အဖတို့၏ သွေးရောစပ်မှု အကြောင်းပြုသည့်အခါ ရေ-လေ တည်းဟူသော ဗဟိဒ္ဓရုပ် လောကမှ သက်ဦး ဩဇာခတ်နှင့် သမဘာဂ 'သဟဇာတ' ဖြစ်ရခြင်း အရင်းခံတရားများ အချိုးအစား ညီမျှ အကြောင်းစုံမှ လူသား၏ခန္ဓာကိုယ် ရုပ်ဒြပ်ကြီး ဖြစ်ပါသည်။

ဤသည့်လူသား၏ ခန္ဓာကိုယ်ရုပ်ဒြပ်ကြီးမှာ အသေးစိပ်အားဖြင့် "ကေသာ, လောမာ, နခါ, ဒန္တစသည်အားဖြင့် သုံးဆယ့်နှစ်ပါး (၀၇) ဆံပင် မွေးညှင်း အရိုးအသား အကြောမျှားနှင့် ရိုးတွင်း၊ ချဉ်ဆီ၊ အူသိမ်၊ အူမ၊ အဆုပ်၊ အသည်း၊ ကျောက်ကပ်၊ နှစ်လုံးစသည် အလိလိအားဖြင့် သုံးဆယ့်နှစ်ပါး အကျုံးဝင် ပေါင်းစပ် တည်ရှိနေပါသည်။ ၎င်း သုံးဆယ့်နှစ်ပါးသော အပေါင်းအစုသည် ရုပ်တရား မျှားသာလျှင် ဖြစ်သည်ကို အထူးသတိပြုသင့်သည်။ မည်သည့် စိတ် ဝိညာဏ် နာမ် တရားမျှမပါ။ မည်သည့် အသက် လိပ်ပြာမှု မရှိ၊ ပကတိ ရုပ်သားသာလျှင် ဖြစ်ပါသည်။ အသက် လိပ်ပြာ၊ ဇီဝါ၊ လောက်လမ်းသဘုယ် ဝိညာဏ်ဘုယ်ဆိုသည်မှာ လူသားအဆင်မှားမှုအထင်ခံ တရားသာလျှင် ဖြစ်သည်။ အမှန်ကတော့ မရှိပါ။ အသက်ဆိုသည်မှာ အထက်တွင် ပြအပ်သော သုံးဆယ့်နှစ်ပါး အပေါင်းအစု အစ္စတွိုက ကွန်ဒိုယဗဒ္ဓရုပ်မျှားနှင့် ဗဟိဒ္ဓလောကမှ အဆင်းအသံ အနံ့ အရသာ အတွေ့ တည်းဟူသော အစာ, ရေ, အနိန္ဒြယဗဒ္ဓရုပ်မျှား အချိုးအစားညီမျှစွာ ပေါင်းဆုံးမှု အရှိန်စုံစွမ်းအားကို အသက်ရှင် နေသည်၊ အသက်ရှိသည်လို့ ခေါ်ဆိုသမုတ်ခြင်း ဖြစ်သည်။

ထိုဆိုအပ်ခဲ့ပြီးသော သုံးဆယ့်နှစ်ကောဋ္ဌာသ ရုပ်လောကလူ့ကမ္ဘာမှာ၊ လူသားအတွက် အချက်ကျ အဓိကပါအရာရောက်၍ အသုံးဝင်လှသည့်မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယခြောက်ဌာနရှိပါသည်။ (ဒုါရခြောက်ပါး-ပဿာဒ ခြောက်မျိုး

လို့လည်း ခေါ်ပါသည်)။ လောကီ လောကုတ္တရာ၊ သခ်ၤာ၊ အသခ်ၤာ တရား တို့လည်း ၎င်းခြောက်ဌာနမှာ ဖြစ်ပါသည်။ အရင်းခံအားဖြင့် လောကီ လောကုတ္တရာဆိုတာ ၎င်းခြောက်ဌာနမှာဖြစ်သည်။ ကိလေသာတဏှာ ဖြစ်တော့လည်း ၎င်းခြောက် ဒ္ဒါရမှာဖြစ်သည်။ ပြတ်တော့လည်း ထို ဒ္ဒါရခြောက်ပါးမှာ ပြတ်သည်။ ထို့ကြောင့် နိဗ္ဗာန်ဆိုတာလည်း ခြောက် ဒ္ဒါရမှာဖြစ်သည်ရှိသည်ဆိုတာ သဘောပေါက် လက်ခံယုံကြည်နိုင်ရန် အထူး လိုအပ်ပေသည်။

အကြောင်းစုံအောင် ပြောမည်ဆိုပါက ကိလေသာ အစားစား, တဏှာများ၊ ဘယ်ဌာနမှာ ဖြစ်သနည်းဆိုက "မျက်စေ့ နာ၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယ" ခြောက်ဌာနမှာ ဖြစ်ပါသည်။

ကိလေသာအစားစား တဏှာများမည်သည့်အခါမှာဖြစ်သနည်းဆိုက "မြင်စိတ် ဖြစ်ဆဲ၊ ကြားစိတ် ဖြစ်ဆဲ၊ နံစိတ် ဖြစ်ဆဲ၊ စားစိတ် ဖြစ်ဆဲ၊ ထိစိတ် ဖြစ်ဆဲ၊ သိစိတ် ဖြစ်ဆဲ" မှာ မသိမှု အကြောင်းခံပါက တပြောင်းပြန်ပြန်, စိတ်ခြောက်မျိုး ဖြစ်ဆဲကာလမှာ ကိလေသာတဏှာများ ဖြစ်ပါသည်။

ကိလေသာ အစားစား တဏှာများ ဘာကြောင့် ဖြစ်သနည်းဆိုပါက မြင်စရာအဆင်းမှန်သမျှ (ရူပါရုံ) ကြားစရာ အသံမှန်သမျှ (သဒ္ဒါရုံ) နံစရာအနံ့မှန်သမျှ (ဂန္ဓာရုံ) စားစရာ အရသာမှန်သမျှ (ရသာရုံ) တွေ့ထိစရာ အတွေ့အထိ မှန်သမျှ (ဖောဋ္ဌဗ္ဗာရုံ) သိစရာအဟောင်းတရားမှန်သမျှ (ဓမ္မာရုံ) ဤသည့်

အာရုံခြောက်ပါး၏ မူလအရင်းခံ သဘောတရားကို နားမလည်အသိမမှန်ပါက ထိုအာရုံခြောက်ပါးသည်ပင်လျှင် ကိလေသာတရားများဖြစ်စေတတ်သော အာရုံများဖြစ်ပါသည်။

ဤနေရာမှာ ကိုယ်ပိုင်ဉာဏ်စေစား၍ ဝေဘန်အပ်လှပေသည်။ကျွန်ုပ်တို့သည် ကိလေသာကိုပါယ်ရမည်ဆိုတာဗုဒ္ဓဘာသာတိုင်း သိကြလက်ခံကြပေမည်။ ဒါပေသည့် ကိလေသာ ဆိုတာဘာလဲလို့ အရင်းကျကျ ပိုင်ပိုင်နိုင်နိုင် လေ့လာ ရှာကြံမှုကြတော့ သတိမပြု လစ်လျှူ ရှုကြသည်သာ၊ အမှန်ကတော့ ကိလေသာဆိုတာ မသိမှုနှင့်ဖြစ်သမျှ ကိလေသာကြီး ဟူ၍သိထု၏။

ထို့နည်းအတူ တဏှာဆိုတာဘာလဲလို့ အရင်းခံကျကျ ရှာကြံတတ်ဘို့ လိုလာပြန်သည်။ တဏှာဆိုတာ သခ်ၤာအရေအတွက်အားဖြင့် များလှသော်လည်း လိုရင်းကို အမိဘာသာစကားနှင့် ထည့်တည့်ကြီး ပြန်ဆိုပါက မိမိဘဝပေး အခြေအနေထက် ပိုလွန်၍ အလိုရှိမှုမှန်သမျှကို'တဏှာ'လို့ခေါ်ဆို သိမှတ်ထု၏။

ထို့နည်းအတူ ဘာသာရေး သာသနာရေး နယ်ပါယ်မှာ အဓိကအရေးပါလှသည့် ပါယ်သတ်ရမည့်'ဇာတိ'ကို သိရန် လိုလာပြန်သည်။

ဇာတိဆိုတာ 'အဖြစ်' သဘောပါဘဲ၊ ဘယ်မှာဖြစ်တာလဲ၊ ဘယ်လိုဖြစ်တာလဲ ဆိုပါကဲ၊ ခြောက်ဒွါရမှာ ဖြစ်သည်။

အခြောင်းစုံအောင် ပြောမည်ဆိုလျှင်၊ ခြောက်ဒုါရခြောက်အာ ရုံ၊ ခြောက်ကိစ္စမှာ ဖြစ်သည်၊ ဘယ်လိုဖြစ်သနည်း ဆိုလျှင် ခြောက်ဒုါရ၊ ခြောက်အာရုံ၊ ခြောက်ကိစ္စ အခြောင်းစုံသည့် အခါမှာ၊ မသိမှုအခြောင်းခံ၍ ကောင်းက မကောင်းက တွေ့ တပြောင်းပြန်ပြန်ဖြစ်နေ၏။ ဤသည့် 'အဖြစ်သဘော' ကို 'ဇာတိ' လို့ ခေါ်ဆိုလက်ခံသိထု၏။

ထို့အတူ ခန္ဓာ, သံသရာ-ဖဋိစ္စသမုပ္ပါဒ်တို့လည်း ဤသည့် ခြောက်ဒုါရ ခြောက်အာရုံ ခြောက်ကိစ္စမှာ ဖြစ်ခြောင်းအသိ ကောင်း အမြင်မှန်ရန်၊ ကိုယ်ပိုင် ဉာဏ်ယှဉ်မှု၊ အထူးသတိပြု ထု၏။

အဝိဇ္ဇာနယ်သား၊ မိစ္ဆာဒိဋ္ဌိမှ ပေါက်ဖွားသည့် ကိလေသာ တဏှာ ဇာတိ၊ ခန္ဓာ၊ သံသရာ၊ ပဋိစ္စသမုပ္ပါဒ် စသည့် လောကဘာထားများကို၊ ခြောက်ဒုါရမှာ ဖြစ်ခြောင်း အသိ ကောင်းထားရန် မှာကြား သတိပေးမှု အာကျဉ်း အားဖြင့် ပြုပြီးပြီ။

ယခုတဖန် 'ဝိဇ္ဇာ' နယ်သား သမ္မာဒိဋ္ဌိမှ ပေါက်ဖွားသည့် လက္ခဏာ 'မင်' 'ဗိုလ်' 'နိဗ္ဗာန်' ဆို ထိုထိုလောကုတ္တရာ တရားတို့ကို မည်သည့်ဌာန မည်သည့်ကာလမှ ဖြစ်သလဲလို့ အကျဉ်းအားဖြင့် သိကားရန် လိုအပ်သည့် အားလျော်စွာ လက္ခဏာဉာဏ်၊ သစ္စာ ဉာဏ်ကိုမပြမီ၊ အကျဉ်းအားဖြင့်သိထားရမှာကတော့၊ ထိုထိုလော ကုတ္တရာ တရားတို့လည်း ခြောက်ဒုါရ၊ ခြောက်အာရုံ၊ ခြောက်ကိစ္စ မှာ ဖြစ်ပါသတည်း။

လောကသံသရာဆိုတာ၊ လူ့ခန္ဓာမှာဖြစ်ကြောင်း အသိကောင်း လက်ခံယုံကြည်ရန် လိုသည်။ လူ့ကမ္ဘာ၊ လူ့ခန္ဓာ၊ လူ့သံသရာကို အသိဉာဏ်းအမြင်မှန်အောင် သဘောပေါက်ပိုင်အောင်လုပ်မှသည်၊ လွတ်မြောက်ရေးအတွက်၊ အဓိကအချက်ဖြစ်ပါသတည်း၊ (၀၇) လူသည် လူ့အကြောင်းကိုသိအောင်လုပ်မှသည်၊ ဗုဒ္ဓလမ်းစဉ်အဆုံးအမ၌ အဓိကအကျဆုံး အရင်းခံတရားလမ်းဆုံးတရားပါပေ။ ထို့ကြောင့် လူသား အကြောင်း၊ လူ့ကမ္ဘာ လူ့ခန္ဓာ၊ လူ့သံသရာအကြောင်းကို သဘောပေါက်ပိုင်အောင် လူကျင့်အဘိဓမ္မာကို ရေးသား လမ်းညွှန်ပြုပါအံ့၊ ကိုယ်ပိုင်ဉာဏ်နှင့် အပြင်းအထန် ဝေဘန်ကြပါကုန်။

"ယခု ကျွန်ုပ်ရေးသားမည့် လူကျင့် အဘိဓမ္မာသည် ဘာသာရေးသိမ်းသွင်းမှုမပါ၊ လွတ်မြောက်ရေးတရားသက်သက်ကိုပြပါမည်။ လွတ်မြောက်ရေးတရားကိုပြသည့် နေရာမှာလည်း သခ်ါရဖေကွာဉာဏ်စခမ်းက ပြပါမည်"

ယနေ့ မျက်မှောက်ကဲ့လ ဗုဒ္ဓဘာသာလူသား အမြတ်တနိုးထား၍ လိုလားတောင့်တမှုပြုနေသည့် 'နိဗ္ဗာန်' သည်ဝတ္ထု၊ ကာမဂုဏ် ကိလေသာကာမဂုဏ်တို့၏ အကြား ကိုယ့်အနားမှာ ရှိပေသည်။ ဝတ္ထု၊ ကာမဂုဏ်နှင့် ကိလေသာ ကာမဂုဏ်တို့က ဖုံးထား၍ မမြင်ရ၊ မျက်မှောက်မပြုရပေ။

ကာမစ္ဆန္ဒာ နုပသန္တိ၊ နိဗ္ဗာနံကာမမန္တရေ၊
ပသန္တိကတောအန္ဆံ၊ တသ္မာဆန္ဒံဝိနောပယေ။

ထိုထိုကာမဂုဏ်တို့ကို၊ ကာယသခ်ါရနှင့်လည်း မခဲ့နိုင်။ စစ်သခ်ါရနှင့်လည်း မခဲ့နိုင်၊ မည်သည့် သခ်ါရနှင့်မျှ မမဟိယ် ဖျက်နိုင်၊ (၀၇)နိဗ္ဗာန်သည် 'ကုသိုလ်' 'အကုသိုလ်'တို့နှင့်လည်း လဲလှိုမရပါ၊ "သခ်ါရုပေက္ခာဉာဏ်မဆိုက်ဘဲ" မဂ်ဇော၊ ဖိုလ်ဇော ကျလို့မရသည်ကို အလေးအနက်သတိပြု။

ထိုထိုကိလေသာကာမဂုဏ်တို့ကို 'ပညာဉာဏ်'မှအကြွင်း မဲ့ပဟိယ်သတ်နိုင်သည်၊ နိဗ္ဗာန်သည် ကံသခ်ါရမျိုး မဟုတ်ပေ။ ကံလမ်း နာမ်လမ်းမဟုတ်ပါ၊ ဉာဏ်လမ်းသာလျှင်ဖြစ်ပါသည်။ "ပညာယ သမ္ပဇ္ဇဒ ပဟာနဝေသနကိလေသာ ပဟာနံပကာသိတံဟောတိ" ထို့ကြောင့် 'လက္ခဏာဉာဏ်' 'သစ္စာဉာဏ်' အမြင်မှန်ရေး ကမ္မဋ္ဌာန်းကို ဘာဝနာတပ္ပ ဗဟုလီကတ ပြုကြပါစို့။

အယံခေါဘိက္ခဝေ ကောဓမ္မော အာသေဝိတော ဗဟုလီကတော သောတာပတ္တိ ဖလသစ္ဆိကိရိယာယသံ ဝတ္တတိ၊ သကဒါဂါမိဖလ သစ္ဆိကိရိယာယ သံဝတ္တတိ၊ အနာဂါမိဖလ သစ္ဆိကိရိယာယ သံဝတ္တတိ၊ အရဟတ္တ ဖလသစ္ဆိကိရိယာယ သံဝတ္တတ်ီ။

သောတာပန် သကဒါဂါမ်စသည့် အရိယာ သူကောင်း သူမှန် သူမြတ် ဖြစ်လိုသူသည်(၀၇)ဝိမုတ္တိရသ ဖြစ်သည့်နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူသည်၊ တခုသော 'သဘာဝ' နိယာမသဘော တရားကို ပေါက်ပိုင်အောင်၊ လေ့လာဝေဘန်သုံးသပ်မှု အဖန်ဖန်ပြုရာ၏၊ ထိုသို့ ဝိမံသနဉာဏ် အရင်းခံထားရှိ ဝိစာရဏဉာဏ်

ဖြင့် အခါခါဝေဘန်၍ အမြင်မှန်ပေါက် အသိဉာဏ်ထောက်ပါက သောတာပန်အစ ရဟန္တာအဆုံး အရိယာ(သူမှန်သူကောင်း)ဖြစ်ကြမည်ကား မြေကြီးလက်ခတ် မလွဲပါတည်း။

တခုသောသဘောတရားကို ပေါက်ပိုင်အောင် ပွားများပါက အရိယာ (သူမှန်သူကောင်း) (၀၊) လူမှန် လူမြတ်များဖြစ်နိုင်ပါသည်ဆိုတော့၊ တခုသော သဘောတရားက ဘယ်မှာ ဆင်ခြင်ရ၊ သိရမှာနည်းဆိုသော်၊ အဝိဇ္ဇာ၊ မောဟ၊ လောဘ၊ တဏှာ၊ ကိလေသာအစားစား မတရားမှုများ ဖြစ်တော့လည်း၊ မျက်စေ့ပေါက်၊ နားပေါက်၊ နှာပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ မနောပေါက်မှာဖြစ်၍၊ ဝိဇ္ဇာ၊ အမောဟ, လက္ခဏာဉာဏ်သစ္စာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဖြစ်တော့လည်း မျက်စေ့ပေါက်၊ နားပေါက်၊ နှာပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ မနောပေါက်မှာဖြစ်ကြောင်း အထက်တွင် ပြဆိုခဲ့ပေပြီ။

ထို့ကြောင့် မတရားမှု အစားစား တဘက်ကျ၊ ဝါဒဒုက္ခအစားစား မဖြစ်ရေး၊ တရားမှု အစားစား၊ မဂ္ဂင်ပဋိပဒါတရားများဖြစ်ရေး'မျက်စေ့အနိမိတ္တ သုညတကေ့မ့်' နား၊နှာ၊ လျှာ၊ ကိုယ်,မနော၊ အနိမိတ္တသုညတ ဇကေမမှ ဆိုက်အောင် သတိအားကောင်းကောင်း သဒ္ဓါမောင်းသန်သန် ပညာဉာဏ် ဦးစီးပြီး နောက်ဆုပ်ဖြည့်စွက် ဝေဘန်စရာ မရှိသည့် အခြေထိ (၀၊) သိစရာလမ်းဆုံးသည်အထိ ဝေဘန်လေ့လာကြရာ၏။

မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဟဒယအားဖြင့် ဒွါရခြောက်ပါး အတွင်းရုပ်များ၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ

အတွေ့အကုံ အယောင်းတရားအားဖြင့် ခြောက်ပါး၊ အပြင်ရုပ်မျှား၊ထိုအတွင်းရုပ်နှင့် အပြင်ရုပ်မျှား၊ ဆိုင်ရာဆိုင်ရာ ရုပ်ခြင်းတွေထိတိုက်ခတ်သည့်အခါ မြင်စိတ်၊ကြားစိတ်၊ နံစိတ်၊ စားစိတ် ထိစိတ်၊ သိစိတ်အပေါင်းခဝတ် ခြောက်ပါးအားဖြင့် အခံခဝတ် အတွင်းရုပ်၊အတိုက်ခဝတ်အပြင်ရုပ်၊ အပေါင်းခဝတ် နာမ်၊သုံးပါး ပေါင်းစပ်တဆယ့်ခြောက်ရုပ်သောရုပ်ခဝတ်၊ နာမ်ခဝတ်မျှားဖြစ်ကြပါသည်။ အရေအတွက်အားဖြင့် ဘယ်လောက်ပင် မျှားမျှားလက္ခဏာအားဖြင့် အနိစ္စ၊ ဒုက္ခ၊အနတ္တသာလျှင် ဖြစ်ပါသတည်း၊ (ဝါ)ရုပ်၊ နာမ်၊ခန္ဓာ အာယတနခဝတ်တို့သည် အနိမိတ္တာသုညတ တဏှာမျိုးတည်းသာလျှင် ဖြစ်ပါသတည်း။

လက္ခဏာဥဒ္ဒါန်

အနိမိတ္တာသုညတ ဖြစ်ဟန်ကား၊ မျက်စေ့သည် ဥတုဇ ခန္ဓာအိမ်မှ အဓိကကျသည့် အစိပ်အပိုင်းတခု ဖြစ်ပါသည်။ ၎င်းမျက်စေ့ကို ခဝတ်ခဲ့ကြည့်ပါက မာ၊ပြဉ်၊ (ပထဝီ) ဖွဲ့ပါတ် ယိုစီး (အာပေါ) ပူအေး (တေဇော) တွန်းကန်–ငြိမ်သက် (ဝါယော) ဆိုသည့် အရင်းခံတရား မဟာဘူတ ခဝတ်ကြီး လေးပါးကိုတွေ့ရပါသည်။ နောက်ထပ်ဘဖန် တဆင့်တက်၍ ဝေဘန်ပါက၊ထိုမဟာဘူတ ခဝတ်ကြီးလေးပါးကို မှီပြီး ဖြစ်နေသည့်ဖြူ-နီ-ပြာ-ဝါစသည်အားဖြင့်အဆင်းခဝတ်(ဝဏ္ဏ)ချို-ချဉ်-ဖန်-ခါးစသည်အားဖြင့် အရသာခဝတ်(ရသ)မွှေးမှု၊ နုံမှု၊ ညှိမှု အစုစုတို့အကြုံးဝင်သည့် အနံ့ခဝတ် (ဂန္ဓ) ကြယ်ပြန့် ကြီးကား

တိုးပွားစေသည့် သက်ဦးဆုံစေဘဝတ်(ဆုံဇာ)ဆိုသည့် ဓာတ်ငယ်လေးပါး ဥပါဒါရုပ်များ ဖွဲ့ရပါသည်။ မဟာဘူတဓာတ်ကြီးလေးပါး, ဥပါဒါရုပ်ဓာတ်ငယ်လေးပါး ပေါင်း ရှစ်ပါးသော ခွဲခွါလို့မရကောင်းသည့် အဝိနိဗ္ဘောဂရုပ်များကိုဖွဲ့ရပါသည်။

ဤသည့် အဌကလာပ်ရုပ် အဝိနိဗ္ဘောဂရုပ် ဓာတ်တရား စတ္ထုန်ရုပ်များမှာ၊ အသက်လိပ်ပြာ ဒီဝါ-အဘ္ဘ နာမ်ဝိညာဏ်ကိုတို့, ပုရိ၊မရှိမှုကို သတိပြုဆင်ခြင်၊ အမြင်မှန်ပေါက် အသိဉာဏ်ထောက်ထား၏။

စက္ခုဒွါရ မျက်စေ့ပေါက်မှ ဓာတ်ခွဲ၍ ပညာဉာဏ်နှင့် ဝေဘန်အဖြေမှန်ရှာတော့ အဌကလာပ် အဝိနိဗ္ဘောဂရုပ်ကိုသာ အဟုတ်အမှန်အားဖြင့် ဖွဲ့ရပါသည်။ အတ္တဝိညာဏ် သတ္တ, ဇီဝ၊ ပုဂ္ဂလတို့ကို စမ်းသပ်ရှာဖွေလို့ မတွေ့ရပါ ။ဘာကြောင့် မတွေ့သနည်းဟူမူ ဤသည့် အတ္တဝိညာဏ်,သတ္တ,ဇီဝ, ပုဂ္ဂလတို့သည် ဘယ်တော့မှ, မည်သည့်အခါကမှ,မရှိသည့်၊ အရှိတရား မဟုတ်သောကြောင့်တည်း။

ဤသို့ မျက်စေ့ပေါက်မှာ အတ္တဝိညာဏ် အသက်လိပ်ပြာကင်းဆိတ်ပုံ(ဝါ)အတ္တအနိမိတ္တ ဝိညာဏ်အနိမိတ္တ ပုဂ္ဂလ,သတ္တအနိမိတ္တဖြစ်မှု ဉာဏ်မြင်ရှုနိုင်မှု အလေးဂရုပြုရ၏။ အနိမိတ္တဉာဏ်ရပါက၊ အတ္တ နိစ္စ သုခ သုဘ,ဇီဝ,နိမိတ္တများ တကယ်ရှိသည် ထင်မှတ်မှု သမုဒယ အစားစား ကိလေသာများ စွန့်ပြီး ပျံယ်ပြီး ချုပ်ပြီး ငြိမ်းပြီး ဖြစ်မည်ကား မလွဲမှုချပါတည်း။

ထို့ကြောင့် ဗုဒ္ဓက....

အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယ မုဟာစိဿ
တဘောမာနာဘ် သမဒယာ၊ ဥပသန္တော စရိသတိ။
စသည်ဖြင့် မိန့်ဟခဲ့ပါသတည်း။]

အမိဘာသာအားဖြင့် ပြန်ဆိုသော်၊ အနိမိတ္တံ၊ အသက်လိပ်ပြာ ဇီဝါစဉ်းမရှိတရားကို အရှိထားကာ အထင်မှားနေကြသည့် သနိမိတ္တ အရိပ်နိမိတ်မှ ကင်းဆိတ်သည့် သုညတအနိမိတ္တကို။ ဘာဝေဟိ၊ မကြောက်မရဲ့ နောက်မတွန့်ဘဲ ရဲရဲကြီးသာ ကိုယ်ပိုင်ဉာဏ်နှင့် ဝေဘန်ကြည့်ရှု့ လေ့လာမှုပြုလိုက်ပါတော့လော။ မာနာနုသယံ၊ မရှိတရား အရှိထားကာ အထင်မှားနေကြသည့် အသက်၊ လိပ်ပြာ, ဇီဝါ, စဉ်းအနုသယကိလေသာအစဉ်းစဉ်းတို့ကို။ ဥဟဉ္စ၊ မကြောက်မရဲ့ နောက်မတွန့်ဘဲ အဘဝပြာသားကြား မိုရိုးဖလာ ဓမ္မတာ တရား, တဆင့်စကား တဆင့်ကြား ပရိဘာသာတရားဝတ္ထုကို မမှန်မမှား လောကာ တရားတော်ပါလားလို့ ကိုယ်ဘိုင်ကိုယ်ပိုင် ဇောဘန် ဉာဏ်ဖြင့် ပါယ်လှန်စုန်လွှတ်လိုက်ပါဘဲလော။ တစ်ဘာ မာနာဘိ သမယော၊ ထိုဘကာယ်ထင်မှတ်မှု အတွေ့ သမုဒယ သတ္တဇီဝါစဉ်းမိရိုးဖလာ ဓမ္မဘာ တရားမျှားကို လွှန်မြောက်၍ သုညတအနိမိတ္တသို့ ဆိုက်ရောက်သည်ရှိသော် "ဥပသန္တော၊ တကယ်ထင်မှတ်မှုတော့ ဆိပ်သုဉ်း ချုပ်ငြိမ်းလျက်၊ စရိသတိ၊ အတိတ်စံ့အနာဂါတ်စံ့ အတိတ် အနာဂါတ် အနှောင် အဖွဲ့ တွေ့မှ

လွတ်ကင်းပါသဖြင့် "စေတောဝိမုတ္တိဖလ" "ရူပနိဿရကထုံး" နှင့်ပြည့်စုံ၍ ကိုးရောစိတ်ပါ ချမ်းသာစွာ နေရလတံ့။

ပုဂ္ဂလ သတ္တ အတ္တ ဇီဝ နိစ္စ သုခ သုဘ စသြား ထင်မှတ်မှု အစားစားတို့ကို အနိမိတ္တာဉာဏ်မြင် ရှင်းအောင်ရှု။ ပရိညာသုံးပါး တသားတည်းပြီး၏။ သိက္ခာသုံးပါးတသားတည်း ဖြစ်၏။ ဗောဓိပက္ခိယ တရားသုံးဆယ့် ခုနှစ်ပါး အားလုံး အကြွမ်းဝင်၏။

အာသဝါနံ ခယေါ ပညာယ သစ္ဆိကရဏီယော။ ဘုံစုံဘဝစုံ ကာ,မစုံတည်းဟူသော အာသဝတို့၏ကုန်မှု ခမ်းမှု ဆိတ်သုဉ်းမှု အနိမိတ္တကို ပညာဖြင့်သာလျှင် မျက်မှောက် ပြုနိုင်၏။

လွတ်မြောက်ရေးတရား ဝိမုတ္တိရသ သန္တိသုခကို အလို ရှိသည့်လူသားသည် နာမ်အလုပ်နှင့် ဉာဏ်အလုပ် ခွဲခြားသိရမည်။ (၀၊)နာမ်သိနှင့် ဉာဏ်သိ ကွဲပြားခြားနားစွာ သိရမည်။ အမြင်မှားသည့် လောကနယ်သားတို့သည် အရာရာမှာ စိတ်ကို အဓိက ပဓါနထားကြသည်။ စိတ်ကို အကြီးအမှူးပြုကြသည်။

"လောကိယ ဓမ္မဥ္ဈ ပတ္တာ စိတ္တ· ဇေဋ္ဌကံစိတ္တ· ဓုရံ စိတ္တ· ပဗ္ဗင်္ဂံ ဟောတိ"

မှတ်သိ စွဲသိ အစဉ်အလာသဘ်များသည် နာမ်သိ-စိတ်သိ များဖြစ်ကြသည်။ ဥပမာ အဘဖြာ 'သားကြား' ပရိဘာသာ စကားဖြစ်သည့် နတ်ဗေဒင်,ဆဲခွက်,စုံး,တစ္ဆေ,ကဝေ,မြေဘုတ်, မူဒိစာ အထက်မှာဖြဟ်မှာ အောက်မှာ ငရဲရှာ စသည်အားဖြင့်

မျက်မြင်ကိုယ်တွေ့ ဒိဋ္ဌမမှ ဒိဋ္ဌပတ္တ မဟုတ်သည်တို့ကို လူမျိုး မိဘရိုးရာ အစဉ်အလာအားဖြင့် မှတ်ပြီး သိမှု(သညာသိ)စုံပြီး သိမှု'ဝိညာဏ်သိ'များသည် အမြင်မှား လောကနယ်သား စိတ်အာရာများသာလျှင် ဖြစ်ပါသတည်း။

"လောကုတ္တရာ မမြဲပတ္တာ ပညာဇောဌကာ ပညာဓုရာ ပညာ ပဗ္ဗင်္ကမာ"

လူသား၏ နှစ်ခြာ ရုပ်ပိုင်းဆိုင်ရာ အရှိတရားများသည် ဘယ်အနေနှင့်ရှိသလဲ၊ ဘယ်ပုံဘယ်နည်း ရှိပုံမျိုးလဲဆိုတာ ကိုယ်ပိုင်ဉာဏ်နှင့် ဝေခွဲ သုတေသနပြုသည့်အခါ အသက်, လိပ်ပြာ အာတ္တ ဇီဝ ပုဂ္ဂလ အရိပ်,နိမိတ် ကင်းဆိတ်စွာနှင့် ရှိသည့်တရား (၀၇)အရိပ်,နိမိတ်ကင်းဆိတ်သည့် အနိမိတ္တာသုညတ ဓမ္မအနေနှင့် ရှိကြောင်း အသိကောင်းအမြင်မှန်သည့် လောကုတ္တရာနယ်သား တို့သည် အဇာရာမှာ ပညာကအကြီးအကဲ ပညာကဉီးစီး ပညာသာလျှင် ပြထမ်းပါသတည်း။ ဘဝထိတွေ့မှု မှန်သမျှ၏ အပေါ်မှာ ဝိမံသနဉာဏ် ဝိစာရဏာဉာဏ် လက်ခံထား၍ ဒိဋ္ဌမမှဒိဋ္ဌပတ္တ ဖြစ်မှ ယုံကြည်လက်ခံပါသတည်း။ပြောတိုင်းယုံ ခိုင်းတိုင်းလုပ်မှု မပြုရောင်ပါသတည်း။

ဤသို့ နာမ်သိ ဉာဏ်သိ ခွဲခြားသိမှု အထူးသတိပြုရာ၏။ နာမ်သိ ဉာဏ်သိ မကွဲပါက(၀၇)စိတ်အလုပ်နှင့် ပညာအလုပ် မကွဲပါက၊ လိုရာခရီးသို့ ဘယ်ဘောဝမှရောက်မည်မဟုတ်ပါ။ စာဉာဏ်ကို ကိုယ်ပိုင်ဉာဏ် မှတ်ကြမည်သာ။ စာထည်းမှ အနိစ္စကို ကိုယ်သိ အနိစ္စ လုပ်ကြမည်သာ။ စာထည်းမှ ဒုက္ခ အနတ္တကို

ကိုယ်သိ ဒုက္ခ အနတ္တ ထင်မှတ်ကြမည်သာ။ စာထည်းမှ 'လက္ခဏာ သစ္စာ မင်္ဂိုလ်နိဗ္ဗာန်' တို့ကို ကိုယ်သိလက္ခဏာ သစ္စာ, မင်္, ဂိုလ် နိဗ္ဗာန်ထင်မှတ်မှုနှင့် အချိန်ကုန်ကြမည်သာ။ထို့ကြောင့် မောဃ ကာလ မောဃတုဿ မဖြစ်ကြလေအောင် သတိရှေ့ဆောင် ပညာဦးစီး၍ ကိုယ့်နွေးမှာရှိသည့် 'လက္ခဏာ သစ္စာ, မင်္ဂိုလ် နိဗ္ဗာန်' တို့ကို ကိုယ်တိုင်သိ ကိုယ်ပိုင်သိဖြစ်အောင် လေ့လာ ဝေဘန်မှု ပြုရာ၏။

စက္ခုပသာဒခေါ် မျက်စေ့အကြည် မျက်စေ့ပေါက်မှာ အနိမိတ္တာသုညတ ဖြစ်မှုပြုပြီး၍ မျက်စေ့နှင့် ဖြစ်ပေါ် ဖြစ်ဖက် သဟဇာတရုပ်ဖြစ်သည့် အဆင်းရုပ် (ရူပါရုံ) ကို ဝေဘန်၍ အဖြေမှန် လက္ခဏာဉာဏ် ရှာကြည့်ရန်လိုလာပြန်သည်။

ဖြူ,နီ,ပြာ,ဝါအစဖြာသည့် အဆင်းရုပ် (ရူပါရုံ)၏ မူလ ဘူတတည်ရှိပုံ သဘာဝကို အရင်းခံကျကျ ဆန်းစစ်ဝေဘန် အဖြေမှန်ရှာကြည့်ပါက မာ ပြော့ (ပထဝီ) ဖွဲ့ပါတ်ယိုစီး (အာ ပေါ) ပူအေး (တေဇော) တွန်းကန်ငြိမ်သက် (ဝါယော) မဟာ ဘူတခေတ်ကြီးလေးပါး၊ အဆင်း (ဝဏ္ဏ) အနံ့ (ဂန္ဓ) အရသာ (ရသ)သက်ဦးဆွေအဆီစု (ဆွေ) ဥပါဒါ' ရုပ်လေးပါး။ 'ခေတ်ကြီးလေးပါး' 'မာတ်ငယ်လေးပါး' ပေါင်းရှစ်ပါးသော (အဋ္ဌကလာပ်)ရုပ် အဝိနိဗ္ဘောဂ ရုပ်ကိုသာ ဉာဏ်မြင်အားဖြင့် တွေ့ရပါသည်။ ၎င်းအဋ္ဌကလာပ် အဝိနိဗ္ဘောဂ ရုပ်ထည်းမှာ ပဂုလသတ္တ အတ္တ ဇီဝ နိစ္စ သုခ ကြောက်စရာ မြောက်စရာ ခံစရာ စံစရာ ဘာမျှမရှိ၊ပကတိအားဖြင့် ပဂုလ သတ္တ အတ္တ ဇီဝ

စင်ငြား အရိပ်နိမိတ်မှ ကင်းဆိတ်နေသည့် အနိမိတ္တ သုညတစမ္မ သာလျှင် ဖြစ်ရှိပါသတည်း။

ဤနေရာမှာ အလေးအနက် သတိပြုပါ။ ကျွန်ုပ်တို့ဗုဒ္ဓ ဘာသာအမည်ခံသူတို့သည် ဝိပဿနာ ရှုသည့်အခါ အနိမိတ္တ ရုပ်,နာမ်,ကိုရှု၍ အနိမိတ္တာလက္ခဏာကို မြင်ရမည်ကို သနိမိတ္တရုပ်နာမ်ကိုရှု သနိမိတ္တာလက္ခဏာမျှားကို မြင်သိနေ၍ မဆုံးတမ်း မတုံးတမ်း၊ အလုပ်မပြီး အခြိုးနှိုးဖြစ်ကြသည်သာ။

ကျွန်ုပ်တို့သည် ဘာသာသာသနာ ရေးကို မလုပ်လျှင် အသျှင်း ခပ်ကင်းကင်းနေရန် သင့်သည်။ လုပ်လျှင်ကား စတိအလုပ် အထိမ်းအမှတ်အလုပ်၊အတုအယောင် အလုပ်နှင့် အားရကျေနပ်၍ အခြိန်ဖြုန်းရန်မသင့်ပေ။ယခုမူကား ကျွန်ုပ်တို့ ဗုဒ္ဓဘာသာအမည်ခံအမျှားစုမှာ ဒါနသီလ လုပ်ပြန်တော့လည်း မျှော်မှန်းတောင့်တမှု၊ ပြန်ပြောင်းကြောင့်ကျမှု၊ လက်ကိုင်ပြု၍ လုပ်ကြသည်သာ။ အဘပြော သားကြား ပရိဘာသာ စကားအတိုင်း လုပ်ကြသည်သာ။ လုပ်ဖိုးလုပ်စဉ်မမှတာဒါသွင်ဖြင့် လုပ်ကြသည်သာ။ 'ကြောင့်ကြမှု' 'တောင့်တမှု' ကင်းစွာနှင့် (၀၂) တောင့်တမှု ကြောင့်ကျမှုမပါ၊ အကြောက်အခမြောက် ကင်းစွာနှင့် ပြုလုပ်ရသည်ကိုကား သတိမပြု လစ်လျူရှုကြတော့သည်သာ။

ဘာဝနာအလုပ်ကျတော့လည်း တဆင့်စကား တဆင့်ကြားနှင့်လုပ်၍ ကိုယ်ပိုင်ဥာဏ်ခစားမှုမပါ။ !ရှု။ ဆိုရှု။ ရှိုက်ဆို ရှိုက်၊ထိုင်ဆိုထိုင်၊ ထဆိုထ၊ ဘော်ရာလျော်ရာမှာ၊ အဖေါ်သဟာ

တို့နှင့် ဝိုင်းအုံဖွဲ့ကာ ဂိုဏ်းစွဲ ဝါဒစွဲ ပြင်းထန်၊ ဆရာခဲ့သန်ရန် အခြေခံလွှင်ချ၍ စတိအလုပ်၊ အတုအလုပ် အထိမ်းအမှတ် အလုပ်နှင့် နိဂုံးချုပ်ကြသည်သာ၊ သည်လိုနှင့်ဘဲ အချိန်ကုန် အရွယ်ကြီး အလုပ်မပြီး အချိုးနှိုးဖြစ်ကြသည်သာ။

ထို့ကြောင့် 'အနိမိတ္တာခွပ်' အနိမိတ္တာနာမ်ရှုမှု အခြေခံပြု၍ "အနိမိတ္တလက္ခဏာဥာဏ်" "အသခ်ာ လက္ခဏာဥာဏ်" အမြင်သန်ရန် ဝေဘန်သုံသပ်လာမှု ငရိုက်ပြုကြဦးစို့။

အထက်မှာ အတွင်းရုပ်မျက်စေ့နှင့် အပြင်ရုပ်အဆင်း (ရူပါရုံ)တို့ကို အနိမိတ္တလက္ခဏာဆိုက်ပုံ အကျဉ်းအားဖြင့် ပြခဲ့ပေပြီ။ ၎င်းအတွင်းရုပ် အပြင်ရုပ်တို့ကို နောက်ထပ်ဖြည့်စွက် ဝေဘန်စဆာမရှိသည့် အခြေအထိ လမ်းဆုံးအောင် ကိုယ်ပိုင်ဥာဏ်နှင့် သိရာ၏။ ထိုရုပ်ဘုံးတို့ကို လမ်းဆုံးသိပါက ထိုထက်အလွန် သိဘွယ်ရာ ကိစ္စမရှိခေါ့ပြီ။ ရုပ်ကိုသိမှုပင်လျှင် မိမိကိုယ်ကို သိသည်မည်၏။ ရုပ်ကို ပေါက်ပိုင်ပါက အခက်ခဲဆုံး အလုပ်ကို ပြီးမြောက် အောင်မြင်မှုပင်တည်း။

ထို့ကြောင့်....

သဒ္ဓေသံဒုက္ခံရံဒိဋ္ဌံ၊ သုဒိဋ္ဌံရူပမတ္တနော၊
သုဒိဋ္ဌံနိဗ္ဗာနံတေန၊ သုဒ္ဒံစိတ္တနယောဂိနော။
ဟုမိန့်မှာခဲ့ပါသတည်း။

တေနယောဂိနော၊ အကြင် လွတ်မြောက်ရေး စခမ်းသို့ တက်လှမ်းလိုသည့် ယောဂီပုဂ္ဂိုလ်သည်။ အတွင်နော၊ မိမိ၏၊ ရူပံ၊

ပသာဒရူပ်ခြောက်ပါး-အနိမိတ္တ ရူပ်တရားကို။ 'သုဒိဋ္ဌံ၊ ဘာဧဝ တဗ္ဗံ'' ဘာဝနာမဉာဏ်ဖြင့် ကောင်းစွာ မြင်အပ်ပြီ။ တေန၊ ထိုဘာဝနာဉာဏ်ရှင် ယောဂီပုဂ္ဂိုလ်သည်။သဗ္ဗေသံ၊အလုံးစုံသော တရားတို့တွင် ဒုက္ခရုံ၊အခက်ခဲဆုံးတရားကို ဒိဋ္ဌံ၊မြင်သည်မည်၏။ သုဒ္ဒံစတေန၊ ဥပါဒါန်စဉ်ပြီးသော စိတ်ရှိသော တေန၊ထိုပုဂ္ဂိုလ် သည်။ နိဗ္ဗာနံ၊ အနိမိတ္တ နိဗ္ဗာန် အသင်္ခတနိဗ္ဗာန်ကို သုဒိဋ္ဌံ၊ ကောင်းစွာမြင်အပ်၏။

ရူပ်သဘောအကျဉ်းအားဖြင့် ပြပြီး၍ ယခုတဖန် မျက်စေ့ အဆင်းတို့နှင့် အတူတကွ (သဟဇာတ) အချင်းချင်း၊ ဖြစ်ဖေါ် ဖြစ်ဖက်(အညမည)ဖြစ်သည့် မြင်စိတ်နာမ် ပရမတ်ကို ဝေဘန် ဆန်းစစ်မှု သုတသနပြုကြည့်ရန် လိုလာပြန်သည်။

စိတ်,ဝိညာဏ်,နာမ်တရားတို့ အကျိုးတရားအနေနှင့် ဖြစ် ပေါ်လာပုံ အကြောင်းစုံကို အရင်းခံကျကျ လေ့လာရန် ကြီးစွာသော တာဝန်တရပ် အနေနှင့် ခံယူ သင့်ပေသည်။ 'စိတ်—ဝိညာဏ်' နာမ်တရားများ၏ မူလသဘောကို အခြေအမြစ် အစစ်အမှန်သိဘို့ရာ အလွန် အရေးကြီးသည်။ အမှန်ကတော့ 'စိတ်-ဝိညာဏ်၊နာမ်တရားများသည်အရိုးရားများမဟုတ်ကြပါ ပေး။ အဖြစ်တရားအပေါ် ဓာတ်များသာလျှင် ဖြစ်ပါသည်။ တည်ရာ မှီရာနှင့်ကင်းပြီး ဖြစ်ခြင်း ပေါ်ခြင်းငှါ မစွမ်းနိုင်ပါ ပေ။ ထို့ကြောင့်မျက်တွေ့ ဉာဏ်တွေ့ လေ့လာကြံပါက မူလ ရူပ်တရားကိုသာလျှင် ဘွားဘွားကြီး တွေ့ရပါတော့သည်။

"အပိစဓေါ ပနဘေရိံ ပဋိစ္စသဒ္ဒါ ဝိယရူပံ
ပဋိစ္စနာမံ ပဝတ္တတိ"

အပိစဓေါ၊ အမှန်အားဖြင့်။ သဒ္ဒါ၊ အသံသည်။ ဘေရိံ စည်ကို။ ပဋိစ္စ၊ စဲ့၍။ ပဝတ္တတိဝိယ၊ ဖြစ်သကဲ့သို့။ နာမံ၊ နာမ်တရားသည်။ ရူပံ၊ ရုပ်တရားကို။ ပဋိစ္စ၊ စဲ့၍။ ပဝတ္တတိ၊ ဖြစ်၏။

ဆိုလိုသည်မှာ၊ အစ္ဆတ္တိကရုပ်နှင့် ဗဟိဒ္ဓရုပ်တို့ ပေါင်းဆုံတွေ့ထိမှု ပြုသည့်အခါမှ၊ ရုပ်နှစ်ပါး၏ ပေါင်းဆုံ တွေ့ထိမှုပြီးပြည့်စုံခြင်းကို ဖေါ်ပြသည့်သဘောကို စိတ်-ဝိညာဏ်နာမ်တရားလို့ ခေါ်ဆိုသမုတ်ကြဘာပါ။ ဤသည့်စိတ်-ဝိညာဏ်နာမ်တရားများကသည်း မြဲသဖြင့် ရှိနေသည့် အရှိတရားများမဟုတ်ပါ။ ဤသည် အာဂန္တုက ဓာတ်အဒနနှင့် ရုပ်နှစ်ပါးအခြင်းစုံလို့ ပေါင်းဆုံသည့်အခါမှ အခြင်းအားလျော်စွာ ဖြစ်ပေါ်လာသည့် အဖြစ်ခဏတ် အပေါ်ဓာတ် ဖြစ်ခြင်းအသိကဲ့ဓင်း အမြင်မှန်လျှင် နာမ်ဝိညာဏ်ကို အခြေခံသည့် လောက်လွမ်းသဖွယ် ဝိညာဏ်ဘွယ် စသော နာမ်ဝိညာဏ်ကူးပြောင်းရေးဝါဒ စိတ်ကူးယဉ် အနုမာန ကမ္မဒီဒ္ဓိဝါဒတို့သည်း ပြာကျပြီး ဖြစ်ပေလိမ့်မည်....။

ဤနေရာမှာ စိတ် ဝိညာဏ် နာမ်တို့ကို ဦးစားပေး ခံယူကြသည့် စိတ်ဝါဒီများအားလုံးအနက်သတိထားမိ၍ ဝေဘန်သင့်ပေသည်။ အခြင်းကိုဆိုခဲ့သော် အဆုံးရာမှာ စိတ်က ပြဋ္ဌာန်းသည်။ စိတ်ကသာလျှင် ပဓာနဖြစ်သည်။ သေခါနီးမှာမည်သည့်

ဇောစော၍ မည်သို့ဖြစ်သည် စသည်ဖြင့် ဇာတ်လျှေား မျှားပြားလှသော အယူဟောင်း အမှားအပေါင်းကို ပါယ်လိုသောကြောင့်တည်း။

တနည်းအားဖြင့် ဆိုသော်, စိတ်သည်,

"လောကီသမမ္မဠိပတ္ဌာ စိတ္တံ ဇောဠကံစိတ္တံ ဓုရံ စိတ္တံ ပဗ္ဗင်္ဂမံဟောတိ" စသည်ဖြင့် ဗုဒ္ဓဟော၁ချက် ဓမ္မစက်ကို ထောက်သောအားဖြင့် စိတ်သည် လောကီအမှားနယ်မှာသာ အကြီးအကဲ, ရှေ့ဆွားခေါင်းဆောင် ပဓာနဖြစ်ပါသည်။ အမှန်နယ်လောကုတ္တရာ နယ်မှာကား စိတ် နာမ် အရာမဟုတ်။ ပညာသာလျှင် အချုပ်ဖြစ်ပါသည်။ ထို့ကြောင့် စိတ်ဝိညာဏ် နာမ်ဖြစ်ပေါ်ပုံ စိတ်ဝိညာဏ်နာမ် အကြောင်း၊ စိတ် ၎ညာဏ် နာမ် အလုပ်ကို ပိုင်ဒိုင်စွာ အသိပိုင်အောင် "ဘာဝေတဗ္ဗ" ဗဟုလိကတပြုကြရာ၏။

ဝိညာဏော ဘိက္ခဝေ အဟာရေ ပရိညာတေ နာမရူပံ ပရိညာတံ ဟောတိ၊ နာမရူပေ ပရိညာတေ အရိယာသာဝကဿ နတ္ထိ ကိဉ္စိဉ္တာရိ ကရဏီယန္တိ ဝဒါမိ။

ဘိက္ခဝေ၊ စိတ်ကျန်အဖြစ်မှ လွတ်မြောက်၍ စေတောဝိမုတ္တိဖလကို လိုလားသည့်အမျိုးကောင်းသားသမီးတို့။ ဝိညာဏော အာဟာရေ၊ ပဋ္ဌဝိညာဏ်၏ အာဟာရဖြစ်သော မနောဝိညာဏ်ကို (၀၇)မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု ဆိုငြား ပဋ္ဌဝိညာဏ်တရားတို့ကို ကောင်းဆိုး နှစ်တန် အမှားအမှန် ရောပြွမ်း ပြုအောင်

အမျိုးမျိုးခြေတိုးနေသည့်မနောဝိညာဏ်ကို။ ပရိညာတေ၊ပိုင်းခြားနိုင်သည်ရှိသော်။ နာမရူပံ၊ နာမ်ရုပ်နှစ်ပါးကို။ ပရိညာတံ၊ ပိုင်းခြားပိုင်နိုင်ပေတော့သည်။ဟောတိ၊ဖြစ်၏။ နာမရူပေ၊ နာမ်ရုပ်နှစ်ပါး၏ အရင်းခံတရားကို။ ပရိညာတေ၊ ကိုယ်တိုင် ကိုယ်ပိုင်ပိုင်းခြားနိုင်သည်ရှိသော်။ အရိယာသာဝကဿ၊ ငါဘုရား၏တပည့်သားသမီးအား။ ဥတ္တရိ၊ ထိုထက်အလွန်၊ ကရဏီယံ၊ ပြုလုပ်သိဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိတော့သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဝဒါမိ၊ ငါဘုရားဟောကြားခဲ့၏။

စိတ်ဝိညာဏ်ကို ပိုင်နိုင် ပေါက်ပိုင်ပါက (၀၂) စိတ်ဝိညာဏ်သုညတာ အနိမိတ္တာဖြစ်မှု ပညာမျက်စေ့ဖြင့် ကြည့်နိုင်သိနိုင်ပါက၊ ထိုထက်အလွန် ပြုဘွယ်ကိစ္စမရှိ၊ ဗုဒ္ဓဝါဒ လမ်းဆုံးတရားရသည်မည်၏။ ထို့ကြောင့် စိတ်ဝိညာဏ် ဖြစ်ပေါ်ပုံကို ဗုဒ္ဓ၏ သာမုက္ကံသိက ဝေဒနာဖြင့်တင်ပြမည်၊ သတိပြု၍ လေ့လာကြပါကုန်။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

စက္ခုပသာခေါ် မျက်စေ့ အကြည် အတွင်း ရုပ်နှင့် ရူပါရုံခေါ် အပြင်မှအဆင်းရုပ်တို့ကို အစဲပြု အကြောင်းခံ၍ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ပေါ်ပါသည်။

သောတံစ ပဋိစ္စသဒ္ဒေစ ဝိပ္ပဇ္ဇတိ သောတဝိညာဏံ။

သောတပသာဒခေါ် နားအကြည်အတွင်းရုပ်နှင့်, သဒ္ဒါရုံခေါ် အပြင်မှ အသံရုပ်တို့ကို အစဲပြုအကြောင်းခံ၍ ကြားသိစိတ်(သောတဝိညာဏ်)ဖြစ်ပေါ်ပါသည်။

ဃာနံစ ပဋိစ္စ ဂန္ဓစ ဥပပဒ္ဓတိ ဃာနဝိညာဏံ။

ဃာနပသာဒဓေါ နှာအကြည် အတွင်းရုပ်နှင့်, ဂန္ဓာရုံ ဓေါ် အနံ့အပြင် ရုပ်တို့ကို အစဲပြု အကြောင်းခံ၍ နံသိစိတ် (ဃာနဝိညာဏ်)ဖြစ်ပေါ်ပါသည်။

ဇိဝှဉ္စ ပဋိစ္စ ရသဉ္စ ဥပပဇ္ဇတိ ဇိဝှာဝိညာဏံ ။

ဇိဝှာပသာဒဓေါ် လျှာ အကြည်အတွင်းရုပ်နှင့်, ရသရုံ ဓေါ် အပြင်ရုပ်အရသာတို့ကို အစဲပြုအကြောင်းခံ၍ စားသိစိတ် (ဇိဝှာဝိညာဏ်)ဖြစ်ပေါ်ပါသည်။

ကာယံစပဋိစ္စ ဖောဋ္ဌဗ္ဗဉ္စ ဥပပဇ္ဇတိကာယဝိညာဏံ ။

ကာယပသာဒဓေါ် ကိုယ် အကြည် အတွင်း ရုပ်နှင့် ဖောဋ္ဌဗ္ဗရုံဓေါ် အပြင်ရုပ် အတွေ့အထိတို့ကို အစဲပြုအကြောင်းခံ၍ ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ပေါ်ပါသည်။

မနံစပဋိစ္စ ဓမ္မေစ ဥပပဇ္ဇတိ မနောဝိညာဏံ ။

ဟဒယဝတ္ထုဓေါ် နှလုံးသွေး အကြည် အတွင်းရုပ်နှင့် ဓမ္မာရုံဓေါ် အပြင်ရုပ် အဟောင်းတရားတို့ကို အစဲပြုအကြောင်း ခံ၍ သိစိတ်ဓေါ် (မနောဝိညာဏ်)ဖြစ်ပေါ်ပါသည်။

ဤသို့အားဖြင့် စိတ်ဝိညာဏ် 'နာမ်အမည်ရသည့် အဖြစ် ဓာတ်, အပေါ်ဓာတ်, ခြောက်မျိုးတို့၊ ဆိုင်ရာ ဆိုင်ရာ,ရုပ်ခြင်း၊ အကြောင်း ပြည့်စုံ တွေ့ထိမှု ဖြစ်ပေါ်လာရခြင်းကြောင့် စိတ် ဝိညာဏ်ဖြစ်ခြင်း၏ အခြေခံပင်မသည် ရုပ်တရားသာလျှင်ဖြစ် ပါသည်။

ဂုဏ်းစိတ် ဝိညာဏ်များသည်၊ အခြေခံ ပင်မအားဖြင့် ခြောက်မျိုး ခြောက်ပါးသာလျှင် ဖြစ်၏။ ကောင်း မကောင်း အမှား အမှန်၊ အတွေ့၊ သမုဒယ လောကဝေါဟာ ပညတ်ချက် များနှင့် တွဲလိုက်မှ စိတ်ပေါင်း မြောက်များစွာ သခြေ်သခြေ်ချာ ကုဋ္ဌေကုဋ္ဌာဖြစ်ကုန်၏။အမှန်ကတော့ မြင်စိတ်၊ကြားစိတ်၊ နံစိတ် စားစိတ်၊ ထိစိတ်၊ သိစိတ်အားဖြင့် ခြောက်မျိုးသာလျှင် ဖြစ်ပါသည်။ ဂုဏ်းခြောက်မျိုးမှ, အမြင်၊ အကြား၊ အနံ၊ အစား၊ အထိ၊ အသိ အမှန်တော့၊ လောကီ၊ လောကီစိတ်က ဘယ်လောက်၊ အမြင် အကြား၊ အနံ၊ အစား၊ အထိ၊ အသိ၊ မှန်တော့ လောကုတ္တရာ၊ ထို့ကြောင့် လောကုတ္တရာ စိတ်က မည်မျှလို့၊ သခြ်ာအားဖြင့် ရေတွက်ကြ၍၊ အခြင်းအရာပြားကာ၊စိတ်တွေက များသည် ထင်မှတ်ကြပါသည်။ အရင်းခံကတော့ စိတ်သည် ခြောက်မျိုးသာ၊ လောကီနှင့် လောကုတ္တရာ ဆိုတာလည်း၊ ဂုဏ်းစိတ်ကို တင်စားခြင်းဖြစ်သည်။ ဂုဏ်းစိတ်များကို အသိမှား၊ အမြင်မှားတော့၊လောက၊ အသိအမြင်အမှန်တော့၊လောကုတ္တရာ ထို့ကြောင့် ဂုဏ်းစိတ်ခြောက်မျိုး၏၊ မူလဘူတ သဘောမှန်ကို ပေါက်ပိုင်အောင် ဝေဘန်ပိုင်းခြားပါ၊ ဝေဘန် ပိုင်းခြားနိုင်၍ ကိုယ်တိုင်သိ ကိုယ်တိုင်မြင်လျှင်၊စိတ်ကျွန်အဖြစ်မှလွတ်မြောက်ပြီး 'စေတောဝိမုတ္တိဖလ'ဝိမုတ္တိရသကို မျက်မှောက်ပြုကြမည်သာ။

မြင်စိတ်သည် မျက်စေ့အတွင်းရုပ်နှင့် အဆင်းအပြင်ရုပ် တို့ပေါင်းဆုံမှ ဖြစ်ပေါ်လာသည့် အပေါ်ဓာတ်, အဖြစ်ဓာတ်၊ ည့်သည် အာဂါန္တုက ဓာတ်ဖြစ်သည်။ ကျန်စိတ်များလည်း

ထို့နည်းအတူ ဆိုင်ရာဆိုင်ရာ အတွင်းရုပ်များနှင့် အပြင်ရုပ်များ အကြောင်း တိုက်ဆိုင်စုံညီမှု အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသည့် အဖြစ်ခေတ်များ ဖြစ်ပါသည်။

အထက်ပါ ပဋိစ္စသမုပ္ပါဒ်နည်းကို ကြည့်ခြင်းအားဖြင့် စိတ်၊ ဝိညာဏ်၊ နာမ်သည်၊ ရုပ်ကိုမှီ၍ ဖြစ်ရကြောင်း ထင်ရှားသည်။ အတွင်းရုပ် အပြင်ရုပ်ထည်းမှာ ရှိနှင့်ပြီးသား မရှိမှုကိုလည်း အမြင်ရှင်းရပေမည်။

ဝတ္ထာရမ္မဏာနာမ၊ နာပိစူဘိန္နမန္တရာဟေတုံ၊
ပဋိစ္စသမ္ဘောတိသဒ္ဒေါ၊ ပဟတာယ ဘေရိယာ။

နာမ်၊ နာမ်တရားသည်။ ဝတ္ထာရမ္မဏာ၊ ဝတ္ထု အာရုံနှစ်ပါးစုံမှ။ နသမ္ဘောတိ၊ ဖြစ်ပေါ်လာသည်မဟုတ်။ ဥဘိန္နံ၊ နှစ်ပါးစုံတို့၏၊ အန္တရာယပိစ၊ အကြားမှလည်း။ နသမ္ဘောတိ၊ ဖြစ်ပေါ်လာသည် မဟုတ်။ ပဟာတာယ၊ ရိုက်တီး အပ်သော။ ဘေရိယာ၊စည်၏။သဒ္ဒေါယထာ၊အသံကဲ့သို့။ဟေတုံ၊အကြောင်းကို။ ပဋိစ္စ၊ စဲ၍။ သမ္ဘောတိ၊ ဖြစ်ပေါ်လာ၏။

လက္ခဏာဥာဏ်

စိတ်၊ ဝိညာဏ်၊ နာမ်တရား တို့သည်၊ မူလက ရှိနှင့်ပြီး ဖြစ်နှင့်ပြီးမဟုတ်ပါ။ မူလကဲမရှိမဖြစ်။ ရှိလာ ဖြစ်လာပြန်တော့လည်း သူ့အလိုလိုရှိလာ ဖြစ်လာသည် မဟုတ်။ သူ့အလိုလို ရှိနိုင်ဖြစ်နိုင်သည့်၊ အတွစ်မ်းအားမရှိ။ ရှိလာ ဖြစ်လာခြင်း၏

အကြောင်းရင်းကိုရှာတော့မျက်စေ့၊ နား၊ နှာ၊ အစဖြာသည့် ဣန္ဒြိယဗဒ္ဓအတွင်းရုပ်နှင့်၊ အဆင်း၊ အသံ၊ အနံ့၊ အစဖြာသည့် အနိန္ဒြိယဗဒ္ဓ အပြင်ရုပ်များကို အကြောင်းခံအားဖြင့် တွေ့ရပါသည်။ ၎င်းတွင်းပြင်ရုပ်များအတွင်း၌ စိတ်၊ ဝိညာဏ် နာမ်တရားများရှိ မရှိ ဆန်းစစ်ကြည့်တော့လည်း အမှန်အားဖြင့် ရုပ်တရားများအထည်းမှာ စိတ်၊ ဝိညာဏ် နာမ်တရားများ မရှိပါ။ စိတ်၊ ဝိညာဏ်တရားများသည်၊ တည်ရာမှီရာကင်း၍ ဖြစ်ရှိခြင်းငှာလည်း မစွမ်းနိုင်ပါဘေ။ (ဝါ) ရုပ်နှင့်ကင်း၍ သူ့ဟာသူ ဖြစ်ရှိနိုင်သည့် စွမ်းအားသဘော်မရှိပေ။ ရုပ်တရားများအတွင်းမှာလည်း မရှိပေ။ ထို့ကြောင့် စိတ်၊ ဝိညာဏ်၊ နာမ်တရား ဆိုသည်မှာ မည်သည့်အရာကို တင်စားခေါ်ပါသနည်း ဆိုဘာ ပကတိအားဖြင့် ဉာဏ်အမြင်ရှင်းရန် အဓိကဲလိုအပ်ချက် ဖြစ်ပေသည်။

စိတ်၊ ဝိညာဏ်၊ နာမ်တရားဆိုသည်မှာ အမှန်ကတော့ လူသား၏ ခန္ဓာကိုယ်ရုပ်ဒြပ်မှ ကမ္မဇ အရှိန်ကြောင့် ဖြစ်သော စက္ခုပသာဒ အစရှိသည့် သုခုမရုပ် (ရုပ်နု) အတွင်းရုပ်များနှင့် လူသားပါတ်ဝန်းကျင်မှ အဆင်း၊ အသံ၊ အနံ့ စသည့် ရုပ်ကြမ်းများ၏ တွေ့ထိ အားပြိုင်မှုအရှိန်စု "စွမ်းအားဂုဏ်သတ္တိ" ကိုစိတ်၊ ဝိညာဏ်၊ နာမ်လို့ ခေါ်ဆို သမုတ်ကြတာပါ။ တနည်းအားဖြင့် တွင်းပြင် ရုပ်နှစ်ပါး၏ ပေါင်းဆုံတွေ့ထိမှု ပြည့်စုံကြောင်းကို ဖော်ပြသည့် "သဘောသတ္တိစွမ်းအား" ကို (ဝါ) ရုပ်၏ ဂုဏ်သတ္တိကို အမည်သညာမှတ်ကြောင်း ပေးပါဆိုတော့ စိတ်၊ ဝိညာဏ် နာမ်လို့ ခေါ်ဆိုသမုတ်ကြတာပါ။

'စိတ်၊ ဝိညာဏ်၊ နာမ်ဖြစ်ပေါ်မှု' လောက ဥပမာ ပြုရသော် စည်မျက်နှာပြင်နှင့်၊ စည်လက်ခတ် တွေ့ထိရိုက်ခတ်သည့် အခါ အသံဖြစ်ပေါ်လာပါသည်။ ထိုအသံသည် စည်မျက်နှာပြင်မှာရှိသလော၊ စည်လက်ခတ်ထည်းမှာ ရှိသလော စစ်ကြောသည့်အခါ စည်ထည်းမှာလည်းမရှိ၊ လက်ခတ် ထည်းမှာလည်း မရှိပေ။ ၎င်းအသံသည် ယခင်မှလာလည်း မရှိပေ။ ဖြစ်ဆဲမှာလည်း သူ့အရှိအဖြစ်မဟုတ်။ ဖြစ်ပေါ်ပြီးတော့လည်း မြဲသဖြင့် မရှိ၊ ဤသည့်စနစ် ထိုအဖြစ်ကို စီစစ်ဝေဘန် အဖြေမှန်ရအောင် သတိရှု့ဆောင် ဉာဏ်ဦးစီးပါ။ အသံသည် စည်တည်းဟူသော ရုပ်ထည်းမှာလည်းမရှိ၊ လက်ခတ်တည်းဟူသော ရုပ်ထည်းမှာလည်းမရှိ။ ၎င်းရုပ် နှစ်ပါးနှင့်လည်း ကင်းခြင်မရှိ မဖြစ်နိုင်။ အမှန်သော်ဆိုမူကား ရုပ်နှစ်ပါးအားပြုင် တွေ့ထိမှု အရှိန်စုံဂုဏ်သတ္တိသာလျှင် ဖြစ်ပါသတည်း။

စိတ် ဝိညာဏ်၊ နာမ်ဖြစ်မှုသည် အထက်ပါဥပမာအတိုင်းသာလျှင်ဖြစ်ပါသည်။ စည်မျက်နှာပြင်နှင့် စည်လက်ခတ်တွေ့ထိပေါင်းဆုံသည့်အခါအသံဖြစ်ပေါ်သလို၊ မျက်စေ့၊ နား၊ နှာလျှာ၊ ကိုယ်ဟဒယတည်းဟူသော ရုပ်ကြသ ရုပ်နှ အတွင်းရုပ်များနှင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ အပေါင်းတရားတို့ အကြောင်းစုံလို့ ပေါင်းဆုံသည့်အခါမြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ သိ့သိစိတ် များ ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန် ဧကမှာ၊ အကြောင်းအားလျော်စွာ ပြိုင်တူဖြစ်၍ ပြိုင်တူပျက်တာကို၊ ပရမတ် ရုပ်

နာမ်လို့ ခေါ်ပါသည်။ ၎င်းပရမတ်ရုပ်နာမ်များကို အနိမိတ္တာ ဥာဏ်ယှဉ်၍ မြင်ရပါမည်။

အတွင်းရုပ်အခံစောတ် အပြင်ရုပ်အတိုက်စောတ်
အပေါ်စောတ်အဖြစ်စောတ်

မျက်စေ့အကြည်		အဆင်း	မြင်သိစိတ်
နား	။	အသံ	ကြားသိစိတ်
နှာ	။	အနံ့	နံသိစိတ်
လျှာ	။	အရသာ	စားသိစိတ်
ကိုယ်	။	အတွေ့အထိ	ထိသိစိတ်

နှလုံးသွေးအကြည်။ အဟောင်းတရား သို့သိစိတ်

မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယ ခြောက်ဌာနသည် အတွင်းရုပ်လောက အခံစောတ်မည်၏။ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ, အဟောင်းတရား, ၎င်းခြောက်ပါးသည်၊ အပြင်ရုပ်လောက် အတိုက်စောတ်မည်၏။ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ သို့သိစိတ်၊ ၎င်းခြောက်ပါးသည် အဖြစ်စောတ် အပေါ်စောတ်, နာမ်လောကမည်၏။ အတွင်း, အပြင်, ရုပ်လောက တဆယ့်သုံးပါး။ အဖြစ်စောတ်အပေါ်စောတ်၊ နာမ်လောကခြောက်ပါး။ ရုပ်စောတ်၊ နာမ်စောတ်သည် အရင်းခံအားဖြင့် တဆယ့်ရှစ်ပါးသာလျှင် ဖြစ်ပါသတည်း။

ထိုတဆယ့်ရှစ်ပါးသော ပရမတ်ကို ပေါက်ပိုင်အောင် ကိုယ်ပိုင်ဉာဏ်ယှဉ်မှု အပွမာဒ ပြုနိုင်လျှင် အသက် လိပ်ပြာ, အတ္တဇီဝ ဇာတြား ထင်မှတ်မှု အစားစား အရိပ် နိမိတ်များ ကင်းသည့် "သုညတအနတ္တ" "အနိမိတ္တဉာဏ်" ရမည်ကား မမှားဧကန် အမှန်ပါတည်း။

ဝိဇာနနသဘာဝေ၊ ဝိညာဏဇီဝသညီနံ၊
သညာသမူဟနတ္တမ္ဘိ၊ အဌာရသေဝ ဝုတ္တာ။

ပစ္စုပ္ပန်လောကာဇာကိကရုပ်နာမ်ဖြစ်သည်၊တဆယ့်ရှစ်ပါး ခာတ်တရားမှာ အတ္တ, ဇီဝ, အသက်လိပ်ပြာ, မရှိမူ အလေး အနက်ပြု၍ ဟောခဲ့ပေသည်။ တဆယ့်ရှစ်ပါး ခာတ်တရား သည်ပင်လျှင် အစဉ်ဆာဝရ မြဲသဖြင့် ရှိသော တရားမဟုတ်ပါပေ။ အကြောင်းတရားကင်း၍ တပါးခြင်း တပါးခြင်းအနေနှင့် ဖြစ်နိုင်ရှိနိုင် တည်နေနိုင်သည့် အတ္တ,နိစ္စ, ထာဝရ တရားများ မဟုတ်ပါပေ။

ဤနေရာမှာ ကျွန်ုပ်တို့ အထူး သတိပြုအပ်သည်ကား ထိုထိုပရမတ် ရုပ်နာမ်တို့သည် ရှိ, မရှိ, ဖြစ်, မဖြစ်, ထိုစနစ်ကို သံသယရှင်း ဝိစိကိစ္ဆာကင်းဘို့ လိုပေသည်။ ထိုတိုပရမတ် ရုပ်နာမ်တို့သည်မြဲသဖြင့်(၀၁)နိစ္စထာဝရအနေနှင့် ရှိသည် ဖြစ်သည် ယူလျှင်သဿတဒိဋ္ဌိအယူ၊ ငြိ၍ တဖက်စွန်း ရောက်သည် "ကာမသုခလ္လိကာနုယောဂ" ကလမ်းစဉ်ဖြစ်သည်" ထိုထိုပရမတ်ရုပ်နာမ်တို့သည် လုံး၀ မရှိမဖြစ် ယူလျှင်လည်း ဥစ္ဆေဒအယူငြို၍ တဖက်စွန်းရောက်သည်

“ အတ္တကိုလမထ နုယောဂ လုမ်းစဉ် ဖြစ်သည် ” ထို့ကြောင့် ဆက်မှားပြီးမှား လက်ဝဲ, လကျာ အစွန်းထွက် တရားများမှ လွတ်အောင်၊ အတိတ် အနာဂါတ်ကို ရှောင်၍ ပစ္စုပ္ပန်ဘဝ ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန်ခဏမှာ “ဣမသ္မိံ သတိဣဒံ ဟောတိ” အကြောင်းစုံလျှင် ရှိသည်ဖြစ်သည်။ “ရှိလာဖြစ်လာတော့လည်း အတ္တနိစ္စထာဝရ အနေနှင့် ရှိသည်ဖြစ်သည် မဟုတ်။ “ဣမသ္မိံ အသတိဣဒံနဟောတိ” အကြောင်းမရှိ မပြည့်စုံလျှင် မရှိမဖြစ်။ ဤသို့ ပစ္စုပ္ပန် ဆက်ဆက်မှာ အဘွဲ့၊ နိစ္စ၊ သုခအနေမျိုးနှင့် မရှိပုံ။ အနတ္တ၊ အနိစ္စ၊ ဒုက္ခမျိုးအနေနှင့်ရှိပုံ ပညာ,ဉာဏ်ငုံကာသိလျှင် တဘက်ကျ ဝါဒ မဖြစ်ပါပေ။ ထို့ကြောင့်, ဖြစ်, မဖြစ်, ရှိ, မရှိ ကိုယ်ပိုင်ဉာဏ်နှင့်ညှိကာ အသိပိုင်အောင် ဘာဝေဘဇ္ဈ ဗဟုလီကတ ပြုကြရာ၏။

ဝိမုတ္တိရသဖြစ်သည့် လွတ်မြောက်မှုတရားလိုလား အမျိုးကောင်းသားတို့ အထူးသတိပြု၍ ကြည့်ရှုရမည်ကား ရုပ်ခေတ် နာမ်ခေတ် တဆယ့်ရှစ်ပါးဆိုရာဝယ် ခြေအစ ဦးခေါင်းအဆုံး တကိုယ်လုံးကိုမဆိုလို။ ဝတ္ထုရုပ်ကြီးနှင့် တကွသော မျက်စေ့၊ နား၊နှာ၊အဆင်း၊အသံ၊အနံ့၊အရသာ၊မြင်သိစိတ်, ကြားသိစိတ်, နံသိစိတ်,စသည့် သနိမိတ္တ ရုပ် နာမ်များကို အမြင်သန်မှ သတိပြုရာ၏။

ခြေအစ ဦးခေါင်းအဆုံး တကိုယ်လုံးသော ရုပ်ခေတ်၊ ဝတ္ထုရုပ်နှင့်တကွသော မျက်စေ့၊ နား၊ နှာ၊ အဆင်း၊ အသံ၊ အနံ့စသည့် သနိမိတ္တ ခေတ်၊ သနိမိတ္တ ရုပ်နာမ်များကေတာ့ လူတိုင်း သိမည်သာ။

ဂုဏ်းသနိမိဟ္တစေတ် သနိမိတ္တ ရုပ်နာမ်မျှားသိမှု ဟော ပြောမှုကစတဲ့သညာသိ၊ဝိညာဏ်သိအဆုသာ။ လွတ်မြောက်ရေး တရားရမှု၊ ကြီးစွာသော ခုတုံးပြုကြသည်သာ။ ပစ္စုပ္ပန်,ကံလ, ခဏိကအနိမိတ္တ ရုပ်နာမ်ကို အမြင်သန်မှ ပညာဉာဏ်အရာဖြစ်၍ ဝိမုတ္တိရသကို သဒ္ဒိဋ္ဌကအားဖြင့် မျက်မှောက် ပြုကြမည်သာ။

ယနေ့မျက်မှောက် ကာလ, ဝိပဿနာ ရှုကြသည်ကား၊ ခြေအစ ဦးခေါင်းအဆုံး တကိုယ်လုံးဖြစ်သည့် ဝတ္ထုဒြပ်နှင့် တကွသော ဒန္ဓာကိုယ်ရုပ်နာမ်ကို သနိမိတ္တအနိစ္စ၊ သနိမိတ္တဒုက္ခ၊ သဉ်ိမိတ္တ အနတ္တနှင့် ရှုကြသည့် နေကြသည်သာ။ ဝတ္ထုဒြပ်နှင့် တကွသော ရုပ်နာမ်ခန္ဓာကို သနိမိတ္တလက္ခဏာတင်ရုပါက ဘယ် ဘော့မှ ရှုခြဆုံးမည်မဟုတ်ပါ။ အခြိန်ကုန်လူပမ်း ဘရမ်းဘတာ ဆုံးဘယ် တုံးတယ်မရှိ၊ ဝိပဿနာသံသရာ လည်ကြဦးမည်သာ။

ထို့ကြောင့် ဝိပဿနာသံသရာ မလည်ကြရလေအောင် (၀၂)ရှုမှု၊ ပွားမှု၊ မှတ်သားမှု၊ ဝိပဿနာ အလုပ်စခန်းမှထ၍ 'ဝိမုတ္တိရသ'ထူးနှင့် နေရလေအောင် အနိမိတ္တ ရုပ်နာမ်ကို, အနိမိတ္တလက္ခဏာညာဏ်ယှဉ်မှ သတိရွှေ့သွား ပညာဉာဏ် စေစား ဝေဘန်ရေးသမား ဖြစ်ပါခဗျ။

အနိမိတ္တရုပ်နာမ်ဆိုဘာ မြင်ဆဲကာလ၊ ကြားဆဲကာလ နံဆဲကာလ၊ စားဆဲ ထိဆဲ သိဆဲ ကာလမှာ ဝတ္ထုသဏ္ဌာန် မ, ပါ၊ အဆည်ဝတ္ထုကင်းမဲ့သည့် (၀၂)ခကာင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော ထင်မှတ်မှုမရှိသည့်၊မြင်ကာမတ္တ၊ ကြားကာမတ္တ

နံကာမတ္တာ၊စားကာမျမတ္တာ၊ ထိကာမျမတ္တာ၊ သိကာမျမတ္တာ၊သဘော ကို အနိမိတ္တရုပ်နာမ်လို့ သိမြင်ခံယူပ၊ မြင်မှုစသည့် သိမှုများ မဖြစ်ခင်က မျက်စေ့အဆင်း စသည့်တွင်းပြင် ရုပ်တရားများ၊ ကို ရှုကြည့်ဆင်ခြင်ရသည်မဟုတ်ပ၊။ မြင်ဆဲ၊ ကြားဆဲ၊ ပစ္စုပ္ပန်ကာလ ခဏိက အနိမိတ္တ ရုပ်နာမ်ကို အနိမိတ္တလက္ခဏာ ဆိုက် အောင် ဆင်ခြင်ရပေမည်။

အနိမိတ္တလက္ခဏာ ဆိုတာလည်း အနိမိတ္တ ရုပ် နာမ်မှာ အသက် လိပ်ပြာ အတ္တ ဇီဝ နိစ္စ သုခ သဘောတို့ ကင်းဆိတ် သည်ကို မရှိသည့်အတိုင်း မှတ်သားသိမြင်မှုကိုအနိမိတ္တလက္ခဏာ လို့ သိမြင်ရာ၏။

ကိုယ်ပိုင်ဥာဏ်မပါ၊ လူဖြစ်ပြော သူပြောနှင့် ပြောတိုင်းယုံ ခိုင်းတိုင်းလုပ်တတ်သည့် လူသားများ လက္ခဏာယှဉ် တင်ကြရှုကြသည်ကား သနိမိတ္တအနိစ္စ၊ သနိမိတ္တဒုက္ခ၊ သနိမိတ္တအနတ္တကို တင်၍ရှုကြည့်ဆင်ခြင်မှုပြုကြသည်သာ၊ ဂတ္ထုဒြပ် သင်္ကာန်ကြီး နှင့်တက္ခဖသာ ရုပ်နာမ်များဖြစ်ပြီး ပျက်သွား၍ အနိစ္စ ဒုက္ခ အနတ္တ စသည်ဖြင့် ရှုမှတ်မှုလမ်းဆုံးပြုကြသည်သာများလှပေ၏ အမှန်ကတော့ အနိမိတ္တ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ရှုမှတ်သိမြင် ရမည်သာ။

အနိမိတ္တဥ္စ ဘာဝေဟိ၊ မာနာနုသယ မုဟ္စ၊
တဇော မာနာဘိသမယော၊ ဥပသန္တော စရိဿတိ။

အရိပ်နိမိတ်မှ ကင်းဆိတ်သည့်၊ သုညတမေမှ အနိမိတ္တကို ပညာဉာဏ်ဦးစီးရှု မမေ့လျော့သော သတိနှင့် ဝေဘန်ကြည့်ပါက ထင်မှတ်မှု သမုဒယ အစားစား အနုသယ ကိလေသာများ ချုပ်ငြိမ်းရာကို ကိုယ်တွေ့မျက်တွေ ဉာဏ်တွေ့ဖြစ်မည်။

"အနိမိတ္တလက္ခဏာရှုကြည့်ဟန်ကား"

ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန် ခဏမှာ တွင်းပြင် ရုပ်နှစ်ပါး အကြောင်းတိုက်ဆိုင်မှု အရှိန်စုကြောင့် ဖြစ်ပေါ် လာရသည့် ပရမတ် ရုပ်နာမ်တို့သည်၊ အဟုတ်အမှန်အား ဖြင့် ထင်စရာ ငြိမ်း, သို့မဟုတ်မရှိ၊ ပင်ကိုယ်ပကတိအား ဖြင့် ချုပ်ငြိမ်းနေသည့်အမျိုး မှုလက ပျက်နေသည့်အမျိုးဖြစ်ခြင်းကြောင့်၊ သုညတအနတ္တ' လို့ရှု ကြည့်ဆင်ခြင် အသိဝင်ရာ၏။ (၀၂)ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန်ခဏ မှာ တွင်းပြင်ရုပ်မျိုး အကြောင်းအားလျော်စွာပေါင်းဆုံ တွေ့ထိမှုအရှိန်စုကြောင့်ဖြစ်ပေါ် လာသည့် ပရမတ် ရုပ်,နာမ်တို့သည် ဖြစ်ယောင်ဆောင်,တည်ယောင်ပြကြသော်လည်း၊ လက္ခဏာယှဉ် ဉာဏ်အမြင်နှင့်ကြည့်ပါက ဖြစ်နိုင်,ရှိနိုင်,တည်နိုင်သည့်စွမ်းအား မှုလက မရှိ ကင်းဆိတ်ဘိကြောင့်"သုညတ အနတ္တ" ကောင်း မကောင်း ဆိုး, ကောင်းနှစ်တန်၊ မုန်း, ချစ်နှစ်ပါး ထင်မှတ်မှု အစားစား သင်္ခါရ အရိပ်နိမိတ် မရှိ၊ မှုလက ကင်းဆိတ်ဘိကြောင့်'အနိမိတ္တ အနတ္တ'လို့ ဆင်ခြင်ဉာဏ် အမြင်စင်ရာ၏။

ပစ္စုပ္ပန်ကာလ၊ပစ္စုပ္ပန်ခဏမှာ၊အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသမျှ အနိမိတ္တရုပ်နာမ် မှန်သမျှတို့သည်၊ ပင်ကိုယ်

မူလအာဒါးဖြင့် စွမ်းအားသတ္တိ ကုန်မြေးနေသည်၌၊ အမျိုးဖြစ်၏။ ဖြစ်ပါသည်ဆိုသည်၌၊ ပစ္စုပ္ပန်ကာလ၊ ပစ္စုပ္ပန်ခဏမှာ ပင်လျှင် အတ္တသတ္တိမရှိ နိဗ္ဗ ဝေဝဏအာဒါးဖြင့် တသနေနိုင်သည့်,စွမ်းအား ကုန်ခမ်းဘိကြောင့်၊ခယဝေဒန အနိစ္စလို့ အသင်္ချင်း အမြင်လင်း ရာ၏။

အနိမိတ္တ အနိစ္စလက္ခဏာကို အသိပိုင် အမြင်လင်းအောင် သတိရှု့ဆောင် ဉာဏ်အားကောင်းကောင်းနှင့် ဝေဘန်ပါရန် အလေးအနက် သတိပေးပါသည်။ အဘယ်ကြောင့်ဆိုသော်.... ယောဘုယျအားဖြင့် အနိစ္စ လက္ခဏာကို ဆင်ခြင်ရှုကြည့် သိကြသည်မှာ၊ သနိမိတ္တ အနိစ္စ(ဝါ)ရုပ်နာမ်တို့အကြောင်း တိုက်ဆိုင်ပြည့်စုံသည့်အခါဖြစ်လိုက်၊ အကြောင်းချို့တဲ့သည့်အခါ ပျက်လိုက် ဤသို့ဖြစ်ပြီး ပျက်သွားသည့် ဖြစ်ပျက်လက္ခဏာကိုဆင်ခြင်မှုမှာ လမ်းဆုံးထားကြသောကြောင့်တည်း။

သနိမိတ္တအနိစ္စ ဖြစ်ပျက်လက္ခဏာကို ရှုကြည့်မှု သိမှတ်မှုနှင့်အသိ မဆုံး၊လမ်းဆုံးမပါ၊အစဉ်ပါဒါန်မပြုနိုင်ပါ၊ ဖြစ်ပြီးမှ ပျက်သွားသည့် အထည်ဒြပ် ဖြစ်ပျက် မျှားကိုတော့၊ လူတိုင်း သိကြပါသည်။ ဝတ္ထု ဒြပ်ကင်းမဲ့သည့် အနိမိတ္တ ရုပ်နာမ်နှင့် အနိမိတ္တလက္ခဏာကြတော့ သညာသိ၊ ဝိညာဉ်သိတို့ကို တွန်းလှန်ပါယ်ဖျက်နိုင်သူ၊ ကိုယ်ပိုင်ဉာဏ်စေစား ဝေဘန်ရေးသမားမှ သိနိုင်ပေသည်။ ထို့ကြောင့် 'ဝိဘင်္ဂဝါဒ'လက်ကိုင်ထားကိုရာ၏။

အနိမိတ္တရုပ်နာမ်ဆိုတာ တွဲငြင်းပြင်ရုပ်များ တွေ့ထိပေါင်း ဆုံ အကြောင်းဆုံဆဲကာလ ထိုခဏမှာ၊အထည်ခြုပ် ကဲင်းမဲ့သည့် 'ဖြစ်'သဘောကို၊ စင်ခကြာဝေဘန် ကိုယ်ပိုင်ဉာဏ်ယှဉ်သည့်အခါ 'ဖြစ်'သဘောကိုယ်တိုင်မဖြစ်နိုင်ဘဲ၊ ဖြစ်နိုင်သည့်အားကုန်ခမ်းနေသည့်သဘော၊ ဖြစ်နိုင်စွမ်းအား မူလကပျက်နေသည့် သဘောလက္ခဏာကို တွေ့ရပါသည်၊ ထိုသို့ ဖြစ်သဘောကိုယ်တိုင် မဖြစ်နိုင်ဘဲ ဖြစ်နိုင်သည့်အား,မူလက ကုန်ခမ်းနေတာကို 'အနိမိတ္တ အနိစ္စ'လို့ ဆင်ခြင်သိမြင်ရာ၏။

ဤနေရာမှာ ဖြစ်သဘောလို့ သမုတိပညတ်အရာမှာသုံးရတာပါ။ အမှန်ကတော့၊ အဖြစ်စစ် အဖြစ်မှန်မဟုတ်၊ ဖြစ်ယောင်ဆောင် တည်ယောင်ပြသည့် သဘောသာ၊ နောက်ထပ်သစ်စရာ မရှိသည့်နယ်က ပြောမည်ဆိုလျှင်၊ ဖြစ်ယောင်ဆောင် တည်ယောင်ပြပါသည်ဆိုသည့် သခ်ါရ တရားတို့သည် ဖြစ်နိုင်ပျက်နိုင်သည့် ကိုယ်ပိုင်စွမ်းအား အနည်းအပါးမှမရှိသည့်"မူလပျက်"အနိမိတ္တတရားဖြစ်ခြင်းကြောင့်-

"ဝယဓမ္မာသခ်ါရာအပ္ပမာဒေန သမ္မဒေထ"

စသည်ဖြင့် ဟောမိန့် ခဲ့ပါသည်။ ဖြစ်နိုင်ပျက်နိုင်သည့် စွမ်းအား နဂိုမူလက ကုန်ခမ်းနေခြင်းကြောင့် "သင်္ခေသခ်ါရာ ခယဓဋ္ဌေနအနိစ္စ"လို့ ဟောခဲ့ပါသည်။ ထို့ကြောင့် အနိမိတ္တရုပ်နာမ် အနိမိတ္တ လက္ခဏာကိုမြင်မှ ပရိကံပြု၍ အသိမှန် အမြင်သန့်ပါက၊ ရှုမှု၊ ပွားမှု၊ ဝေဘန်မှု တမင်မပြုရတော့ဘဲ 'သခ်ါရပေက္ခာ'ဉာဏ်ဆိုက် ပါတော့သည်။ သခ်ါရပေက္ခာ ဉာဏ်ရောက်ပါက အားလုံးသော ကိုယ် နှုတ် စိတ်အလုပ် သခ်ါရ

တွေ့ချုပ်၍၊ 'ဝုဋ္ဌာနဂါမိနီဝိပဿနာ' စခမ်းရောက်ပြီး။ 'ဉာဏ်ရိန္ဒိကိုဋ္ဌိ ကရဏီယန္တိ'ဖြစ်ကြီး ဖြစ်မည်ကား ဒိဋ္ဌမမှု ပိဋ္ဌပတ္တဘရားပါပေ။

ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန်ခဏမှာ အနိမိတ္တ ဒုက္ခကို သိမြင်ဆင်ခြင်နိုင်ရန် သတိတမန် ဉာဏ်ဒမြကတုတ်ပညာချန်းနှင့်အုပ်ရန် လွတ်ဒမြောက်ရေးတရား လိုလားသူများ၏ မဟာတာဝန်ကြီးပါပေ။

'ဒုက္ခ'သည် ဒြပ်သဏ္ဌာန်နှင့် တကွသော သနိမိတ္တ ဒုက္ခတေ့ကား အချင်းအရာအားဖြင့် များပြားလှပေ၏။ (၀၂) ပညတ်ဒုက္ခ၊ ပရမတ်ဒုက္ခ၊ ဝိပဿနာဒုက္ခ၊ အရိယာနယ်မှ သိအပ်သည့် ဒုက္ခအားဖြင့် များလှပေ၏။

ဒုက္ခသည် အခြင်းအရာအားဖြင့် ဘယ်လောက်ပင် များများ အဓိကသိရမှာကဒေါ့ ပဋ္ဌာပါဒါနက္ခန္ဓာဒုက္ခ ဖြစ်ပါသတည်း။ လွတ်မြောက်ရေးတရားလိုလား အမျိုးကောင်းသားသည်၊ ပဋ္ဌက္ခန္ဓဲ့ဒုက္ခနှင့် ပဋ္ဌာပါဒနက္ခန္ဓာ ဒုက္ခတို့၏ ကဲ့ပြားခြားနားမှု သတိပြုရာ၏။

ပဋ္ဌက္ခန္ဓာဒုက္ခဟူသည် က ံသန်ဂါရ စိတ် ဥတု အာဟာရတို့၏ အကြောင်းခံပြုပြင်ထူဆောင်မှု လက်လွန်ပြုခဲ့သည့်အရှိန်စုကြောင့် ဖြစ်ပေါ်လာငြား အကျိုးဝိပါက် ရုပ်တရားကြီးကား ဖြစ်လိုက်ပျက်လိုက်နှင့် နောက်ထပ် က ံသန်ဂါရ၊စိတ်၊ ဥတု၊ အာဟာရတို့ ဖြည့်စွက်အားပေးပါက၊ တဒိတ်ဒိတ် တသိမ့်သိမ့် တရှဲရှဲ တမှုန့်မှုန့်ရဟတ်ပမာ အဖြစ်ပေါ်အဖြစ်ဆင့် အပျက်ပေါ်အပျက်ဆင့်ကာ ဖြစ်ပျက် သံသရာ လှည့်နေမည်သာ၊ အဖြစ်

များက ကြီးကား ကျယ်ပြန့်၍ အပျက်များက ဆုတ်ယုတ် ကျဉ်းမြောင်းမည်သာ ဤသို့အကျိုးဝိပါက် ရုပ်တရား ကြီး၏ ဖြစ်မှုပျက်မှုဒုက္ခ ဆုတ်ယုတ်ပျက်ပြားမှု ဒုက္ခ၊ စားမှု၊ ဝတ်မှု၊ နေမှုဒုက္ခ ဒိုနာမှု၊ သေမှုဒုက္ခ အစရှိသည်တို့ကား၊ ရိုးရိုးသား သား အကျိုးတရားမျသာ (၀၇) ပင်ဂို ဒုက္ခမျသာ၊ ၎င်းဒုက္ခ များကား အကျိုးဝိပါက်ရုပ် အရှိန်မကုန်သေးသမျှ၊ ပုထုဇဉ် အစ၊ ရဟန္တာအဆုံး အကုန်လုံး တွေ့ကြုံရသည့် ပစ္စက္ခဒုက္ခ ဖြစ်သည်။ မည်သူမှမလွတ်သာသည့်၊ ဝိပါက ဒုက္ခ ဖြစ်သတည်း။ ထိုဒုက္ခများကို ရှုမှတ်ပွားများမှုနှင့် အချိန်မကုန်လွန်စေရာ၊ ၎င်း ဒုက္ခကိုသိကားမျှနှင့် လွတ်မြောက်ရေးတရားကို မရနိုင်ပေ။

ပဋ္ဌုပါဒါနက္ခန္ဓာဒုက္ခဟူသည်၊ ကံသန်ဓါရ အကြောင်း ခံဖြင့် ပြုပြင်ထူထောင်မှု အရှိန်စုကြောင့် ဖြစ်ပေါ် လာသည့် အကျိုး ဝိပါက်ရုပ်ကြီး ပေါ်မှာ၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသောထင်မှတ်မှု၊ မုန်းမှု၊ ချစ်မှု၊ ကြောက်မှု၊ မြောက်မှု၊ ပြန်ပြောင်းကြောင့်ကြမှု၊ မျော်မှန်းတောင့်တမှု၊ အတ္တသမုဒယ အစားစားတို့ကိုပြင်းစွဲစဲ့လမ်းမှု၊ အခါခါ ပြုနေရခြင်းသည်၊ မည်သာအောင်ဆင်းရဲလှပါ၏။ ထိုသို့ပြင်းစွဲစဲ့လမ်းမှု ဥပါဒါန်ပြုနေရခြင်းသည်၊ ဆင်းရဲခြင်းဖြစ်ခြင်းကြောင့် 'ပစ္စုပါဒါနက္ခန္ဓာဒုက္ခ'လို့ သမုတ်ကြ သိကြရာသတည်း။

ဆိုလိုသည်မှာ၊ ပစ္စုပါဒါနက္ခန္ဓာ ဒုက္ခဆိုတာ အစဲ့ ဥပါဒါန်နှင့်တကွ ဖြစ်နေရသည့် ခန္ဓာငါးပါးသည်၊ မဖေါက်,

မပြန်ဆင်းရဲမှုန်၏ အစဉ်ညပါဒါန်နှင့် တကွ ဖြစ်သည့် ခန္ဓာကာဆင်းရဲခြင်းကြောင့် ပဋ္ဌုပါဒါနကွန္ဓာမည်၏ အစဉ် ညပါဒါန်မရှိသည့် ပကတိခန္ဓာကာ ညပါဒါန် ချေးညှော်၊ အတ္တသမုဒယကင်းစင်၍ ပင်ကိုငြိမ်း၊ ပင်ကိုယ်ချုပ် အလိုလိုငြိမ်း ဖြစ်သဖြင့်၊ ပြုပြင်အားထုတ်မှု အာယူဟန သစ်ါရ မရှစားစားတို့လည်း၊ တကြိမ်ဟာခါမျှ ဖြစ်ခွင့်မရတော့ပေ။ သို့ကြောင့် ပဋ္ဌုပါဒါနကွန္ဓာဒုက္ခကို အသိပေါက်ပိုင်အောင် လေ့လာဝေဘန်ကြပါကုန်၊ ပဋ္ဌုပါဒါ နကွန္ဓာဒုက္ခကို သဘောပေါက်ပိုင် ပါက၊ စွန့်ရေးပါယ်ရေး ဦးလေးကြမည်မဟုတ်ပါ။

ဤဒုက္ခနိဿိတကွဝေဒနာတာ, ပဿဒ္ဓာတာ အာသဝံနံ ခယော ဟောတိ။

အကျိုးဝိပါက်ရုပ်ပဋိသန္ဓေအပေါ်မှာ, ကောင်းကောင်းဆိုးဆိုးအမျိုးမျိုးသောထင်မှတ်မှု၊ အတ္တသမုဒယအကြောင်းခံ၍ တပြောင်းပြန်ပြန် ကောင်းကံ, မကောင်းကံများ၊ ညပါဒါန် အစဉ်းစား ဖြစ်၍နေရခြင်းသည်၊ ဆင်းရဲကေန် အမှန်ဖြစ်၏။ ဤသို့မဖေါက်မပြန် ကေန်မှန်ငြား ညပါဒါန် ဒုက္ခတရားကို သိမြင်ပါက, မရှိစဲ၊ ရှိစဲ ဘုံစဲ၊ ဘဝစဲ၊ ကာမစဲ၊ အယူလဲမှုး အာသဝေါတရားတို့သည် ကုန်ပြီး ခမ်းပြီး၊ ချုပ်ပြီ ငြိမ်းပြီး ဖြစ်ကြမည်သာ။

တနည်းအားဖြင့်ဆိုသော် ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန်ဓာတုမှာ ဖြစ်ပေါ်လာသည့် ပရမတ်ရုပ်နာမ်အပေါ်မှာ သဘောမမှန်, အမြင်မှားမှုအတ္တသမုဒယကြောင့်ဖြစ်ပေါ်လာသည့်အကြောင်း

ဒုက္ခဖြစ်မှုကို ဟုတ်ဘိုင်းမှန်စွာ ကိုယ်ဘိုင်ထိုးထွင်းသိပါက သမ္မာဒိဋ္ဌိအယူဖြစ်၍ မဂ္ဂင်ရှစ်ပါးတသားတည်း အကြွမ်းဝင်ကာသစ္စာလေးပါးသိမှုရမှု ပြီးပြည့်စုံရာပြီ။

ထို့ကြောင့် ဗုဒ္ဓက သမ္မာဒိဋ္ဌိဖြစ်ခြင်း၏အကြောင်းအင်္ဂါတို့ကို မေးဖြေလုပ်၍ ဟောထားသည်ကား....

"ဝေဒနာကတမာ သမ္မာဒိဋ္ဌိ"

ထို့တရားသဘော၌ အာဘယ်အင်္ဂါနှင့်ပြည့်စုံပါက သမ္မာဒိဋ္ဌိဖြစ်ပါသနည်း။

"ဒုက္ခညာဏ"

'မသိမှု၊ ထင်မှတ်မှု' ပြင်းစွဲစွဲလမ်းမှုအရင်းခံပြု၍ ပြုလုပ်သမျှကတော့ ကောင်းက လုပ်လုပ်၊ မကောင်းက လုပ်လုပ်၊ လုပ်သမျှတော့ ဒုက္ခလို့သိခြင်း။

"ဒုက္ခသမုဒယညာဏ"

ဒုက္ခဖြစ်ခြင်းအကြောင်းသည် မသိမှု၊ ထင်မှတ်မှု၊ စွဲလမ်းသိမ်းပိုက်လိုမှု၊ ကောင်းမကောင်း ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရဘို့ကို ပြုလုပ်လိုမှု၊ အလိုရှိခြင်းအကြောင်းကိုသိခြင်း။

"ဒုက္ခနိရောဓညာဏ"

ဒုက္ခချုပ်ငြိမ်းခြင်းသည်၊ ကောင်းကောင်း ဆိုးဆိုးအမျိုးမျိုးသော သင်္ခါရတို့ကို လုပ်လိုခြင်း၊ လုပ်နေရခြင်းသည် 'ဆင်းရဲကြောင်း' ဆင်းရဲခြင်းလို့အသိမှန်၊ အမြင်မှန်ပေါက်၍

လုပ်လို့မှုကိုပဲ ဉယ်၊ လုပ်မှုကို ရုပ်လို့က်ပါက ပယ်မှု ရုပ်မှုနှင့် တထပ်တည်းချုပ်မှု ငြိမ်းမှုကို သိခြင်း။

"ဒုက္ခနိရောဓဂါမိနိပဋိပဒါယညာဏ"

ဒုက္ခချုပ်ကြောင်း အကျင့်ကောင်း လမ်းစဉ်သည် အလို့တခု အစဉ်ပါဒါန်နှင့်အားထုတ် ပြုလုပ်သမျှကတော့ ဒုက္ခမှန်သည်လို့ သိခြင်း၊ အလို့တခုနှင့်လုပ်သမျှဒုက္ခ၊ လုပ်လို့မှုက သမုဒယမှန်သည်လို့ အသိဒေါက်ပိုင်ပါက ပြုလို့မှုကိုပဲ ဉယ်၊ပြုမှုကို စွန့်၊ နဂိုငြိမ်း အလို့လို့ငြိမ်း၊ ကောင်းနိရောဓ သန္တိသုခ နိဗ္ဗာန်ကို မျက်မှောက်ပြုရသည်ဆိုသည့် လမ်းစဉ်ကိုဆိုခြင်း။

"အယံဝုစ္စတိသမ္မာဒိဋ္ဌိ"

ဤသို့ ဒုက္ခစစ် ဒုက္ခမှန်ကို သိခြင်း၊ ဒုက္ခဖြစ်ကြောင်း သမုဒယအစစ်အမှန်ကိုသိခြင်း၊ ဒုက္ခချုပ်မှု (ဒုက္ခမဖြစ်မှု)နိရောဓ အစစ်အမှန်ကို သိခြင်း ဒုက္ခချုပ်မှု(ဒုက္ခမဖြစ်မှု) အကျင့်ကောင်း လမ်းမှန်ကိုသိခြင်းသည် သမ္မာဒိဋ္ဌိမည်၏။

ဗုဒ္ဓဝါဒဗုဒ္ဓလမ်းစဉ်မှာ သမ္မာဒိဋ္ဌိဖြစ်မှုသည် လမ်းစဉ်ဝါဒ၏ ပြီးပြည့်စုံခြင်းမည်ပေ၏။ (၀၂)သမ္မာဒိဋ္ဌိ မှန်သောအမြင် မှန်သောအယူရှိပါက 'မှန်သောအပြော'အလုပ်၊'မှန်သောအကြံ' အလုပ် မှန်သော ဘဝသက်ထိန်းမှု အလုပ်၊ မှန်သောအမှု၌ အားစိုက်မှုအလုပ်၊မှန်သောအမှု၌ အမှတ်ရမှုအလုပ်မှန်သောအယူ အမြင်ကြီးတည်နေမှု အလုပ်မျှား အားလုံး အကြွမ်းဝင်ပါတော့သည်။

အချုပ်ကိုဆိုသော် ဒုက္ခ ဒုက္ခဖြစ်ကြောင်း 'ဒုက္ခချုပ် ငြိမ်းမှု၊ ဒုက္ခချုပ်ကြောင်း အကျင့်ကောင်း အကျင့်မှန်တို့ကို အဟုတ်အမှန်သိပါက သမ္မာဒိဋ္ဌိ ဖြစ်ပါသည်။ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ပါက ကျန်မဂ္ဂင်များလည်း အကျမ်းဝင်ပါသည်။ မဂ္ဂင် ၅ပါးသည် တပါးစီ အချိန်ကာလ ခြားပြီး ဖြစ်နေကြသည် မဟုတ်ပါ။ ယောဂီလမ်းစဉ်ပေါ်မှ ပုဂ္ဂိုလ်များ အထင်မှားနေ ကြသည်ကား မဂ္ဂင်၅ပါးသည် တပါးစီ, တခြားစီဖြစ်သည်လို့ ထင်မှတ်ခြင်းပင်တည်း။ (၀၁) မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိ တည်းဟူသော အယူမှန်ရမှု အစကနဦးလုပ်ရမည်ကို လစ်လျူရှု၍ သမ္မာ သမာဓိဆိုသည့် နောက်ဆုံး အကျိုးတရား မဂ္ဂင်က 'စ'နေတော့ ရှေ့မှကိန္နာနောက်ဆားပြီး ရိုးသွားသည့်လူလို လုံရာခရီးမရောက်၊ အချိန်ကုန်လူပမ်း ဖြစ်နေကြပေသည်။ (၀၁) လုပ်လေ, မဟုတ်လေ၊ ဝိပဿနာခရီးရှည် ဖြစ်နေပေသည်။

ထို့ကြောင့် အဝိဇ္ဇာ ဂတဿ ဘိက္ခဝေ အဝိဇ္ဇာသုနော မိစ္ဆာဒိဋ္ဌိ ပဟောတိ။ အဟောရှိခဲ့ပါသတည်း။

'သမ္မာသမာဓိ'ဆိုဘာ အယူမှန်အမြင်မှန်မှုကြီး တည်မြဲ နေတာကိုခေါ်သည်။ အယူမှန် အမြင်မှန်မှုကြီး တည်မြဲနေမှု အလိုရှိလျှင် အယူမှန် အမြင်မှန် အသိမှန် (သမ္မာဒိဋ္ဌိ) ဉာဏ်ကို ရအောင် ရောက်အောင် အစ ပထမလုပ်ပါလို့ အလေးအနက် မေတ္တာစေတနာဖက်၍ သတိပေးတိုက်တွန်းရပါသတည်း။

တတ္တကဘာမာ သမ္မာဒိဋ္ဌိ၊ ဒုက္ခေဉာဏ် ဒုက္ခသမုဒယေ ဉာဏ် ဒုက္ခနိရောဓေဉာဏ်၊ ဒုက္ခနိရော ဓဂါမိနိ ပဋိပဒါယ ဉာဏ် အယံ ဝုစ္စတိ သမ္မာဒိဋ္ဌိ။

တတ္ထ၊ ထိုတရားသဘောဌ္ဌ။ သမ္မာဒိဋ္ဌိ၊ အမှန်မြင်သိပညာရှိခေါ်ငြား သမ္မာဒိဋ္ဌိ တရားသည်။ ကတမာ၊ အဘယ်တရားနည်းဟူမူကား။ ဒုက္ခေ၊ အာယူဟန သခ်ါရမူ၊ ပြုပြုသမျှသည် အမှန်ပင် ဆင်းရဲခြင်းဟူ၏၊ ဉာဏ်၊ သိသောဉာဏ်တည်း။ ဒုက္ခသမုဒယေ၊ ကံ-သခ်ါရမှ ပြုလိုပါငြား အလိုတရားသည် ဒုက္ခဖြစ်ကြောင်းဟူ၏။ ဉာဏ်၊ သိသောဉာဏ်ဘည်း။ ဒုက္ခနိရောဓေ၊ ပြုလိုတခု ပယ်ဖွန့်ပြုက ပြုမှုချုပ်ငြိမ်း အလိုသိမ်းလျက် ဧကိန်းနိရောဓ မျက်မှောက်ပြုရသည်ဟူ၍ ဉာဏ် သိသောဉာဏ်တည်း။ ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါဃ၊ ဒုက္ခချုပ်ရာ အကျင့်သာ လမ်းခရီးကား၊ ကံသခ်ါရကိုရပ်၊ ပြုလုပ်မှုကိုပါယ်၊ အမှန်တကယ် မဂ်အကျင့်ဟူ၍။ ဉာဏ်၊ သိသောဉာဏ်တည်း။အယံ၊ ဤလေးပါးသော သဘောတရားတို့ကို အပြောနှိုင် သဘောပိုင်အောင်၊ ဉာဏ်မြင်ရ အမှန်သိမှုသည်၊ သမ္မာဒိဋ္ဌိ၊အမြင်မှန်သိပညာရှိမဟော် သမ္မာဒိဋ္ဌိ ခေါ်တော့ဟူ၍။ ဝုစ္စတိ၊ ငါဘုရားမိန့်မှာခဲ့ပါသတည်း။

သစ္စာဉာဏ်

သတ္တလောက ခေါ်ဆိုကြသည့် ပြုပြင် ပြောင်းလဲမှု ရွေ့လျား,လှုပ်ရှားမှု,ကျယ်ပြန့်ကျဉ်းကြုံ့မှု၊ ဖြစ်မှုပျက်မှု အစဉ်တန်းနေသည့် သခ်ါရလောကကြီး အတွင်းမှ အရှိတရား အဖြစ်

တရားတို့ကို ဤသည်ကား အရှိတရားတည်း၊ ဤသည်ကားအဖြစ်တရားဘည်း၊ ဤသည်ကား အထင်တရားတည်းဟု အမှန်အကန် မဖေါက်မပြန် ဟုတ်ဘိုင်းမှန်စွာ အမြင်မှန်အား ဖြင့် သိထားမှသည်၊ သစ္စာကိုသိသည်၊ မြင်သည်၊ ရှိသည်မည်၏။ ဤသို့သခံါဒတို့၏ သဘောမှန်ကို မှန်သည့်အတိုင်း သိထားသူကိုပင် လျှင် လွတ်မြောက်သည့်လူသား အရိယာဒွယ်ဘွားလို့ ခေါ်ဝေါ်သမုတ်ကြရာ၏။

"စတုသစ္စာ ဝိနိမုတ္တော ဓမ္မောနာမနတ္ထိ"

အားလုံးကုန်သော အရှိပရမတ် သဘော အရပ်ရပ်တို့သည် သစ္စာလေးပါးမှ မလွတ်ကြကုန်၊ (ဝါ) သစ္စာလေးပါးမှ လွတ်သောတရား မည်သည်မရှိ။

"တတ္ထကတမာနိ အရိယ သစ္စာနိ"

အားလုံးကုန်သော အရှိပရမတ် သဘောအရပ်ရပ်တို့သည် သစ္စားလေးပါးမှ လွတ်သောတရား မည်သည် မရှိဆိုရာ၌ သစ္စာလေးပါးဟူသည် အဘယ်တရားနည်း ဟူမူကား။

"ဒုက္ခ အရိယသစ္စ

ဆင်းရဲအစစ်အမှန်ကို သိခြင်းသည် အရိယသစ္စာမည်၏။

လူသား၏ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယတည်းဟူသော ပသာဒရုပ်နဲ့များနှင့် လူ့ပတ်ဝန်းကျင်မှ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အဟောင်းတရားတည်း

ဟူသော အပြင်ရုပ်မျှားနှင့် အကြောင်းတိုက်ဆိုင်မှု ပြည့်စုံသည့် အခါ ခန္ဓာငါးပါး၊ ရုပ်-နာမ်နှစ်ပါးဖြစ်ပါသည်။

ဖြစ်ပေါ်ပုံ ဥပမာပြရလျှင် မျက်စေ့ပေါက်မှာ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ဖြစ်သည်ဆိုပါတော့၊ ဖြစ်ပုံကား စက္ခုပသာဒခေါ် မျက်စေ့အကြည် အတွင်းရုပ်ကို အပြင်မှ ရူပါရုံခေါ် အဆင်းရုပ်က တိုက်သည့်အခါ မြင်မှုသဘော ဖြစ်လာပါသည်။

ဤသည့် မြင်မှုသဘောသည်၊ ယခင်ကမရှိ မူလက ဖြစ်ရန်ရှိနှင့်ပြီး မဟုတ်ပါ၊ ဖြစ်လာ ရှိလာပြန်တော့လည်း နိစ္စထာဝရအားဖြင့် အတည်မခံ သဘောဖြစ်ရကား ပေါက်ပြန်ပျက်စီးသွားပါသည်။ထိုသို့ပေါက်ပြန်ပျက်စီးသွားသည့်သဘောကို ရှုပက္ခန္ဓာလို့ ခေါ်ပါသည်။ ၎င်းပေါက်ပြန် ပျက်စီးသွားသည့်သဘောကို ကောင်း မကောင်းအားဖြင့် ခံစားမှုသဘောဖြစ်၏။ တို့သို့ ခံစားတတ်သည့် သဘောကို ဝေဒနက္ခန္ဓာလို့ ခေါ်၏။ ၎င်း ကောင်း မကောင်းခံစားမှုသဘောကိုမှတ်သားမှုသဘောလေးဖြစ်၏။ ထိုမှတ်သားမှုသဘောကို သညက္ခန္ဓာလို့ ခေါ်၏။ ၎င်းမှတ်သားမှု သဘောကို ကောင်း၊မကောင်း ပြုပြင်တိုက်တွန်းစေ့ဆော်မှု သဘောသည် ဖြစ်၏။ ထို စေ့ဆော်မှုတိုက်တွန်းတတ်သည့် သဘောကို သင်္ခါရက္ခန္ဓာလို့ ခေါ်၏။ ဤသို့ မြင်မှုဖြစ်ဆဲကာလက ထိုခဏမှာ ပေါက်ပြန်, ပျက်စီး, ခံစား, မှတ်သား, စေ့ဆော် တိုက်တွန်းမှု, အစုစုတို့ကို သိခြင်း သဘော

ဖြစ်၏။ ၎င်း သိခြင်းသဘောကို ဝိညာဏက္ခန္ဓာလို့ ခေါ်ပါသည်။

လူသား၏မျက်စေ့အဘွင်း ရုပ်နှင့် လူ့ပတ်ဝန်းကျင်မှ အာဆင်းရုပ်တို့ အခြားဒြပ်စုံလို့ တွေ့ဆုံဆဲခဏမှာ ခန္ဓာငါးပါး တည်ဆိုင်နက် တသားတည်းပေါ်ပါသည်။ ၎င်း ခန္ဓာငါးပါးကို သဘောတူရာ စုပေါင်းလိုက်ပါက ရူပက္ခန္ဓာက ရုပ်လောက ဖြစ်ခန္ဓာ။ခံစား,မှတ်သား၊ခေ့ ဆော်ဟိုက်ဘုန်းမူနှင့် သိမှုတို့သည် နာမက္ခန္ဓာ နာမ်လောက ဖြစ်ပါသည်။ အမှန်က ရုပ်လောက နှင့် နာမ်လောက နှစ်ပါးသာ ဖြစ်ပါသတည်း။

ထိုသို့ မျက်စေ့ပေါက်မှာ မြင်ဆဲကာလ,ထိုခဏဘွင်၊ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါး၊ တပြိုင်နက်ဖြစ်မှု၊ ပျက်တော့လည်း တပြိုင်နက် ပျက်မှုကို ဉာဏ်မြင်ရပါ၊ ၎င်းတပြိုင်နက်ဖြစ်၍၊တပြိုင်နက်ပျက်သွားသည့် ခန္ဓာ၊ ရုပ်နာမ်ကို၊ ပရမတ် ခန္ဓာ၊ ပရမတ် ရုပ်နာမ်လို့ ခေါ်ပါသည်။ ဤသို့ ပရမတ်ခန္ဓာ၊ ပရမတ်ရုပ်နာမ် ဖြစ်မှု ထိုဖြစ်သဘောကို ဉာဏ်ကုန်နှောကာ မသိမှုအကြောင်း ခံပြုပြီး၊'ချောလှ''ကြီးဘုန်'ကောင်း မကောင်း၊ဘာဘာညာညာ ထွေထွေရာရာ ထင်မှတ်မှုများ ဖြစ်ပါသည်။

"တွေ့ဟိစက္ခုမေဝ ရူပါနိစ ရူပက္ခန္ဓော ဒဿနံ၊ ဝိညာဏက္ခန္ဓော" တံသမ္ပ ယုတ္တာ၊ ဝေဒနာ ဝေနက္ခန္ဓာ၊ သညာ သညက္ခန္ဓာ၊ ဖဿဒိကော သခ်ါရက္ခန္ဓော၊ ဧဝ

မေတေသံ ပဥ္ဇုန္နံ ခန္ဓာနံ သမဝါယဓမ္မ အာလေဝကေန ဝိလောကနံ ပညာယတိ။

မျက်စေ့ပေါက်နည်းတူ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနော ဒွါရတို့မှာလည်း၊ ပရမတ်ခန္ဓာ၊ ပရမတ်ချပ်နာမ်ပေါ်မှု၊ ကိုယ်ပိုင် ဥာဏ်ဖြင့် အသိမှန်ပြုရာ၏။

ခြောက်ဒွါရ ခြောက်အာရုံ အကြောင်းစုံပေါင်းဆုံလို့ ဖြစ်ပေါ်လာသည့်၊ ခန္ဓာ ရုပ်နာမ်သည်၊ တကိစ္စ၊ တဒွါရ၊ တအာရုံတည်းနှင့်ချုပ်ငြိမ်းသွားပါက၊ ရှိုးရှိုးသားသား ပဥ္စက္ခန္ဓာ တရားပါပေ၊ ဓမ္မနိယာမ သဘော ဖြစ်ခြင်းကြောင်း ဘာမျှ အပြစ်မရှိပါ။ အပြစ်ဖြစ်လာသည်ကား၊ ထိုထိုနိယာမ သဘော အတိုင်း ဖြစ်ပေါ်ချုပ်ငြိမ်း သွားသည့် ပဥ္စက္ခန္ဓာ ရုပ်နာမ်တို့ကို ဘာဘာညာညာအပွားခတ်မှု၊ ထင်မှတ်စဲလမ်းမှ၊ ဥပါဒါန်ပြုလိုက်မှု အစဲဥပါဒါန်နှင့် တကွသော ခန္ဓာရုပ်နာမ်ဖြစ်ပြီး၊ ဆင်းရဲခြင်း အစစ် အမှန်ဖြစ်တော့တာပါ။

ထို့ကြောင့် 'ပဥ္စုပါဒါနက္ခန္ဓဝိဒုက္ခာ' 'နာမရူပံ ဒုက္ခသစ္စံ' 'လို့ ဟော်ဗိန့်ခဲ့ခြင်း ဖြစ်ပါသည်။

ဤနေရာမှာ၊ ခန္ဓာငါးပါးသည် ဆင်းရဲ၏။ ရုပ်နာမ်နှစ်ပါးသည် ဒုက္ခသစ္စာဖြစ်၏ ဆိုရာဝယ်၊ မည်သည့် ခန္ဓာသည် ဆင်းရဲ၍ မည်သည့်ရုပ်နာမ်သည် ဒုက္ခသစ္စာ ထိုက်သနည်းဆိုတာ၊ ကွဲပြားခြားနားသိမှု အထူးသတိပြုအပ်ပေသည်။

ခန္ဓာ ရုပ်နာမ်သည်၊ အထက်မှာ ပြခဲ့သည့် အတိုင်း ပဥ္စက္ခန္ဓာ ရုပ်နာမ်နှင့် ပဥ္စုပါဒါနက္ခန္ဓာ ရုပ်နာမ်လို့ နှစ်မျိုး နှစ်ပွားရှိသည့်အနက် ပဥ္စက္ခန္ဓာ ရုပ်နာမ်ကား၊ တဏှာစ္ဆေ၊ တဒ္ဒါရုံ၊ တအာဝဏ်တည်းနှင့် ဓမ္မနိယာမ သဘောအတိုင်း ချုပ်ငြိမ်းသွား ခြင်းကြောင့် ဘာမျှ အပြစ်မရှိ၍ သုခ-ဒုက္ခ မဖြစ်ပေ။

ဤသည့် အကျိုးဝိပါက် ရုပ်တရားကြီး၏ အချိုးအစား မညီမျှမှုကြောင့် ဖြစ်ပေါ်လာသည့် ဆာလောင်မွတ်သိပ်မှု၊ အလိုမပြည့်မှု၊ ဓမ္မနိယာမအတိုင်း၊ ရုံ့ရော်အိုမင်းမှု၊ စားဝတ်နေရေး အတွက် လုံးပမ်းရမှု၊ နာမှု၊ သေမှုတို့ကလည်း အမှန်နယ်ကြည့်ရှု၊ သိမှ ပြုမည်ဆိုလျှင်၊ ဘာမျှ အပြစ်မရှိ၍ သုခ-ဒုက္ခ မဟုတ်ပေ။

ဤသည့်အကျိုးဝိပါတ် ရုပ်တရားကြီး၏ အချိုးအစား မမျှတမှုကြောင့် ဖြစ်ပေါ်လာသည့် ဆာလောင် မွတ်သိပ်မှု 'စားဝတ်'နေရေးအတွက် လုပ်ကိုင်ရမှု၊ အိုနာ၊သေ၊ သာမှုနာမှု တရားတို့ကား၊ တာဝန်နှင့် ဝတ္တရားဖြစ်ပေသည်။ ထိုထိုတရားတို့ကား ဓမ္မနိယာမ လမ်းကြောင်းအတိုင်း ဖြောင့်တန်းစွာဖြစ်ပေါ်နေသည့် အပြစ်ကင်းမဲ့သည့် တာဝန်နှင့် ဝတ္တရားပါပေ။

ဤသည့်အကျိုးဝိပါတ် ရုပ်တရားကြီး၏ အချိုးအစား မမျှတမှုကြောင့် ဖြစ်ပေါ်လာသည့် ဆာလောင် မွတ်သိပ်မှု၊ အလိုမပြည့်မှု၊ ဓမ္မနိယာမအတိုင်း၊ ရုံ့ရော်အိုမင်းမှု၊ စားဝတ်နေရေး အတွက် လုံးပမ်းရမှု၊ နာမှု၊ သေမှုတို့ကလည်း အမှန်နယ်ကြည့်ရှု၊ သိမှ ပြုမည်ဆိုလျှင်၊ ဘာမျှ အပြစ်မရှိ၍ သုခ-ဒုက္ခ မဟုတ်ပေ။

ယနေ့ မျက်မှောက်ကာလမှာ၊ တာဝန်ဝတ္တရားနှင့် ဒုက္ခ မကွဲပြားဘဲ ဖြစ်နေကြပါသည်။ တာဝန်နှင့်ဝတ္တရားကို ဒုက္ခမှတ်နေကြပါသည်။ တာဝန်နှင့်ဝတ္တရားကို ဒုက္ခမှတ်နေခြင်းကြောင့် တာဝန်မကြမှု၊ ဝတ္တရားချို့တဲ့မှုကြီး ဖြစ်နေပါသည်။ တာဝန်

မကြေ ဝတ္တရားချို့တဲ့မှုကြောင့် စီးပွားရေးမှာ ဟာကွက်ကြီး ဖြစ်ပြီး၊ ကျမ္မာရေးမှာ မမျှတမှု၊ အချိုးအစား မကျမှုကြီးများ ဖြစ်နေပါသည်။

အမှန်သော်တမူကား၊ တာဝန်နှင့်ဝတ္တရားသည်၊ဒုက္ခအစစ် အမှန်မဟုတ်ပါ။ တာဝန်နှင့်ဝတ္တရားဆိုတာ ဓမ္မနိယာမ အတိုင်း ဖြစ်သည့် အပြစ်ကင်း၊အပြစ်ရှင်းသောတရားသာလျှင်ဖြစ်သည်။ ဒုက္ခဆိုသည်ကား အပြစ်တရား(ဝါ)တာဝန်နှင့်ဝတ္တရားကိုသွေဖီ သည့်တရားဖြစ်သည်။ ဆိုလိုသည်မှာ အလိုတခုနှင့် အပိုပြုနေရ ခြင်းသည်(ဝါ)တာဝန်နှင့် ဝတ္တရားကို ကျော်လွှန်၍ တာဝန်နှင့် ဝတ္တရားထက် ကောင်းနိုးနိုး အမျိုးမျိုးသော အားထုတ်ပြုလုပ်မှု ဖြစ်သည်။ ထိုသို့ ပြုလုပ်တိုင်း ပြုလုပ်တိုင်း ကာလမဆိုင်းဘဲ.... ဆင်းရဲမှုအမှန် ဇကန် ဖြစ်ရခြင်းကြောင့်'သစ္စဿသဒ်ါရာဒုက္ခ'လို့ ဟောမိန့်ခဲ့ပါသည်။

အစဉ်ပါဒါန်'အလိုတခုနှင့် ပြုလုပ်သမျှ'အားလုံးသဒ်ါရ ဒုက္ခဖြစ်သည်၊ထင်းသဒ်ါရဒုက္ခသည် လုပ်ရမည့်တရား၊တွယ်ရမည့် တရားမဟုတ်ပါ၊သိထားရမည့်တရားသာဖြစ်သည်။(ဝါ)ပရိညေ ယျကာတဗ္ဗအနေနှင့်သိသာရုံသာ သိထားရမည့်အကြောင်းအသိ ကောင်းအမြင်မှန်ရန်လိုပေသည်။ပြုပြုသမျှကတော့ ဒုက္ခသာမှန် သည်။ ထင်းဒုက္ခကိုလည်း သိရုံသာသိထားရမည့် တရားပါလား လို့ ပိုင်းခြားပြီးမသိပါက၊ ဒုက္ခမှလွတ်အောင် လုပ်သည့်အခါ ဒုက္ခဖြစ်ခကြောင်းတွေကြီး လုပ်နေတတ်ပေသည်။

ဒုက္ခအစစ်အမှန်ကို သိဘို့ အလွန်အရေးကြီးသည်၊ ဒုက္ခအစစ်အမှန်ကို ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်ကိုယ်ပိုင် သိမြင်လျှင် သစ္စာလေးချက် တပြိုင်နက်သိတော့သည်သာ။

ထို့ကြောင့် 'ဒုက္ခဒိဋ္ဌေ စတ္တာရိသစ္စာနိ ဟောန္တိတိ အာမန္တာ'ဟု မိန့်မှာဟောကြားခဲ့ပါသတည်း။

ဒုက္ခအစစ် အမှန်ဆိုတာလည်း၊ အထက်မှာ ပြခဲ့သည့် အတိုင်း၊ ဘလိုတခု အစဲ့ဉပါဒါန်ပြုပြီး လုပ်သမျှကတော့ ဒုက္ခသာမှန်သည်။ ၎င်းဉပါဒါန်ဒုက္ခကို သိရမည်။ ဒုက္ခ အရိယသစ္စာ အရိယာ သူမှန်သူမြတ်များသိသည့် ဒုက္ခသည် ထိုဉပါဒါန် ဒုက္ခသဒ်ါရ ဒုက္ခသာဖြစ်ပါသည်။

'ဣဒံ ဒုက္ခန္တိ ယထာဘူတံပဇာနန္တိ'

အလိုတခု အစဲ့ဉပါဒါန် ပြုပြီးလုပ်လျှင်(ဝါ)တာဝန်နှင့် ဝတ္တရားထက် ကျော်လွန်၍လုပ်လျှင်၊ကိုယ်ဖြင့်လုပ်လုပ် (ကာယသဒ်ါရ)နှုတ်ဖြင့်လုပ်လုပ်(ဝစီသဒ်ါရ)စိတ်ဖြင့်လုပ်လုပ် (မနေသဒ်ါရ)ကောင်းတာလုပ်လုပ် (ပုညာဘိသဒ်ါရ) မကောင်းတာလုပ်လုပ်(အပုညာဘိသဒ်ါရ)မြင်မှုနှင့်လုပ်လုပ်၊ကြားမှု၊နံမှု၊စားမှု ထိမှု၊ သိမှုနှင့်လုပ်လုပ် လုပ်သမျှကတော့ ဒုက္ခသာ မှန်သည်။ 'ဇာတိဒုက္ခ'ဆိုတာ ဉပါဒါနသဒ်ါရ အာယူဟနသဒ်ါရနှင့်တကွ ဖြစ်ဖြစ်နေသည့် 'အဖြစ်သဘော'ကို ဆိုသည်။

'ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာ'

သူမွန်သူမြတ်(အရိယာ)ကြီးများသည် ဒုက္ခကို အပြားအားဖြင့် သိကြသည်ဆိုရာဝယ် အထက်ပါအတိုင်း အဝိဇ္ဇာကို အကြောင်းခံ၍ တဖြေးဖြေးပြန်ပြန် ပြုသမျှကံတွေ့ ဒုက္ခသာမှန် တယ်လို့ မှန်သည့်အတိုင်း ဟုတ်သည့်ဒါတိုင်း မှန်စွာသိကြခြင်း ဖြစ်ပါသည်။

ဣဒံ ဒုက္ခန္တိ ဘိက္ခဝေ ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ။

လွတ်မြောက်ရေးတရားကို လိုလား အမျိုးကောင်းသား တို့ အာယုဟနသင်္ခါရ ဥပါဒါနတရားတို့ကို ပြုပါက ပြုပြုသမျှ တော့ ဒုက္ခသာမှန်သည်။ ဤသည့် ဒုက္ခကို သံသယမနှောဝိစိကိစ္ဆာမဖက်၊ သဘောဥာဏ်သက်သက်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်ပါလျှင် ဘုံစဲ့-ဘဝစဲ့နှင့်တကွ အတိတ်, အနာဂါတ်နှင့် တုတ်နှောင်မှု မှန်သမျှ ရှိစဲ့၊ မရှိစဲ့၊ အလဲ့အမှားတို့သည် ကုန်ပြီး ငြိမ်းပြီး၊ ချုပ်ပြီး ဖြစ်မည်ကား ပရမတ္ထသစ္စာတရားပါတည်း။

'ဒုက္ခသမုဒယံ အရိယာသစ္စ'

ဒုက္ခဖြစ်ကြောင်းမှန်ကို သိမှသည် အရိယသစ္စာမည်၏။

ဒုက္ခစစ် ဒုက္ခမှန်ဆိုတာ ထင်မှတ်စဲ့လန်းမှု အလိုတခုနှင့် တကွ ပြုပြုသမျှဒုက္ခသာဖြစ်ကြောင်း အထက်တွင် ပြဆိုခဲ့ပေပြီ။ ဤသို့ ဒုက္ခဖြစ်ဖြစ်နေရတာ ဘာကြောင့်လဲလို့ ဒုက္ခဖြစ်ခြင်း

အကြောင်းရင်းကိုရှာတော့ ဖြစ်လိုမှု, ပြုလိုမှု, အကြောင်းစုကို တွေ့ရပါသည်။ ဘာကြောင့် ပြုလို ဖြစ်လိုပါသလဲလို့ တဆင့်တက်၍ အကြောင်းအချက်ကိုရှာတော့ ထိုသို့ ဖြစ်ဖြစ်နေရတာဲ့ ပြုပြုနေရတာသည် အပြစ်ပါလား၊ ဆင်းရဲပါလားလို့ မသိမှုကြောင့် ဖြစ်ပါသည်။

ဤနေရာမှာ ဒုက္ခနှင့် သမုဒယ သံသရာ လည်နေမှုကို သတိပြုပါ၊ မသိလို့ပြုလို၊ ပြုလိုလို့ပြုလုပ်၊ ပြုလုပ်လို့ ဆင်းရဲဆင်းရဲမှုကို ဆင်းရဲပါလားလို့ မသိ၊ မသိတော့ ထပ်ပြီးပြုလို၊ ပြုလိုတော့ ပြုလုပ်ပြန်၊ ပြုလုပ်တော့ဆင်းရဲပြန်၊ ဆင်းရဲကိုဆင်းရဲပါလားလို့ မသိတော့ ပြုလိုမှုသမုဒယအခြေခံ၊ ဒုက္ခနှင့်သမုဒယတို့ တပြောင်းပြန်ပြန် သံသရာလည်းမဆုံး ဖြစ်နေပေသည်။

ဒုက္ခနှင့် သမုဒယသံသရာ ပြတ်ရေး, ချုပ်ရေး, အလုပ်စခမ်းပေးရသော် လွယ်လွယ်ပါဘဲ၊ အာယူဟန သခ်ါရတို့ရပ်၊ အတ္တသမုဒယကိုပယ် (၀၇) ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော ပြုလုပ်မှုမှန်သမျှ ဒုက္ခသာဖြစ်ကြောင်း သတိကောင်းအမြင်မှန်ပါစေ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော သခ်ါရတို့ကို အလိုတခု, အပိုတခု အနေနှင့် လုပ်လိုမှု (၀၇) ကံကြွေးဆပ်သည့် အနေနှင့် လုပ်လိုမှု၊ မျှော်မှန်း တောင့်တ၍ အမြတ်ကြီးစား စနစ်နှင့် လုပ်လိုမှုသည် ဒုက္ခသာဖြစ်မကြောင်း အသိကောင်း အမြင်မှန်စေရာ၏၊ ထိုသို့ ပြုပြုသမျှ ဒုက္ခသာစွဲပရိညေယ ကာတဗ္ဗအားဖြင့် သိရမည့်တရား၊ ပြုလိုမှုကာသမုဒယ

သစ္စာ ပဟာတဗ္ဗကိစ္စ ပယ်ရမည့်ဘဏ္ဍားဖြစ်ကြောင်း ကိုယ်တိုင် ကိုယ်ပိုင် 'ပညာဥဒပါဒိ' 'ဝိဇ္ဇာဥဒပါဒိ' ထင်ရှားရှိလျှင်ကား ဒုက္ခနှင့် သမုဒယသံသရာ အမှန်မကွာ ပြတ်ကြရမည်သာ။ အကျဉ်းအားဖြင့် ဆိုသော် ဒုက္ခမဖြစ်လိုလျှင် ဒုက္ခဖြစ်ကြောင်း ဖြစ်သည့်၊ ပြုလိုမှုအလို သမုဒယကို ပယ်ရပါသည်။

သမုဒယဆိုတာလည်း အဆက်မှာပြအပ်သည့် အတိုင်း ဘုံစုံဘဝစုံအခြေခံ၍ အတိတ်ကာလ ဘဝဘဝက၊ ကံကြွေးဆပ်လိုမှု အလိုဘခု, အနာဂတ်ကာလ၊ ဘဝဘဝကို မျှော်မှန်းတောင့်တ၍ ကံကြွေးချလိုမှု၊ အလိုဘခုကတော့ သမုဒယသာမှန်သည်။ ဒုက္ခဖြစ်ကြောင်း မှန်သည်လို, မှန်သည့်အတိုင်း သိရပါမည်။

တနည်းအားဖြင့် သမုဒယသဘော ရုပ်လုံးပေါ်ရလျှင်

'ဝိညာဏ သမုဒယသစ္စ'

ဝိညာဏ၊ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်ဆိုငြား၊ ပဥ္စဝိညာဏ်ဘရားကို၊ ဘာဘာညာညာ ထင်ရောင်ဆင်မှား၊ အပွားခတ်ဘတ်သည့်၊ မနောဝိညာဏ်သည်။ သမုဒယသစ္စ၊ သမုဒယသစ္စာမည်၏။

သမုဒယ၏သဘော တရားကိုယ်ရှာတော့၊ မနောဝိညာဏ်ဆိုသည့်၊ သိစိတ်ကိုတွေ့ရပါသည်။ မနောဝိညာဏ်ဆိုသည့် သိစိတ်

ကလည်း မည်သည့် သိစိတ်မျိုးလဲဆိုတာ တဆင့်တက်၍ဝေခွဲရန် လိုလာပြန်သည်။ သိစိတ်တိုင်းကို သမုဒယဆိုပြီး ပယ်လို့မဖြစ်ပေ။ ထို့ကြောင့် သမုဒယသစ္စာဆိုက်သည့်၊ မနောဝိညာဏ်သိစိတ်ကို ရေးသားတင်ပြပါဒေါ်။

"ရူပံ ပဋိစ္စနာဒံ ပဝတ္တတိ"

နာဒံ၊ သိစိတ်နာမ်တရားသည်။ ရူပံ၊ ရုပ်တရားကို။ ပဋိစ္စ စဲ၍။ ပဝတ္တတိ၊ ဖြစ်ပေါ်၏။ သိစိတ်နာမ်တရားသည်ရုပ်တရားကို စဲ၍(၀၊)ရုပ်တရားကို အကြောင်းပြု၍ ဖြစ်ပေါ်လာပါသည်။

မည်သို့ ဖြစ်ပေါ်လာသနည်းဟူမူ

မနံစ ဓမ္မစ ဥပဒ္ဓတိ မနောဝိညာဏ် တိဏ္ဏ်သန်တိ ဖဿော ဖဿပစ္စယာ ဝေဒနာ အစဖြာသည့် ပဋိစ္စသမုပ္ပါဒ်နည်း ဗုဒ္ဓဘာသိတ စကားအရင်းခံထား၍ စိတ်သဘော စိတ်ဖြစ်ပေါ်ပုံအကြောင်းကို ရေးသား တင်ပြရမည်ဆိုလျှင် စိတ်သည် အတွင်းခုပ် အပြင်ရုပ် တိုက်ဆိုင် အကြောင်းစုံသည့် အခါအကြောင်း အားလျော်စွာ ဖြစ်ပေါ်လာသည့် အဖြစ်တရားဖြစ်သည် အာဂန္တုက သဘောတရားမျှသာ၊ အနိစ္စ ထာဝရ အားဖြင့် မြဲသဖြင့်မရှိပေ။

"ဤနေရာမှာ အထူးသတိပြုပါ"

စိတ်တွေနှ၊ နိယျာတေလျှောကော၊ စိတ်တွေနှ ပဋိက ဿတိ၊ စိတ်သ ကော်ဓမ္မသ၊ သဗ္ဗေ ဝသ မန္ဒဂူ။

အစရှိသည်အားဖြင့် ဟောထားမှုသည် စိတ်အကြောင်း စိတ်ဖြစ်ပေါ်ပုံ၊ နားမလည်သူတို့အတွက် အလေးအနက်ထား၍ ဟောခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် စိတ်ဖြစ်ပေါ်ပုံ စိတ်အကြောင်းကို အသိပေါက်ပိုင်ရန် လိုအပ်ပေသည်။

လူသားသည် ဓာတ်ကြီးလေးပါးတည်းဟူသော ရုပ်တရားဖြင့် တည်ဆောက်ဆားကြောင်း အထက်မှာဖေါ်ပြခဲ့ပြီ။ ထိုလူသား ခန္ဓာကိုယ် ရုပ်ဒြပ်ကြီးကလည်း နိယာမဖြစ်စဉ်အရ သဘာဝက တပ်ဆင်ပေးသားသည့် ရုပ်ကြည် (ပသာဒရုပ်)များ ဇနည်း အင္ဂါအိုကာယဘနဖြစ်သည့် ရုပ်ကြည်ဂုပ်နှုများရှိရကာ၊ ဤသည့် ရုပ်ကြည်ရုပ်နဲ့ အတွဲးရှဲ အခံခာတ်များကို အပြင်မှ အဆင်း၊ အသံစသည့်၊ ဗဟိဒ္ဓရုပ်များက တိုက်ခတ်သည့် အခါ၊ ဆိုင်ရာ ဆိုင်ရာ မြင်သိဒိတ် ကြားသိစိတ် စသည်အားဖြင့် အသိးသိ ဖြစ်ပေါ်ကြပါသည်။

ထိုထို'နာမ်'သိစိတ်တို့သည် အကြောင်းစုံသည့် အခါမှ အကြောင်းအားလျော်စွာ ဖြစ်ခပေါ်လာသည့် ပေါ်သိခာတ်ဧည့်သည် အာဂန္တုက တရားဖြစ်ကြောင်း မဖြစ်ခင်ကလည်း ဖြစ်ချန် ရှိနှင့်ပြီးသား မဟုတ်ခကြောင်း၊ ဖြစ်ပြန် ရှိလာပြန်တော့ လည်း နိစ္စထာဝရအားဖြင့် အမြဲရှိသည့် တရားမဟုတ်ခကြောင်း အသိမကောင်း အမြင်မမှန်သူတို့မှာ၊စိတ်,နာမ် ဝိညာဏ်ကို အရှိ တရား၊ ရှိပြီးသားတရား၊ အမြဲရှိသည့် တရားအနေနှင့် ထင်မှတ် ခံယူကြသည်သာ။

ထိုသို့အတွင်းရေပ်၊ အပြင်ရုပ်တို့ အကြောင်းစုံ၍ ထပ်မနှားတိုက်ဆုံသည့်အခါ၊ အဖြစ်တရား သိစိတ်မျှားလည်း အခါခါဖြင့်ပေါ်ပါတော့သည်။ ဤသို့ အဖြစ်ဓာတ်တရားမျှား အဖြစ်မျှား ရင့်ကျက်လာသည့်အခါ၊ စိတ်အား အစုမ်းကောင်းလာပြီး စိတ်အလုပ် မျှားပါတော့သည်။ ဖြစ်ပြီး ချုပ်ပြီး စိတ်မျှား အပေါ် ပြန်ပြောင်းတွေးတောမှု၊ စိုးရိမ်ကြောင့်ကျစရာ ရှိသည် ထင်မှတ်မှု မဖြစ်သေး မရှိသေးသည့် အနာဂါတ်အပေါ် မျှော်မှန်းတောင့်တမှု အလိုတခု ပြုကြ ပါတော့သည်။ ဤသည့် အတွေး အထင် အလိုနှင့် တကွသော စိတ်အလုပ်သည်သာ သမုဒယဖြစ်ပါသည်။

ဦးညာဏ သမုဒယသစ္စံ၊ ဝိညာဏ်သိစိတ်သည် သမုဒယသစ္စာ ဖြစ်သည်ဆိုရာ၌ အတွေး အထင် အလိုနှင့် တကွသော စိညာဏ်သိစိတ်သားလျှင် သမုဒယဖြစ်ကြောင်းကဲ့ပြားခြားနားစွာသိမြင်ရာ၏။ တကိစ္စ-တဒ္ဓါရ၊ တအာရုံအနေနှင့် ချုပ်ပျောက်သွားသည့် စိတ်ဝိညာဏ်မျှားကား ရိုးရိုးသားသား အကျိုးတရား ဝိညာဏ်မျှားပါပေ။ ဘာမျှအပြစ်မရှိပါ။

ဒုက္ခသစ္စာအမှန်ကို သိရန် အရေး ကြီးသည်နှင့် အမျှ 'သမုဒယ' အစစ်အမှန်ကို သိရန်လည်း အရေး ကြီးပါသည်။ အကြောင်းကိုဆိုသော် ယနေ့လူသားမျှား အယူမှားနေကြသည်ကား သားတော့မယားတွေ့ လယ်ယာကိုင်းကျွန်း ကဲ့၊ နွားအိမ်ယာအစရှိသည့် အရှိတရားတွေကို သမုဒယထင်နေမှုကြောင့်

ပေတည်း။ ထိုအရှိတရားများကို ပါ့ယ်ရမည် ထင်နေကြသော ကြောင့် တာဝန်နှင့် ဝတ္တရား ပျက်ကွက်မှုများ ဖြစ်နေကြ ပါသည်။

အမှန်သော် တမူကား ထိုထိုသားမယားစသော အရှိ တရားတို့ကား သမုဒယအစစ်မဟုတ် ပါယ်ရမည့်ဘရားမဟုတ်ပါ၊ မိမိဘဝပေးအခြေအနေအရ တာဝန်နှင့် ဝတ္တရားကျေအောင် လုပ်ရမည်သာ။ ဘဝပေးအခြေအနေအရ တာဝန်နှင့် ဝတ္တရား ကျေအောင် လုပ်လိုမှု လုပ်နေမှုသည် သမုဒယ, ဒုက္ခမဟုတ် ကြောင်း အသိပေါက်ပိုင်မှ အထင်မှား အယူမှား ဘာသာ ဝန်ထုပ် ဝန်ပိုးများ အလိုလိုပြုတ်ပြီး ဖြစ်ကြမည်။

သမုဒယ အစစ်အမှန်ကား, မရှိတရားကို(ဝါ)မရှိသား မရှိမယား, စသည်တို့အပေါ်မှာ၊ ဘာဘာညာညာ ကောင်း ကောင်း ဆိုးဆိုး အမျိုးမျိုး, အပ္ပားခတ်မှု၊ ထင်မှတ်မှု၊ အလို ပြုကြမှသာလျှင် သမုဒယ ဖြစ်သည်။ ဥာမာ လူမြဲမကြီး သားကလေးက၊ ဝသည် လှသည် ချောလှ ကြီးတန်၊ နိမ့်မြင့် ဆူကြုံ၊ငြင်းခုံဝဘန်ကြသလို၊ မရှိတရား၊ မဖြစ်တရားတို့ကို ရှိလို ဖြစ်လိုမှု အထင်ပိုမှု အလိုတခုသာလျှင် သမုဒယ အစစ် ဖြစ်ပါ သတည်း။ ဤကား မရှိစဲ့, သမုဒယတည်း။

ရှိစဲ့သမုဒယကား အရှိတရား (ဝါ) လောက် သမုတိ သစ္စာအရ အမှန်ရှိသည့်သားမယား၊မိန်းမ,ယောကျား၊ အိမ်ယာ 'ကဲ့'နှား စသည်တို့သည် ရှိကြကုန်၏။ ထိုထို အရှိတရားတို့ကို မိမိဘဝပေးတာဝန်အရ အပို၊ အလို၊ မှီမရှိ၊ အချိုးအစားကျ၍ မျှတအောင်လုပ်ရမည်ကား မလွဲမရှောင်သာသည့် တာဝန်နှင့်

ဝတ္တရားပါပေ။ သမုဒယမစစ်၊အပြစ်မရှိပါ။ သမုဒယာအစစ်ဖြစ်လာရသည်ကား, ထိုဆိုအရှိတရားတို့ကို၊ တဝန်နှင့် ဝတ္တရားထက် ကျော်လွန်၍ အတိတ်က ဘယ်လို၊ အနာဂါတ်ကျမည်သို့၊ ဘာဘာ, ညာညာ အပွားခတ်ပြီး, ပြန်ပြောင်း ကြောင့်ကျမှု၊ မျော်မှန်းတောင့်တမှု အထင်ပိုမှု အလိုဘခုပြုလျှင်ကား, ဤသို့အထင်ပိုမှု အလိုဘခု ပြုခြင်းသည်သာ သမုဒယအစစ် ဖြစ်ပါသတည်း။ (၁၂) ဒိဋ္ဌဲသမုဒယမည်၏၊

အခုံုပ်ကို ဆိုရသော် ရုပ်တရားမှ ဖြစ်သည့် စိတ်ကို မထိမ်းကြောင်းနိုင်လျှင် စိတ်ကို အတိုင်းအတာနှင့် ဘောင်ခတ်မထားနိုင်လျှင် စိတ်နယ်ကျ၍ စိတ်အလုပ်များ၍ စိတ်ဒုက္ခပွားကြမည်သာ။ စိတ်နယ်ကျ၍ စိတ်အလုပ်များ၍ စိတ်ဒုက္ခပွားလျှင် ရုပ် (ကိုယ်ကာယ)ကို ကူးစက်မည်သာ။ ဥပမာ သော်ကား ဝါးစနက်ကြောင့် မီးထွက် မီးစနက်ကြောင့် ဝါးပျက် သို့တည်း။

အထင်အလိုနှင့်တကွ စိတ်အလုပ် နာမ်အလုပ် မှန်သမျှ သမုဒယသာတည်း။ အထင်နှင့်အလိုဟူသည်မှာလည်း၊ လောကဥပမာနှင့်ပြရလျှင် အဆက်အာကာပြင်, စာတင်ကာ ခဲရေးက၊ အရေးအကြောင်းမျှမထင်၊ စာလုံးပုံအသွင်မရှိ၊ သို့ပေသည့် မိမိရေးသည့် စာလုံးလေးများ ပေါ်လာသလို အထင်ပိုကြ၏။ အလိုဟူသည်ကား, ရုပ်ပုံကားချပ်တခု အလိုပြု၍၊ ရေပြင်မှာ ဒုတ်ကလေးနှင့် အရုပ်ရေးရာ ရုပ်ပုံအသွင်ကား အမှန်မထင်ပါ၊

သို့သော်ငြားလည်း, မိမိရလိုသော ရုပ်ပုံကားချပ်များ ပေါ်လာနိုးနိုး၊ ထင်အားကိုးနှင့် အကျိုးငံ့မျှော်ပါသော်လည်း၊ အလိုမပြည့် အတွေ့မရှိ၊ မုချဗျာပါ၊ ဒုက္ခအကျိုးတရားသာရှုမည်သာ။ အာဝဇ္ဇကာပြင်ကြီးနှင့် လက်ဝဲ့ထိုးသည့်သူလို၊ နောက်ဆုံးကြတော့ ဖတ်ဖတ်မောရှာ လူလုံးမလှ အပူလုံးကြွကြရမည်သာ။

ထို့ကြောင့် စိတ်နာမ်အလုပ်နှင့်, ဉာဏ်အလုပ် ကွဲပြားခြားနားမှုကို သတိပြုနိုင်ရာ၏။

စိတ်နာမ်အလုပ်သည် အမှောင်ထုကြီးစေသည်။ မိုက်လုံးကြီးထွားစေသည်။ အာကြောက်ကိုအားပေးသည်။ ကိုယ် အားကိုယ်မကိုး။ အကျိုးဒီးပွားဆုတ်ယုတ်မှုကို ရှေ့ရှုစေသည်။

ဉာဏ်သည်ကား အလင်းရောင်ချောက်ပါက အမှောင်ပျောက်သလို လူသား၏ ဆိုးဝါးဘန်ဆောင်ပမာ၊ အလင်းရောင်ဖြစ်သည်၊ မိုက်မဲတွေဝေမှု လွဲမှားမှု၊ ယုံမှားသံသယ အသုံက်အမြုံကြီးကို အမြစ်ပါမကြွင်း တွန်းလွှင့်ပါယ်ဖျက်သည်၊ လိမ္မာယဉ်ကျေး သိမ်မွေ့စေသည်။ ဟုတ်ရာဆို မှန်ရာကို လုပ်ရဲသည်။ ကိုယ် အားကိုယ်ကိုးသည်။ လောကဓမ္မအကျိုး စီးပွားကိုဆောင်သည်။

ထို့ကြောင့် စိတ် နာမ်အလုပ်ကို 'ပဟာပဒ' ပြု၍ ဉာဏ်စခမ်း ဉာဏ်လှမ်း ဉာဏ်အလုပ်ကို သစ္ဆဝိကာတဗ္ဗပြုကြကုန်ရာ၏။

"အယံဒုက္ခသမုဒယောတိ ယထာဘူတံပဇာနန္တိ"

အရိယာသူမွန် သူမြတ်တို့သည်ကား ဤသို့ အလိုတရ ပြုနေခြင်းသည် ဒုက္ခဖြစ်ကြောင်းတရားဟူ၍ အမှန်အားဖြင့် သိကြကုန်၏။

အယံဒုက္ခသမုဒယောဘိ ဘိက္ခဝေ, ဇာနတော, ပဿတော အာသဝါနံ၊ ခယောဟောတိ။

ဤသို့ ဒုက္ခဖြစ်ကြောင်း သမုဒယကို ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းကြောင့်သာလျှင် ကာမစဲ့၊ ဘဝစဲ့၊ အယူအလွဲမှန်သမျှ အာသဝတို့သည် ကုန်ပြီး-ခမ်းပြီး-ချုပ်ပြီး-ငြိမ်းပြီး ဖြစ်မည်။ သန္တိသုခဓာတ်နှင့် မွေ့လျော်ရမည်ကား အရိယာသစ္စာတရားပါဘည်း။

'ဒုက္ခနိရောဓ အရိယသစ္စ"

ဒုက္ခချုပ်မှု (မဖြစ်မှု) အမှန်ကိုသိခြင်းသည် အရိယာသစ္စာမည်၏။

ဤနေရာမှာ ဒုက္ခနိရောဓကို အလေးအနက်ထား၍ ဝေဘန်ရမည်။ အဓိကြောင်းကို ဆိုသော် ဒုက္ခနိရောဓကို မပိုင်ပါက ဒုက္ခဖြစ်မှာစိုး၍ ဒုက္ခမဖြစ်အောင်လုပ်မှ ဒုက္ခဖြစ်ကြောင်း တွေ့ကြီးလုပ်မိသား လုပ်ရက်သား ဖြစ်နေတတ်သောကြောင့် တည်း။

'ဒုက္ခနိရောဓ'ကို သိသည်ဆိုရာဝယ်။

(၁) ဒုက္ခတွေဖြစ်ဖြစ်ပြီးမှ ပျောက်ကွယ်သွားသည် ဖြစ်ချုပ်နိရောဓကို သိခြင်းမျိုးကာ တမျိုး (၂) ထိုဆိုဒုက္ခသစ္စာရမှတို့သည် ပြုပြင်မှုလုပ်မှု ဖြစ်သည့်ရှိသည့်၊ အမျိုးလို့ သိတော့ မပြုပြင် တမင်မလုပ်ဘဲတော့ပါ။ဤသို့ပြုပြင်စီရင်မှုသဘော်တ သစ္စာရ

တွေ့ အလိုလိုငြိမ်းနေပါသည်။ ပင်ကိုယ်ငြိမ်း နဂိုငြိမ်းဖြစ်နေပါသည် (ဝါ) သခ်ၤတ သခ်ၤါရတွေ့ မဖြစ်တော့ပါ။ သခ်ၤတ သခ်ၤါရတွေ့မဖြစ်လျှင် ဒုက္ခလည်းမဖြစ်တော့ပါ၊ ဒုက္ခဆိုတာ ပြုပြင်စီရင်မှုပြုလုပ်မှုဖြစ်သည့် အာယူဟနသခ်ၤတ သခ်ၤါရတွေနှင့် တွဲမှုဖြစ်ပါသည်။ အာယူဟနသခ်ၤတ သခ်ၤါရတွေ့ မပြုလုပ်ပါက ဒုက္ခသည် အလိုလိုချုပ်,နဂိုချုပ်, ပင်ကိုယ်ချုပ်, မူလချုပ် ဖြစ်မည်ကား သစ္စာတရားပါဝါတည်း။

'နိရောဓေါ ဟောတိတိ အနုပ္ပါဒေါဟောတိ'

နိရောဓေါ၊ ချုပ်ငြိမ်းမှု ဟူသည်ကဲ့သား။ အနုပ္ပါဒေါ၊ မဖြစ်သဘောကို ဆိုလိုသည်။ ဟောတိ ဖြစ်၏။

ဤသို့အားဖြင့် ဒုက္ခမဖြစ်မှု ချုပ်မှုကိုသိခြင်းက တမျိုးအားဖြင့် ဒုက္ခနိရောကိုသိခြင်းအားဖြင့် သိပုံသိနည်းကား နှစ်မျိုး နှစ်စားရှိပါသည်။

အကျဉ်းအားဖြင့် ပြရလျှင်....

(၁) ဒုက္ခဖြစ်ချုပ်-ဒုက္ခနိရောဓ။

(၂) ဒုက္ခဖြစ်ချုပ်-ဒုက္ခနိရောဓ။

ဤသို့အားဖြင့် ဒုက္ခဖြစ်ချုပ်နှင့် မဖြစ်ချုပ် နှစ်မျိုးနှစ်စားရှိပါသည်။ ထိုနှစ်မျိုးနှစ်စားတို့တွင် ပထမဖြစ်ချုပ် ဒုက္ခနိရောကိုသိခြင်းအားဖြင့် အစဲမပြုတ်၊ ဥပါဒါန် မချုပ်နိုင်ပါ။ ဖြစ်ချုပ်နိရောဓကိုတော့ လူတိုင်း သိကြမည်သာ။ လူတိုင်းသိသည့် ဖြစ်ခဲ့ချုပ်ဒုက္ခနိရောဓကို လုပ်နေခြင်း အားဖြင့် လမ်းမဆုံး ခရီးမတုံးပါ။ သခ်ၤါရ ရထားကြီးမပြတ်သွားနေ၍ ဒုက္ခသံသရာလည်နေဦးမည်သာ။

သခ်ၤဂၤ သခ်ၤါခဆိုဂၤာ အလိုတခုန့ဉ် အားထုတ်မှု ပြုမှု ဖြင်သဉ်အမျိုးပါလား။ အားထုတ်ပြုပြင်မှု မရှိပါက ပင်ကိုယ် က ြင်းနေသည့်အမျိုး။ မူလကချုပ်ခနသည့် အမျိုးပါလားလို့ ကိုယ်တိုင်ကိုယ်ပိုင်ဆေဘဲ့ ကိုယ်တိုင်ကိုယ်ပိုင် ပြုလုပ်မှုကိုရပ်၊ ပြုလိုမှုကိုပါ ယ်ပါခေးဘဲ့သည်။ ကိုယ်တိုင်ကိုယ်ပိုင် ပြုလုပ်မှုကို ရပ်၊ ပြုလိုမှုကိုပါယ်ပါက အာယူဟနသခ်ါရတို့ တကြိမ်တခါမျှ ဖြင်ခြင့်မခုပါ။အာယူဟနသခ်ါရမဖြစ်လျှင် 'အနာယူဟနံနိဗ္ဗာနံ' အားထုတ်ပြုလုပ်မှု သခ်ါရချုပ်ဘာ (မဖြစ်ဘာ) သည်ပင်လျှင် နိဗ္ဗာန်လို့ ခေါ်ပါသဘည်း။

'အယံ ဒုက္ခနိုးရာခေဘိ ယထာဘူတံပဇာနန္တိ'

ဤသို့ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော သခ်ါရ မှန်မျှားကိုလုပ်ခနခြင်းသည် ဆင်းရဲအမှန်ဖြစ်၏၊ ထိုထို သခ်ါရ တို့ကို ပြုလိုဖြစ်လိမ့်သည် ဆင်းရဲကြောင်းအမှန်ဖြစ်၏လို့ သိတော့ ပြုလုပ်မှုမဖြစ်၊ ပြုလုပ်မှုကြီးချုပ်ငြိမ်းပါခတော့သည်။ ထိုသို့ပြုလုပ် မှုမဖြစ်၊ ပြုလိုမှုချုပ်ငြိမ်းခြင်းသည် 'ဒုက္ခနိရောဓ' ဖြစ်ကြောင်း ဟုတ်ဘိုင်းမှန်စွာ သိမြင်ကြကုန်ဆု၏။

အယံဒုက္ခနိရောဓဂါမိနီပဋိပဒါ ဇာနတော ပဿတော
အာသဝါနံ ခယော ဟောတိ။

အကြင်ပုဂ္ဂိုလ်သည်၊ သခ်ၤဂၤသခ်ါရတွေ့ မဖြစ်မှုသည် သာလျှင် ဒုက္ခနိဒရောခ ဖြစ်ခကြောင်း (၀၂) အာယူဟန သခ်ၤဂၤ သခ်ါရတွေ့ မဖြစ်ပါက ဒုက္ခမဖြစ်တော့ပါ။ ၎င်းဒုက္ခမဖြစ်သဘောကို နကိုင်မ်း ပင်ကိုယ်ငိုမ်း မူလကငြိမ်းနေသည့် ဒုက္ခနိရောခဖြစ်ကြောင်းဟုတ်ဘိုင်းမှန်စွာ အသိကောင်းအမြင်မှန်ပါ

ကဲအလွဲမှား၊ အစွဲမှား၊ ဘုံစွဲ၊ ဘဝစွဲ၊ ဌိစွဲ၊ မရှိစွဲ၊ အစထား အဝိဇ္ဇာ နယ်သား အာသဝေါတရားတို့သည် ကုန်ပြီး ချုပ်ပြီး ဖြစ်မည်ကား အရိယာသစ္စာ တရားပါတည်း။

'ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ အရိယသစ္စာ'

ဒုက္ခချုပ်မှု(မဖြစ်မှု) အကျင့်ကောင်း လမ်းမှန်ကိုသိခြင်းသည် အရိယသစ္စာမည်၏။ (ဝါ) မဂ္ဂင်ရှစ်ပါး အကြွမ်းဝင်သည့် သဘောတရားသည် အရိယာ သစ္စာမည်၏။

ဒုက္ခချုပ်မှု(မဖြစ်မှု) အကျင့်ကောင်းလမ်းမှန် ဆိုရာမှာလည်း၊ အထက်မှာ ပြအပ်သည့်အတိုင်း သစ်တာ၊ သစ်ဂါရတွေကို အလိုတခုနှင့် ပြုပြုနေရခြင်းသည် ဆင်းရဲတာမှန်၏။ ပြုပြုသမျှ ဒုက္ခသစ္စာလို့ ပရိညေယျ ကာတဗ္ဗအားဖြင့် သိခြင်း၊ သစ်တာ သစ်ဂါရတွေကို ပြုလိုနေမှုသည် သမုဒယသာမှန်သည်။ ပြုလိုမှုက် သမုဒယ၊ ဤသို့ ပဟာတဗ္ဗကိစ္စ ပယ်ရမည့်တရား အနေနှင့် သိခြင်း၊ ပြုပြုသမျှ ဒုက္ခသစ္စာ ပြုလိုမှုက သာမုဒယ ဖြစ်ကြောင်း အသိကောင်း အမြင်မှန်သည့်အခါ အပြုဇာတ်သိမ်းအလိုငြိမ်းကဇကိန်းနိရောဓ အမှန်ရ၏။ 'သစ္ဆိ ကာတဗ္ဗ' အနေနှင့် သိခြင်းတည်း။

ဤသို့ ဒုက္ခကို ပိုင်းခြားသိခြင်း၊ ဒုက္ခ ဖြစ်ကြောင်းကို ပယ်တရားအနေနှင့်သိခြင်း၊ ဒုက္ခချုပ်မှု(မဖြစ်မှု)ကို မျက်မှောက်ပြုရမည့်တရား(ဝါ) ကျင့်သုံးရမည့်တရား အနေနှင့် သိခြင်း၊ ထိုသို့ သိခြင်းသည်ပင်လျှင် 'ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါ'အကျင့် မဂ္ဂသစ္စာ ဖြစ်ပါသတည်း။

အယ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ ယဆာဘူတံပဇာနန္တိ။
အရိယာ သူမှန် သူမြတ်တို့သည်ကား ပြုပြုသမျှကတော့
ဒုက္ခသာမှန်သည်၊ ပြုလိုမှုကတော့ သမုဒယသာမှန်သည်၊ အလို
သိမ်းလျှင်တော့ ပဋိကိုယ်ဥာဏ်း နဂိုဥာဏ်း အလိုလိုဥာဏ်းသည့် ဒုက္ခ
နိရောဓမှန်သည်။ ဤသို့ ဟုတ်ဘိုင်းမှန်ရာ သိမြင်ကြ ကုန်၏။
ဤသို့ သိမြင်ခြင်းပဋိလျှင် ဒုက္ခမဖြစ်ရာ လမ်းဓကောင်းအကျင့်မှန်
ကို သိသည် မြင်သည်မည်၏။

အယ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါဘိ ဘိက္ခဝေ
ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ
ဒုက္ခချုပ်ခြင်း (မဖြစ်ခြင်း) အကျင့်ကောင်း
လမ်းမှန်ကို ဟုတ်ဘိုင်းမှန်စွာ သိမြင်ပါက ရှိစဲ့၊ မရှိစဲ့၊ အလဲ
အမှား အဝိဇ္ဇာနယ်သား အာသဝေါတရားတို့သည် ကုန်ခမ်းကြ
မည်ကား ဒိဋ္ဌဓမ္မ-ဒိဋ္ဌပတ္တ တရားပါတည်း။

ဒုက္ခချုပ်ကြောင်း (မဖြစ်ကြောင်း) အကျင့်ကောင်း
လမ်းမှန် ဆိုရာမှာလည်း လူသားနှင့် ကင်းကွာနေသည့် အရာ
မဟုတ်ပါ။ အမှန်သော်ဘမူကား၊ ပစ္စုပ္ပန်ကာလမှာ တာဝန်
နှင့် ဝတ္တရားများကို မဂွင်ရှစ်ပါးနှင့်အညီ သိမှု, လုပ်မှု, ပင်လျှင်
ဒုက္ခချုပ်ကြောင်း (မဖြစ်ကြောင်း) အကျင့်ကောင်း လမ်းမှန်
ဖြစ်ပါသတည်း။ (၀၂) အလိုတခုအစဲ့ပြု၍ လုပ်သမျှ ဒုက္ခပါ
လားလို့ ဟုတ်တိုင်းမှန်စွာ သိသည်နှင့်တပြိုင်နက် ပြုလိုမှုလည်း
ပယ်ပြီး ချုပ်ပြီးဖြစ်မည်။

ဤသည့်အလို မဖြစ်ဘာကိုပင်လျှင် "နိရောဓဘဲ၊ နိဗ္ဗာန်
ဘဲ၊ ဒုက္ခနိရောဓဘဲ" ခေါ်စဲ့ကြပါသတည်း။ အလိုတခုနှင့်ပြုက

ပြုတိုင်းပြုတိုင်း ကာလမဆိုင်းဘဲ ဆင်းရဲသည့်ဒုက္ခကို ဟုတ်တိုင်း မှန်စွာ သိ၁၀က သိ-ပဝိယ်-ဆိုက်-ပွား-လေးပါးကိစ္စ ပြီးပြည့်ဝ ပါသတည်း။

ဝေဒခေါ် ဘိက္ခဝေ ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ။

ဤသို့ မဖေါက်မပြန် ဝေကန် မှန်ကြား သစ္စာတရားကို သညာသိ၊ ဝိညာဏ်သိ၊ စာသိမဟုတ်၊ သဘောသိ၊ ပညာသိ၊ ကိုယ်တိုင်,ကိုယ်ပိုင် ထိုးထွင်းပြီး သိမြင်ပါက၊ ကာမစွဲ၊ ဘုံစွဲ၊ ဘဝစွဲ၊ အယူအလွဲစွဲ၍၊ မသိမှာက်မှားစွဲ၊ အစွဲမှား-အလွဲမှား အသဝေါတရား လေးပါးတို့သည် ကုန်ပြီး ခမ်းပြီး ဖြစ်မည် တည်း။

သံသရာဟူသည် သစ္စာလေးပါး မသိမှုက စ၍ သစ္စာ လေးပါး သိလျှင်ကား၊ ယခုသိ ယခုပင် ဆုံးပါ၏တည်း။

နိဗ္ဗာန်

ဗုဒ္ဓဝါဒ၏ လမ်းဆုံးတရားဖြစ်သည့် သရဖူသည် 'နိဗ္ဗာန်' ဖြစ်၏။ ကမ္ဘာ့သားသမီး လူသားများ ဒုလို့လားအပ်ဆုံးသည် "နိဗ္ဗာန်" ဖြစ်၏။ လူမှုဒုက္ခအပေါင်း ငြိမ်းအေးခြောင်းသည် "နိဗ္ဗာန်" ဖြစ်၏။

ထို့ကြောင့် နိဗ္ဗာန်သည်၊ တုစရာ,နှိုင်းစရာ,ပြိုင်စရာမရှိ ဟာနားအပေါင်းတို့တွင် "သရဖူ" ဖြစ်ပေ၏။

ဤတုဘက်ပြိုင်ကင်း တရားအပေါင်းတို့တွင် "သရဖူ" ဆောင်းသည့် နိဗ္ဗာန်ကို၊ အသိပ္ပဒ်, အရှိထားနိုင်ပါက၊ မသိမှု အကြောင်းဝံ တပြောင်းပြန်ပြန် ဖြစ်နေသည် (အာယူဟနဒုက္ခ ဇာတိ ဒုက္ခ,ဉပါဒါနဒုက္ခ,) အစထား၍ လူမှုဒုက္ခမှ ကင်းလွတ်မည်ကား သနဲ့ဦးက တရားပါပေ။

ထို့ကြောင့်ပင်လျှင် ယနေ့လူသားသည် ဤသည့်နိဗ္ဗာန် ထိုနိဗ္ဗာန်ကို စိတ်အကြံနှင့် မှန်းဆ၍ တောင်းတ ရသည်ကား ကြာညောင်းလှပြီ။ ဆုတောင်းပတ္တနာ ပြုခဲ့သည်ကဲ့သ- နေ့၊ ရက်၊ လများ,နှစ်တွေအားဖြင့် ကြာညောင်းလှပြီ။ကြာပါသော်လည်း ကြာလေသည်သာ။ တမိုးကုန်, တဆောင်းပေါက်၊ တနွေရောက်သော်လည်း ငုံးအမြီးမပေါက်သည့်ပမာ၊ ဆင်ကန်းတောတိုးသလို၊ လိုရာမရောက်, ခရီးမပေါက်ခဲ့။ အချိန်ကုန် လူပမ်း, ဘရမ်းဘတာဘဝနှင့် သေတွင်းဆင်းကြရသည်သာ။

ဤသည့်လူသား, အလွန်လိုလားသည့် နိဗ္ဗာန်ကို ဓမ္မဆရာများက၊ လမ်းညွှန်ရေးသားကြသည်ကလည်း၊ မူအမျိုးမျိုး ဝဒါအစားစား၊ များပြားလှပါ၏။ ထိုဓမ္မဆရာများတွင် ကျွန်ုပ်လည်း ဘဝပေးအခြေအနေအရ၊ ဓမ္မဆရာတဦးအပါအဝင် ဖြစ်နေပါ၍၊ မိမိသဘောပေါက် နိဗ္ဗာန်ကို၊ နိဗ္ဗာန်ပိုင်ရှင် ဗုဒ္ဓဝါဒီဖြစ်လိုသူ,လူသားထံသို့ တင်ဆက်လိုက်ရပါသတည်း။

'အတ္တိဘိက္ခဝေ အဇာတံ'

ဘိက္ခဝေ၊ရဟန်းတို့။ အဇာတံ၊ ဖြစ်ပေါ်ခြင်းလက္ခဏာမှ ကင်း၍တည်သော(ဝါ)ဖြစ်ပေါ်ခြင်း လက္ခဏာ မရှိသော(ဝါ) မဖြစ်သဘောရှိသော (ဝါ) ဖြစ်ပေါ်ခြင်း ဉပါဒ်ဟု ဆိုအပ်

သော သခ်ၤတ လကၡဏာ၏ ဆန့်ကျင်ဘက်ဖြစ်၍ စင်စစ်မဖြစ်ပေါ်ခြင်းဟု ဆိုအပ်သော အသခ်ၤတ သဘောအားဖြင့်သာ မြဲသဖြင့် တည်ရှိသော အသခ်ၤတဓာတ် နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် လူသားမှာ ထင်ရှားရှိ၏။

နိဗ္ဗာန်သည် ဉာဏ်မြင်ကိုယ်တွေ့ ပရမတ္ထအားဖြင့် ထင်ရှားရှိသည့် အရှိပရမတ်၊ အရှိတရား ဖြစ်သည်။ ဤနေရာမှာ အထူးသတိပြုခဲ့စေလိုသည်မှာ၊ နိဗ္ဗာန်သည် အဖြစ်ပရမတ်အဖြစ် တရားမဟုတ်၊ အရှိပရမတ် အရှိတရားဖြစ်ကြောင်း ပင်တည်း။

"နိဗ္ဗာန်သည် မည်သို့မည်ပုံရှိသနည်းဟူမူ"

အဘွဲ့ဘိက္ခဝေအဇာတံ၊ အဘူတံ၊ အဇေယ်၊ အသခ်ၤတံ၊ စသည်ဖြင့် ဟောမိန့်ခဲ့ပါသည်။

အဇာတံ၊ မသိမှုအကြောင်းခံပြီး ကောင်းက်မကောင်းကံ တဖြောင်းပြန်ပြန် ဖြစ်ရမှု ဖြစ်သဘော ဇာတိ မရှိရာဖြစ်သော နိဗ္ဗာန်သည် (ဝါ) ဇာတိမဖြစ်ရာ, ချုပ်ရာ၊ မြဲရာဖြစ်သော 'ဇာတိနိရောဓနိဗ္ဗာန်သည်, မင်္ဂဉာဏ်, ဖိုဉာဏ်တို့၏ အာရုံခံ အနေနှင့် သန္ဒိဋ္ဌိကအားဖြင့် အမြဲရှိ၏။

အဘူတံ၊ ကံသခ်ၤါရပြုက၊ ပြုတိုင်းပြုတိုင်း ကာလမဆိုင်းဘဲ ဆင်းရဲဖြစ်ရမှု ဖြစ်သဘော 'ဇာတိဒုက္ခ'၏မဖြစ်ရာသည် (ဝါ) ဇာတိဒုက္ခမဖြစ်ရာ ချုပ်ရာမြဲရာဖြစ်သော အနုပ္ပါဒနိဗ္ဗာန်သည် သိသောသူ၏သိရာ၊ မျက်မှောက်ပြုနိုင်သောသူတို့၏ မျက်မှောက်ပြုရာအနေနှင့် ဒိဋ္ဌမမှ ဒိဋ္ဌပတ္တအားဖြင့် အခါမလင့် အမြဲရှိ၏။

အကတံ၊ ကောင်းကံမကောင်းကံ သခ်ၤါရအစားစား တို့ကို ပြင်းစွာစဲလမ်းမှု သဘော ဥပါဒါန် ဒုက္ခမဖြစ်ရာ

နိဗ္ဗာန်သည်။ (၀၂)က သခ်ၤာရတို့ကို ပြင်းစွာစဲလန်းမှု ဥပါဒါန်ဒုက္ခ မပြုရာ, ကင်းရာ, ချုပ်ရာ ဖြစ်သော အပဝတ္ထ အနိမိတ္တ နိဗ္ဗာန်သည် ဉာဏ်မြင်ရှင်းရှင်းရှင်းရှင်း အသိလင်းသူတို့၏ အာရုံခံအနေနှင့် ဧဟိပဿိကဂုဏ်ပြည့်စုံစွာနှင့် အမြဲသဖြင့် ရှိပါ၏။

အသင်္ခတံ၊အာယူဟနသင်္ခါရအရင်းခံထားသည့် က စိတ်ဥတု,အာဟာရ, အကြောင်းတရား လေးပါးတို့ ပြုပြင်စီမံမှု သဘောသင်္ခတ လက္ခဏာမရှိရာ နိဗ္ဗာန်သည် (၀၂) အာယူဟန ပဖြစ်ရာ ဖြစ်ရာ, မပြုပြင်ရာဖြစ်သည့် အသင်္ခတ နိဗ္ဗာန်သည် 'ပစ္စုပ္ပန် ဝေဒိတဗ္ဗ' ဂုဏ်နှင့် ပြည့်စုံစွာ မူလကဲ့ရှိပါ၏။

ဘာသာဝင်များ မှန်းဆပြီး ဆုပေး ဆုတောင်း လုပ်နေသည့် နိဗ္ဗာန်၊ ဆုပေးဆုတောင်းလို့ မရသည့်နိဗ္ဗာန်သည် အထက်ပါအင်္ဂါလက္ခဏာများနှင့်အညီ ဒိဋ္ဌဓမ္မ, ဒိဋ္ဌပတ္တအားဖြင့်ထင်ရှားရှိပါ၏။

ဤနေရာမှာ 'နိဗ္ဗာန်ကို ရလို ရောက်လိုမှုနှင့် ဆုပေး' ဆုတောင်း ပြုနေကြသည့်လူသား၊ အသင် ရလို ရောက်လိုသည့် 'နိဗ္ဗာန်သည်' ဘာကိုခေါ်တာလဲ၊ ဘယ်လိုဟာဆိုတာ အမြင်ရှင်းရန် အထူးလိုအပ်ပါသည်။

"ဝ ဝ ဝ"

နိဗ္ဗာန်ဆိုသည်မှာ ....

လူသား၏ ခန္ဓာကိုယ်၌ 'အတ္တ' 'နိစ္စ' နိမိတ္တ စဉ်းထင်မှုတ်မှုမျှား မဖြစ်တော့ပါ။ ဤသို့မသိမှုထင်မှတ်မှု အစားစားမဖြစ်သည့် မဖြစ်သဘောကို 'နိဗ္ဗာန်' လို့ သိရာ၏။ ဤသည့်နိဗ္ဗာန်ကို ဝိဆုဂါနုပဿနာ, နိဂရောဓနုပဿနာ,နှင့် မျက်မှောက် ပြုရာ၏။

မသိမှု ထင်မှတ်မှု အစားစားဖြစ်မှု၊ မဖြစ်သဘောကို 'နိဗ္ဗာန်'ခေါ်ကြောင်း။

အနိပ္ပတ္တိ နိဗ္ဗာနန္တိ အဘိညေယျံ။
အပဝတ္တိ နိဗ္ဗာနန္တိ အဘိညေယျံဟူ၍ဆိုင်း။
နိရုဇ္ဈန္တိ ဇွတ္ထ ရာဂါဒ ယောတိ နိရောဓေါဟူ၍ဆိုင်း။
နိဗ္ဗာတိ ဧတေနရာဂဂ္ဂိ အာဒိဒကာတိနိဗ္ဗာနံ ဟူ၍ဆိုင်း။
ဟောမိန့်စကား၊ ပရိယာယခမ္မ မြောက်များစွာ ရှိပေသည်။
နိဗ္ဗာန်သည် မည်သည့်အရပ်မှာ ရှိသနည်းဟူမူ။
နိဗ္ဗာနံသန္တိကေ။

နိဗ္ဗာန်ဆိုတာ၊ ဆုပေး, တုဓတောင်းနှင့်လည်း မရနိုင်ပါ။ ကျမ်းကြီး, ကျမ်းငယ်, အသယ်သယ်ဓသာ, စာပေဘုတ်အုပ်ထည်းမှာလည်း မရှိပါ။ ဟိုဟိုဒီဒီ- အလိလီသော အရပ်မှာ မဟုတ်၍လည်း၊ ရဆာ၊ ယာဉ်များနှင့် မသွားရပါ။ အမှန်သော် တမူကား၊ နိဗ္ဗာန်ဆိုဘာ ခရီးမဓဝေးလှ, အနီးကဓလေးပါတည်း။

နိဗ္ဗာန်ဆိုဘာ၊ ခရီးမဓဝေးလှ၊ အနီးကဓလေးပါ ဆိုဓတာ့၊ မည်မျှ နီးသနည်းဟူမူ။

နိဗ္ဗာန ခန္ဓပဋိ ဗဒ္ဓိဓမဝေ။

နိဗ္ဗာနံ၊ ဖြစ်သဘော၊ ဇာတိဒုက္ခ, ပြင်းစွာ စွဲလန်းမှု ဥပါဒါန်ဒုက္ခ၊ သနိမိတ္တ လက္ခဏာများ မဖြစ်ရာ နိဗ္ဗာန်သည်။ ခန္ဓပဋိဗဒ္ဓဓမဝေ၊ မိမိတို့ ခန္ဓာနှင့်, တစပ်ဆည်း, တသားဆည်း သဘလျှင်တည်း။

နိဗ္ဗာန်ဆိုတာ မိမိ မိမိတို့ခန္ဓာနှင့် တစပ်တည်း တသားတည်းဖြစ်ပါသည်။ နိဗ္ဗာန်ကတခြား, လူသား၏ခန္ဓာကတခြား မဟုတ်ပါ။ လူသားခန္ဓာနှင့်နိဗ္ဗာန် တခြားစီမဖြစ်ကောင်း မရှိကောင်းပါ။

အညေခန္ဓာ အညံနိဗ္ဗာနံ အညော ပုဂ္ဂလော တိနပေ့ံ ဝတ္တာဇ္ဇ။

ရုပ်ခန္ဓာကတခြား, နိဗ္ဗာန်က တခြားလော၊ လောက ဝေါဟာ ပြောကြရှာသည့် လူပုဂ္ဂိုလ်ကတခြား နိဗ္ဗာန်ကတခြားလော ဆိုငြားအံ့၊ ဤလိုလဲမဟုတ်သဖြင့် ဟုတ်ပါသည်မဆိုရာ။

ဤနေရာ၌ အထူးသိစေလိုသည်မှာ လူခန္ဓာ, လူပုဂ္ဂိုလ် လူနိဗ္ဗာန်သည် တစပ်တည်း သာလျှင် ဖြစ်ကြောင်းပင်တည်း။ ထိုသို့ လူခန္ဓာ, လူပုဂ္ဂိုလ်, လူနိဗ္ဗာန်လို့ ဝိသေသ မ,၍ ဆိုခြင်းအားဖြင့် 'နိဗ္ဗာန်သည်' လူ့ခန္ဓာ, လူပုဂ္ဂိုလ်နှင့်သာဆိုင်ကြောင်း လူခန္ဓာ, လူပုဂ္ဂိုလ်နှင့်သာ, ပတ်သက်ထိုက်တန်ကြောင်း အသိလင်း အမြင်ရှင်းမှန် အရေးကြီးသည်။

ကျွန်ုပ်သည် 'လူသားအတွက်' လူသား အတွက်ကဲ့သန်သဘောနှင့် ရေးသားနေသည် မဟုတ်ပါ။ အထိုး သတိပြု၍ ပညာစာပေနှင့် ဘာဝဝတ္ထု ပြုစေလိုသည်မှာ၊ ဓာတ်ကြီးလေးပါး လျှင် အရင်းခံရှိသော၊ (ဝါ) ဓာတ်ကြီးလေးပါး၏ မာယာဖြစ်သော သတ္တလောကမှ, သတ္တဝါများတို့တွင်, လူသားဆိုသည့် (သတ္တဝါ)သည် ဝေဘန်စူးစမ်း လေ့လာတတ်သည့်၊ 'ဝိမံသနညာဏ်, ဝိစာရဏညာဏ် အရင့်သန်ဆုံး, ဦးနှောက်အကောင်းဆုံး, အချိုးအစားအကျဆုံး, အကောင်းဆုံး, အသားဆုံး, အမြတ်

ဆုံး, ဖြစ်သောကြောင့် ဤသည့်လူသားသာလျှင် နိဗ္ဗာန်ပိုင်ရှင် နိဗ္ဗာန်နှင့် ထိုက်တန်သည်လို့ ရဲဝန့်စွာဆိုခြင်းဖြစ်ပါသည်။(ဝါ) နိဗ္ဗာန်ဆိုတာ စူးစမ်းဝေဘန်မှု (ဝိမံသနဉာဏ်, ဝိစာရဏဉာဏ်) အခြေခံသည့် အသိမှန် မဂ်ဉာဏ်ဖြင့် အာရုံပြုရသော အာရုံပြုခံ မျက်မှောက်ပြုခံ အမြတ်ဆုံး, အသာဆုံး, တရားဖြစ်ကြောင်း'ဝိမံသနဉာဏ်၊ ဝိစာရဏဉာဏ်ပိုင်ရှင် လူသားမှာသာရှိသည်ဖြစ်သည်လို့ ဆိုအပ်ပါသည်။ အချုပ်ကိုဆိုသော် နိဗ္ဗာန်သည် လူသား ခန္ဓာကိုယ်တိုင်းမှာ ရှိပါသတည်း။

လူသား ခန္ဓာတိုင်းမှာရှိသည့် နိဗ္ဗာန်ကို လူသားတိုင်းဘာကြောင့် မျက်မှောက် မပြုရပါသနည်းဟူမူ။

'ပထမံဝိဇ္ဇာ ပစ္ဆာ အဝိဇ္ဇာသမဘဝိ'

'ပထမံ၊ ဧရှေးဦးစွာ၊ ဝိဇ္ဇာ၊ အတသမုဒယ မရှိ, မဖြစ်ရာဝိဇ္ဇာဆိုသည့် နိဗ္ဗာန်သည်၊ အဘို့၊ သန္ဓိဋ္ဌကအား ဖြင့် ထင်ရှားရှိပါ၏။ ပစ္ဆာ၊ နောက်မှ၊ အဝိဇ္ဇာ၊ ပင်ကိုယ်ပကတိ မူလကရှိသည့် 'ဇာတိ' 'မဖြစ်ရာ' ဒုက္ခမရှိရာ၊ နိဗ္ဗာန်ကို မသိမှုအဝိဇ္ဇာသည်၊ သမဘဝိ၊ အစဉ်အလာစဲ့၊ ဓမ္မတာစဲ့ အယူအလဲမှား ဒိဋ္ဌိများနှင့်တွဲကာ ဖြစ်ပေါ်လာ၏။

နိဗ္ဗာန်ဆိုတာ အရှိတရား၊ မူလကရှိပြီးသား၊ ကံသင်္ခါရတို့ မရှိမဖြစ်၊ ပြုပြင်မှု ငြိမ်းနေသည့် အသင်္ခတ တရားကား မူလကရှိပြီးသား၊ ပင်ကိုယ်ကငြိမ်းနေသည့်၊ ပင်ကိုယ်ငြိမ်း နိဗ္ဗာန်ကို နိဗ္ဗာန်ပါလားလို့ မသိတော့၊ ထိုမသိမှု အကြောင်းခံပြီး၊ နိဗ္ဗာန်ကို ရအောင် ရောက်အောင် ဆိုပြီး၊ ကောင်းမကောင်း သင်္ခါရအပေါင်းတို့ ပြုလုပ်ပါတော့သည်။ ထိုသို့ ကံသင်္ခါရ

တို့ကို ပြုလုပ်လေ ကံသင်္ခါရ မဖြစ်ရာ နိဗ္ဗာန်နှင့် ဝေးလေ၊ နိဗ္ဗာန်ကို ကြောခိုင်းသွားသည်သူလို' ဒုက္ခသံသရာရှည် ဖြစ်နေပေသည်။

ကာမစ္ဆန္ဒ နုပဿန္တိ၊ နိဗ္ဗာနံကာမ မန္တရေ၊
ပဿန္တိ ဂတောအန္တံ တသ္မာဆန္ဒံ ဝိနောပယေ။

ကာမစ္ဆန္ဒံ၊ ဝတ္ထုကဲ့ဝမဂုဏ်၊ ကိလေသာ ကာမဂုဏ်တို့သည် ကွယ်ကာ ဖုံးထားသည်ဖြင့်၍၊ ကာမ မန္တရေ၊ ကာမဂုဏ်တို့၏အကြား ကိုယ် အနားဌ ရှိသော။ နိဗ္ဗာနံ၊ ဖြစ်သဘော၊ လက္ခဏာမရှိသော 'ဇာတိနိရောဓ' နိဗ္ဗာန်ကို။ နုပဿန္တိ၊ ဉာဏ်မျက်စိကင်းသဖြင့် အရှင်းမမြင်နိုင်ကြကုန်။ ဟိ၊အမှန်အားဖြင့်တဲ့၊ ထို ဖြစ်သဘောတို့ကင်းရာ ဖြစ်သော နိဗ္ဗာန်ကို။ ပဿံ ပဿန္တော၊ သိမြင်သော သူသည်။ အန္တံ၊ ဆင်းရဲကင်းဘို့ ချမ်းသာခြင်းသို့ ရောက်ဘို့၊ အမှုကိစ္စ၏ အဆုံးသို့။ ဂတော၊ ရောက်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ဆန္ဒံ၊ မသိ မှောက်မှားမှု အကြောင်းပြု၍ ဖြစ်ပေါ်လာသော အလိုဆန္ဒ ကိလေသာကာမကို။ ဝိနောပယေ၊ ပယ်စွန့်ဖျက်ဆီးရာ၏။

ဤသည့် ဗုဒ္ဓဟောချက် ဓမ္မစက်ကို ထောက်ခြင်းအားဖြင့်လည်း၊ နိဗ္ဗာန်သည် မိမိခန္ဓာမှာရှိကြောင်း၊ နိဗ္ဗာန်နှင့် ခန္ဓာတ ခြားစီမဟုတ်ကြောင်း အသိရှင်းလောက်ပေပြီ။ အမှန်ကတော့ သင်္ခတနှင့် အသင်္ခတ လောကီနှင့် လောကုတ္တရာဆိုတာ အရပ်နှင့်အရိပ်ပမာ၊ အမှောင်နှင့် အလင်းပမာ၊ သစ်တောနှင့် ကွင်းပြင်ပမာ၊ နွေနှင့်ညပမာ၊ တစပ်ထည်း, တသားထည်း ဖြစ်

ပါသည်။ ပြုပြင်ပြောင်းလဲမှု သဒ်တကြီးသည်ပင်၊ အမြင်ရှင်းရှိ အသိလင်းသူတို့အဘို့ အသစ်တနယ်ကြီး ဖြစ်၍နေပါ၏။ အသစ်တလောက ဆိုတာလည်း လူ့လောကကို ဆိုပါသည်၊ နယ်ကြီးနှစ်နယ် တခြားစီမရှိပါ။ လူ့လောကအကြောင်း ဟုတ်တိုင်းမှန်စွာ အရင်းခံကျကျ ကုန်စင်အောင် သိမှသည် 'အသစ်တလောကုတ္တရာ'လို့ သိမြင်ခံယူရာ၏။ လူ့အကြောင်း ဟုတ်တိုင်းမှန်စွာမသိ၊ လွဲမှား သိမှသည်၊ သဒ်တ လောကလို့ ဆိုပါသတည်း။

တနည်းအားဖြင့်ဆိုသော်၊ သူတကိုယ်သည်၊ တကမ္ဘာတသံသရာမည်၏။ (၀၂) သံသရာဆိုတာ ထိုထို ဤဤ အလိလိသော ထက်အောင် ဒီသာမှာမရှိ။ လူမှာသာလျှင် ဖြစ်၏။ ဤသည့် လူခန္ဓာကိုယ်မှာ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယတို့ ရှိကြကုန်၏။ ၎င်း ခြောက်ဒွါရ ခြောက်ဌာနကို အတွင်းရုပ် လောကဟု ခေါ်၏။ လူခန္ဓာကိုယ်၏ ဝန်းကျင် (ဗဟိဒ္ဓ)မှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အဟောင်း တရား ခြောက်ပါး အာရုံ ရှိကြကုန်၏။ ၎င်း ခြောက်ပါး အာရုံများကို၊ အပြင်ရုပ် လောကဟု ခေါ်၏။ ဤသည့် အတွင်းရုပ်လောကနှင့် အပြင်ရုပ်လောက အကြောင်း စုံလို့၊ ပေါင်းဆုံသည့်အခါ အကြောင်းအားလျော်စွာ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ သို့ သိစိတ်ဆိုငြား၊ ဤသည် အာဂန္တုက အဖြစ်ခေတ်များ ဖြစ်ပေါ်ကြကုန်၏။ ထိုသို့ အဖြစ်ခေတ်များ ဖြစ်ပေါ်ဆဲခဏမှာ၊ ၎င်း အဖြစ်ခေတ်များ မူလသဘောကို ဉာဏ်ကုန်နှောကာ အသိမှန်

ဖြစ်ပါက၊ လောကုတ္တရာနယ်သား အသခ်ၤတနယ်ဘွား, အရိယာလူသားလို. ခေါ်ဆိုကြပါ၏။ အသိမမှန်, မိစ္ဆာဉာဏ် နှောက်ကလောကနယ်သား သခဲတဘွား ပုထုဇဉ် လူသားလို. ခေါ်ဆိုသမုတ်ကြရာ၏။

အချုပ်အားဖြင့် ဆိုသော်၊ လူခန္ဓာကိုယ်အတွင်း ရုပ်လောကနှင့် အပြင်ရုပ် လောကကို အသိ အမြင် မှန်က၊ လောကုတ္တရာ, အသခ်ၤဘဖြစ်၍ သံသရာပြတ်သည့် ပုဂ္ဂိုလ်လို. ဆိုရာ၏။ ထိုတွင်း,ပြင် ရုပ်တရားတို့ကို၊ အသိအမြင်မှားက လောကသခ်ၤတ တရားဖြစ်၍၊ သံသရာလည်သည့် လူလို. ဆိုရာ၏။ အမှန်ကတော့. ထိုထို တွင်းပြင် ရုပ်တရားတို့သည်ပင်လျှင် လောက သခ်ၤဘ သံသရာဖြစ်၍၊ ထိုတွင်းပြင် ရုပ်တရားတို့သည် ပင်လျှင် လောကုတ္တရာ အသခ်ၤဘ သံသရာ ပြတ်ကြောင်း ဖြစ်ပါသတည်း။

လိုရင်းကတော့ နိဗ္ဗာန်သည် ဘယ်မှာရှိသနည်းဆိုပါက နိဗ္ဗာန်သည် မိမိ ခန္ဓာကိုယ်မှာ ရှိသည်။ (၀၂) ကိလေသာ ကာမဂုဏ်တို့၏ အကြား ကိုယ်.အနားမှာ ရှိသည်လို. သိရာမြင်ရာ၏။

နိဗ္ဗာန်သည် အခြိုတရားဖြစ်ကြောင်း၊ မိမိတို့၏ ခန္ဓာမှာ ရှိကြောင်းပြပြီး၍၊ ယခုအခါ မည်သို့မည်ပုံ ရှိသည်ကို တိုတို ကျဉ်းကျဉ်းနှင့် လိုရင်းကိုပြပါအုံ။

နိဗ္ဗာန်သည် ခန္ဓာမှာ မည်သို့မည်ပုံ ရှိသနည်းဟူမူ....
'သိကွေ နိဗ္ဗာန မတ္တနော'

အတ္တနော၊ မိမိ၏။ နိဗ္ဗာနံ၊ နဂိုမူလ ပင်ကိုယ်သဘော သဘာဝအားဖြင့် အဖြစ်ကင်းရာ ဖြစ်သော် နိဗ္ဗာန်သည် (ဝါ) အာယူဟနသင်္ခါရတို့မဖြစ်ရာ၊ မဖြစ်သဘောနိဗ္ဗာန်သည်။သိုက္ခ၊ အကျင့်၌(ဝါ)နဂိုမူလ ပင်ကိုယ်သဘာဝအားဖြင့် အဖြစ်ကင်းရာ ဖြစ်သည့်နိဗ္ဗာန်ကို သိမြင် မျက်မှောက်ပြုမှု အကျင့်၌။ တိဋ္ဌတိ၊ တည်၏။ (ဝါ) ဧကောင်းဆိုး,မုံး,ချစ်နှစ်ပါး အနှစ်မရှိငြားသည့် အမျိုးဖြစ်ကြောင်းအသိဉာဏ်းအမြင်မှန်ပါက၊ အားထုတ် ပြုပြင်မှုမပြုတော့ပါ။ ထိုသို့ အားထုတ်ပြုပြင်မှု မပြုတော့ အပြုကင်း အပြုရှင်း အဖြစ်ကင်း အဖြစ်ရှင်းသည့် သဘောကြီးသည် မဖေါက်မပြန်အမှန်ဘည်ရှိပါသည်။(ဝါ)သင်္ခါရတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည့်'အနိမိတ္တသမာဓိ အသင်္ခတနိဗ္ဗာန်ကား၊ မြဲသဖြင့် တည်ရှိပါ၏တည်း။

အဖြစ်ကင်းရာ အပြုအပြင်မရှိ ပကတိအားဖြင့် ငြိမ်းနေသည့် နိဗ္ဗာန်သည် အမှန်ရှိ၏။ ဤသည့် နိဗ္ဗာန်သည် မည်သည့် အရပ်မှာရှိသနည်းဆိုသော်၊ လူသားမှာ ရှိသည်ဆိုတာ အသိရှင်းခဲ့ပြီ။ လူသားမှာ မည်သို့ရှိပါသနည်းဟူမူ လူသားမှာ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော 'အာယူဟန' က သင်္ခါရတို့ မဖြစ်ရာမရှိရာ၊ချုပ်ရာငြိမ်းရာအနေနှင့် ပင်ကိုယ်ပကတိအားဖြင့် တည်ရှိနေပါသည်လို့ အရင်းခံကျကျ အဓိကအားဖြင့် သိထား;ရပါမည်။(ဝါ)အာယူဟန က သင်္ခါရ၊ စိတ်သင်္ခါရ,ဥတုသင်္ခါရ၊ အာဟာရသင်္ခါရတို့ ပြုပြင်စီရင်မှု မရှိမဖြစ် ပင်ကိုယ် ပကတိအားဖြင့် အပြုအပြင်ကင်းနေသည့် 'အသင်္ခတနိဗ္ဗာန်'အနိမိတ္တနိဗ္ဗာန်ကား လူသားမှာ မူလကရှိပြီး ဖြစ်ပါ၏တည်း။

လူသားမှာရှိသည့်နိဗ္ဗာန်ကို လူသားဘာ့ကြောင့် မျက်မှောက်မပြုရ မသိရပါသနည်းဟူမူ၊ သိတတ် မျက်မှောက်ပြုတတ်သည့် အလေ့အကျင့် မရှိခြင်းကြောင့်ဖြစ်ပါသည်။

အမှန်ကတော့ နိဗ္ဗာန်ကို သိတတ် မျက်မှောက် ပြုတတ်သည့် အလေ့အကျင့်ကလည်း လွယ်လွယ်ပါဘဲ။ လူ့လောက လူ့ကမ္ဘာလူ့ခန္ဓာမှာ အတ္တ၊ နိစ္စ၊ ထာဝရ၊ နိမိတ္တဆိုသည့်၊ အမြဲဖြစ်နိုင်သည့် သဘော၊ အမြဲဖြစ်နေသည့်သဘော၊ အစဉ်တည်နိုင်သည့်သဘော၊'အသက်လိပ်ပြာ စင်ကြား' ထင်မှတ်စရာ အရိပ်နိမိတ်များကား အမှန်အားဖြင့် မရှိပါ။ မဖြစ်ပါ။ ထိုမရှိ မဖြစ်သဘောကြီးကို ဘယ်မှမပြောင်း မဖေါက်မပြန် ဓဝကန် အမှန်အားဖြင့် မူလကရှိပြီး ဖြစ်သည်။

ထိုသို့ အတ္တ၊ နိစ္စ၊ နိမိတ္တစင်ကြား ထင်မှတ်မှု အရိပ်နိမိတ်မှ မူလကကင်းဆိတ်နေသည့် သဘောကြီးကို သမုတိသစ္စာစကား အလိုပြောတော့'အနိမိတ္တအနတ္တလို့,, ပျောကြ သိကြတာပါ။ ဤသည့်မူလက မရှိမဖြစ်သည့်'အရှိ'အဖြစ်ကင်းနေသည့်သဘော'အနိမိတ္တအနတ္တ' ကိုစကျဉ်ဒုပါဒိ၊ဥာဏံဒုပါဒိ၊ ဥာဏ်မျက်စေ့နှင့် ထင်ရှားပြတ်သားစွာသိမြင်ပါ။ ဤသို့ မြင်သိခြင်းပင်လျှင် ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အကျင့် ဖြစ်ပါသည်။ ဤသည့် အနိမိတ္တအနတ္တကို သိမြင်ခြင်း ပင်လျှင် နိဗ္ဗာန်ကို သိသည်၊ မြင်သည့် မျက်မှောက်ပြုသည်မည်ပါ၏တည်း။

'အနတ္တလက္ခဏော ဒိဋ္ဌေ နိဗ္ဗာနံ ဒိဋ္ဌံ နာမ'

'အနတ္တလက္ခဏော၊ အတ္တ,နိစ္စ,နိမိတ္တစင်ကြား ထင်မှတ်မှားမှုအစားစားတို့ မရှိမဖြစ်ရာဖြစ်သော၊ အနိမိတ္တ အနတ္တလက္ခဏာ၊

ကို၊ဒိဋ္ဌေ၊ မိမိကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့် သိသည် မြင်သည် ရှိသော်။ နိဗ္ဗာန်၊ မိမိခန္ဓာကိုယ်၌ ရှိသော အနိမိတ္တ နိဗ္ဗာန်ကို။ ဒိဋ္ဌံ နာမ၊ ကိုယ်တိုင်ကိုယ်ပိုင် သိမြင်သည်မည်၏။

အနိမိတ္တ အနတ္တကို သိမြင်လျှင်၊ နိဗ္ဗာန်ကိုသိမြင်သည်မည်၏။အမှန်ကတော့အနတ္တသည်ပင်လျှင် နိဗ္ဗာန်၊ နိဗ္ဗာန်သည်ငင်လျှင် အနတ္တဖြစ်သည်။ အနတ္တဆိုတာလည်း မိမိခန္ဓာမှာအတ္တ၊ နိစ္စ၊ နိမိတ္တလက္ခဏာမျှား မရှိဖြစ်ကြောင်းပြ, လက္ခဏာတပါးပါပေ။ နိဗ္ဗာန်ဆိုတာလည်း လူသား၊ခန္ဓာမှာ အတ္တ၊ နိစ္စ၊ နိမိတ္တမျှားမရှိမဖြစ်ကြောင်း လက္ခဏာတပါးပါပေ။ အဆုံးစွန်လမ်းဆုံးက သိမှတ်ရမှာကတော့ သဗ္ဗခမှာ အနလို့ သိရမည်သာ။

အားလုံး ကောင်းမကောင်း သောင်းပြောင်း ထွဋ်လာထင်မှတ်မှုအစားစား၊ ကုသိုလ်တရား၊ အကုသိုလ်တရား၊ လောကတရား၊လောကုတ္တရာတရား၊ မဂ်ဘရား ဖိုလ်တရား၊ နိဗ္ဗာန်တရားတို့သည်၊ အတ္တ၊အတ္တနိယသတ္တိမရှိ၊ ကင်းဆိတ်ကြကုန်၏။ ဆိုလိုသည်မှာ ကုသိုလ်၊ အကုသိုလ်၊ လောကီတရားတို့လည်း အတ္တ၊ အတ္တနိယ လုပ်လို့မရကုန် အတ္တ အတ္တနိယ သဘောမှ ကင်းဆိတ်ကုန်၏။မဂ်၊ဖိုလ်၊နိဗ္ဗာန်ဆိုငြား လောကုတ္တရာ တရားတို့လည်း အတ္တ၊ အတ္တနိယ သတ္တိမရှိ ကင်းဆိတ်ကြကုန်၏။ မဂ်ဖိုလ်နိဗ္ဗာန်ဆိုငြား လောကုတ္တရာ တရားတို့လည်း၊ အတ္တ၊ အတ္တနိယလုပ်လို့မဖြစ်ကုန်၊ အတ္တ အတ္တနိယသတ္တိကင်းဆိတ်ကြကုန်၏။ထိုကြောင့်ဘုန်းပြီး ငြမ်းဖျက် 'ဥတ္တရိနုတ္ထိ ကိဉ္စိကရဏီယန္တိ' နယ်မှပြောမည်ဆိုလျှင် (၀၇) ဝိမုတ္တိရသဆိုသည့် လုတ်မြောက်သည့်နယ်မှ

ပြောမည်ဆိုလျှင် 'သခ်ါဒရာရဒတာပဿ'လို့ အသိုလင်းအမြင်ရှင်းရ၏။

ဤသို့ လူသားခန္ဓာမှာ အတွေးနှိစ်၊ နိမိတ်က တရားများနှိုမ်္ဂလ ပင်ကိုသဘာဝက၊ မနှိမဖြစ်ကြောင်း နဂိုပြိမ်း အလိုလိုပြိမ်းဖြစ်ကြောင်းဟုတ်တိုင်းမှန်စွာ'ကိုယ်တိုင်သိ၍, ကိုယ်မှာ၊အတွေးနှိစ်၊ နိမိတ်တွေလို့ ထင်မှတ်မှုများ မဖြစ်တာကို ဒုက္ခနိရောဓဂါမိနီ ပဋိပဒါလမ်းစဉ်ပေါ်မှ မတွေ့မ ပဋိပဒါအကျင့်နှင့်နေသူမည်ပါ၏တည်း။

မိမိခန္ဓာကိုယ်မှာ မူလကမပြုမပြင် ပင်ကိုယ်ငြိမ်းဖြစ်သည့် အသခ်ါတ နှိုဗ္ဗုတဓာတ်ကို၊ ကိုယ်ပိုင်ဉာဏ်နှင့်ပေါင်းစပ်ပေးခြင်းသည်ပင်လျှင် တရားအလုပ်မည်ပါ၏တည်း။

ဤနေရာမှာ တရားအလုပ်နှင့် ပတ်သက်၍ အထူးသတိပြုစေလိုသည်မှာ။

တရားအလုပ်ဘို့သည်မှာ (၁) လုပ်ပြီးမှ သိရမှာလား သို့မဟုတ် သိပြီးမှ လုပ်ရမှာလား (၂) ကိလေသာတွေ့ ကုန်လို့ နိုဗ္ဗာန်ကိုသိတာ မျက်မှောက်ပြုတာလား၊သို့မဟုတ် နိုဗ္ဗာန်ကိုသိ၍ မျက်မှောက်ပြုရ၍ ကိလေသာတွေကုန်တာ မဖြစ်တာလား ဆိုတာအလေးအနက်ထား၍ ဝေဘန်အပ်ပါသည်။

ထိုအဓိကကျသည့် အချက်နှစ်ချက်ကို တုတ်ကျဉ်းကျဉ်းနှင့်လိုရင်းကို သိစေလိုတာကဘေး့။

တရားအလုပ်ကို လုပ်သည်ဆိုရာမှာ သိပြီးမှ လုပ်ရပါမည်၊ အကြောင်းကိုဆိုသော် တရားဆိုတာကကို၊သိစရာဖြစ်သောကြောင့်တည်း၊(၀ါ)နိုဗ္ဗာန်ဘရားဆိုတာအသိမှန်,မဂ်ဉာဏ်,ဖိုလ်

ဥာဏ်တို့၏ အာရုံအာရမ္မဏိကတရား ဖြစ်သောကြောင့်တည်း၊ နိဗ္ဗာန်တရားကို မျက်မှောက်ပြုလိုသောသူသည်၊နိဗ္ဗာန် တရားကို အသိမှန်အောင် လုပ်မှုသာလျှင် ပဓါနဖြစ်သည်၊ နိဗ္ဗာန်သည် အသိမှန် အသိဉာဏ်အရာသာဖြစ်သည်၊ မည်သည့် ကံသခ်ါရ အရာမျှ မဟုတ်သည်ကို အလေးအနက်သတိပြု နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူသည်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မည်သည့်ကံသခ်ါရနှင့်မှ အစားထိုးမရပါ၊ မည်သည့်ကံ သခ်ါရနှင့်မှ လဲလို့မရပါ၊ ထို့ကြောင့် နိဗ္ဗာန်သိအောင်လုပ်ပါ၊ အသိမှာလမ်းဆုံးပါသည်။

'နိဗ္ဗာနံ,အာဂမ္မထ,ဂါဒယော,ခိယန္တိ'

နိဗ္ဗာနံ၊ မိမိခန္ဓာမှာ မူလကျိသည့် မဖြစ်သဘောနိဗ္ဗာန်ကို။ အာဂမ္မ၊ မိမိကိုယ်တိုင်ဉာဏ်ဖြင့်ဆောက်ရမျက်မှောက်ပြုရပါ၍။ ထာဂါဒယော၊ အသိမှောက်မှားကိုလေသာ အစားစား ထင်မှတ်မှုမျှားတို့သည်။ ခိယန္တိ၊ ကုန်ပြီးခမ်းပြီး ဖြစ်ကြကုန်၏။

ကိလေသာဆိုတာလည်း၊ အရှိတရားမဟုတ် ရှိပြီးသားမဟုတ်မှကို အထူးသတိပြု၊ ကိလေသာဆိုဟာ၊ အတ္တာ၊ အတ္တနိယသတ္တိမရှိ၊ ပတ်ဝန်းကျင် အကြောင်းတရားတွေ့ ပေါင်းဆုံမှုအကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသည့်သည်သည် အာဂန္တုကတရားဖြစ်သည်၊ ဖြစ်ပြန်တော့လည်း မြဲသဖြင့် ရှိသည့်ဘရားမဟုတ်၊ဤသို့မြဲသဖြင့် မရှိသည့်တရားကြီးကို အမြဲမရှိပါကလား လို့သိလိုက်ရမှာ၊အမြဲမရှိသည် တရားကြီးသာလျှင် အမြဲရှိသည်လို့၊ ဉာဏ်ကစားကြည့်!အသိပြောင်းပြန် လုပ်ကြည့်။ ပုထုဇဉ်နှင့် အရိယာဆိုသည်မှာ ထိုသို့အသိပြောင်းပြန်ဖြစ်သည့် အပေါ်မှာ,

ထူးဘာ၊ ပုံပန်းသဏ္ဌာန်ကဒဘာ့ ဘာမျှမထူး ပင်ကိုယ်အတိုင်း သဘလျှင် ဖြစ်သည်။

ယနေ့မျက်မှောက်ကာလမှာ ယေဘုယျအားဖြင့် တရား အလပ်သမား၊တို့သည်၊ အမြဲမခြိုသည့် ကိလေသာကို(၀၇) မိမိ မိမိတို့က အားထုတ်ပြုလုပ်မှု ဖြစ်ပေါ်လာသည့် ဥည့်သည် အာဂန္တုက အဖြစ်ခဘတ် ကိလေသာကို အစဉ်ရှိထား အမြဲ အဋ္ဌိထားပြီး,ကုန်အောင်လုပ်နေမှုကြောင့် လုပ်လေမဟုတ်လေ၊ ဒုက္ခသံသရာ ခရီးရှည်ဖြစ်နေကြပေသည်။

အမှန်ကတော့ ကိလေသာကုန်လို. နိဗ္ဗာန်ကို ရသည် ရောက်သည်မဟုတ်၊ နိဗ္ဗာန်ကိုသိ၍ မျက်မှောက်ပြုရ၍ မသိမှု အစားစား ကိလေသာများကုန်ပြီး ခမ်းပြီးဖြစ်ရသည်သာ။

'အဝိဇ္ဇာဂတာသဝ ဘိက္ခဝေ အဝိဒ္ဒသဲနော' မိစ္ဆာဒိဋ္ဌိ ပဟေဝတိ။

အသိမှန်အပြင်မှန်ဝိဇ္ဇာဉာဏ်မရှိပါဘဲ၊ နိဗ္ဗာန်ရလိုမှုအလို တန်ခုန့်ဲ လူပြာ သူပြာ ဟောသံကြား ပြောသံကြားနှင့်၊ ပြောတိုင်းယုံ ခိုင်းတိုင်း လုပ်ပါက၊ ကံသခ်ါခသာ ဖြစ်မည်။ မိစ္ဆာအယူသာဖြစ်မည်၊ မိစ္ဆာအယူ ပြန့်ပွားအောင်လုပ်သည်နှင့် တူကြောင်း ဗုဒ္ဓက အလေးအနက် သတိပေးခဲ့သည်။

ထို့ကြောင့် ကျွန်ုပ်တို့ကလည်း၊ သိအောင်လုပ်ပါ၊သိပြီး မှ လုပ်ပါလို့ အလေးအနက် သတိပေးခြင်းဖြစ်ပါသည်။

နံပါတ်(၂)ဖြစ်သည့် ကိလေသာစတ္ထကုန်လို့ နိဗ္ဗာန် သိဘာရောက်တာလား၊ နိဗ္ဗာန်သိလို့ ကိလေသာမဖြစ်တာလား ဆိုသည့်ပြဿနာလည်း, အာဆက်တွင်ပြအပ်သော၊ နိဗ္ဗာနံအာဂမ

ရာဂါဒယောဓိယန္တိ စသည့် ပုဒ္ဓစကားဖြင့် သိလောက်ပေပြီ။ ကျမ်းလေးမည့် အရေးကြောင့် အကျယ်ကို မရေးတော့ပြီ၊ နောင်အခါအခွင့်သင့်၍ အကြောင်းပြည့်စုံပါက 'သစ္စကထာ ကိုယ်ကျင့်အဘိဓမ္မာ နိဗ္ဗာန ဝိနိစ္ဆယ' ကျမ်းကိုရေးသား၍ ပုဒ္ဓဝါဒီဖြစ်လိုသူ လူသားများထံ တင်ပြပါအံ့။

ဤမျှရေးသားမှုဖြင့် 'နိဗ္ဗာန်မြင်သိ၊ကိုယ်ကျင့်အဘိဓမ္မာ' ရေးသားမှု နိဂုံးပြုလိုက်ပါသည်။ ဤသည့်ကျမ်းကို လေ့လာကြည့်ရှုသည့်လူသားသည်၊ မိမိမှာရှိသည့်မဖြစ်သဘော နိဗ္ဗာန်ကို မိမိဉာဏ်ဖြင့် မျက်မှောက်ပြု၍ မသိမှုအစားစား ကိလေသာများမဖြစ်ကြောင်း၊ အသိကောင်း အမြင်မှန် မဂ်ဉာဏ်နှင့် ပြည့်စုံလိမ့်မည်ဟု ယုံကြည်ပါသတည်း၊ (ဝါ) မိမိမှာရှိသည့် နိဗ္ဗာန်ကို မိမိဉာဏ်ဖြင့် ဝိရာဂါနုပဿနာ နိဗ္ဗောဒနုပဿနာ ပြုနိုင်ကြပါစေကုန်သတည်း။ ။

"နိဂုံးစကား"

ဤမျှရေးသားမှုဖြင့် ဗုဒ္ဓဝါဒအာဂါရိယလမ်းစဉ် ပညာစခမ်း ဝိပဿနာကျမ်း တတိယတွဲကို နိဂုံးချုပ်လိုက်ပါသည်။

ဤသည့်ဗုဒ္ဓဝါဒ အာဂါရိယလမ်းစဉ် ပညာစခမ်း ဝိဿနာကျမ်း တတိယတွဲပါ၊ သဘောတရား အချက်အလက်တို့ကို လေ့လာကြသူ၊ ဃရာဝါသ အိုးအိမ် တည်ထောင်ပြု၍ နေ၍ကုန်သော၊ များပြည့်သူတို့သည်၊ ဘုရားမကြိုက်သည့်၊ များစရိုက်ခေတ်ကာလနှင့် မကိုက်ညီသည့်၊ အယူမှား၊ အလဲမှား၊ အစဲဘရား တို့ကို တွန်းလှန်ပါယ်ဖျက်နိုင်၍ 'စိတ်ကျန်' 'ဘာသာရေးကျန်း' အဖြစ်မှ လွတ်မြောက် နိုင်လိမ့်မည်ဟု လေးနက်စွာ ယုံကြည်ပါသည်။

ဤဗုဒ္ဓဝါဒ အာဂါရိယလမ်းစဉ် ပညာစခမ်း ဝိပဿနာကျမ်း တတိယတွဲသည် 'ဃရာဝါသ အိုးအိမ်တည်ထောင်ပြု၍နေကြကုန်သော 'အာဂါရိယမုနိ' များအဘို့ရည်ညွှန်းပြီး လမ်းဆုံးသဘာဝနယ်မှ အရင်းခံကျကျ ရေးသားခြင်း ဖြစ်ပါသည်။ ထိုသို့ သဘာဝနယ်မှ၊ အရင်းခံကျကျ သန့်သန့်ရှင်းမှန်မှန်ရေးသားမှုကို၊ မိမိအသိနှင့် မကိုက်ညီ၍ဖြစ်စေ၊ သဘော မပေါက်၍ဖြစ်စေ ဒေသနာနှင့် မကိုက်ညီဘူး ထင်၍ဖြစ်စေ၊ ဆန့်ကျင်ဘက်ဖြစ်သည် ထင်ပါက၊ ကြီးသော ပုဂ္ဂိုလ်ဖြစ်ပါက ခေါ်ပါ၊ ငယ်သောပုဂ္ဂိုလ်ဖြစ်ပါက ပင့်ပါ၊ အချိန်အခါမရွေး၊ နှုးညှတ်သော စိတ်ထားဖြင့် 'ကြေကြေလည်လည်' သဘောကျပြေလည်အောင် 'သာဓကယုတ္တိ' 'သဘာဝယုတ္တိ' 'ဒေသနာယုတ္တိ' ထုတ်ညှိ၍ ဝေဘန် ဆွေးနွေးမည် ဖြစ်ပါကြောင်း နိဒ်ချသော စိတ်ထားဖြင့် ဘိတ်ကြား အသိပေးအပ်ပါသည်။

-ဓမ္မဝေဗုလ္လ အသျှင်ဥဂ္ဂံသ။

"သတိ"

★ ဘာသာကျန်အဖြစ်မှ လွတ်မြောက် လိုပါသလား ?

★ စိတ်ကျန်အဖြစ်မှ လွတ်မြောက် လိုပါသလား ?

★ အယူသီး ဘာသာဝင် အဖြစ်မှ လွတ်မြောက်လိုပါ သလား ?

★ တိုးတဲ့က်သောအမြင် သစ်လွင်သောအသိ ရှိလိုပါ သလား ?

★ ခေတ်, ကာလ, ပုဂ္ဂလနှင့် အံဝင်ခွင်ကျ ဖြစ်လိုပါ သလား ?

★ သိပ္ပံနည်းကျ ဗုဒ္ဓဝါဒကို သိလိုပါသလား ?

အသျှင်ဥဂ္ဂံသ

ရေးသားဖြစ်သည့်

"သစ္စကထာ ကိုယ်ကျင့် အဘိဓမ္မာ"

ကို

လေ့လာပါ

မကြာမီ ထုတ်ပါတော့မည်။

နိုးပုလဲပုံနှိပ်တိုက်၊ ၂၅၉၊ ကျိုက္ကဆံလမ်း၊ ခေါက်ကြာမြောင်း၊ ရန်ကုန်။